www.burmeseclassic.com



www.burmeseclassic.com


### ဗွီတာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကိုနှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။


BURMESE CLASSIC .com

IDEA

စိတ်ကူးသစ်စာပေ




www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ် – ၅၀၀၅၆၉၀၅၁၁
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၅၈၉၀၅၁၁

■

စီစဉ်သူ ▭ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

| | | |
|---|---|---|
| ပထမအကြိမ် | ▭ | ၂၀၁၁၊ စက်တင်ဘာလ |
| အုပ်ရေ | ▭ | ၅၀၀ |
| မျက်နှာဖုံး | ▭ | မြတ်မင်းဟန် |
| ကွန်ပျူတာစာစီ | ▭ | *Welfare* |
| အတွင်းဖလင် | ▭ | *Quality* |

■

ပုံနှိပ်သူ
နော်ဆဲနေမူး (ချာလီပုံနှိပ်တိုက်) (၀၈၂၇၇)
အမှတ်(၁၂၁)၊ အလုံလမ်း။
အလုံမြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ
ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)အပေါ်ဆုံးထပ်၊ ပုသိမ်လမ်း။
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၂၅၀၀ကျပ်

၈၉၅ . ၈၃
ညိုမှိုင်း၊ မောင် (သန်လျင်)
သေမင်း၊ မောင်ညိုမှိုင်း(သန်လျင်)။–ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၁၁။
၂၆၀–စာ ၊ ၁၃စင်တီ x ၂၀.၅စင်တီ။
(၁) သေမင်း


## အမှာစကား

သုနက္ခတ္တံ သု မင်္ဂလံ၊ သုပ္ပဘာတံ သု ဟုဋ္ဌိတံ။
သုခဏော သုမုဟုတ္တောစ၊ သု ယိ ဋ္ဌံ ဗြဟ္မ စာရိသု။

မြန်မာပြန်

ဖြိုးဖြတ်နေ ဖြိုးဖြတ်ပြောင်း အသိုးအကောင်းသည့် အကြောင်းမဟုတ်။

ကိုယ်နှုတ်နှလုံး စောင့်သုံးတည်လေ ကောင်းသော မင်္ဂလာရှိသည် မည်ပေ၏။

ကိုယ်နှုတ်နှလုံး စောင့်သုံးတည်လေ ကောင်းသော မိုးသောက်ရှိသည် မည်ပေ၏။

ကိုယ်နှုတ်နှလုံး စောင့်သုံးတည်လေ ကောင်းသော အိပ်ရာထ,သည် မည်ပေ၏။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်နှုတ်နှလုံး စောင့်သုံးတည့်လေ ကောင်းသော ခဏရှိသည် မည်ပေ၏။

ကိုယ်နှုတ်နှလုံး စောင့်သုံးတည့်လေ ကောင်းသော တင့်တယ်မှု မည်လေ၏။

ကိုယ်နှုတ်နှလုံး စောင့်သုံးကြည်ဖြူ အကျင့်မြတ်ရှိသော သူတို့မှ နှစ်မြို့က် ကော်ရော် ပူဇော်ခြင်းသည် ကောင်းသောပူဇော်ခြင်း မည်၏။

ထိုသို့ ချမ်းသာစေတတ်၊ လွန်ကောင်းမြတ်သော နက္ခတ်မင်္ဂလာ အဖြာဖြာသည် သင့်အား ဖြစ်ပါစေသတည်း။

ပုဗ္ဗဏှသုတ် အပိုဒ် (၁၇)။

ခုနှစ်နေ့ သားသမီးအားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံ၍ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေသား ...

မောင်ညိုမိုင်း(သန်လျင်)

BURMESE CLASSIC .com

| ၁ |

❑

မင်းတို့ညီအစ်ကို ရောက်လာပြီလား''

''ဟုတ်ကဲ့ ... ရောက်လာပါပြီ ဦးရွှေဗလ။ ဘယ်လိုအကြောင်းကြောင့် ကျွန်တော်တို့ညီအစ်ကိုကို ခေါ်ရတာလဲ''

အကြီးကောင် အောင်ဖေက သူဌေးဦးရွှေဗလရဲ့မျက်နှာကို စိုက်ကြည့်ရင်း မေးလိုက်သည်။ အငယ်ကောင် အောင်ရွှေကလည်း သူ့အစ်ကိုနည်းတူ သူဌေးဦးရွှေဗလရဲ့ မျက်နှာပေါ်က အမူအရာကို စိတ်မျက်စိနှင့် ဖတ်နေလိုက်သည်။

''ငါ မင်းတို့ကို အရေးကြီးတဲ့ တာဝန်တစ်ခု ပေးစရာရှိတယ်။ နှုတ်လုံဖို့လည်း အရေးကြီးတယ်။ ဒါနဲ့အတူ ငါခိုင်းတဲ့အလုပ်ကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့ရင် အလုပ်ကြေး ထိုက်ထိုက်တန်တန်လည်း ရမယ်။ သီးသန့်အပိုကြေးလည်း ထပ်ပေးဦးမယ်။



www.burmeseclassic.com

www.burmeseclassic.com



"လုပ်ရမည့်ကိစ္စကို ပြောဦးလေဗျာ"

သူဌေး ဦးရွှေဗလက သူတို့ညီအစ်ကိုနှစ်ဦးရဲ့ မျက်နှာအမူအရာ အနေအထားကို အတန်ကြာ အကဲခတ်ပြီးနောက် ...

"ရှူး ... တိုးတိုး"

"ပြော ... ဦးရွှေဗလ"

"မင်းတို့ သေမင်းကို သတ်ပေးရမယ်"

"ဗျာ ..."

"ဘယ်လို ... ဘယ်လို ..."

နှစ်ယောက်သား ကြားလိုက်ရသည့်စကားကြောင့် မျက်လုံးများ ကျယ်သွားပြီး အံ့သြသွားကြသည်။ ဟုတ်ရဲ့လားဟူသော သံသယနှင့် သူဌေး ဦးရွှေဗလရဲ့ မျက်နှာကို စူးစူးစိုက်စိုက်ကြည့်ရင်း တုံ့ပြန်သည့်စကားကို နားစွင့်နေလိုက်ကြသည်။

"သေမင်းဆိုတဲ့ကောင်ကို ငါ လူ့ပြည်မှာ ကြာရှည်အသက်ရှင်နေတာ မမြင်ချင်ဘူး။ အောင်ဖေနဲ့အောင်ရွှေ ... မင်းတို့ညီအစ်ကို သိတဲ့အတိုင်း ဒီကောင်က လူအတော်များများကို စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် လုပ်ခဲ့တာ အကြိမ်မနည်းဘူး။

ချမ်းသာ ပါးစပ်ရော လုံးဝ ကျက်သရေမရှိတဲ့ကောင်။ ဒီကောင် လူ့ပြည်မှာ ဆက်ရှိနေရင် သူ့ရဲ့ နိမိတ်မရှိ နမာမရှိ ပါးစပ်သရမ်းမှုကြောင့် လူအတော်များများ မြေကြီးထဲ ရောက်ကြရဦးမယ်။ ဒါလည်း မင်းတို့က ငါ့ ထက်ပိုအံ့သိဆုံးပဲ။ ဒီကောင်သေသွားရင် ခုနစ်ရက်သားသမီးအားလုံး စိတ်ချမ်းသာသွားကြမှာ။ အဲဒီအတွက် ငါက အကုန်ကျခံပြီး စီစဉ်ရတာ။ ဘယ့်နှယ့် သဘောရလဲ"

အောင်ရွှေနဲ့အောင်ဖေ တစ်ယောက်မျက်နှာ တစ်ယောက် လှမ်းကြည့်ပြီး စဉ်းစားကြသည်။ သည့်နောက် အကြီးကောင် အောင်ဖေက ညီ သုပ်သူ အောင်ရွှေကို မေးထိုး၍ ဘယ်လိုလဲဟု အသံတိတ်မေးလိုက်၏။

"ဦးရွှေဗလ ..."

"ပြော ... အောင်ရွှေ ... ဘာလဲ"





"သေမင်းကို အပြတ်ရှင်းရမယ်ဆိုရင် သတ်ခ ဘယ်လောက်ပေးမှာလဲ။ အဲဒါ အရင်သိချင်တယ်"

"သုံးသိန်းတိတိပေးမယ် ... အောင်ရွှေ"

"မနည်းဘူးလားဗျ"

"ဒီကောင်က လူ့အဖိုးတန်မဟုတ်ဘူး။ ပညာတတ် မဟုတ်ဘူး။ ကုန်သည်ပွဲစား သူဌေးမဟုတ်ဘူး။ နောက်ပြီး တိုင်းပြည်မှာရော မြို့ရွာမှာရော အရေးပါ အရောက်ရောက်တဲ့လူ မဟုတ်ဘူး။ စုတ်ပြတ်သတ်ရှုံနေတဲ့ကောင်ပါကွ။ သူ့တန်ဖိုးက ဒီလောက်ပဲရှိပါတယ်"

"ဒီလိုရှိတယ် ... ဦးရွှေဗလ။ ဒီကောင် သေမင်း ဆက်လက် အသက်ရှင်နေရင် လူဘယ်နှစ်ယောက် ထပ်သေဦးမယ်လို့ ခင်ဗျား ခန့်မှန်းထားသလဲ။ အဲဒါ စဉ်းစားကြည့်စမ်းဗျာ"

"ပြောလို့ ခန့်မှန်းလို့တော့ မရဘူးပေါ့ကွာ။ သုံးယောက် ... ငါးယောက် ... ဆယ်ယောက်လည်း ဖြစ်ချင်လည်း ဖြစ်နိုင်တာပေါ့"

"လူများများကို မြေကြီးထဲရောက်အောင် ပြောနိုင်၊ ဒုက္ခပေးနိုင်တဲ့ သေမင်းလိုလူတစ်ယောက်ကို လူ့လောက,ကနေ အပြီးတိုင် ပျောက်သွားအောင်လုပ်ဖို့အတွက် တန်ဖိုးငွေ သုံးသိန်းဆိုတာ ညှိပ်နည်းလွန်းတယ်ဗျာ။ ထပ်တိုးပေးရင်တော့ ကျုပ်တို့ စဉ်းစားပြီး အကြောင်းပြန်မယ်"

"အင်း ... မင်းတို့ကလည်း တယ်ဈေးကိုင်တာကိုးကွ"

ဒီမှာ အကြီးကောင် အောင်ဖေက ဝင်ပြောရော ...

"အဲဒါဆို ခင်ဗျားကိုယ်တိုင် သတ်ရဲရင် သတ်လေဗျာ"

"ကဲ ... ဘယ်လောက်တိုးပေးရမလဲ။ ပြောကွာ ..."

"ငါးသိန်းအတိ ပေးဗျာ"

"ငါး ... သိန်း ... ငါးသိန်း ... ဟုတ်လား"

"ဟုတ်တယ် ...။ ငါးသိန်းတိတိပဲ"

"များလွန်းတယ်ကွာ"

"ဒါဆိုလည်း ကျုပ်တို့ မလုပ်နိုင်ဘူး ဦးရွှေဗလ။ သူတောင်းစားပဲဖြစ်ဖြစ်၊ သူဌေးသားပဲဖြစ်ဖြစ်၊ စဏ္ဍာလ သုဘရာဇာပဲဖြစ်ဖြစ် လူတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို လက်သည်မပေါ်အောင် သတ်ရတာဟာ ကြက်ကလေး ငှက်ကလေးသတ်ရသလို လွယ်တာမဟုတ်ဘူး။ အခန့်မသင့်ရင် ကျုပ်တို့က ကြိုးစင်နဲ့ ထောင်ဒဏ်တစ်သက် တစ်ခုခုနဲ့ နှစ်ပါးသွားပြီး ဇာတ်သိမ်းရမှာ။ ကိုင်း ... မပေးနိုင်ရင် မလုပ်နိုင်ဘူး။ အောင်ရွှေ ... သွားစို့"

အောင်ဖေက သို့ကလိုပြောပြီး သူ့ညီကိုခေါ်လို့ တိုက်ပေါ်ကလှည့်ပြန်အဆင်း ...

"အောင်ဖေ ..."

"ဘာတုံး ... ဦးရွှေဗလ"

"ငါ သဘောတူတယ် ... အောင်ဖေ"

"အိုကေ ... ဒါဆို သေမင်းဆိုတဲ့ကောင်ကို ခင်ဗျားတို့ ဟောဒီ ဘီးရှိပ်မှာ လုံးဝကို မမြင်ရစေဘူးဗျား။ စိတ်ချ ..."

✿ ✿ ✿

# [ ၂ ]

❑

"ဟော့ကောင် ... ကံကြီး"

"ဘာတုံး ... အောင်ရွှေ။ ငါ့ကို အရက်တိုက်မလို့လား"

"တိုက်ပါ့မယ် ... ကံကြီးရ။ ဒီမှာဟော့ကောင် ... ငါတို့ လမှတန်းမှာ ငါးတန်ထိုးသွားမလို့။ မင်း လိုက်ခဲ့ပါလားကွ"

ကံကြီးဆိုသည့်ကောင်က ခေါ်နေသည့် အပေါ်သွားနှင့် နောက်လန်ဝင်နေသည့် အောက်သွားကြားမှ သွားချေးများကို လက်သည်းရှည်နှင့် ကော်နှိုက်ပြီး နမ်းလိုက်၊ သူ့ပုဆိုးနှင့် သုတ်လိုက်၊ သွားတွေကို လျှာနှင့် လှန်လျက်လိုက် လုပ်နေသည်။

ရွှံ့စရာကောင်းသည့်နေရာမှာ နှစ်ယောက်မရှိ ပြိုင်ဘက်ကင်းသည့်ကောင်ဖြစ်၏။

လူပုံစံက ခေါင်းက အကြီးကြီး။

မျက်လုံး နှစ်လုံးအနက် ညာဘက်မျက်လုံးက အပြင်ကို ပြူးထွက်နေပြီး ဘယ်ဘက်မျက်လုံးက အတွင်းကို ဝင်နေ၏။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



နားရွက်နှစ်ဖက် ထောင်ပြီးကားနေပုံမှာ တောထဲကဆင်နှင့် ဆွေမျိုးအရင်းခေါက်ခေါက်လိုရှိ၏။

အပေါ်သွားများက ရှေ့ကိုခေါ်နေပြီး အောက်သွားများက အတွင်း (နောက်ဘက်) ကို လန်နေသည်။ ဘယ်တော့မှ မျက်နှာမသစ်၊ သွားမတိုက်သည့်အတွက် မျက်ချေးခြောက်များက မျက်လုံးအစပ်မှာ သစ်စေးလို တွဲကပ်သီးနေ၏။

အာပုပ်နံ့ကလည်း နံဟောင်လွန်း၍ တော်ရုံလူ သူနှင့် မျက်နှာချင်းဆိုင် စကားမပြောကြ။

ဦးခေါင်းမှာ ဆံပင် ကျိုးတိုးကျဲတဲသာရှိသည်။ ဒါ့အပြင် ဦးခေါင်းတစ်ပြင်လုံးမှာ အဖုအလုံး ဘုကြီး ငါးလုံးခန့် မည်းမည်းညာရှိနေသဖြင့် သူ့ကို ပဥ္စမဂီရိဟု ခေါ်ကြလေ၏။

သူ့အဖေက ဦးခေါင်းဆယ်လုံးပါသည့် ဒသဂီရိဘီလူးဟု အပေါင်းအသင်း ရောင်းရင်းများက ပြောကြ၏။

အရပ်က ပုပု။ သည့်အပြင် ရင်ဘတ်မှာ အခွက်ကြီးက ပါလိုက်သေး၏။ ခြေနှစ်ချောင်းက ခွင်နေသေးသည်။ အသားက မည်းသမှ မီးသွေးက အဖေခေါ်ရ၏။

လက်ချောင်းကြီးတွေဆိုလျှင် မညီညာကြ။ ရှည်သည့်လက်ချောင်းက ရှည်ပြီး တိုသည့်လက်ချောင်းက တိုနေ၏။

ရယ်လိုက်လျှင် ပါးစပ်ကပြဲပြီး နားရွက်မှာ ချိတ်လုနီးပါးရှိ၏။ သူ့ကို လူပါလို့ မည်သူကမှ အသိအမှတ်မပြု။ သူ့ကို လူဟု အသိအမှတ်ပြုသူမှာ သူ့မွေးစားအဖေနှင့် အမေပဲဖြစ်သည်။

ကျန်လူအပေါင်းတို့က သူ့ကို ...

တစ္ဆေဟူ၍လည်းကောင်း။

သရဲဟူ၍လည်းကောင်း။

ဘီလူးဟူ၍လည်းကောင်း ခေါ်ကြ၏။

သူ့မှာ နာမည်ရင်းရှိ၏။

မောင်ကံကြီးဟု ခေါ်၏။ သို့သော် လူအတော်များများက သူ့ကို





မောင်ကံကြီးဟု မခေါ်ကြ။

လှို့ဝှက်ပေးထားသည့် နာမည်သစ်ကား ...

သေမင်း (သို့မဟုတ်) ငှက်ဆိုး ...။

အမှန်က ဒီကောင် မောင်ကံကြီးသည် မကောင်းဆိုးဝါးတစ်ကောင်သာဖြစ်သည်။ သူ့ကို မည်သူကမျှ ခုချိန်မှာ ဆေးဖော်ကြောဖက် မလုပ်ချင်ကြ။

သူ့ကို ရွံသည်။ ကြောက်ကြသည်။ လန့်ကြသည်။ သူ့ကို အောင်ဖေနှင့် အောင်ရွှေတို့ ညီအစ်ကိုနှစ်ယောက်က သတ်ရတော့မည်။

သူက အောင်ဖေတို့ညီအစ်ကိုနှင့် အလွန် အလွမ်းသင့်သည်။ အောင်ဖေနှင့် အောင်ရွှေတို့ ညီအစ်ကိုက လူမိုက်လူကြမ်းများ။

နွားခိုးသည်။ ကျွဲခိုးသည်။ ဖဲဝိုင်းခံသည်။ ရိုက်လုသည်။ အဖော်ကောင်းလျှင် ဓားပြတိုက်သည်။ အရက်၊ မိန်းမ အလွန်ကြိုက်သည်။

မကောင်းမှုမှန်လျှင် ဘာကိုလုပ်ရလုပ်ရ ဘယ်လိုအလုပ်မျိုးကို လုပ်ရလုပ်ရ အလွန်ပျော်၏။

ကောင်းမှုကိစ္စကို လာပြောလျှင် ပြောလာသူကို လွန်စွာ စိတ်ဆိုး၏။ တော်ပါတော့ဟု ပြောသည်။ ပြောနေသည့်ကြားမှ ဆက်ပြောနေလျှင် အဲဒီ လူသူတော်ကောင်းကို ဦးခေါင်းသွေးချင်းချင်းရဲအောင် ရိုက်ပြီးသားဖြစ်၏။

သူတို့ညီအစ်ကိုဘဝမှာ အချုပ်နှင့်ထောင်သည် အိမ်ဦးနှင့်ကြမ်းပြင် ဖြစ်၏။ အချုပ်ထဲ၊ ထောင်ထဲရောက်လျှင် ထမင်းအဆင်သင့်စားရ၍ အပြင်မှာလို ဝမ်းရေးအတွက် ကြောင့်ကြမှုမရှိကြ။

ပျော်သလိုနေသည်။ ဖြစ်သလိုနေသည်။ ကြုံရာကျပန်း မကောင်းမှုမှန်သမျှ အကုန်လုပ်၏။

အဖော်ကောင်းလျှင် ငရဲပြည်အထိလိုက်မည်ဟု ကြွေးကြော်၏။

နတ်ပြည်ကို လိုက်မလား၊ လမ်းစရိတ်အကုန်ခံပြီး ခေါ်မယ်ဟု ဆိုလာလျှင် ...

နတ်ပြည်မှာ အရက်ရှိလား။ အပျော်မယ်ရှိသလား။ ကိုးမီးဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကျင်ပိုင်း ရှိလားဟု မေး၏။ မရှိဘူးဆိုလျှင် ‘စပေါ်’ ရော ‘အပျောက်’ ရော ပေးတောင် မလိုက်ဘူး။ မြန်မာပြည် တစ်ပြည်လုံးကလူတွေ နတ်ဖြစ်သွား ချင်သွားကြ။ ဒါပေမဲ့ ငါတို့ညီအစ်ကိုတော့ ထားခဲ့ဟု ဆိုလေ့ရှိပေသည်။

အခု သူတို့ညီအစ်ကို ငှက်ဆိုးခေါ်၊ သေမင်းခေါ် မောင်ကံကြီး ကို အပြတ်ရှင်းဖို့ သွေးဆောင်ဖျားယောင်းနေကြ၏။

ဒီကောင် မောင်ကံကြီး (သေမင်း) ကို လုပ်ကြံသတ်ဖြတ်ဖို့ သူတို့ ညီအစ်ကို အမျိုးမျိုး စဉ်းစားကြသည်။

ရိုက်သတ်လျှင် ကောင်းမလား။

ရိုက်သတ်ပြန့်လျှင်လည်း အလောင်းကို ဖျောက်ရဦးမည်။

အရက်ထဲ အဆိပ်ခပ်သတ်လျှင်ကော . . . မဖြစ်သေး။

မြွေနှင့်တိုက်သတ်ရင်ကော . . .

ဒီကောင် သေမင်းက မြွေဆို လုံးဝမကြောက်။ မြွေကလည်း ဒီကောင့်ကို မကိုက်။ မြွေဆိုးမြွေဟောက်များကပင် သူ့အသားကိုကိုက်ရမှာ ကြောက်၏။ ရွံ၏။

နောက်ဆုံး . . .

ဒီကောင့်ကို ရေနစ်သတ်မည်။ ဒီကောင် သေမင်းက ရေကူး မကျွမ်းကျင်။ ငါးရှာသွားရင်း ရေနစ်လို့ သေသွားသည်ဆိုလျှင် ပြောရဆိုရ ယုတ္တိရှိသည်။

သူသေသွားလျှင် ခုနစ်နှေသားသမီးအားလုံး ဝမ်းမြောက်ဝမ်းသာ ရှိကြမည်။ ပူဆွေးသောကရောက်လျှင် သူ့မိဘနှစ်ပါးပဲရှိမည်။

သို့သော် သူ့မွေးစားမိဘ နှစ်ပါးကလည်း သည့်နောက်ပိုင်း သင်းကို မေတ္တာ သိပ်မရှိတော့။ မြန်မြန်သေရင် အေးတာပဲဟုသော မေတ္တာပို့သံကို အောင်ဖေတို့နားနှင့် ဆတ်ဆတ်ကြားရဖူးသည်ကိုး။

“လိုက်မှာလား . . . ကံကြီး”

“လိုက်ခဲ့ပါကွ . . . ကံကြီးရ။ မင်းလည်း ဝေစုတစ်ပုံ ရမှာပေါ့ ကွာ နော်”

“နေပါဦး . . . အောင်ဖေနဲ့ အောင်ရွှေရ။ မင်းတို့ညီအစ်ကိုက





ငါးတန်ထိုးဖူးလို့လား”

“ဟော့ကောင် . . . ကံကြီး . . . ငါတို့အဖေက ငါးတန်ထိုးသမား ကွ။ ငါတို့ကို ငါးတန်ထိုးပြီး လူဖြစ်အောင် ကျွေးမွေးလာတာ။ ငါတို့ ဆယ့် ငါးနှစ်သားကတည်းက မှိန်းတစ်ချောင်း၊ သလွတ်တစ်ချောင်းနဲ့ ငါးတန် ထိုးလာတာ။ အခု အဲဒီအလုပ်ကို ပြန်စမယ်။ ငါးတန်ဈေးက မြို့ပေါ်မှာ လွတ်ဈေးကောင်းနေတာကွ . . . ကံကြီးရ”

“ငါ ငါးတန်ထိုးတာ မမြင်ဖူးဘူး။ မျှားတာပဲ မြင်ဖူးတယ်”

ဒီမှာ အောင်ဖေက ငါးတန်ထိုးသည့်အကြောင်းကို စိတ်ဝင်စား ဖွယ်ကောင်းအောင် ရှင်းပြလိုက်သည်။

ပင်လယ်ဝ မြစ်သုံးဆိုင်နှင့် ဆက်နေသည့် လမုတန်းချောင်းမှာ ငါးတန်ကြီးများ ဝင်လေ့ရှိ၏။ ထိုအချိန်ကား လမုပင်မှ လမုသီးများ မှည့် ကြွေချိန်ဖြစ်၏။

ငါးတန်အကောင်ကြီးများသည် လမုသီးမှည့်ကို ကြိုက်၏။ လမု သီးမှည့်နှင့်အတူ ပေါင်မုန့်ကြမ်း အလုံးကြီးများကိုလည်း ကြိုက်၏။ ပေါင် မုန့်ကြမ်း အလုံးကြီးကို လှေပေါ်ကနေ လှေငြိမ်ထားပြီး ရေပြင်ပေါ် ပစ်ချ လိုက်ပါက ငါးတန်ကြီးများက ပြေးဟပ်လေ့ရှိ၏။ ပေါင်မုန့်ကြမ်းမရပါက ကရေကရာပစ်ပြီး ထိုးလည်း ရ၏။

ငါးတန်ကြီးများသည် လမုသီးမှည့်ကိုသော်လည်းကောင်း၊ ပေါင်မုန့် ကြမ်းနှင့် ကရေကရာ ဆုပ်လုံးကြီးများကိုသော်လည်းကောင်း ခေါင်းထောင် ၍ ပြေးဟပ်လိုက်ပါက လှေပေါ်ကနေ ဒစ်ပါသည့် သလွတ်လုံ့သွားကြိုးတပ် နှင့် ပစ်ထိုးလိုက်ရ၏။

နှစ်ပေသုံးပေ အကွာကနေ ထိုးလိုက်ရသမို့ ငါးတန်ကြီးများရဲ့ ဝမ်းဗိုက်၊ ကျောကုန်း၊ ရေယက်စန်းကျင်ကို စူးဝင်သွားလေ့ရှိ၏။

လုံ့သလွတ်ချောင်း ထိုးမိလျှင် သူတို့အရန်းမှာ ကြိုးကို လျှော့ ပေးလိုက်ရုံသာရှိ၏။ ငါးတန်ကြီးများ ဝေးဝေးမပြေးနိုင်ကြ။ သလွတ်ကြိုး ကို အသာဆွဲကစားပေးလိုက်သည်နှင့် သူတို့ အသာလေး ပါလာ၏။

ပါလာလျှင် လှေပေါ်ကို ဆွဲတင်လိုက်ရုံသာ။



www.burmeseclassic.com

www.burmeseclassic.com



ငါးတန်ဘာစ်ကောင် မရှိဘူးဆို အလေးချိန် (၇)ပိဿာမှ အချိန် တစ်ဆယ်ကျော်အထိရှိ၏။ တစ်ခါသွားတိုးလျှင် လေးငါးကောင်ရ၏။ ၎င်း ငါးတန်ကြီးများကို ဈေးကောင်းပေးမည့် ဈေးသည်ကြီးများက အသင့်ရှိ နေ၏။

ဒီအကြောင်းကို လူအန္တ မောင်ကံကြီးအား သွားရည်ကျလုခမန်း ရှင်းပြလိုက်သောအခါ မောင်ကံကြီး လွန်စွာ စိတ်ဝင်စားလာခဲ့လေ၏။

"ငါလည်း ဝေစုတစ်ပုံပေါ့နော်"

"ဒါပေါ့ ...။ မင်းလည်း ပိုင်းကူလုပ်ပေးရမှာ ဥစ္စာ"

"ပိုက်ဆံတွေ အများကြီးရရင်တော့ကွာ အရက်ကို မိုးအလင်း သောက်ပြီး ...အဟီး ...ဟိုကောင်မ ...ဘယ်သူ ...အတင့်တို့၊ အမြင့်တို့နဲ့ မွေ့ရာပေါ်မှာ ...အဟီး ...ဟီး ...မင်းတို့ ဘယ်နေ့သွား မှာလည်း အောင်ဖေ"

"ငါတို့ မနက်ဖြန်မနက် စောစောသွားမယ်။ မင်း ရေဆိပ်က မိုးမလင်းခင် ကြိုစောင့်နေ"

"အခု အရက်တိုက်ဦးလေကွာ"

"တိုက်ရမှာပေါ့ ...မောင်ကံကြီးရာ။ ငါ့လူက ငါတို့ရဲ့ အချစ်ဆုံး သူငယ်ချင်းဥစ္စာ။ သောက် ...စိတ်ကြိုက်သောက် ..."

သည့်နောက် သူတို့သုံးယောက် မအေးလှအရက်ဆိုင်မှာ အရက် ပုလင်းများမှာပြီး အမြည်းကောင်းကောင်းနှင့် သောက်ကြစားကြသည်။

စားလို့သောက်လို့ဝတော့ မောင်ကံကြီး မူးယစ်ခြေလှမ်းများဖြင့် သီချင်းများ အော်ဟစ်သီဆို ခုန်ပေါက်ကခုန်လို့ သူ့နေရပ် ဆင်ကျောကုန်း သင်္ချိုင်းရှိရာသို့ ပြန်သွားတော့သည်။

"ဒီကောင် ဒီနေ့ နောက်ဆုံးသောက်ခြင်းပဲ အောင်ရွှေရာ"

"အေးကွ ...။ ဒီကောင် မြန်မြန်သေမှ ငါတို့လည်း ငွေကို ရေ လိုသုံးနိုင်မှာဟေ့။ ဟား ...ဟား ...ဟား ...ဟား ..."

✿ ✿ ✿

# [ ၃ ]

❑

သူတို့သုံးယောက် မြူဆိုင်းနေသည့် ရေပြင်ပေါ်မှာ လှေကိုလှော် ရင်း လမုတန်းချောင်းရှိရာသို့ ဦးတည်လာခဲ့လိုက်ကြသည်။

မောင်ကံကြီးက လှေဝင်းတန်းမှာထိုင်ရင်း အရက်ကို ပုလင်းလိုက် မော့၍ ပျော်ရွှင်စွာ လိုက်ပါလာသည်။ သူ့ကိုယ်ပေါ်မှာ စစ်ဆွယ်တာအကျႌ အပြာရောင် အစုတ်အပြဲကို ဝတ်ထား၏။

အောင်ဖေက လှေကို အားစိုက်လှော်လာ၏။

လှေဝင်းထဲမှာ သလွတ်နှစ်ချောင်းနှင့် လုံရှည်တစ်ချောင်း ပါလာ သည်။ လှေသည် ဂငယ်ကွေ့ မြစ်ကမ်းပါးသို့ ဝင်လာ၏။ ဒီမှာ မောင်ကံ ကြီးက အရက်မူးမူးနှင့် သီချင်းတစ်ပုဒ်ကို ဟစ်၍ အော်ဆိုလိုက်သည်။

"အို ××× ငါးကြင်းတွေ ××× ဟေ ××× ဟေ ××× ဆင် ××× အန် ××× အန် ×××"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘာတဲ့တုံး ... မောင်ကံကြီးရဲ့ သန်းထွန်းလေးနဲ့ နင်လား ငါလား ... ဘယ်သူတုံး အတိုင်းပါလား ... အဆိုတော်ကြီးရဲ့"

အောင်ရွှေက လှေဦးကနေ မြှောက်ပေးသည်။

"အေ့ ××× ဂေ့ ××× ငါးတန်တွေ ××× ဟော ××× ဟော ××× သောင်ရေ ××× စီး ××× မှာ ××× လ ××× ဟ ××× ဟ ×××"

"ကောင်းလှချည်လား ... ကိုရင်သန်းထွန်းလေးရဲ့"

ညီအစ်ကိုနှစ်ယောက် ဝိုင်းမြှောက်ကြ ပင့်ကြသည်။ အမှန်ကား မောင်ကံကြီး၏အသံသည် အဆိုတော် သန်းထွန်းလေးကို မီဖို့ဝေးစွ။

ဆင်လေလည်အသံကိုပင် မမီ။

မောင်းကွဲကို ထုသလို၊ ခွေးအ, လှည်းနင်းသလို အသံမျိုးဖြစ်၏။ သို့သော် အရက်တစ်ပုလင်း ရင်ခေါင်းထဲဝင်သွားပြီမို့ မောင်ကံကြီး အူရွှင်နေ၏။ အာရွှင်နေ၏။

ပင်လယ်ဝ လေတိုက်လေ မူးလေဖြစ်လာ၏။

"××× ကိုတံငါ ××× ဟာ ××× ဟာ ××× လှေယာဉ်စီးပါလို့ ××"

"သားရေ ... လူလေး ... မောင်ကံကြီး ... သာယာနာပျော်ဖွယ် ရှိလိုက်ပါဘိ ... ကလေးရယ်။ ဘာတဲ့တုံးဟဲ့"

"ပိုက်ကြီး ××× နဲ့ ××× ရေ ××× ချ ××× ချ ××× ဟ ××× ဟ လာ ××× ဟား ××× ဟား ×××"

ဒီလိုနှင့် လမှတန်းနှင့် ဓနိပင်များ တန်းစီပြိုင်ပေါက်ရောက်နေသည့် ချောင်းထဲသို့ ဝင်လာ၏။ ဒီရေကလည်း ဘက်စပြုနေသည်။ ဒီချောင်းက မြစ်တစ်ခုလို ကျယ်၏။

မောင်ကံကြီးကား မူးမူးနှင့် သီချင်းကို ဟစ်လိုက် လှေပေါ်ကနေကုန်းပြီး ရေပြင်ကို လက်နှင့်ပက်ကစားလိုက် လုပ်နေစဉ် ...

လူမမြင် သူမမြင်နေရာသို့ ရောက်သောအခါ လှေဦးမှ အောင်ရွှေက သူ့အစ်ကိုကို အချက်ပြလိုက်သည်။

ဒီမှာ အောင်ဖေက ငုံ့ပြီး ရေကစားနေသည့် မောင်ကံကြီးရဲ့ ဦးခေါင်းကို လှော်တက်နှင့် စုံကိုင်ပြီး ရိုက်ချလိုက်သည်။





"ဖောင်း ..."

"အား ... မလေးဗျ ..."

"ဗွမ်း ..."

"သေဟ ..."

မောင်ကံကြီး လှေပေါ်မှသည် ချောင်းရေပြင်ကျယ်ထဲသို့ ပြုတ်ကျသွားလေသည်။ သို့သော် မောင်ကံကြီးက သတိကြီး၏။

ရေထဲကျသွားသည်နှင့် ညာလက်နှင့် လှေနံကို လှမ်းကိုင်ရင်း ဦးခေါင်းရေစိုနှင့် ခါယမ်း အော်ဟစ်ပြောဆိုတော့၏။

"အောင် ... အောင် ... ဖေ ... မင်း ... မင်း ... ဒါ ... ဒါ ... ဘယ်လို ... လုပ် ..."

"မင်းကို သတ်နေတာလေ။ ငါတို့ မင်းကို သတ်နေတာ"

"ဘာ ... ဘာ ..."

"ကိုင်းကွာ ..."

"ဖောင်း ..."

"အား ..."

မောင်ကံကြီးရဲ့မျက်နှာကို လှေတက်နှင့် ရိုက်ချလိုက်သည်။ မောင်ကံကြီးရဲ့ သရဲသဘက်မျက်နှာကြီး ရေအောက်သို့ စိုက်သွားရာမှ လှေနံကိုမလွှတ်ဘဲ ပြန်ပေါ်လာပြန်သည်။ သူ့မျက်နှာမှာ ဒေါသရောင်များ။

ဒီမှာ အောင်ရွှေက လှံနှင့်ထိုးရန် လက်မြှောက်လိုက်စဉ် ...

"အောင်ရွှေ ... မ ... လုပ် ... နဲ့"

"ဒီကောင် လှေနံကို မလွှတ်သေးဘူး အောင်ဖေ။ ငါ လှံနဲ့ ထိုးချမှဖြစ်မယ်။ ဖယ်နေ"

"မင်း မလုပ်နဲ့။ ငါ ကြည့်ရှင်းလိုက်မယ်"

"ကိုင်းဟာ ... ကိုင်းဟာ ... သေ ... ဟာ ... သေ ... ဟာ ..."

အောင်ဖေက မောင်ကံကြီး၏ လှေနံကိုဆုပ်ကိုင်ထားသည့် လက်ချောင်းများအား လှော်တက်နှင့် ရိုက်ချလိုက်ရာ မောင်ကံကြီးလက်ချောင်း



www.burmeseclassic.com

www.burmeseclassic.com



များ ကြေမွလုလုဖြစ်ပြီး လက်ပြေကျသွားချိန် . . .

"ဖောင်း . . ."

"အား . . ."

အောင်ဖေရဲ့ လှော်တက်က မောင်ကံကြီးရဲ့ ခေါင်းပြောင်ကြီးပေါ် ကျသွားပြီး သွေးချင်းချင်းရဲကာ ရေအောက်သို့ နစ်မြုပ်သွားလေသည်။

သူတို့ညီအစ်ကို မောင်ကံကြီးပေါ်လာလျှင် ရိုက်ရန် လှိုင်းလူး လှေပေါ်မှ အသင့်ပြင်ထားလိုက်ကြသည်။

သို့သော် မောင်ကံကြီး ပေါ်မလာတော့ပါ။

နှတ်သမိုင်းမှာ မောင်ရှင်က မိန်းမလုကျွန်းရောက်တော့ စောင်း တီးပြီး သီချင်းဆိုသတဲ့။ တေးသံကြောင့် ကျွန်းက ဥစ္စာစောင့် နတ်မိမယ် များက မောင်ရှင်ကိုခေါ်ဖို့ လှေတန့်အောင်လုပ်ကြသည်။ နောက်ဆုံး ရေချ ဖို့ ကံစမ်းမဲနှိုက်တော့ သုံးကြိမ်စလုံး မောင်ရှင်ကျသဖြင့် အဆိုတော်စောင်း သမား မောင်ရှင့်ကို မိန်းမလုကျွန်းမှာ ရေစာကျွေး စစ်အေးခဲ့ရသည်တဲ့။

ကံကြီးကိုလည်း သူတို့ ရေစာကျွေးခဲ့လိုက်ပါပြီ။

ရေတက်လှိုင်းလုံးများက သူ့ကို ခြေအောက်ကနေ ပွေ့ယူသွားကြ ပုံရသည်၊ ငါးတန်ကြီးများရဲ့ ဝုန်းခနဲ ဝုန်းခနဲ ခုန်ပေါက်သံများကို ကြားနေ မြင်နေရသည်။

သူတို့အလုပ်က ငါးတန်ထိုးဖို့မဟုတ်၊

လူသတ်ဖို့ပဲဖြစ်သည်။

သေမင်းကို သတ်ပစ်ပါမည်ဟု တန်ရာတန်ကြေးနှင့် တာဝန်ယူ ထားကြသည်။ အချိန်အတန်ကြာသွားခဲ့သည်။ တက်ရေများပင် ဖွေးနေပြီ။

"မင်းကောင် သွားပါပြီ အောင်ဖေရ"

"အေး . . . ဒီကောင် ရေကူးရေငုတ်လည်း မကျွမ်းပါဘူးကွာ။ သေပြီး ရေစီးရေကျနဲ့ ပင်လယ်ဝကို မျောပါသွားမှာပါ။ သွားစို့ . . . အောင်ရွှေ"

"ဘယ်သူမြင်နိုင်သေးလဲ ကြည့်ဦးဟ"

"မမြင်နိုင်ပါဘူးကွာ။ ဘယ်လှေသမားမှ မလာကြပါဘူး။ သည့်

---

စိတ်ကူးသစ်စာပေ



နောက် သူတို့နှစ်ဦး လင်းရောင်လေး မပြို့တပြို့မှာ လှေကို ပြန်လှော်လာ ခဲ့လိုက်ကြသည်။

တော်ပါသေးရဲ့။ အနီးဝန်းကျင် ရေပြင်ပေါ်မှာ လှေသမားနှင့်တူ တာ ဘာမှမရှိ။ ပင်လယ်က ကမ်းစပ်သည် ဒီရေလှိုင်းနှင့် တဝုန်းဝုန်း ဟစ်ကြွေးနေ၏။ ကြည့်ရတာ ရေစာရ၍ အားရကျေနပ်နေပုံပါ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [ ၄ ]

❑

မြို့ထဲရပ်ထဲမှာ မောင်ကံကြီးကို မမြင်ကြ၍ လူအတော်များများက မေးကြမြန်းကြ၏။

''ဟေ့ . . . ကံကြီးတစ်ယောက် ပျောက်ချက်သား ကောင်းပါလား ဟေ့''

''ဘာလဲ ကျော်ထူး . . . မင်းက လွမ်းဆွတ်သတိရနေလို့လား''

''သတိရရှင်လည်း အိမ်ခေါ် ထမင်းကျွေး . . . ဟေ့ကောင်''

''ဖွီ . . . ဒီလို ကျက်သရေမရှိတဲ့ကောင်ရဲ့ မျက်ခွက်ကို မမြင်ရလို့ ဝမ်းသာပြီး မေးနေတာကွ . . . ကြည့်ရ''

ကျော်ထူး အိမ်ခေါ် ထမင်းကျွေးလိုက်ပါလားဟု အပြောခံရ၍ မျက်လုံးမျက်ဆံ ပြူးသွား၏။

''အောင်ဖေတို့နဲ့ အဖွဲ့ကျနေမှာပေါ့''





''မတွေ့ရဘူးဟ။ အောင်ဖေနဲ့ အောင်ရွှေလည်း ငြိမ်ချက်သား ကောင်းနေတယ်''

''ဒီကောင်တွေအားလုံး မတွေ့ရတာ အကောင်းဆုံးပဲကွ။ အောင်ဖေတို့ညီအစ်ကို နှစ်ယောက်ကလည်း လူရမ်းကား ညီအစ်ကို''

''သင်းတို့ညီအစ်ကို ရမ်းကားတာ တော်သေးတယ်။ မင်းအကောင် မောင်ကံကြီးက ကြောက်စရာကောင်းတာ။ သူနဲ့ မျက်နှာချင်းဆိုင်ရမှာ ငါ အကြောက်ဆုံးပဲ''

''ဘာဖြစ်လို့တုံး ကိုမြသန်းရ''

''ဘာဖြစ်ရမှာတုံး . . . ဒီကောင်က သူ့ကို အရက်တိုက်ရင်၊ ဒါမှမဟုတ် အရက်ဖိုး တောင်းလို့ပေးနေရင် စကားအကောင်းပြောတယ်။ အရက်မတိုက်ဘူး၊ ပိုက်ဆံမပေးဘူးဆိုရင် လူကို ဂေါ်လီလုံးလို ပြူးနေတဲ့ မျက်လုံးနှစ်လုံးနဲ့ ပြူးကြည့်ပြီး နိမိတ်မရှိ နမာမရှိစကားကို ပြောမလို့ ပါးစပ်က လှုပ်နေရော။

ငါအကြောက်ဆုံးက ဒီကောင် မောင်ကံကြီးရဲ့ပါးစပ်က တစ်ခုခု ပြောလိုက်မှာကို အကြောက်ဆုံးပဲ။ မင်းတို့သိတဲ့အတိုင်းပဲလေ။ ဒီအကုသိုလ်ကောင် သေမင်း ပါးစပ်ကပြောလိုက်ရင် မဖြစ်တာမရှိဘူး။ သေတာက များတယ်။

ကိုမြသန်းကြီးက သေမင်း (ခေါ်) မောင်ကံကြီးရဲ့အကြောင်းကို ပြောရင်း ပခုံးကို တွန့်ပြလိုက်၍ အားလုံးက ရယ်ကြလေ၏။

''ခုလည်း ဒီကောင် ဘယ်စက်ကျနေလဲ မသိဘူးကွ''

''နာရေးကိစ္စပေါ်တဲ့အရပ်ကို သွားစုံစမ်းရင် ဒီကောင် အဲဒီဝန်းကျင်မှာ ရှိကို ရှိရမယ်ကွ''

ခင်ရွှေကြီးက ကံကြီးရဲ့အထာကို သိနေ၍ ပြောလိုက်၏။

''စုံစမ်းမေးမြန်းမနေနဲ့ ကိုယ့်လူ။ အရေးကြီးတာ ဒီကောင် မြန်မြန်သေပါစေလို့သာ ဆုတောင်း''

''ဟုတ်တယ် . . . ဒင်းသေမှ မြို့ရွာ အေးချမ်းမယ်ဟေ့''

ကိုင်း . . . စဉ်းစားသာ ကြည့်ကြ။



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ကို မြန်မြန်သေပါစေလို့ ဆုတောင်းကောင်းပါသလား။ ပညာရှိသူတော်ကောင်းများကို ဒီစကားမေးခွန်း သွားမေးကြလျှင် မပြောကောင်းဘူး၊ ဒီလို ဆုမတောင်းကောင်းဘူးဟု ပြောကြလိမ့်မည်။

သို့သော် ...

ဒီမြို့၊ ဒီအရပ်က လူတိုင်းလိုလိုနီးပါးကမူ မောင်ကံကြီးကို မြန်မြန်စောစော သေစေချင်ကြ၏။

မောင်ကံကြီး သေသွားပြီဆိုသည့်သတင်းကို နားစွင့်နေ၏။

သေသည်ဟု ကြားရသည်ရှိသော် ဝမ်းသာကြမည်ဖြစ်၏။ ဝမ်းသာခြင်းအထိမ်းအမှတ်အဖြစ် အားလုံး စုပေါင်းငွေကောက်ခံပြီး 'ဆွမ်းညွှန်စီ' အငြိမ့်သော်လည်းကောင်း၊

'ဆောင်းဝင်းဝင်းအေး' အငြိမ့်ကိုသော်လည်းကောင်း အားရဝမ်းသာ ငှားပြီး ဂုဏ်ပြုထည့်သွင်းကြမည် ဖြစ်ချေ၏။

ဒါမှမဟုတ် ...

လွှတ်လပ်ရေးကျောက်တိုင်ကွင်းမှာ ရုပ်ရှင်သုံးကားပေါင်း မိုးအလင်းပြ၍ စတုဒိသာပါ ကျွေးမည့်အလှူရှင်များ ပေါ်နိုင်၏။

မောင်ကံကြီးအပေါ်မှာ အရပ်ကလည်းကောင်း၊

အပေါင်းအသင်းများကလည်းကောင်း သို့ကလို မေတ္တာထား၏။

ဘာကြောင့် ဒီလို မေတ္တာထားကြရတာလဲ။

မောင်ကံကြီးက လူဆိုးလား၊ ဓားပြလား၊ မုဒိမ်းကောင်လား၊ မူးယစ်ဆေးစွဲပြီး ရပ်မနိုင်ရွာမနိုင် သောင်းကျန်းဆိုးသွမ်းနေသူမို့လား။

အဲဒီလိုလည်း မဟုတ်။

အဲဒီထက် အဆတစ်ရာ ပိုဆိုးသည်။

မောင်ကံကြီးရဲ့မျက်နှာကို မြင်ကြလျှင် ဘီးလူး၊ သရဲ၊ သဘက်ထက် ပိုကြောက်ကြသည်။

ရဲကပင် သူ့ကို လန့်ရသည်ဟုဆိုလျှင် ယုံပါမလားမသိ။

အခု ... မောင်ကံကြီး ပျောက်ချက်သား ကောင်းနေ၍ အားလုံး ဝမ်းမြောက်ဝမ်းသာ ရှိနေကြချေပြီ။





တစ်နေ့သော မနက်မှာ ...

မောင်ကံကြီးရဲ့အဖေ ဆင်ကျောကုန်းသချိုင်းမှ စဏ္ဍာလကြီး ဦးကျောက်ခဲ အောင်ဖေတို့ညီအစ်ကို အိမ်ရှေ့သို့ ရောက်လာ၏။

"ဟေ့ ... မောင်အောင်ဖေ ... မောင်အောင်ရွှေ"

"အောင်ဖေတို့ ... အောင်ရွှေတို့ ..."

"ဘယ်သူတုံးဟေ့ ... အော်ခေါ်နေတာ"

"ငါပါကွ ... ကျောက်ခဲပါ။ ကံကြီး အဖေပါ"

စဏ္ဍာလကြီး ဦးကျောက်ခဲဆို၍ အောင်ဖေ အိမ်ရှေ့ထွက်လာလိုက်၏။

"ဘာကိစ္စတုံး ... ဦးကျောက်ခဲ"

တစ်ကိုယ်လုံး ပွေးဗလပျစ်၊ ချဉ်စုပ်စုပ်အရက်နံ့နှင့် လူသေကောင်အပုပ်နံ့နံ့နေသည့် စဏ္ဍာလကြီး ကိုကျောက်ခဲကို မြင်လိုက်ရသည်။

"မင်းကောင်များ ရှိသလားလို့"

"ဘယ်သူတုံးဗျာ"

"ငါ့သား မောင်ကံကြီးလေကွာ ... အောင်ဖေရာ"

"မရှိဘူးဗျာ"

မနက်စောစောစီးစီး အိမ်ရှေ့မှာ လူသေကောင်မြေမြှုပ်သည့် သုဘရာဇာကြီးရောက်နေ၍ ကျက်သရေမရှိသောကြောင့် 'မရှိဘူး' ဟု တုံးတိပြောလိုက်၏။

"ဘယ်များသွားတုံးဟ ... အောင်ဖေရ။ ဒီကောင် ပြန်မလာတာ သုံးရက်ရှိနေလို့ကွ"

"ခင်ဗျားသားက သွားချင်ရာသွားပြီး နေချင်သလိုနေတာ။ ကျုပ်တို့ကို လာမမေးနဲ့။ ပြန်တော့"

"ဟိုဒင်း ... မင်း ... မင်း ..."

"ပြန်ဆို ပြန်ဗျာ ...။ မနက်စောစောစီးစီး ကျက်သရေမရှိဘူး။ ခင်ဗျားသားက လူ့အဖိုးတန် ပညာရှိမို့လို့လား။ လူချောလူလှမို့လား။ နို့စို့ကလေး မို့လို့လား။ အရေးအရာမရှိတာ လာမေးနေတယ်။ သွားဆို



www.burmeseclassic.com

www.burmeseclassic.com



သွားနော်။ ကျုပ်က စိတ်တိုလာရင် ဘာသောညာသော နားမလည်ဘူး။ သွားတော့ ...''

အောင်ဖေက မျက်နှာထိ မျက်နှာထားနှင့် အော်ငေါက်ပစ်လိုက်မှ သုဘရာဇာ ဦးကျောက်ကွဲ ဘာမှ ပြန်မမေးရဲတော့ဘဲ ချာခနဲ လှည့်ပြန်ခဲ့လိုက်သည်။

အောင်ဖေတို့ အောင်ရွှေတို့ ညီအစ်ကိုနှင့် စကားပြောရတာ မလွယ်ကူကြောင်း ဦးကျောက်ကွဲသိပါသည်။ ဒီညီအစ်ကိုက အချုပ်ရော ထောင်ရော ကြောက်ရွံ့သူများမဟုတ်။

ခက်သည်က သူ့သား မောင်ကံကြီးကလည်း ဒီညီအစ်ကိုနှင့် အတွဲများ၏။ အချိန်မတော် ဆင်ကျောကုန်းသင်္ချိုင်း အုတ်ဂူများပေါ် အရက်သောက်ကြပြီး ...

ဘိန်းရှူ၊ ဆေးခြောက်ရှူ၊ မကောင်းသည့်မိန်းမများ ခေါ်လာပြီး ပျော်ပါးသောက်စားကြသည်ကိုလည်း သိသည်။

ပြောလို့ဆိုလို့ မနိုင်သူများဖြစ်၏။

သူ့သား မောင်ကံကြီးသည် လူချောလူလှမဟုတ်မှန်း၊ ပညာတတ်တစ်ယောက်မဟုတ်မှန်း၊ လူကောင်းသူကောင်းတစ်ဦး မဟုတ်မှန်းလည်း သိပါသည်။

သို့သော် သူတို့ဘဝမှာ ရှားရှားပါးပါး မောင်ကံကြီးဆိုသည့် ရွံ့ရှာစက်ဆုပ်ဖွယ်ကောင်းသော သားလေးတစ်ဦးသာရှိသည်။

ဒီသားသည် သူ၏ နှလုံးအိမ်ဆိုလည်း မမှား။

ရတနာဆိုလည်း မမှား။

ဒါနှင့်အတူ ...ငရဲပြည်က မီးကျီခဲရဲရဲ တစ်တုံးဆိုလျှင်လည်း မမှား။

ဒီမီးကျီခဲ ပူလောင်မှန်းသိ၏။ သို့သော် သံယောဇဉ်က ရင်မှာ တွဲနှောင်ရစ်ချည် ဖြစ်ခဲ့ပြီကိုး။

သူ့မယား မအုန်းမှုတ်က သူ့သား မောင်ကံကြီးပြန်မလာ၍ သူ့ကို တစ်မေးတည်း မေးနေ၏။ မအုန်းမှုတ်ရင်မှာ သားဆိုးရဲ့ဇောကပ်ပြီး





အိပ်မပျော်ဖြစ်နေသည်မှာ နှစ်ရက်ရှိပြီဖြစ်၏။

ကိုကျောက်ကွဲအနေနှင့် ဒီသားလုပ်သူကို သံယောဇဉ်နှင့် ချစ်လည်းချစ်၏၊ ရွံ့လည်းရွံ့၏။ ကြောက်လည်း ကြောက်၏။

ဘယ်လိုပင် ရွံ့မုန်းအော့နှလုံးနာစရာကောင်းကောင်း အချိန်တန်လျှင် အကြောင်းရှိလျှင် အားကိုးဖော်တော့ရ၏။

ဆင်ကျောကုန်းသင်္ချိုင်းမှာ တစ်နေ့တည်း နှစ်လောင်းသုံးလောင်းပြိုင် မြေမြှုပ်သင်္ဂြိုဟ်ပေးရမည့် အသုဘကိစ္စပေါ်လာလျှင် သားလုပ်သူ မောင်ကံကြီးကို အားကိုးရလေ၏။

ကိုကျောက်ကွဲက အသက်ကြီးပြီ။ မသာမြေကျင်းတစ်ကျင်းကို မနည်းတူးရသည်။ သူကတူး၊ မအုန်းမှုတ်က မြေကြီးများကို ကျုံးကော်ပက်တင် လုပ်ရ၏။

မောင်ကံကြီးက မြေမြှုပ်ရမည့် ကျင်းရေများလျှင် အကူအညီရ၏။ လူငယ်လူရွယ်မို့ မြေတူးတာ လျင်မြန်၏။

ဒီလို ကူဖော်လောင်ဖက်လေးရ၍ သားလုပ်သူ မကောင်းမှန်းသိပါသော်လည်း အလေးဂရုပြု၍ လိုက်ရှာရလေ၏။

အေးလေ ...သူ့အကြောင်းနဲ့သူ ခရီးလွန်နေများနေရော့လား။

ဒါမှမဟုတ် ...

တစ်နေရာမှာ မူးယစ်သောက်စားပြီး အန်ဖတ်ဆို့ သေရော့လား။

အချိန်မတော်လျှောက်သွားရင်း မြွေကိုက်လို့များ သေရော့သလား။ အချုပ်ထဲမှာ ရောက်နေရော့သလား။

''ဟူး ...''

သက်ပြင်းအမောကို ချရင်း ဆင်ကျောကုန်းသင်္ချိုင်းမှ သူ့ရဲ့မဟေသီ ဒေဝီအုန်းမှုတ်ကို သံတော်ဦးတင်ရန် လေးကန်သောခြေလှမ်းများဖြင့် သင်္ချိုင်းကုန်းထဲသို့ ဝင်လာခဲ့လိုက်လေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [ ၁ ]

"ဦးရွှေဗလ ..."

"ပြော ... အောင်ဖေ ... ပြော၊ ထိုင်ကြပါဦးဟ"

"ကျုပ်တို့ ထိုင်ဖို့ အချိန်မရဘူး။ ခရီးသွားစရာရှိတယ်။ ဟိုကောင့်ကိစ္စ ပြီးပြီမို့ ကျန်ငွေကို ပေးတော့"

"အောင်ဖေ ... မင်းတို့ကိစ္စကရော သေချာပီပြင်ရဲ့လားကွ"

သူဌေးဦးရွှေဗလက ခရုတံဆိပ် ဆေးပြင်းလိပ်ကြီးကို ခဲရင်း ပက်လက်ကုလားထိုင်ပေါ်ကနေ မေးလိုက်၏။ သူဌေးဦးရွှေဗလ၏ ပါးကြီးနှစ်ဖက်သည် ဆေးပြင်းလိပ်ကို ဖွာလိုက်တိုင်း ပိန်လိုက်ဖောင်းလိုက် ဖြစ်နေ၏။

သူက ကုပ်ပိုးပေါ်မှ အဆီသားကြီးကို ညာလက်နှင့်ပွတ်၍ ယုယနေလိုက်သေး၏။

"ကျုပ်တို့က ခင်ဗျားယုံကြည်လောက်အောင် ဒီကောင့်ရဲ့အလောင်းကို ထမ်းလာပြီး ခင်ဗျားရှေ့မှာ ချပြရမှာလား"





"ဟာ ... ဒီလိုသဘောပြောတာ မဟုတ်ပါဘူး ... အောင်ဖေရာ။ ဒီကောင်သေတာ ကျိန်းသေရဲ့လားလို့ သိချင်လို့ မေးရတာ။ မသေရင် မင်းတို့ ဘာဖြစ်မယ်ဆိုတာ သဘောပေါက်ရဲ့လား ... အောင်ဖေ"

သူဌေး ဦးရွှေဗလက ဒီလိုပြောတော့ အောင်ရွှေက ရှေ့တိုးလာခဲ့ပြီး ...

"ဒီမှာ ဦးရွှေဗလ ... ခုလောက်ဆို ဒီကောင် ပင်လယ်ဝမြစ်သုံးဆိုင်မှာ ပုပ်ပွပြီး ငါးကြီးစာ၊ မိကျောင်းစာ ဖြစ်သွားပြီဗျ။ မှတ်ထား ...။ ကျုပ်တို့က သေချာအောင်လုပ်ခဲ့တာ"

"တကယ်လို့ မသေပဲ ရှင်လာခဲ့ရင်ကောကွာ"

"ဒါက ကျုပ်တို့အပိုင်းပါ။ ခင်ဗျား ကျန်ငွေကို ပေးမယ်မပေးဘူး ရှင်းရှင်းပြောဗျာ။ ကြာတယ်"

အောင်ရွှေက စိတ်တို စိတ်ဆတ်သူပီပီ ခါးထောက်ပြီး စိုက်ကြည့်လို့ မေးလိုက်ရော ...

"အေးပါကွာ ... ပေးမှာပါ။ တစ်ခုတော့ရှိတယ်နော် ... အောင်ဖေနဲ့ အောင်ရွှေ ..."

"ဘာလဲ ... ခင်ဗျားက ဘာရစ်ချင်သေးလို့လဲ"

"နောက်ကြောင်း မရှင်းမရှင်းဖြစ်ခဲ့ရင် ငါ့နာမည် မပါစေနဲ့"

"ကလေးကစားတာ မဟုတ်ဘူး ... ဦးရွှေဗလ။ လူသတ်မှု၊ ရာဇဝတ်မှုကြီး ကျူးလွန်ခဲ့တာ။ ဒီကောင် သရဲတစ္ဆေဘဝနဲ့ ကျုပ်တို့နောက်ကို လိုက်နေရင်တောင် အဲဒီ သရဲတစ္ဆေကောင်ကို ကျုပ်တို့ အရက်နဲ့အမြည်းလုပ်၊ မီးဖုတ်စားပစ်မယ်။ မှတ်ထား ..."

သည့်နောက် သူတို့ညီအစ်ကို လက်ကျန်ငွေကို ယူ၍ အင်္ကျီအတွင်းအိတ်မှာ ဝှက်ထည့်ပြီး အပြင်သို့ ထွက်လာခဲ့လိုက်ကြသည်။

သူဌေး ဦးရွှေဗလက သူတို့ညီအစ်ကိုနှစ်ဦးရဲ့ နောက်ကျောကို ကြည့်ပြီး ခေါင်းတညိတ်ညိတ် လုပ်လိုက်သည်။

ကံကြီးသေပြီ။

သေမင်းဆိုတဲ့အကောင် သေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူဌေးဦးရွှေဗလ စုံစမ်းကြည့်ပြီးပါပြီ။ ကံကြီးဆိုတဲ့ကောင် ရပ်ထဲ ရွာထဲ မြို့ထဲမှာ မတွေ့တာ နှစ်ရက်သုံးရက်ခန့် ရှိပြီတဲ့။ သူ့နေအိမ် ဆင်ကျောကုန်းသချိုင်းသို့လည်း ပြန်ရောက်မလာတဲ့။

အေးလေ . . . ဗလအလွန်ကောင်းပြီး ဖက်ရဲလက်ရဲရှိလှတဲ့ အောင်ဖေတို့ညီအစ်ကို လက်ချက်နဲ့ဆို ဒီကောင် မသေနိုင်စရာမရှိ။

မောင်ကံကြီး ခေါ် 'သေမင်း' ဆိုသည့် လူ့အန္တသေသွားသည့်အတွက် သူဌေးဦးရွှေဗလ လွန်စွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရ၏။ လူအများကလည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်လိမ့်မည်ဟု သူယုံကြည်၏။

ဒုက္ခပေးလွန်းသည့် လူတစ်ယောက်ကို လူပြည်လူ့ရွာ လူ့ရပ်မှ အပြီးတိုင် ပျောက်ကွယ်သွားအောင် လုပ်ပေးလိုက်ရသည်ကို ကောင်းမှုကုသိုလ်တစ်ခု ပြုလုပ်ရဘိအလား သူဌေးဦးရွှေဗလ ဝမ်းသာပီတိဖြစ်နေ၏။

ဒါနဲ့အတူ . . .

အံဆွဲထဲမှ မှတ်စုစာအုပ်တစ်အုပ်ကို ဆွဲထုတ်လိုက်ပြီး စာအုပ်ကြားမှ ဓာတ်ပုံတစ်ပုံကို ဆွဲယူကြည့်လိုက်သည်။

ဓာတ်ပုံရှင်က ချောမောလှပ နုငယ်လွန်းသည့် မိန်းကလေးတစ်ဦးရဲ့ တစ်ကိုယ်လုံးပုံ။

ကျော့သောခါး ကားသောတင်နှင့် မို့မောက်ငွားစွင့်နေသည့် ရင်သားနှစ်ခုကိုချိန်၍ မဆိုတရို ပြုံးပြုံးလေး ရပ်နေသည့်ပုံ။

"ခင်စံပယ်ကြိုင်ရေ . . . အစ်ကိုကြီး ညီမအတွက် ကလဲ့စားချေပေးလိုက်ပါပြီ။ ညီမလည်း ကျေနပ်ဝမ်းသာ ဖြစ်လိမ့်မယ်လို့ အစ်ကိုကြီးယုံကြည်တယ်။ ခုဘဝ မပေါင်းရသည့်တိုင် နောင်ဘဝကံဆုံရင် ပြန်ကြုံကြသေးတာပေါ့ . . . ညီမလေး ခင်စံပယ်ကြိုင်ရယ် . . . ဟူး"

သူဌေးဦးရွှေဗလ ခင်စံပယ်ကြိုင်အမည်ရှိ မိန်းမချော မိန်းမလှလေးရဲ့ ဓာတ်ပုံကို ရင်ဘတ်မှာ ကပ်ထားလိုက်ပြီး ငါးဆယ်ကျော်အချစ်ရဲ့ နောက်ကြောင်းပြန် သမုဒယအလွမ်း ပြည်ပုံးကားကို တဖြည်းဖြည်း ဆွဲတင်၍ ဖွင့်လိုက်လေသည်။

✿ ✿ ✿

| ၆ |

❑

ဦးရွှေဗလက ဒီအရပ် ဒီဒေသမှာ လူချမ်းသာ မုဆိုးဖိုကြီးလေ။ စပါး၊ ပဲ စသည်တို့ကို ကြိုတင်ပေးငွေနဲ့ ကောက်လှောင်ပြီး ရန်ကုန်ပွဲရုံကြီးများကို သွင်းနေသည့် နာမည်တစ်လုံးနှင့် ပွဲစားကြီး။

ကုန်တင်ကားကြီး နှစ်စီးရှိသည်။

စက်လှေ နှစ်စီးရှိသည်။

ဇနီးသည် ဒေါ်မိုးရာသီ ရှိသည်။ ဒေါ်မိုးရာသီကလည်း ချောမောလှပသည်။ ဆွေကြီးမျိုးကြီးထဲကဖြစ်၏။ ဦးရွှေဗလနှင့် အကြောင်းပါခဲ့သည်။ (၁၅) နှစ်တိုင်တိုင် အတူပေါင်းဖော်နေထိုင်သည့်တိုင် သားသမီး လုံးဝမရခဲ့။

ဒေါ်မိုးရာသီကြောင့်လား၊ သူ့ကြောင့်လားဆိုတာ မသိရ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ဦးစလုံး စီးပွားဥစ္စာ ဒီရေအလား တိုးတက်နေသဖြင့် အမွေစားအမွေခံ သား၊ သို့မဟုတ် သမီးတစ်ယောက် အလိုရှိနေ၏။

နှစ်ဦးစလုံး ဆရာဝန်နှင့် စမ်းသပ်စစ်ဆေးခဲ့ကြသည်။ မီးယပ်သားဖွား ဆရာဝန်များရော၊ အထူးကု ပါရဂူ ဆရာဝန်ကြီးများကပါ နှစ်ဦးစလုံး သားသမီးရနိုင်သည့် အခြေအနေ ရှိပါသည်။

နှစ်ဦးစလုံးမှာ ချို့ယွင်းချက်မရှိပါဟု ဆိုကြ၏။

သို့တိုင်အောင် သားသမီးက လုံးဝမရ။

သားသမီးရနိုင်ဖွယ်ရှိသည့် ခေတ်ပေါ်အားဆေး အမျိုးမျိုးကို စားသည်။ သားသန္ဓေ စွဲနိုင်ဖွယ်ရှိသည့် မီးယပ်ပေါ်ပြီးရက်မှာ ဆရာဝန်၏ ညွှန်ကြားချက်အတိုင်း နှစ်ဦး ကာမဂုဏ်ဆက်ဆံသည်။

ဒါလည်း သားသမီးမရ။

ရွှေတော်ရှင် နတ်ကွန်းမှာ အုန်းပွဲ၊ ငှက်ပျောပွဲနှင့် သားဆုပန်ခဲ့ဖူးသည်။ ကုလားဘုရားကျောင်းမှာ သားဆုပန်လျှင် ရသည်ဆို၍ ကုလားဘုန်းကြီးများနှင့် ငွေပုခက်ကိုလွှဲပြီး သားဆုပန်သည်။

နာမည်ကြီး နတ်ကတော် ဒေါ်ခရေပွင့်တို့၊

အနောက်မယ်တော်ကြီး ဒေါ်မိုးထက်စံတို့၊

နတ်ကန္တားစီး ဦးကြည်တင့်နိုင်တို့နှင့်လည်း မေးမြန်းအပ်နှံ၍ (၃၇) မင်း အကူအညီနှင့် သားဆုတောင်း အဓိဋ္ဌာန်ခဲ့ဖူးသည်။

ဘယ်လိုမှ သားသမီးမရခဲ့။

ဒီမှာပဲ ဖနီးသည် ဒေါ်မိုးရာသီ ရောဂါဝေဒနာတစ်ခု စွဲကပ်ခံစားရတော့၏။

ရောဂါက သားအိမ်ကင်ဆာရောဂါ။

ဒီရောဂါဖြစ်နေပြီကို သိလိုက်ရသောအခါ လင်ရော မယားပါ ပူတူ ချောက်ချားသွားခဲ့ရ၏။

ငင်းရောဂါကို ငွေနှင့်ဆက်၍ကုပါသော်လည်း မရတော့။ ဖနီးသည် ခမျာ သားအိမ်ထုတ်ပစ်ပြီးသည့်နောက်ပိုင်း တရှောင်ရှောင် ဖြစ်လာခဲ့သည်။

လူကလည်း မစားနိုင်၊ မသောက်နိုင်တော့၍ အရိုးပေါ် အရေတင်





ဖြစ်လာခဲ့၏။ အင်္ဂလိပ်ဆေးပညာပိုင်းက လက်လျှော့သွားတော့ မြန်မာဆေးဆရာများဖြင့် ပြောင်းလဲကုသခဲ့ပြန်သည်။

"မောင် ..."

"ဘာလဲဟင် မိုး"

အားငယ်ညိုးငယ်ကျသော လေသံနှင့် ဒေါ်မိုးရာသီက ချစ်လင်ရဲ့လက်ကို ကိုင်ဆုပ်ပြီး ခေါ်ရှာသည်။

"လက်လျှော့ပါတော့ မောင်ရယ်။ မိုး ...မနေ ...ရတော့ပါဘူး"

"ကိုယ် လက်မလျှော့နိုင်ဘူး ...မိုး။ ရှိတဲ့စည်းစိမ် ကုန်ချင်ကုန်သွားပလေ့စေ။ မိုးရဲ့ရောဂါကို ပျောက်အောင် သက်သာအောင် ကုသပေးနိုင်မည့်ဆရာကို ကိုယ် တွေ့အောင်ရှာမယ်"

"အို ...မောင်ရယ်"

ဒေါ်မိုးရာသီရဲ့ မျက်နှာပေါ်မှာ မျက်ရည်စီးကြောင်းများ လိမ့်စီး၍ ကျလာသည်။ သူမ ချစ်လင်ကို အားကိုးမြတ်နိုးခဲ့သည်။

ချစ်လင် ဦးရွှေဗလကလည်း သူမကို ရင်နှင့်ထပ်တူချစ်သည်။ သားသမီးလိုချင်သည့်ဇောနှင့် ဆေးစုံဝါးစုံစားမိလို့များ ဒီရောဂါဆိုးကြီးက သူမရဲ့ခန္ဓာကိုယ်ကို ဖျက်ဆီးပစ်ရော့သလား။

သေရမည့်ရက်က နီးလာပြီမို့ ဆွေမျိုးသားချင်းများ၊ အိမ်နီးနားချင်းများ၊ အသိမိတ်ဆွေများက နေ့စဉ်လိုလို လာရောက်သတင်းမေး အားပေးစကား ပြောကြသည်။

ဒီမှာ ဒေါ်မြညိုဦးဆိုသည့် အမျိုးသမီးကြီးတစ်ဦးက ...

"ကိုရွှေဗလ ..."

"ခင်ဗျာ ...ဒေါ်မြညိုဦး"

"မြောင်းမြမှာ မြန်မာကင်ဆာရောဂါကု ဆရာတစ်ဦးရှိတယ်။ နာမည်က ဆရာဦးကြဲတိုင်းအောင်တဲ့။ ဆရာဝန်လက်လျှော့လိုက်တဲ့ သားအိမ်ကင်ဆာရောဂါသည် လေးငါးခြောက်ဦးဆို ဆရာကြီးဦးကြဲတိုင်းအောင်ရဲ့ဆေးနဲ့ အလျဉ်းသင့်မြတ်ပြီး ပျောက်သွားတာရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ...။ ဒေါ်မြညို့ဦး လိပ်စာသိလား"

"သိတယ် ... ကျွန်မ ရှာပေးမယ်"

"လုပ်ဗျာ ...။ ဆရာ့ကို ကျွန်တော်ကိုယ်တိုင် သွားပင့်မယ်"

"မောင် ..."

"ဘာတုံး ... မိုး ..."

"မခေါ် ... ပါ ... နဲ့ ... တော့ ..."

"ဘာလို့ မခေါ်ရမှာတုံး။ မင်းကို ကိုယ် အဆုံးရှုံးမခံနိုင်ဘူး မိုး။ ဆရာတစ်ယောက်မဟုတ် တစ်ယောက်နဲ့ သင့်မြတ်ပြီး ရောဂါပျောက်သွားရင် မင်း ဝမ်းမသာဘူးလားဟင်"

"ကုမနေပါနဲ့ဗျာ။ မရတော့ပါဘူး"

"ဘာ ..."

ဒီလိုအချိန်မှာပဲ သတင်းလာမေးသူ ညှိသည့် အိမ်နီးနားချင်းများနောက်ကနေ လူတစ်ယောက်က သို့ကလိုပြောလိုက်လို့ လှည့်ကြည့်လိုက်တော့ ...

မောင်ကံကြီး ...။

မောင်ကံကြီးရဲ့ မျက်နှာနဲ့အသံကို ဦးရွှေဇလ မြင်လိုက်ကြားလိုက်ရရော ခေါင်းနားဘန်းကြီးသွားတော့သည်။

ဦးရွှေဇလသာမဟုတ် ...

အိမ်နီးနားချင်းများပါ ခေါင်းနားဘန်းကြီး မျက်စိမျက်နှာပျက်လို့ ထိတ်လန့်စိုးရိမ်သွားကြရ၏။

အကြောင်းမှုကား ...

ဤ မောင်ကံကြီးကို အားလုံးက လန့်ကြ၏။ မောင်ကံကြီးသည် လွန်စွာ အရုပ်ဆိုးသည့်အပြင် သချိုင်းသုဘရာဇာတစ်ဦး၏ သားလည်း ဖြစ်သည်။ သူသည် သိသိမသိသိ လူမမာအိမ် အနံ့ရလျှင် မခေါ်ဘဲနှင့် ရောက်လာလေ့ရှိ၏။

ရောက်လာပြီးလျှင်လည်း ပါးစပ်က တိတ်တိတ်မနေ။ ကျက်သရေမရှိ၊ မင်္ဂလာမရှိစကားများကို ကြိုက်မှန်းမသိ၊ မကြိုက်မှန်းမသိ ပြောင်





ပြောလျှင် ပြော ...

ဒါမှမဟုတ် နီးရာလူကို ပြောသွားတတ်၏။

ထူးဆန်းအံ့ဩဖွယ် ကောင်းသည်ကား ၎င်း သုဘရာဇာသားတစ္ဆေရုပ်နှင့် မောင်ကံကြီးဆိုသူ သို့ကလိုပြောပြီးလျှင် များမကြာမီ ၎င်းလူမမာ ဆုံးပါးကွယ်လွန်သွားလေ့ရှိ၍ လူတိုင်းလိုလိုက မောင်ကံကြီးဆိုသူကို ကြောက်လန့်ကြ၊ ရွံမုန်းအော့နှလုံး နာကြ၏။

ခုလည်း ... ဘယ်အချိန်က အိမ်ပေါ်ရောက်နေမှန်း မသိရသည့် မောင်ကံကြီးဆိုသူက ...

'ကုမနေပါနဲ့ဗျာ ... မရတော့ပါဘူး' ဆိုသည့် ပြောစကားသံကို ရုတ်တရက် ကြားလိုက်ရပြီး မျက်နှာကိုပါ မြင်လိုက်ရသောအခါ အိမ်ရှင်သူဌေး ဦးရွှေဇလ စိုးရိမ်ထိတ်လန့် တုန်လှုပ်ပြီးနှင့်အတူ ...

ဒေါသများ ပေါက်ကွဲ၊ မျက်နှာကြီး ရဲတွတ်သွားပြီး ...

"ဟေ့ကောင်ကံကြီး ... မင်း အခုထွက်သွားစမ်း"

"သွားလေကွာ ..."

ပြောဆိုအော်ငေါက် ဆဲရေးရင်းမှ စိတ်ကို မထိန်းနိုင်ဘဲ ထရိုက်ရန်ပြင်လိုက်စဉ် လူတစ်ယောက်က မောင်ကံကြီးကို ဆွဲခေါ်သွားတော့၏။

"ခွေးသား ... ကျက်သရေ မရှိတဲ့ကောင်"

"အေးတော် ... ဘယ်အချိန်ကရောက်နေမှန်း မသိဘူး"

"အဲဒါ စိုးရိမ်စရာပဲ ဟဲ့"

"ရှူး ... တိုးတိုး ... လူမမာ ကြားသွားမယ်။ မပြောနဲ့"

ဒီလိုနှင့် မိန်းမောနေသည့် လူမမာကို ကရုဏာသက်စွာကြည့်ပြီး အိမ်ရှင် ဦးရွှေဇလကို နှုတ်ဆက်၍ ပြန်သူက ပြန်သွားကြ၏။

သည့်နောက် ဦးရွှေဇလက ဒေါ်မြညို့ဦးထံမှ မြန်မာဆေးဆရာကြီး ဦးကြံတိုင်းအောင်ရဲ့ လိပ်စာရသည်နှင့် ကားနှင့် မြောင်းမြမြို့သို့ အမြန်ထွက်လာခဲ့လိုက်သည်။

ဖနီးသည် လူမမာကို သူ့ရဲ့ဆွေမျိုးများနှင့် အပ်နှံခဲ့လိုက်၏။ မြောင်းမြမြို့သို့ရောက်သည်နှင့် ဆရာကြီးနှင့်တွေ့ဆုံပြီး အကျိုးအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကို ပြောပြလို့ ထိုက်ထိုက်တန်တန် ပူဇော်ပါမည့် ဆရာကြီး အမြန်လိုက်ခဲ့ပါဟု ပင့်ခေါ်ခဲ့လိုက်သည်။

ညနေ နေဝင်ကာနီး ဆရာကြီးနှင့် ဦးရွှေဗလတို့ သူတို့အိမ် တိုက်ခြံဝသို့ ရောက်သောအခါ . . .

အိမ်ထဲမှ ဟစ်၍ငိုလိုက်သည့် အသံများကို ကြားလိုက်ရတာကြောင့် ဦးရွှေဗလ ဒရောသောပါး ပြေးဝင်သွားသောအခါ . . .

အသက်ပျောက်နေသည့် ဇနီးသည်ကို မြင်လိုက်ရတော့သည်။

သူ့ ဇနီးသည်ရဲ့ ခန္ဓာကိုယ် ပိန်လှီလှီကို ပွေ့ဖက်ပြီး အားရပါးရ မျက်ရည်သွန်လို့ ငိုကြွေးပစ်လိုက်လေသည်။

✿ ✿ ✿

[ ၄ ]

❑

ဒါကြောင့် . . . သူဌေးဦးရွှေဗလ မောင်ကံကြီးကို စိတ်နာ၏။ တစ်နေ့တော့ ဒီကောင်ကို မှတ်လောက်သားလောက်အောင် လုပ်ပစ်မည်ဟု ကြိမ်းဝါးထား၏။

''လူဆိုတာ သေမျိုးချည်း ရွှေဗလရာ''

''မဟုတ်ဘူး . . . ကိုမြသန်း။ ဒါ . . . ဟိုကောင် . . . ကျက်သရေမရှိတဲ့ကောင် နိမိတ်မရှိ နမာမရှိ အိမ်ပေါ်တက်ပြောသွားလို့ ဖြစ်ရတာ။ ကျုပ် ဒီကောင့်ကို မကျေဘူး''

''ရွှေဗလရာ လူမှန်ရင် သေနေ့စေ့ရင် သေရမှာပဲကွ။ မင်းမိန်းမ မိုးရာသီမပြောနဲ့ ငါတို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးတောင် ဆရာကြီးတာလို အစွမ်းထက်သည့် သမားတော်နဲ့တွေ့ရသည့်တိုင် သေရမည်ကြီးမှာပါလာတော့ တန့်နိုးတော်ရှင် မြတ်စွာဘုရားတောင် သေခြင်းတရားကို ဟန့်



www.burmeseclassic.com

www.burmeseclassic.com



တားလို့မရဘူး။ နောက်ဆုံး ...ပရိနိဗ္ဗာန်ပြုသွားရတာပဲ မဟုတ်လား။ ဒါကြောင့် မောင်ကံကြီးပြောလို့ သေရတာလို့ အယူမမှားပါနဲ့ ... သူငယ်ချင်းရာ"

"ဒီကောင်က သေမင်းမှ သေမင်းအစစ်ဗျ"

"အကြောင်းတိုက်ဆိုင်လို့ပါကွာ။ မင်းလည်း ဗုဒ္ဓဘာသာဝင်တစ်ဦးပဲဥစ္စာ။ တရားဓမ္မသဘောနဲ့ရှု သူငယ်ချင်း။ သတ္တဝါမှန်သမျှ ဖြစ်ပြီးရင် ပျက်ရမှာပဲ။ အနိစ္စ-အမြဲမရှိ။ ဒုက္ခ-ဆင်းရဲတဲ့။ အနတ္တ-မင်းတို့ငါတို့အားလုံး ကိုယ့်ကိုကိုယ် မပိုင်ကြပါဘူးကွာ။

အားလုံး သင်္ခါရနယ်ပယ်မှာ အသက်ရှင်နေကြတာဟာ သေမည့်ရက်ကို ကြိုစောင့်နေရတာချည်းပါ။ အနှေးနဲ့အမြန်ပဲ ကွာပါတယ် ... သူငယ်ချင်းရာ။

ဘုန်းကြီးလူထွက် ကိုမြသန်းက အမျိုးမျိုး တရားချ၏။

"တောက် ..."

ဦးရွှေဗလက ဇနီးသည်ကို ချစ်လွန်း သနားကြင်နာလွန်းလှ၍ တရားသဘောနှင့် အနိစ္စကို မမြင်ရှုမိ။

ဟို ...ခွေးတိရစ္ဆာန် လူ့တိရစ္ဆာန် မောင်ကံကြီးကြောင့်ဟူသော စွဲထင်နေ၏။ ဦးမြသန်းကား ဘုန်းကြီးလူထွက်ဖြစ်၍ သေခြင်းတရားသဘောကို မျက်မှောက်ပြု၍ နားလည်သဘောပေါက်၏။

သူ့ခမျာလည်း ဒေါသထွက် စိတ်မကောင်းဖြစ်နေသည့် သူငယ်ချင်းဖြစ်သူကို စိတ်ပြေပါစေ၊ ဖြေနိုင်ပါစေဟု ရည်စူးပြီး နားလည်သိရှိထားသည့် တရားဓမ္မလေးနှင့် နားချတရားပြ ဖျောင်းဖျနေသည့်တိုင် ...

ဟို ...လူလွန်မသား မောင်ကံကြီးကိုမူ အမုန်းတကယ်လည်း လန့်၏။ ရွံ၏။ ကြောက်လေ၏။

ဘယ်လို ဘဝပေး အကုသိုလ်ကြောင့် ဒီကောင်မောင်ကံကြီးရဲ့ ပါးစပ်မှာ သေနိမိတ်စီးနေသလဲဆိုတာ မသိရ။

မောင်ကံကြီးပါးစပ်က ...

'မရတော့ပါဘူး' ၊ 'သွားပြီ' ၊ 'နက်ဖြန်သေမှာပဲ'၊ 'မိုးမလင်း





ပါဘူးကွာ' ၊ ' မုန့်ဟင်းခါး အချိန်တစ်ရာ ကြိုမှာထား' ၊ 'ဘုန်းကြီးငါးပါး ကြိုပင့်ထား' ၊ 'ခေါင်းစော်နံတယ်' ၊ 'မသာနံ့ရတယ်' ဟု လူတစ်ယောက်ရဲ့ မျက်နှာကိုကြည့်ပြီး ပြောလိုက်လျှင် အပြောခံရသူသည် ...

ရောဂါဝေဒနာကြောင့်လည်း သေရလေ၏။

ဒီလိုမှမဟုတ် ...

အခြား ဥပစ္ဆေဒကကံ အကျိုးပေးနှင့် သေရလေ့ရှိ၏။ ဒါကြောင့် မောင်ကံကြီးနှင့် မျက်နှာချင်း မဆိုင်ရဲကြ။ နေထိုင်မကောင်းဖြစ်လျှင် မောင်ကံကြီးကြားမှာ သိမှာ စိုးရိမ်ကြလေ၏။

ဒီလိုနှင့် အချိန်ကာလတို့ ရွေ့လျားလာလေ၏။

သစ်ရွက်ကြွေ နွေရောက်ခဲ့၏။

မိုးရာသီ သီချင်းနှင့် ရေလျှံခဲ့၏။

ဆောင်းနှင်းပွင့်တို့ ကောင်းကင်မှ ကြွေခဲ့၏။

ရာသီစက်ဝန်းသည် သူ့သီချင်းသူဆို၊ သူ့အကသူက၍ ရာသီဟောင်းကို ပြည်ဖုံးကားချလိုက်၊ ရာသီသစ်ကို ပြည်ဖုံးကားဖွင့်လိုက်နှင့် မဆုံးနိုင်သော သူ့ခရီးကို သူ ဆက်လျှောက်သွားနေ၏။

ဒီမှာ မုဆိုးဖိုကြီး ဦးရွှေဗလ ...မခင်စံပယ်ကြိုင်နှင့် ဆုံစည်းခဲ့ရလေသည်။

မခင်စံပယ်ကြိုင်၏ အသားအရည်သည် မုန့်နှစ်လို ဖြူဖွေး၏။ ဝါဂွမ်းလို နူးညံ့၏။

မျက်နှာပေါ်က အပြုံးသည် ပုရိသယောကျ်ားသားတို့ကို ရှင်လန်းမြူးကြွစေ၏။

အပေါ်သွားမှာ သွားတက်လေးတစ်ချောင်း ပါနေ၍ ရယ်လိုက်တိုင်း သူမရဲ့အပြုံးသည် မြင်ရသူ နှလုံးသားမှာ ခုန်ပေါက်လူးလွန့် လှုပ်ခတ်သွားသလို ခံစားရ၏။

ဖူးဖူးကြွကြွ ရင်သားနှစ်ခုကလည်း စွင့်နေသဖြင့် ငေးကြည့်ရ၏။

ကျဉ်သောခါးအောက်မှာ လုံးဝန်းမို့မောက်နေသည့် တင်ပါးနှစ်ခုကလည်း ခြေလှမ်းလိုက်တိုင်း နိမ့်တုံမြင့်တုံ ရှိနေသမို့ ယောကျ်ားသား



www.burmeseclassic.com

www.burmeseclassic.com



တိုင်း နှစ်ခါသုံးခါ ပြန်လှည့်ကြည့်ရ၏။ ...

ပေါင်တံတုတ်တုတ်နှင့် ခြေသလုံး ဖွေးဖွေးညှာ၊ ခြေဖမိုး မို့မို့သွယ်သွယ်တို့ကလည်း ခေါ်မကျောက်ဆစ်လက်ရာအတိုင်း ဖုထစ်မို့မောက် လုံးကြွတစ်ရစ် သွယ်လျှနေသည့်အတွက် ...

မခင်စံပယ်ကြိုင်ကို မြင်ကြရလျှင် ...

ရာဇဝင်ထဲက ဥမ္မာဒန္တီကို မြင်လိုက်ရသလို၊ ရှင်မွေးနွန်းမင်းသမီးကို မြင်လိုက်ရသလို မူးယိုင်ဝေမောသွားရချင်ချင် ဖြစ်ကုန်ကြလေ၏။

သူမန့်ဘေးမှာ တက္ကသိုလ်ကျောင်းသားများ ပိုင်းဝိုင်းလည်၏။

အင်ဂျင်နီယာဆိုသူများ ပန်းတော်ဆက်ကြ၏။

မိုလ်ကြီး၊ မိုလ်ကလေးများ မျက်နှာချိုပေးကြ၏။

သူဌေးဆိုသူ ကုမ္ပဏီပိုင်ရှင်ကြီးများ၊ ဒါရိုက်တာဆိုသူ ဂုဏ်သရေရှိ လူကြီးမင်းများ အဝင်အထွက် အခေါ်အပြော ရှိကြ၏။

အံ့ဖွယ်ကောင်းလေစွ။

ပတ္တမြားအနှစ်ကို ပရိုက်ခေါက်ရွှေအစစ်တွေ ဝိုင်းရံခံစားနေသည့်ကြားမှာမှ ...

မှဆိုးဖို ပူပူနွေးနွေးကြီး ဦးရွှေဗလနှင့် ရွှေရုပ်ကြေးရုပ် ကျောက်စိမ်းသားလို ဥနှစ်နေသည့် မခင်စံပယ်ကြိုင်တို့ ချစ်သူများဘဝသို့ ရောက်ရှိသွားကြ၏။

မကြာခင် အကြင်လင်မယားဘဝသို့ ရောက်ရှိသွားလေ၏။

ကြားရသူတိုင်း အံ့သြရ၏။ မြင်ရသူတိုင်း လက်ဖျားခါကြ၏။ လှုငယ်လှုရွယ်တွေ တောက်ခတ်ကြ၏။

အမဲရိုးနှယ် ဟင်းအိုးမှ အားမနာဟူ၍ လည်းကောင်း။

ကျီးကန်း ဘဲဥချိုလာသည်ဟူ၍ လည်းကောင်း၊

မသာနှင့် နားတောင်း တခြားစီဟူ၍ လည်းကောင်း။

ခွေးဝတ်က ကတ္တီပါသဲကြိုးကို ကိုက်သည်ဟူ၍ လည်းကောင်း၊

နွံသာဆီနှင့် အီးဟူ၍ လည်းကောင်း ...

အမျိုးမျိုး ဝေဖန်ကြ၏။ ကဲ့ရဲ့ကြ၏။ အချို့ကလည်း ချီးမွမ်းကြ၏။





လေးဆယ်ကျော်အချစ်ရဲ့ နောက်ဆက်တွဲ ငါးဆယ်ကျော်အချစ်တဲ့။

မေတ္တာပါရမီ ဘဝပေးကုသိုလ်ကံ ကောင်းသတဲ့။

ဦးရွှေဗလက ပိုက်ဆံချမ်းသာသည်ကလည်း တစ်ကြောင်း၊

ပြီး ... လူတစ်ယောက် ဘာကြိုက်တာလဲ။ အချိုလား၊ အချဉ်လား၊ အငံလား ...။ အဲဒီသဘောတရားကို နားလည်သည်။

ရက်ရက်စက်စက် မက်မက်မောမော လှပဆူဖြိုးလွန်းသည့် မခင်စံပယ်ကြိုင်လို မိန်းမချောကို နေ့စဉ်နှင့်အမျှ တွေ့တိုင်းမြင်တိုင်း လှလိုက်တာ ချောလိုက်တာ ...

ရုပ်ရှင်မင်းသမီး ဘားဒေါ့ကျနေတာပဲ။ ဆိုဖီယာလောရင့် ကျနေတာပဲ စသည်နှင့် မြှောက်လုံးလေး ထည့်ပြောလိုက်၊ ခေါင်းလေး လက်နှင့်ပုတ်လိုက်၊ လက်ကလေးထိလိုက်နှင့် စကားပြောများလာတော့ ...

အိုးချင်းလည်း ထိလေ၏။ ကြိုးချင်းလည်း ငြိလေ၏။

နောက်တစ်ချက် ...

မုဆိုးဖို ဦးရွှေဗလကို အသက်ငါးဆယ်အရွယ်ဆိုပြီး အထင်မသေးလိုက်နှင့်။ ဝတ်စားသွားလာပုံက ခေတ်လူငယ်နှင့် နင်လား ငါလား ရှိ၏။

ဟာဝေယံ ရှပ်လည်းဝတ်၏။ စပို့ရှပ်လည်း ဝတ်၏။ ဂျင်းဘောင်းဘီနှင့် ဂျင်းဂျက်ကက်လည်း ဝတ်၏။ ဘောင်းဘီတိုလည်း ဝတ်၏။

လည်ကတုံး အင်္ကျီနှင့် ပုဆိုးလည်း ဝတ်၏။ သူ့နားဖြတ်သွားလျှင် ရေမွှေးကုမ္ပဏီတစ်ခုလုံး၏ ရနံ့က ငါးနှစ်ပြန်ပတ်လည်ကို ပျံ့နှံ့၏။

စိန်လက်စွပ်နှင့် ပတ္တမြားလက်စွပ်ကို ဘယ်လက်နှစ်ချောင်းမှာ စွပ်၏။ လည်ပင်းပေါ်မှာ ရွှေငါးကြင်းရုပ်နှင့် တစ်ဆယ်သားနီးပါး အလေးချိန်ရှိသည့် ရွှေဆွဲကြိုးက နေထိုးလျှင် စိန်လက်စွပ်နှင့်အပြိုင် ပြိုးပြက်ဝင်းလက် အရောင်ထွက်၏။

ကားကလည်း သုံးစီး။ တိုက်က နှစ်လုံး။

ဒီလို လူချမ်းသာ၊ လူရည်သန့်သန့် ခန့်ခန့်ကြီးကို အပျိုကြီးလည်း ကြိုက်၏။ အပျိုလေးလည်း အားကိုးမျက်စိကျ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ...

ဖူးမောက်ကြွအိ နုစိုဝင်းလက်နေသော မခင်စံပယ်ကြိုင်နှင့် သူဌေး ဦးရွှေဗလတို့ လိုတိုင်းရ တ,တိုင်းဖြစ်သည့် ရတနာလမ်းမကြီးပေါ်မှာ နှစ်ပါးရွှေဂဟေဆက်ကြသည်မှာ ဖြစ်ထိုက်လေ၏။

ဦးရွှေဗလကား ပေါ့သေးသေး ဦးရွှေဗလမဟုတ်။

ကာမဂုဏ်ဘက်မှာလည်း စွမ်း၏။ ယောက်ျားပီသ၏။ ကွယ်လွန်သူ ဒေါ်မိုးရာသီလို တောင့်တောင့်ဖြောင့်ဖြောင့်ကြီးလည်း စွဲလေ၏။ ခင်စံပယ်ကြိုင်လို နုနုထွတ်ထွတ်ကလေးကား ပြောဖွယ်ရာမရှိ။

တစ်ကြိမ်တွေ့လိုက်သည်နှင့် ဦးရွှေဗလရဲ့ ရင်ခွင်ထဲမှာ မိန်းမောပန်းလျ 'အစ်ကိုကြီး ... အစ်ကိုကြီး' ဟု တ,ရလေ၏။

သူဌေးဦးရွှေဗလနှင့် အပျိုနုနုထွတ်ထွတ်ကလေး မခင်စံပယ်ကြိုင်တို့ တရားရုံးမှာ လက်ထပ်ပြီးပြီဟူသော သတင်းကို ကြားကြသောအခါ လူတိုင်း အံ့သြရလေ၏။

ဟုတ်မှ ဟုတ်ရဲ့လားဟု အရပ်ထဲက ထွက်ကြည့်ကြ၏။

လူငယ်လူရွယ်များက လက်ဖက်ရည်ဆိုင်မှ စောင့်မျှော်ကြည့်ကြ၏။

ဟုတ်လေ၏။

သူဌေး ဦးရွှေဗလရဲ့ ညာဘက်လက်မောင်းကို ချိတ်၍ ခင်စံပယ်ကြိုင်က လမ်းလျှောက်လာ၏။

မိန်းမယောက်ျား မျက်လုံးပေါင်းများစွာတို့သည် သူတို့ ကြင်စဦး ဖနီးမောင်နှံရှိရာသို့ အာရုံဝင်စား အံ့သြငေးမောရှိကြလေ၏။

အထက်မှာ ရေးပြခဲ့သလို ...

အမျိုးမျိုး ကဲ့ရဲ့၏။ မနာလို ဝန်တိုရှိကြလေ၏။

အားရဝမ်းသာ ချီးကျူးကြ၏။ မြှောက်ပင့်ပြောကြ၏။

ဦးရွှေဗလနှင့် ခင်စံပယ်ကြိုင်တို့ရဲ့ အပြုံးကလည်း နေနှင့်လ၊ ရွှေနှင့်မြတို့ကဲ့သို့ တောက်ပ၏။

အင်္ဂါဂြိုဟ်၊ ဗုဒ္ဓဟူးဂြိုဟ်၊ သောကြာဂြိုဟ်ကဲ့သို့ လင်း၏။ နဂါး





ငွေ့တန်းက ကြယ်စုကြယ်တေးကြီးလို အပြုံးကျယ်လေ၏။

အဲဒီမှာပဲ ...

သူတို့ရှေ့တည့်တည့်မှနေ၍ လူတစ်ဦး ရပ်ကြည့်နေသဖြင့် ခင်စံပယ်ကြိုင် မလန့်ပါသော်လည်း သူဌေးဦးရွှေဗလ တုန်လှုပ်ချောက်ချား သွားလေ၏။

ရှေ့တည့်တည့်မှ ရပ်ကြည့်နေသူကား အခြားမဟုတ်။

သေနိမိတ်စီး မောင်ကံကြီး ဖြစ်လေ၏။

သူဌေးဦးရွှေဗလသည် သူတို့ ကြင်စဦး ဖနီးမောင်နှံ၏မျက်နှာကို စိုက်ကြည့်နေသည့် မောင်ကံကြီးရဲ့မျက်နှာကို ရုတ်တရက် မြင်လိုက်ရသောအခါ ဖြန်းခနဲ တုန်လှုပ်ချောက်ချား သွားခဲ့ရလေ၏။

ကြည့်စမ်းပါ့ ...။

မောင်ကံကြီးက သူဌေးဦးရွှေဗလရဲ့ မျက်နှာကို ကြည့်လိုက်၊ သူ့နံဘေးမှ လက်မောင်းချိတ်ထားသည့် ခင်စံပယ်ကြိုင်ရဲ့ မျက်နှာကို ကြည့်လိုက် လုပ်နေ၏။

တစ်လှည့်စီ ကြည့်နေရင်းမှ ဦးခေါင်းကို တညိတ်ညိတ်လုပ်ရင်း ခပ်မဲ့မဲ့ ပြုံးလေ၏။ ဦးရွှေဗလကလည်း ဟန်ကိုယ်ဖို့ မျက်နှာလေးနှင့် သင်းရဲ့မျက်နှာကို ခပ်ထန်ထန် တစ်ချက်စိုက်ကြည့်ပြီး အသစ်စက်စက် မယားချော မယားလှရဲ့ လက်ကိုဆွဲကာ ရှေ့ခရီးကို ခပ်သုတ်သုတ် လှမ်းလိုက်၏။

ဟူး ... တော်ပါသေးရဲ့။ ကျက်သရေမရှိသည့် အကောင်က သင်းပါးစပ်ကနေ မဟုတ်က ဟုတ်က မင်္ဂလာမရှိသောစကားကို မပြောလိုက်ပေလို့။

"အစ်ကိုကြီး ..."

"ဘာတုံး ... ညီမလေး ဟင်"

"စောစောကလူကို သိလားဟင်"

"ဘယ်သူ့ကို ပြောတာတုံး ညီမလေးရဲ့"

"ကျွန်မတို့နှစ်ဦးကို ရှေ့တည့်တည့်ကနေ စိုက်ကြည့်ပြီး တေ့သလို



www.burmeseclassic.com

www.burmeseclassic.com



လို၊ ရှိသလိုလို ခေါင်းတညိတ်ညိတ် လုပ်ပြသွားတဲ့ အရုပ်ဆိုးဆိုး မျက်နှာနဲ့လူလေ။

"အလကားကောင်ပါကွာ။ အရှုံးပဲ။ လာ ... လာ ..."

ဒီလို ... ကျက်သရေမရှိသည့် အကောင်အကြောင်း ညှားကာစလင်မယား အချောအလှလေးကို ပြောမပြချင်။ ပထမမယားကြီး ဒေါ်မိုးရာသီ ကိစ္စကတည်းက ဒီကောင့်ကို ဦးရွှေဗလ ဒေါသဖြစ်ရတာ။

သင်းရဲ့ ... ကိုယ်ကျင့်တရားနှင့် ပါးစပ်အဖွဲ့တွ မကောင်းပုံအကြောင်း၊ ခုနေပြောပြလို့ မသင့်သေး။ ဒီကောင်က ဝင်ရောသည့်နေရာမှာလည်း ဖက်ရဲလက်ရဲရှိသည်မို့ အခြေအနေကြည့်ပြီး ဇနီးအသစ်ချပ်ချွတ်လေးကို ပြောပြထားမှ တန်ကာကျလိမ့်မည်။

မည်သည့်ကိစ္စနှင့်မဆို ဒီကောင် မောင်ကံကြီးကို စကားမပြောဖို့၊ မပတ်သက်ဖို့။

ဟော ... အကြောင်းတွေ ဆိုင်ချင်တော့ကြည့် ...

မိတ်ဆွေ အပေါင်းအသင်းများက မင်္ဂလာမဆောင်ဘူးလားဟု မေးကြသည်။

"မဆောင်တော့ပါဘူးဗျာ ...။ ရုံးတက် လက်မှတ်ထိုး၊ ရဟန်းသံဃာအချို့ မင်္ဂလာဦးဆွမ်းလေး ကပ်ရုံပဲ လုပ်တော့မယ်"

"ဘာဖြစ်လို့တုံး ... ကိုရွှေဗလရ။ ကိုယ့်လူရထားတဲ့ ကြွေရုပ်ကလေးက မင်းပွဲတိုးပွဲလို လှပုံအလယ်မှာ ဘိသိက်ဆရာကြီး ... မင်္ဂလာ(ဥဩဘာ) ဦးစိန်လှိုင်ရဲ့ အဟောအပြောနဲ့ ပွဲလုတ်မင်္ဂလာယူရမည့် အနေအထားလေ ... ကိုယ့်ဆရာရဲ့"

"လုပ်ချင်တာပေါ့ ... ကိုမြင့်သိန်းကြီးရာ။ ဒါပေမဲ့ သွားလေသူဇနီးသည် မိုးရာသီရဲ့မျက်နှာကို ငဲ့ရမှာလေ"

"ခုမိန်းမငယ်ငယ်လေး ယူတာကရော ငဲ့တာလား ... ငဲ့တာလားဗျာ ... ဟင် ... ဟောလူ"

"ထောင်မှူးကြီးသိန်းဝင်းကို အားကျလို့ပါဗျာ"

"ဟား ... ဟား ... ဟား ... ဟား ... ကိုသိန်းဝင်း ခင်ဗျား





ဘက်ကို လှည့်လာပြီ ... ထောင်မှူးကြီးရေ"

"ကျုပ်ကို အားမကျနဲ့။ အားကျရင် ထိုင်ကန်တော့ရမှာဗျ"

"ဘာဖြစ်လို့တုံး ... ထောင်မှူးကြီးရ။ ရှင်းပါဦး"

"ဘာဖြစ်လို့တုံးဆိုတော့ ကျုပ်မဟေသီက ကျုပ်ထက် ဆယ်နှစ်ကြီးလို့ဗျာ"

"ဟား ... ဟား ... ဟား ... ဟား ... ကိုသိန်းဝင်း နေ့တိုင်းကုသိုလ်အများကြီး ရတာပေါ့ဗျာ"

"ဗျို့ ... ကိုလေးမောင်၊ ကိုသိန်းဝင်း ဘာလို့ ကုသိုလ်အများကြီး ရတာတုံးဗျ။ ကျွန်တော် မရှင်းဘူး"

မုဆိုးကြီးလေးမောင်အား မေးလေ၏။ မုဆိုးကြီးလေးမောင်ကားမိန်းမမရှိ။ လူပျိုကြီးဖြစ်၏။ တောတကာ တောင်တကာ ဝင်၍ နှံပြီးစုတ်ငှက်မှသည် ဆင်များ၊ ကျားများအထိ ပစ်၏။ ရွာခွေး ရပ်ခွေးများပင် မုဆိုးကြီးလေးမောင်လာသည်ကို မြင်လျှင် တော်ရာသင့်ရာ ဝင်ပုန်းရှောင်ကြရ၏။ သူ့မမြင်မှ ထွက်ရဲကြ၏။

အရှေ့ရိုးမ၊ အလယ်ရိုးမ၊ ပဲခူးရိုးမ၊ အနောက်ရိုးမ သူအမဲမပစ်ဖူးသည့် တောမရှိ။

အမဲပစ်၍ ကုန်သလောက်ရှိသော် လူပစ်ရန် ကြံစည်၏။ လူပျိုကြီးပီပီ မိန်းမကိုပစ်ရန် ကြံစည်၏။

မုဆိုးကြီး လူပျိုကြီး ကံဆိုးလေစွ။

အပျိုကြီးများကို ချိုင်၏။ လန့်ပြေး၏။

မုဆိုးမများကို ချိန်၏။ မုဆိုးမများကလည်း သူ့သေနတ်ပြောင်းကို မြင်သော် နီးရာအိမ်သို့ ဝင်ပြေးကြ၏။

အပျိုကလေးတို့ပါ သူ့ပြောင်းကို ကြားသည် မြင်သည်နှင့် မျက်နှာချင်းဆိုင်မြင်သော် နီးရာလမ်းသို့ ချိုးကွေ့ဝင်သွားကြလေ၏။

သို့နှင့် ယနေ့တိုင် မိန်းမ မရရှာလေ။

"မုဆိုးကြီး ရှင်းပါဦးဗျ"

"ကိုသိန်းဝင်းက အိပ်ရာဝင်တိုင်း မိန်းမလုပ်သူကို ဦးချပြီး အိပ်



www.burmeseclassic.com

www.burmeseclassic.com



လေ့ရှိတော့ နေ့တိုင်းညတိုင်း ကုသိုလ်ရတာပေါ့ . . . ကိုရွှေဗလရာ။ မိန်းမရှိနိုးသွားမကျိုး။ မိန်းမရှိသေ အသက်ရှည်၊ မိန်းမပျက်စောင်း မီးဖယောင်း၊ ကျိုးစောင်းထိသော် အိပ်လို့ပျော်၊ မပျော်တစ်ချက် ပျော်တစ်ချက်၊ အာလူးဘူးသီးထွက်လို့ စာဆိုရှိတယ် မဟုတ်လား။ ကိုသိန်းဝင်း ကုသိုလ်ထူးပါတယ်ဗျာ။ သေရင် နတ်ပြည်ရောက်မှာ ကျိန်းသေတယ်ဗျ"

ဒီမှာ နတ်လူဦးဆိုတဲ့ တရုတ်ပေါက်ဖော်က ဝင်ပြောရော . . .

"မြန်မြန်နတ်ပြည်ရောက်တာ မြင်ချင်လိုက်ပါဘိ . . . ဆရာကြီးရာ"

"ဖွီ . . . အနာကျကောင် . . . နတ်လညး။ နင်က ငါ့ကို မြန်မြန်သေခိုင်းနေတာပေါ့။ ဟုတ်လား"

"အဲဒီလို အဓိပ္ပာယ်ရောက်သွားလို့လား ဆရာကြီး"

"အဲဒီလို မရောက်လို့ နင့်အမေကလွှား ဖြစ်ရမှာလား။ ငါက စာရေးဆရာ မောင်ညိုမှိုင်းသန့်လျှင်လို မဟုတ်ဘူး"

"လုပ်ပါဦးဗျ . . . ထောင်မှူးကြီးရ။ ကိုညိုမှိုင်းကရော ဘာတွေဖြစ်နေလို့တုံး"

"သင်းက မိန်းမယူထားတာ သူ့အသက်ထက်ဝက်တောင် ငယ်တယ်လေ။ သင်းက အသက် (၉၀) နှစ်။ မိန်းကလေးက အသက်လေးဆယ်"

"ဒီတော့ . . ."

"ဒီတော့ ဒီငနဲ ညတိုင်း ငရဲကြီးတာပေါ့ကွ"

"ဟား . . . ဟား . . . ဟား . . . ဟား . . ."

"ဟီး . . . ဟီး . . . ဟီး . . . ဟီး . . ."

"နေပါဦးဗျ . . . ထောင်မှူးကြီးရ။ ဆရာညိုမှိုင်း ညတိုင်း ငရဲကြီးတာ ဘယ်လိုလုပ်သိလို့တုံးဗျာ"

"ဒီငနဲအကြောင်း ကျုပ် အသိဆုံးဥစ္စာဗျာ"

"ဟား . . . ဟား . . . ဟား . . . ဟား . . . ထောင်မှူးကြီးတို့ကတော့ လော့လာစူးစမ်း အားကောင်းသဗျာ။ ဒါဆို ကျုပ်တို့လူ ကိုရွှေဗလ





လည်း ငရဲကြီးတော့မှာ ကျိန်းသေပြီဗျ"

"ကြီးတာ ပထမမိန်းမ ကတည်းကပဲဟာ"

"ဟား . . . ဟား . . . ဟား . . . ဟား . . ."

"ဟား . . . ဟား . . . ဟား . . . ဟား . . ."

"ကြီးမိုက် ကြီးကျတွေပေါ့ဗျာ နော"

"ဒါပေါ့ . . . ဒါပေါ့ . . . ဒယ်အိုးကပ်တွေလေ။ ဟား . . . ဟား ဟား . . . ဟား . . ."

"ကိုင်း . . . ကိုင်း . . . နတ်ပြည်ရောက်တာရော ငရဲကျတာရော ရပ်ကြဗျာ။ အရေးကြီးတာက . . . ကိုရွှေဗလ . . . ဧည့်ခံပွဲလေးတော့ လုပ်ဗျာ"

"ဟုတ်တယ် . . . ကိုရွှေဗလ . . . အကြီးအကျယ်မလုပ်တောင် အကျဉ်းလေးတော့ လုပ်ဗျာ"

"လုပ်မှာပါဗျာ။ မိတ်ဆွေအချို့နဲ့ အိမ်နီးနားချင်းအချို့ ဖိတ်ပြီး ဒန်ပေါက်နဲ့ဧည့်ခံဖို့ အစီအစဉ် ရှိပါတယ်ဗျာ"

"အိုကေ . . . ဒီလိုမှပေါ့ . . . အသောက်လေးတော့ နည်းနည်းလုပ်နော်"

"ရေနွေးကြမ်းပါတယ်လေဗျာ"

"ထပ်သရီး . . . ပဲပြုတ်နဲ့ နံပြား ရေနွေးကြမ်းပြောတာ မဟုတ်ဘူး။ ဝီစကီလေး၊ စစ်စတီနိုင်းလေး ပြောတာဗျာ"

"မျိုဖို့ပေါ့ . . ."

"ဒါပေါ့ . . . ဒါပေါ့ . . ."

"ဆို့ဖို့ အမြည်းကရောဗျ"

"ထောင်မှူးကြီးသိန်းဝင်းပစ်တဲ့ ဝက်ရဲ့ခြေထောက်ကို စွပ်ပြုတ်လုပ်လိုက်ရင် အမြည်းပေါ့ . . . ကိုယ့်လူရာ"

"ဝက်ဒူးခေါက်ကြောတော့ တို့ကိုရွှေဗလကို ကျွေးပါဗျ"

"ဘာဖြစ်လို့တုံးဗျ"

"မိန်းမရကာစဆိုတော့ ဆင်ပြောင်ဆယ်စီး အားမာန်ကြီးအောင်



www.burmeseclassic.com

www.burmeseclassic.com



လို့ပေါ့ဗျာ''

''အိပ်ရာထဲသေနေရင် ဘယ်လိုလုပ်မတုံး ... ကိုလေးမောင်''

''ယောင်မှူးကြီးနဲ့အတူတူ နတ်ပြည် အမြန်ရောက်တာပေါ့ဗျာ''

''သာဓု ဂိုင်းခေါ်ကြတာပေါ့''

''ဟား ... ဟား ... ဟား ... ဟား ...''

''ဟီး ... ဟီး ... ဟီး ... ဟီး ...''

''အဟတ် ... အဟတ် ... အဟတ် ...''

✿ ✿ ✿

## | ၁ |

အကျဉ်းရုံး မင်္ဂလာညည့်ခံပွဲပေမင့် အရောင်းအဝယ် စီးပွားရေးလုပ်ငန်းရှင်များ၊ အသိမိတ်ဆွေများ၊ အိမ်နီးချင်းများနှင့် မရှိဘူးဆို ငါးဆယ်ကျော် ခြောက်ဆယ်ဝန်းကျင်ခန့်ရှိ၏။

ညည့်ပရိသတ်က အားရဝမ်းသာလည်း စားကြ၏။ ပျော်ပျော်ရွှင်ရွှင်ပည်း နှောက်ကြပြောင်ကြ၊ စကြ ချီးကျူးကြ၏။

''ကိုရွှေပလတို့ ကံကောင်းတယ်ဗျာ''

တက်နေဝန်းကုမ္ပဏီပိုင်ရှင် သူဌေး ဦးချစ်ကြည်ညိုက သူဌေးကိုရွှေဗလတို့အတွဲကို ကြည့်ရင်း ချီးကျူးပြန်၏။

''ဘယ်လိုကံကောင်းတာလဲဗျ ... ကိုချစ်ကြည်ညို့ရ''

''ကံမှ သေးသေးမဟုတ်ဘူး။ အတ္တလန်တိတ် သမုဒ္ဒရာကန့်လောက်ကို ကြီးတာ''

''အကျယ်ချဲ့ လင်းစမ်းပါဦးဆရာရယ်''

''ကျုပ်တို့ ကိုရွှေဗလကလည်း ခန့်ချောကြီးခင်ဗျ။ အဟဲ ...''



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ သူဌေးဦးရွှေဗလက နောက်လှည့်ကြည့်ပြီး အော်ပြောပါရော ...

"မောင်ကြည်တင့်နိုင်ရေ ..."

"ဗျာ ..."

"ကိုချစ်ကြည်ညိုတို့ဝိုင်းကို ကိတ်မုန့်ရော ပန်းသီးရော များများ ချပေးလိုက်"

"ဘာလို့တုံးဗျာ ... ကိုရွှေဗလရ"

"ဟုတ်တာ မှန်တာတွေကို ပြောနေလို့"

"ဟား ... ဟား ... ဟား ... ဟား ... အလှူရှင်ကလည်း မျက်နှာပြောင်တိုက် မြှောက်တဲ့လူကလည်း ဖြဲဟွာ့ပြည်ပေါက်ထွက်အောင် မြှောက်ပေ့ဗျာ"

"မြှောက်ပြောနေတာမဟုတ်ဘူး ... ကိုကြံတိုင်းအောင်ရ။ ကိုရွှေဗလရဲ့ မဟေသီဆိုရင်လည်း ကြည့်စမ်း ..."

"ကြည့်နေပါတယ်ဗျ"

"ဟား ... ဟား ... ဟား ... ဟား ... မျက်လုံးကျွတ်ကျသွားတာ ပြန်ကောက်တပ်လိုက်ဦး ... ကိုမြင့်ဦးရေ။ အဟတ် ... အဟတ် အဟတ် ..."

"သူ့မဟေသီ မလှဘူးလားဗျ"

"လှလွန်းလို့ ဟိုဘက်တောင် လွန်သေးဗျာ"

"မချောဘူးလားဗျာ"

"ကိုချစ်ကြည်ညို ... ကျွေးစရာလည်း ကုန်ပြီ။ နောက်ဆုံး ကျန်တာ အိမ်သာပဲရှိတော့တယ် ... ဗျို့"

"ဟား ... ဟား ... ဟား ... ဟား ... ကိုရွှေဗလရဲ့ ခင်ဗျားတို့ ကျုပ်တို့ရဲ့ ကိုချစ်ကြည်ညိုကလည်း အိမ်သာထဲပို့ပေးလည်း အဝစားမှာဗျ"

"ဟား ... ဟား ... ဟား ... ဟား ..."

"အဟတ် ... အဟတ် ... အဟတ် ..."





"ဗွီ ... ကိုမြင့်ဦး ... ခင်ဗျားဗျာ ..."

"ဘာတုံး ... အိမ်အပြန် ပါဆယ်ပါ ဆွဲချင်လို့လား"

"မဟုတ်ပါဘူး ... ကိုမြင့်ဦးရ။ အဲဒီလို ရသာကိုးပါးနဲ့ ပြည့်စုံသည့် စားကောင်းသောက်ဖွယ်လေးများ စားရကိန်းကြုံရင် အချစ်ဆုံး သူငယ်ချင်း မောင်ရင့်ကို သတိရလို့ပါဟ"

"နှစ်ယောက်စလုံး အကုန်သာ စားကြပါဗျာ။ အားမနာပါနဲ့"

"ဟား ... ဟား ... ဟား ... ဟား ..."

"ဟီး ... ဟီး ... ဟီး ... ဟီး ..."

"အဟွတ်အဟွတ်အဟွတ်"

တကယ့် ပိုက်ဆံရှိ လူချမ်းသာတွေပါ။ မြို့ရဲ့ မျက်နှာဖုံးတွေဆိုလည်း မမှားပါဘူး။ အချစ်နဲ့နွယ်တော့လည်း သူဌေးစိတ်၊ လူကြီးစိတ် ပျောက်ပြီး လူငယ်လူရွယ်များလို ပျော်ကုန်ကြပါရော။

ဒီအချိန်မှာပဲ တပည့်လုပ်သူ မောင်ကုလားကြီးတစ်ယောက် ဧရာကြီးသုတ်ပျာ မျက်နှာနှင့် ဆရာလုပ်သူ သူဌေးဦးရွှေဗလအနီး တိုးကပ်လို့ ခပ်တိုးတိုးပြောလိုက်သည်။

"ဆ ... ရာ ..."

"ဘာတုံး ... ကုလားကြီး ... ဘာလဲ"

"ခြံဝမှာ ဟိုကောင်ရောက်နေတယ်"

"ဘယ်သူတုံး ... ကုလားကြီးရဲ့။ ငါတို့ ဧည့်သည်လား"

"မဟုတ်ဘူး ... ဆ ... ရာ ... ဟို ... ဟို ... အကောင်"

"ရှင်းရှင်းပြောစမ်း။ ဘယ်အကောင်တုံး"

"မောင် ... ကံ ... ကြီး ... ဆရာ"

"မောင် ... ကံ ... ကြီး ... ဟုတ်လား။ ဒီ ... ဒီကောင် ဘာ ဘာလာလုပ်တာတုံး"

"မင်္ဂလာဧည့်ခံပွဲကို လာရောက်ချီးမြှင့်တာဆိုပြီး ဝင်မလို့ လုပ်နေတယ်ဆရာ"

"ဘာ ... ဘာ ... ဒီခွေးသားက ... ဒီလို ကောင်တားမျိုးကို



www.burmeseclassic.com

www.burmeseclassic.com



ငါက ဘာကိစ္စနဲ့ ဖိတ်ရမှာလဲ။ ဖိတ်လည်း မဖိတ်ဘူး၊ ဝင်လည်း မလာစေနဲ့။ သွား ... မြန်မြန်နှင်ထုတ်လိုက်။ မြန်မြန်သွား ... သွား ...''

''ဟုတ် ... ဟုတ် ... ကဲ့ ... ပါ ... ဆ ... ရာ''

သည့်တိုက်ခြံအိမ်ကြီးရဲ့ မာလီလည်းမာလီ၊ ခြံစောင့်လည်း ခြံစောင့်ဖြစ်သည့် ကိုကုလားကြီး ဆရာလုပ်သူကို အရိုအသေပေး၍ ခြံဝသို့ အမြန်ပြန်လာခဲ့လိုက်သည်။

ခြံဝမှာ စုတ်ပြတ်နံဟောင်နေသည့် အဝတ်အစားနှင့် ရွံရှာစက်ဆုပ်ဖွယ်ကောင်းလှသည့် မောင်ကံကြီးသည် ဆေးပေါ့လိပ်ကို ခဲရင်း တိုက်အိမ်ရှိရာသို့ လှမ်းလှမ်းကြည့်နေ၏။

''ဟေ့ကောင် ... ကံကြီး''

''ဘယ်လိုလဲ ... ဝင်လို့ရမလား ကုလားကြီး''

''မင်းကို ဖိတ်လည်း မဖိတ်ထားဘူး၊ ဝင်လာစရာလည်း မလိုဘူးတဲ့။ မင်းပြန်တော့ ...''

''ဘာကွ ... ဘာပြောတယ်၊ ဒီမှာကုလားကြီး မင်းတို့ဆရာသူဌေးဒီနေ့ မင်္ဂလာဆွမ်းကျွေး အလှူလုပ်နေတာ မဟုတ်ဘူးလား။ အလှူဆိုတာ ဖိတ်စာရရ မရရ ဘယ်သူမဆို ဝင်စားလို့ရတယ်ကွ။ မင်း အခုချက်ချင်း ခြံတံခါး ဖွင့်ပေးစမ်း''

မောင်ကံကြီးသည် နောက်ထပ်ရောက်လာသည့် သူ့အဖော် အမူးသမားတစ်ဦးနှင့် ပေါင်းပြီး ခြံတံခါးဖွင့်ပေးရန် အော်ဟစ်နေ၏။

''မဖွင့်ပေးနိုင်ဘူး ... ကံကြီး။ ဒါ သူဌေးရဲ့ အမိန့်ပဲ''

''ဖွင့်ဆို ဖွင့်ကွာ။ စားပြီးမှပြန်မယ်''

သူက ခြံသံတံခါးကို လှုပ်၍ အော်ဟစ်ပြောပြန်သည်။

''မဖွင့်ဘူး ... မင်းပြန်တော့''

''မပြန်ဘူး ... စားပြီးမှပြန်မယ်။ လူတိုင်းဝင်စားနေတာ ဖွင့်လေကွာ။ ဖွင့် ... ဖွင့် ...''

''ကံကြီး ...''

''ဘာတုံး ... ကုလားကြီး''





''မင်း သိပ်စားချင်နေလို့လား''

''စားချင်လို့ မင်းကို ဖွင့်ပါလို့ ပြောနေတာပေါ့ကွ ... အရူးရဲ''

''ဒါဆို ငါ မင်းတို့နှစ်ယောက်အတွက် ဒန်ပေါက်နှစ်ပွဲ သွားယူပေးမယ်။ အဲဒါ ယူပြီး ပြန်ကွာ နော်''

ကုလားကြီးက မောင်ကံကြီးအကြောင်း သိနေ၍ ချော့မော့ပြီး ပြေရာပြေကြောင်း ပြောပါသော်လည်း ...

''မလိုချင်ဘူး။ အထဲမှာ သူများလိုပဲ အဝစားမယ်''

''မင်းသွားတော့ ... မောင်ကံကြီး။ သွားကွာ ... သွား ... သွား''

ကိုကုလားကြီးလည်း ဒေါပွလာလို့ နောက်ဆုံး ပြန်လည်အော်ဟစ် မောင်းထုတ်ရလေ၏။ ဒါကို စားသောက်ပြီး တိုက်အိမ်ပေါ်မှ ပြန်ထွက်လာသည့် လူအချို့လည်း မြင်လိုက်ရလေ၏။

သူတို့လည်း မောင်ကံကြီးကိုမြင်သော် လန့်ဖျတ်ကုန်ကြ၏။

''ဒီလိုလား ...။ ဟေ့ကောင် ... ကုလားကြီး ... သခင်အားရကျွန်ပါးဝနေတဲ့ကောင်။ မင်းသူဌေး ဦးရွှေဗလဆိုတဲ့ လူကြီးကျယ်ကို ပြောလိုက်စမ်း။ ရွှေဗလလိုလူ သမီးအရွယ်လောက် မိန်းမရလို့ ဘဝမြင့်မနေနဲ့ အရမ်းပျော်မနေနဲ့။ ပေါင်းရရင် တစ်ပတ်ပဲလို့ ပြောလိုက်။ ထွီ ...''

''ဘာ ... ဘာ ...''

''ပြန်ပြောလိုက်ဦးမယ်။ ဟေ့ကောင် ... မင်းသူဌေး ဦးရွှေဗလ ပျော်ရရင် (၇)ရက်ပါကွ။ နောက် (၇)ရက်ကနေ (၇)လအတွင်း မျက်ရည်ပေါက်ပေါက်ကျအောင်ငိုရမှာ ကျိန်းသေပဲလို့ မောင်ကံကြီးက ပြောသွားတယ်လို့ ပြောလိုက်။ လာ ... စိန်ကတုံး သွားမယ်။ မင်းတို့ဒန်ပေါက်မျိုး ငါကြီးက နေ့တိုင်းနီးပါး စားနိုင်တယ်ကွ။ ထွီ ...''

မောင်ကံကြီးသည် သို့ကလို စကားများကို မကျေမချမ်း ဒေါသတကြီး မျက်ထောင့်နီးကြီးနှင့် အော်ဟစ်ပြောဆိုပြီးနောက် သံတံခါးကို လက်နှစ်ဖက်နှင့် တပုန်းဝုန်းမြည်အောင် ဆွဲဆောင့်ပြီး 'ထွီ' ခနဲ တံတွေးတစ်ချက်ထွေး၍ သူ့သူငယ်ချင်း စိန်ကတုံးနှင့် ထွက်ခွာသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြိစောင့် ကိုကုလားကြီးသည် မောင်ကံကြီးပါးစပ်မှ ထွက်လာသည့် စကားများကို ကြားရသောအခါ ကြက်သီးဖျန်းဖျန်းထ၍ သွားလေ၏။ သူသာမဟုတ်။ အနီးသို့ ရောက်ရှိနေသူ အိမ်နီးနားချင်းများပါ နားနှင့်ဆတ်ဆတ် ကြားသွားပြီး များစွာ ထိတ်လန့်သွားကြလေသည်။

မင်္ဂလာဆွမ်းကျွေး ညှော်ခံပွဲကိစ္စ ပြီးသွားပြီးသည်တိုင် ခြံစောင့်လူယုံ ကိုကုလားကြီးသည် မောင်ကံကြီးနှင့် ဖြစ်ပျက်ခဲ့ရသည့် ကိစ္စနှင့်၊ မောင်ကံကြီးပြောသွားသည့် စကားများအား ဆရာလုပ်သူ သူဌေးကို ပြန်ပြောပြလျှင် ကောင်းပါမည်လားဟု အတန်တန် စဉ်းစား၏။

ပြောပြလိုက်လျှင် သူဌေး စိတ်ကောင်းပါ့မလား။

သူဌေးရဲ့ ပထမဇနီး ဒေါ်မိုးရာသီ နာမကျန်းဖြစ်စဉ်တုန်းကလည်း ဒီကောင်မောင်ကံကြီး ရောက်လာပြီး နိမိတ်မရှိ၊ နမာမရှိစကားပြောလိုက်လို့ မကြာမီရက်ပိုင်းမှာပဲ ဒေါ်မိုးရာသီ ကွယ်လွန်သွားခဲ့၏။

အဲဒီကိစ္စနှင့် စပ်လျဉ်းပြီး သူဌေးဦးရွှေဗလက ကံကြီးကို စက်ဆုပ်ရွံရှာ မုန်းတီးခဲ့၏။

မောင်ကံကြီးနှင့် စပ်လျဉ်းလာလျှင် မျက်နှာကိုမပြောနှင့် အသံကိုပင် မကြားချင်။

အခု မောင်ကံကြီးပြောသွားသည့် စကားကိုသာ သူဌေးဦးရွှေဗလ ကြားလိုက်လျှင် မောင်ကံကြီးကို ဓားနှင့် နုပ်နုပ်စဉ်းချင်ပေလိမ့်မည်။

အကြောင်းမှု ..

သူဌေးဦးရွှေဗလသည် မခင်စံပယ်ကြိုင်ကို လွန်စွာကိုပဲ ချစ်မြတ်နိုးနေသောကြောင့် ဖြစ်၏။ မခင်စံပယ်ကြိုင်နှင့် စပ်လျဉ်းလာလျှင် အရာရာကို ရင်ဆိုင်ရန် ဝန်လေးလိမ့်မည်မဟုတ်။

ပြီး ... သူတို့ဇနီးမောင်နှံသည် အကြင်လင်မယားအဖြစ် ညားကြသည်မှာ ရက်ပိုင်းပဲ ရှိသေး၏။ ဟုတ်သော်ရှိ မဟုတ်သော်ရှိ ဘာမဟုတ်သည့် စကားတစ်ခွန်းကြောင့် သူဌေးတို့လင်မယားရဲ့ စိတ်နှင့်ခန္ဓာကိုယ်ကို စနိုးစနောင့် မဖြစ်စေချင်ပါလော။

✿ ✿ ✿

[ ၉ ]

❑

ကံတရားတို့သည် ဆန်းကြယ်လှ၏။

မမြင်ရသည့် ကံအကြောင်းတရားများက လောကမှာ ပို၍ ဆန်းကြယ်လှလေ၏။

မခင်စံပယ်ကြိုင်ရဲ့ မွေးရပ်မြေက လပွတ္တာမြို့နယ်ဖြစ်၏။ အဖေနှင့်အမေတော့ မရှိတော့။ သူမတက္ကသိုလ်ဘွဲ့ရသည့်နှစ်မှာ ကွယ်လွန်အနိစ္စရောက်သွားခဲ့ကြ၏။

မခင်စံပယ်ကြိုင်က မိဘနှစ်ပါး မရှိသည့်နောက်ပိုင်း ရန်ကုန်မှာ တိုက်ခန်းဝယ်နေထိုင်ပြီး စီးပွားရေးလုပ်ငန်းကြီးတစ်ခုမှာ စက္ကထရီ လုပ်ကိုင်နေခဲ့၏။

သူဌေးဦးရွှေဗလနှင့် အိမ်ထောင်ကျပြီးနောက် မိဘနှစ်ပါးမောင်းချရာ လပွတ္တာသချိုင်းရှိ အုတ်ဂူများကို ဦးခိုက်ကန်တော့ချင်သည်ဆို၍ ခင်ပွန်းဖြစ်သူ ဦးရွှေဗလနှင့်အတူ မွေးရပ်မြေသို့ ရောက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးစွာ . . . မိဘများ အမွေစားအမွေခံ ချန်ရစ်ခဲ့သည့် မြို့ပေါ်ကမ်းနားပိုင်းရှိ တိုက်အိမ်မှာတည်းကြပြီး ဆွေမျိုးသားချင်းများကို နှုတ်ဆက်ကြသည်။

ပြီးနောက် . . . မိဘနှစ်ပါးရဲ့ အုတ်ဂူနှစ်ခုပေါ်မှာ လွမ်းသူ့ပန်းခြင်းနှစ်ခုတင်ပြီး လင်မယားနှစ်ယောက် ရှိသေစွာ ကန်တော့ကြ၏။ ပြီးသော် လမ္ဘတ္တလုတ် တောင်ရွာမှာရှိသည့် ဘုရင်မကြီး ရှင်စောပုကောင်းမှု ရှေ့ဟောင်းစေတီတော်ကြီး အသစ်ပြန်လည်တည်ထားသည်ကို သွားရောက်ဖူးမြော်ကြ၏။

တစ်ညအိပ်ပြီး နောက်နေ့နံနက် ရန်ကုန်သွားမည့်သင်္ဘောနှင့် လိုက်ပါခဲ့ကြ၏။ မပြန်လို့ကမဖြစ်။ နှစ်ဦးစလုံး အလုပ်တာဝန်များ ကိုယ်စီနှင့် ဖြစ်သည်လေ။

မိုးကလည်း ညို့နေသည်။

မြစ်က ပင်လယ်နှင့်နီးရာ အရပ်မို့ လှိုင်းထန်၏။ ရာသီကလည်း မိုးရာသီဖြစ်၍ သွားရသည်မှာ အန္တရာယ်တော့ များလှ၏။

မည်သို့ပင် ကောင်းမှုကုသိုလ်ကံများ ပြုလုပ်ကြပါသော်လည်း ရှေးဘဝက အကုသိုလ်ကံ ဝဋ်ကြွေးကား သံသရာလည်ရာဘဝ၊ ရောက်ရာဘဝရောက်သည့်တိုင် ပြန်လည်ပေးဆပ်ရသည်ဟု ဗုဒ္ဓဘာသာ ဆိုရိုးစကားရှိခဲ့၏။

ခုတော့ ကံကြမ္မာဝဋ်ကြွေးကို အကြေပေးဆပ်ရချေပြီ။

ကောင်းကင်မှာ မိုးများ ရုတ်ခြည်း မည်းမှောင်လာပြီး လေပြင်းများ ကျလာသည်။ စီးလာသည့် သင်္ဘောသည် လှိုင်းလုံးကြားမှာ ဘယ်ညာလူးနေ၏။ လန့်အော်သူအော်၊ ဘုရားတသူတ ငိုသူငိုကြ။

ခရီးသည်အချို့က မိုးလွတ်ရာ လေကွယ်ရာဘက်ကို ပြေးကြ၍ နေရာယူကြသည်။ သင်္ဘောက တစ်ဖက်ဝိတ်အလေးချိန်နှင့် စောင်းသလိုရှိသွားသည်။

အပြေးအလွှား မလုပ်ကြပါနဲ့။ မျှထိုင်ကြပါ''

''တစ်ဖက်သတ် မထိုင်ကြပါနဲ့။ မျှထိုင်ကြပါဗျို့''





''အစ်ကို . . . အစ်ကို . . . လုပ် . . . ပါ . . . ဦး . . . ညီမ . . . ကြောက်တယ်''

''ဘုရား . . . ဘုရား . . . ဘုရား . . .''

''အမေရေ . . . အမေ . . .''

''သမီးရေ . . . သမီး . . .''

''သား . . . လူလေး . . . အမေ့ကို ဖက်ထား''

ခရီးသည်များက ကြောက်လန့်၍ ဥဒဟို ပြေးလွှားအော်ဟစ်နေကြသည်။ ရရာပစ္စည်းကို ကိုင်၍ အသင့်ပြင်သူက ပြင်သည်။

မိုးက သည်းလာသည်။ လေက ပိုထန်ပြီး လှိုင်းက လူးကြွနေသည်။ ဒီမှာပဲ ကုန်ပစ္စည်းများ တစ်ဖက်စောင်းလှိုင်းအလူးမှာ လျှောကျလာပြီး ခရီးသည်များပါ ညာဘက်သို့ အားအင်အလေးချိန်နှင့် တိမ်းစောင်းကာ သင်္ဘော မှောက်သွားတော့သည်။

ခရီးသည်များရဲ့ ကြောက်လန့်တကြား အော်ဟစ်သံ၊

ကလေးငယ်များရဲ့ အော်ဟစ်ငိုယိုသံ၊

လှိုင်းသံ လေသံကြားမှာ ရေပြင်ပေါ်မှာ လူခရီးသည်နှင့် ကုန်ပစ္စည်းများ နစ်မြုပ်မျောပါ ကယ်ပါယူပါအသံများ စီစီလျှံ၍သွားခဲ့ပြီ . . .

ဦးရွှေဗလ ချစ်ဇနီးရဲ့လက်ကို ဆွဲပြီး ကူးခတ်နေသည်။ ခင်စံပယ်ကြိုင်က ရေမကူးတတ်တော့ သူ့ကို ကြောက်လန့်တကြား ဖက်ထားသည်မို့ နှစ်ဦးစလုံး ရေအောက်သို့ ရောက်သွားကြသည်။

အသက်အောင့်ပြီး ပြန်ပေါ်လာသော ခင်စံပယ်ကြိုင် ရေမွန်းပြီး မောဟိုက်နေပြီ။

''ကို . . . ကြိုင် . . .''

''အစ် . . . ကို . . . အစ် . . . ကို . . . မော . . . တယ် . . . ကြောက် ကြောက် . . .''

ဒီမှာ ဦးရွှေဗလက အနီးသို့မျောလာသည့် အထုပ်ကြီးတစ်ထုပ်ကို လှမ်းဆွဲလိုက်ပြီး . . .

''ညီ . . . မ . . . ကြိုင် . . . ကြိုင် . . . ဒီအထုပ်ကို ဖက် . . .



www.burmeseclassic.com

www.burmeseclassic.com



ဖက် ... ထား ..."

"ဝုန်း ..."

"ဝုန်း ..."

"ဝေါ ... ဝေါ ..."

မိုးနှင့် လှိုင်းလုံးများကြားမှာ တစ်ဦးကိုတစ်ဦး သိုးသိုးသဲ့သဲ့ မြင်ရ၏။

"ကြိုင် ... ညီ ... မ ... လေး ..."

"ကြိုင် ... ရေ ..."

"အစ် ... ကို ..."

လှိုင်းလုံးများရဲ့ ရိုက်ပုတ်ချက်ကြောင်း နှစ်ဦးသား လူချင်းကွဲသွားကြသည်။ ဖနီးသည်ရှိရာသို့ ကူးခပ်သွားလို့မရ။ ရေလုံးများက ပါးစပ်နှင့် မျက်စိထဲသို့ အင်နှင့်အားနှင့် ရိုက်ဝင်နေ၍ ရှေ့တစ်လံကိုမျှ မမြင်ရတော့။ ကြိုင်ရေ ... ကြိုင်ရေနှင့် အော်ခေါ်နေမိသည်။

သည်မှာ မျောလာသည့် အထုပ်လိုလို သေတ္တာလိုလိုပစ္စည်းကို လှမ်းကိုင်ဖက်ရင်း လှိုင်းလုံး မိုးသီးကြားမှာ နစ်လိုက်ပေါ်လိုက် မြောက်တက်သွားလိုက် မွန်းလိုက်နှင့် သတိလစ်တော့မလို ဖြစ်နေသည်။

သူ့လက်ကို လှမ်းဆွဲလိုက်သလို ခံစားရပြီး ဦးရွှေဗလ လုံးဝကိုခြေကုန်လက်ပန်းကျ မေ့မျောသတိလစ်သွားခဲ့လေသည်။

သူ ပြန်လည်သတိရလာတော့ ဆေးရုံခုတင်ပေါ်မှာ ရောက်နေပြီး ...

"ကြိုင် ... ကြိုင်ရေ ..."

"ညီ ... မ ... လေး ... မင်း ... ဘယ် ... မှာလဲ"

"ကြိုင်ရေ ... ကြိုင် ..."

"သတိရလာပြီလား ခင်ဗျာ"

"ကြိုင် ... ကြိုင်ရော ... ဗျာ ... ကျွန်တော့်ဇနီးရော ... ဟင် ဟင်"

"စိတ်ကို နိုင်နိုင်သတိထားပါဗျာ။ ခင်ဗျား အခု ဆေးရုံပေါ်ကို





ရောက်နေပါတယ်"

"ကျွန် ... တော့် ... ဇနီး ... ကြိုင် ... ကြိုင် .. ဘယ် .. မှာ ... လဲ"

ဆရာဝန်နှင့် သူနာပြုများက ကုန်းရုန်းထပြီး သတိတရမေးနေသည့် စိုးရိမ်ပူပန်ကြီးစိုးနေသည့် သူ့ရဲ့မျက်နှာကို စိုက်ကြည့် ထိန်းမတ်ပေးရင်း မည်သို့ပြောရမည်ကို စဉ်းစားနေကြသည်။

"ဦးရဲ့ဇနီးအမည်က ဘယ်လိုခေါ်ပါသလဲ ခင်ဗျာ"

"ကြိုင် ... ကြိုင် ... မခင်စံပယ်ကြိုင်။ သူ ... သူ ဘယ်မှာလဲ"

"ကျွန်တော်တို့ ရှာပေးပါ့မယ်။ စိတ်ငြိမ်ငြိမ်ထားပါနော်"

နောက်ဆုံးမှာတော့ သူ့ရဲ့ အချစ်ဆုံး ဇနီးချောလေး မခင်စံပယ်ကြိုင် မြစ်ထဲမှာ လေပြင်းမုန်တိုင်းကြောင့် နစ်မြုပ်သွားသည့် သင်္ဘောနှင့်အတူ အသက်ဆုံးရှုံးသွားပြီကို သိလိုက်ရပြီး သူ ဝမ်းနည်းကြီးစွာဖြင့် ရှိုက်ကြီးတငင် ငိုချလိုက်လေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## | ၁၀ |

❑

"ဆရာ ... ဆ ... ရာ ..."

ဦးရွှေဗလ ဖနီးသည်လေး ခင်စံပယ်ကြိုင်ရဲ့မာတ်ပုံကို စိုက်ကြည့်ပြီး ပါးပြင်ပေါ်မှာ မျက်ရည်ဥများ စီးလိမ့်ကျနေသည်။ တပည့်လုပ်သူက အနီးမှ 'ဆရာ ... ဆရာ' နှင့် အကြိမ်ကြိမ် ခေါ်နေသည့်တိုင် သူ ပြန်မထူးနိုင်။ လှည့်မကြည့်နိုင်။

သူ့ရင်ထဲမှာ ဆို့နင့်နေသည့် မိုးသက်လှိုင်းလုံးများကြားမှ သူ့ကို အားကိုးတကြီး အော်ခေါ်နေသည့် ကြိုင်ရဲ့ ထိတ်လန့်ကြောက်ရွံ့မျက်နှာကိုပဲ ထပ်ကာတလဲလဲ မြင်ယောင်နေမိသည်။

မကြာခင် အိမ်နီးနားချင်း အသိမိတ်ဆွေများပါ ရောက်ရှိလာကြ၏။





"ကိုရွှေဗလ ..."

"ဪ ... ကိုရွှေဗလ ... သတိလေးလည်း ထားပါဦး ကိုရွှေဗလရေ။ သေခြင်းတရားဆိုတာ ဘုရားလောင်းမှ မလွန်ဆန်နိုင်တာပဲဥစ္စာ။ တရားနဲ့ဖြေပါ ကိုရွှေဗလရယ် ... နော်"

"တောက် ... ကံ ... ကြမ္မာ ... ရိုင်းလိုက် ... ဆိုးလိုက်ပါဘိဗျာ ... ဟီး"

"ဖြစ်ပြီးရင် ပျက်တာပဲလေ"

"ကျုပ်ရင်ထဲမှာ အရမ်းခံစားရတယ် ဗျာ"

"ခင်ဗျားနည်းတူပါဗျာ။ ရေနစ်သေဆုံးသွားကြတဲ့ သူတွေရဲ့ မိဘ ညီအစ်ကိုမောင်နှမ ... သားမယား အားလုံးရော ကြားရသူတိုင်းရော ကြေကွဲဝမ်းနည်းမှု မဆုံးကြပါဘူးဗျာ"

ဒီမှာပဲ အမျိုးသမီးကြီး တစ်ဦးက ...

"ဟိုကောင်ပြောတာ မှန်နေတာပဲ တော်"

"ဘယ်သူပြောတာတုံး ...။ ဘာပြောလို့တုံးဗျာ ... ဒေါ်သိန်းခင်ရယ်"

"မင်္ဂလာဆွမ်းကျွေးတဲ့ နေ့ကလေ။ ဟို ... အကုသိုလ်ကောင်ကကြီးပေါ့"

"ကဲ ... ကြီး ... ကံကြီး ... ဘာပြောလို့တုံး ... ဒေါ်သိန်းခင် ... ဟင် .. ဟင်"

"ရှင်တို့လင်မယား ပေါင်းရရင် တစ်ပတ်ပါပဲတဲ့"

"ဗျာ ..."

"မကြာခင် ကိုရွှေဗလ ဒူးနဲ့မျက်ရည်သုတ်ရမယ် ကြည့်နေလို့ အဲဒီအကုသိုလ်ကောင်က ရှင့်တိုက်ခြံဝမှာ ပြောသွားတာ"

"ဒေါ် ... သိန်း ... ခင် ... ဟုတ် ... ရဲ့ ... လား။ အဲဒီလို ပြောတာ အဟုတ်ပဲလား ... ဗျာ ... ဟင် ... ဟင်လို့"

"ကိုရွှေဗလ မယုံရင် ရှင့်တပည့် ခြံစောင့်ကုလားကြီးကို ခေါ်သာမေးကြည့်"



www.burmeseclassic.com

www.burmeseclassic.com



"မောင်ချိန် ..."

"ဗျာ ... ဆ ... ရာ ..."

"ကုလားကြီးကို အမြန်သွားခေါ်လိုက်စမ်း။ မြန်မြန်လုပ်ကွာ"

"ဟုတ် ... ဟုတ်ကဲ့ ... ပါ ... ဆ ... ရာ"

သူဌေးဦးရွှေဗလ လှုယုတ်မှာ မောင်ကံကြီးရဲ့ နိမိတ်ဖတ်စကား ကြောင့်ဟူသော သံလွှန်စကို ရလိုက်သည်နှင့် ခြံစောင့်ကုလားကြီးကို အမြန် ခေါ်ခိုင်းလိုက်သည်။

မကြာခင် ခြံစောင့်ကိုကုလားကြီး ရောက်လာ၏။

"ကုလားကြီး ..."

"ခင်ဗျာ ... ဆ ... ဆရာ ..."

"မင်္ဂလာဆွမ်းကျွေးတဲ့ တနင်္ဂနွေနေ့ မနက်တုန်းက ဟိုကောင် လှုယုတ်မှာ ကျက်သရေမရှိတဲ့ကောင် ကံကြီး ငါတို့လင်မယားနဲ့ စပ်လျဉ်း လို့ ဘာစကား ပြောသွားသလဲ"

"ဟို ... ဟို ... အဲ ... အဲ ..."

"မြန်မြန်ပြောကွာ ...။ ငါလုပ်လိုက်ရရင် သေတော့မယ်"

ဦးရွှေဗလ တံ့နေးနေ၍ ဒေါသဖြစ်ပြီး ကုန်းထလိုက်သည်။

"ဒီ ... ဒီ ... ကောင်က ..."

"ဒီကောင်က ဘာပြောလဲ"

"ဆရာကြီးတို့ကို အိမ် ... ထဲ ... မခေါ်ရ ... မကျွေးရ ကောင်းလားဆိုပြီး စိတ်ဆိုး ဒေါပွနေတယ်။ ကျွန်တော်က ဒံပေါက်ထုပ် ယူပေးမယ်ဆိုတာလည်း မရဘူး။ နောက်ဆုံး ဆရာကြီးတို့ အမိန့်အတိုင်း ဒီကောင့်ကို အဝင်မခံဘဲ မောင်းထုတ်လိုက်ရော ... သူ .. သူ ... က ဟို ... ဟို ... ဆရာကြီးတို့လင်မယား ပေါင်းရရင် တစ်ပတ်ပဲတဲ့။ မင်းတို့ ဆရာ ဒူးနဲ့မျက်ရည်သုတ်ရမှာ ကျိန်းသေပဲ စောင့်ကြည့်နေလို့ ပြောပြီး ထွက်သွားရော ... ဆ ... ရာ ... ကြီး"

"တောက် ..."

"ဝုန်း ..."

စိတ်ကူးသစ်စာပေ



"အမယ်လေး ..."

သူဌေးဦးရွှေဗလရဲ့ တောက်ခတ်သံဟာ မိုးခြိမ်းလိုက်သည့်အလား ကျယ်လောင်ဟိန်းထွက်သွားသည်။ ဒါနှင့်အတူ စားပွဲကို လက်ဝါးနှင့် တအား ပုတ်လိုက်သည့်အတွက် စားပွဲပေါ်မှ ပစ္စည်းများ လွင့်စင်ပြုတ်ကျပြီး ဒေါ်သိန်း ခင် အပါအဝင် အနီးရှိလူများ လန့်ဖြန့်သွားကြ၏။

"တောက် ... ဟင်း ... ဟင်း ... ဒီကောင် ... ဒီ ... လို ပြောသလား"

"ဒီ ... ကောင် ... ဒီ ... လို ... နိ ... မိတ် ... ဖတ် ... သတဲ့ ... လား"

"ကံကြီး ... ကံ ... ကြီး ... ကံ ... ကြီး ..."

"ဟား ... ဟား ... ဟား ... ဟား ... ကံ ... ကြီး ... ဟီး ဟီး ... ဟီး ... ဟီး ... မင်း ... က ... ငါ ... မိန်းမကို ... သေမယ် လို့ ... ကြို ... နိမိတ် ဖတ်လိုက်တာကိုး။ ဟား ... ဟား ... ဟား ဟား ... ပထမ ... မိန်းမ ... မိုးရာသီတုန်းကလည်း မင်းပဲ ... ကြို နိမိတ်ဖတ်လို့ သေ ... ခဲ့ ... ရ ... တယ်။ အ ... ခု ... လည်း ... ငါ ... အချစ်ဆုံး ... မိန်းမ ... ကို ... မင်း ... သေ ... ပါ ... စေ ... လို့ နိမိတ်စကား ပြောတယ်။ အ ... ခု ... ငါ့မိန်းမ ... သေ ပြီ။ ငါ ... ငါ ... ဒူးနဲ့မျက်ရည် သုတ်နေရပြီ။ ဟား ... ဟား ... ဟား ဟား ... မောင် ... ကံ ... ကြီး ... တော်လိုက်တဲ့ ကောင်ကွာ။ ဟား ဟား ... ဟား ... ဟား ... ဟီး ... ဟီး ... ဟီး ... ဟီး ... ဟား ဟား ... ဟား ... ဟား ... အဟတ် ... အဟတ် ... အဟတ် ..."

အနီးရှိ သတင်းမေး လာသူများသည် ဦးရွှေဗလ ချက်ချင်း ငို နေရာမှ အားရပါးရ အော်ဟစ်ရယ်မောနေသည်ကို မြင်လိုက်ကြရသော အခါ ကြောက်လန့်သွားကြပြီး ...

သူဌေးဦးရွှေဗလ စိတ်ဖောက်သွားပြီဟု ထင်မြင်ယူဆကုန်ကြ၏။ ၎င်းနောက် တစ်ယောက်မျက်နှာ တစ်ယောက် အကဲခတ်သလို ကြည့်ကြပြီး မျက်စမျက်ချီပြ၍ လစ်ကုန်ကြတော့သည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး တပည့်နှစ်ဦးက ဆရာလုပ်သူကို မနည်းကို ဖျောင်းဖျ ချော့မော့ပြီး ဘရန်ဒီတစ်ခွက် အရေးပေါ်တိုက်လိုက်မှ ဘရန်ဒီအရက်ရဲ့ အရှိန်ကြောင့် သွေးပူပြီး စိတ်ကို ထိန်းနိုင်သလို ရှိလာသည်။

သူ နောက်ထပ် ဘရန်ဒီအရက်တစ်ခွက်ကို ရေမရောဘဲ သောက်ချလိုက်ပြီး ဖန်ခွက်ကို တင်းကျပ်စွာကိုင်ရင်း ကြိမ်းဝါးလိုက်သည်။

''ကံကြီး ... ကံကြီး ... သေနိုက်မိတ်စီးဟဲ့ မောင်ကံကြီး ... မင်းနဲ့ငါ တွေ့ကြသေးတာပေါ့ကွာ။ မင်းလည်း ကံကြီး ... ငါလည်း ရွှေဇလ ... ဘယ်သူက ပိုပြီး လက်စောင်းလျှာစောင်း ထက်တယ်ဆိုတာ မင်း မကြာခင် သိရစေမယ် ... မောင်ကံကြီးရေ၊ ဟား ... ဟား ... ဟား ... ဟား ... ဟား ...''

''ခွမ်း ...''

''ဟား ... ဟား ... ဟား ... ဟား ... ဟား ... ဟား ...''

✿ ✿ ✿

[ ၁၁ ]

❏

ခုတော့ သေနိုက်မိတ်စီးတယ်လို့ နာမည်ကြီး နာမည်ကျော်နေတဲ့ မောင်ကံကြီး လူ့ပြည်မှာ မရှိတော့ဘူး။ ဒီကောင့်ရုပ်နဲ့ အသံကို မကြားရဘာ တစ်ပတ်တိတိ ရှိသွားပြီ။

မောင်ကံကြီးကို မြို့ထဲမှာရော ရပ်ထဲမှာရော မတွေ့ရလို့ လူတိုင်း ဝမ်းသာနေကြသည်ကို ကြည့်ပြီး သူ့ရင်းလိုက်ရကျိုးနပ်သည်ဟု ဦးရွှေဇလ သုံးသပ်၏။

အောင်ဖေနှင့် အောင်ရွှေ တာဝန်ကျေပါလေသည်။

တန်ရာတန်ကြေးနှင့် ထိုက်တန်အောင် မောင်ကံကြီးကို ရှင်းပစ်လိုက်ကြသည်။ မောင်ကံကြီးလိုအကောင် ဆက်လက် အသက်ရှင်နေလျှင် ခုနစ်ရက်သားသမီး စိတ်ချမ်းသာလိမ့်မည်မဟုတ်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ မြို့ရောရပ်ရော စိတ်ချမ်းသာသွားကြပြီ။

"မိုးရာသီနဲ့ ခင်စံပယ်ကြိုင်ရေ . . . မင်းတို့ ကျေနပ်ကြပါတော့ ကွယ်"

သူဌေးဦးရွှေပလ စိတ်ကျေနပ်မှုရှိသလို အောင်ဖေနှင့် အောင်ရွှေတို့ ညီအစ်ကိုလည်း စိတ်ကျေနပ်မှု ရှိကြပါသည်။

သူတို့ညီအစ်ကိုက လူမိုက်များဖြစ်ပေမဲ့ ပါးနပ်လိမ္မာကြလေ၏။ မောင်ကံကြီးကို လက်စဖျောက်ပေးလို့ရသည့် အခကြေးငွေအား လူမြင်သူထင် မသုံးကြ။

ခုနေ ငွေကို ရေလိုသုံးလိုက်လျှင် အရပ်ကသော်လည်းကောင်း၊ အချင်းချင်းကသော်လည်းကောင်း၊ ရဲအဖွဲ့ကသော်လည်းကောင်း သင်္ကာမကင်း ဖြစ်ကြလိမ့်မည်။

သို့ဖြစ်၍ သူတို့ညီအစ်ကိုနှစ်ယောက် တိုင်ပင်ပြီး ( . . . . . ) မြို့သို့ ပြောင်းလာခဲ့ကြသည်။

မြို့ပေါ်က အိမ်တစ်အိမ်ကို ငှားရမ်းနေထိုင်ပြီး ရင်းနှီးသူများကို ငွေတိုးလေးလှည့်ပေး၍ အရက်သောက်လုပ်ငန်းနှင့် ဇိမ်ကျနေကြ၏။

အဖော်ကောင်းနှင့် ဂွင်ကောင်းလေးများ ကြုံပါက အချိုးကြီးတစ်ချက်လောက် လုပ်ဖို့ကိုလည်း အခါအခွင့် စောင့်နေကြလေ၏။

တစ်ည . . .

အောင်ဖေ အရက်လေး ရေချိန်ကိုက်နှင့် အိမ်ပြန်လာလိုက်၏။ သူ့ညီ အောင်ရွှေ ပြန်မရောက်သေး။ ဒီကောင်က ခြေရှည်သည်။ ဖဲဝိုင်းပဲ ရောက်နေသလား၊ ဒါမှမဟုတ် အဝင်းတို့၊ အမြတို့ ဇိမ်နန်းကို ရောက်နေသလားမသိ။

ဘံခါးကိုတွန်း၊ မီးခလုတ်ဖွင့်လိုက်ပြီး အိပ်ရာရှိရာသို့ တန်းဝင်လာလိုက်သည်။ ဒီမှာပဲ အိပ်ရာဖျာပေါ်မှာ မမျှော်လင့်သည့် ပစ္စည်းတစ်ခုကို မြင်လိုက်ရတော့သည်။

"ဟင် . . ."

"ဒါ . . . ဒါ . . . ဒါ . . ."





အောင်ဖေ မြင်လိုက်ရသည်ကား သူအိပ်သည့် ခေါင်းအုံးပေါ်မှ အင်္ကျီစုတ်တစ်ထည်။ အစုတ်အပြဲ အပေါက်ဗရပွနှင့် စစ်ဆွယ်တာအင်္ကျီအစုတ်။ အောင်ဖေ ခေါင်းအုံးပေါ်မှ စစ်အင်္ကျီအစုတ် အပေါက်ကြီးကို ကောက်ယူကြည့်ပြီး မျက်လုံးအစုံ ပြူးကျယ်သွားကာ ခေါင်းနားပန်းများ ကြီးသွားခဲ့ရတော့သည်။

ဒီအင်္ကျီအစုတ် အပေါက်မျိုး သူတို့ညီအစ်ကိုမှာ လုံးဝမရှိ။ ဒါ . . . ဒါ . . . ရေနစ်သေဆုံးသွားသူ မောင်ကံကြီးရဲ့ အင်္ကျီ။

သူ ကြောက်လန့်ကြီးစွာ အံ့သြကြီးစွာနှင့် စစ်အင်္ကျီ အစုတ် အပေါက်ကြီးကို လွှတ်ချပြီး တုန်လှုပ်စွာ စိုက်ကြည့်နေမိ၏။

"ဒါ . . . ဒါ . . . မောင် . . . ကံ . . . ကြီး . . . ရဲ့ . . . အင်္ကျီ . . အင်္ကျီ . . ."

"ဘုရား . . . ဘုရား . . . ဒီ . . . အင်္ကျီ ဘယ်လိုလုပ် ရောက်လာပါလိမ့်"

အောင်ရွှေများ တွေ့လို့ မှတ်မှတ်ရရ ယူလာရော့သလား။ ဒီအချိန်မှာပဲ သူ့ညီအောင်ရွှေ ရောက်ချလာ၏။

"အောင် . . . ရွှေ . . ."

"အောင် . . . ဖေ . . . မင်း . . . မအိပ် . . . သေးဘူးလား . . . အော့ . . . ဂေ့ . . ."

"အောင်ရွှေ . . ."

"ဘာတုံး . . . ဘာတုံး . . . ငါ အိပ်ချင်ပြီကွာ . . . အော့"

"မအိပ်နဲ့ဦး။ အောင်ရွှေ . . . မင်းကို ငါ ပြစရာရှိလို့"

"ဘာ . . . ပြ . . . မလို့ . . . တုံး . . . အရေးထဲကွာ။ ချီးမှုပဲ"

"ဟော့ကောင် . . . အောင်ရွှေ . . . ဒီအင်္ကျီ မင်းယူလာသလား"

"ဘာအင်္ကျီတုံးဟ . . . အော့ . . ."

"ဒီမှာကြည့်စမ်း . . ."

"ဟင် . . . ဒါ . . . ဒါ . . ."

"ဒါ . . . မောင်ကံကြီးရဲ့ အင်္ကျီ။ ငါတို့ သင်းကို ပင်လယ်ဝမှာ



www.burmeseclassic.com

www.burmeseclassic.com



ရေနွစ်ရိုက်သတ်တုန်းက ကံကြီးဝတ်တဲ့ စစ်အင်္ကျီအစုတ်လေ"

"အေး . . . ဟုတ်တယ် . . . အောင်ဖေ . . . မင်း . . . မင်း . . . ဘာကိစ္စနဲ့ . . . ဒီ . . . ဒီ . . . ကျက်သရေမရှိတဲ့ လူသေကောင်ဝတ်အင်္ကျီကို . . . ယူ . . . ယူလာရတာတုံး . . . ဟင် . . . ဟင်လို့"

"ငါယူလာတာ မဟုတ်ဘူး။ မင်းယူလာတာ မဟုတ်ဘူးလား"

"အို . . . ကြံကြီးစီရာ။ ဖွီ . . . ဒီလို ကျက်သရေမရှိတဲ့ကောင် သေပြီးတဲ့ လူသေကောင်ဝတ်ထားတဲ့ အင်္ကျီအစုတ်ကို ငါက ဘာကိစ္စနဲ့ ငါ ယူလာရမှာလဲ . . . အောင်ဖေ။ ငါက အရူးလား"

အောင်ဖေ . . . အောင်ရွှေရဲ့ စကားကြောင့် ငိုင်သွားသည်။ အောင်ရွှေကလည်း သေသူ မောင်ကံကြီးရဲ့ သေတဲ့နေ့က ဝတ်ခဲ့သည့် စစ်အင်္ကျီအစုတ်ကို ကြည့်ပြီး အလွန် အံ့ဩနေသည်။

"ဒါ . . . ဒါ . . . ဆို . . . ထူးတော့ထူးနေပြီ အောင်ရွှေ"

"မင်းဘာဆိုလိုတာလဲ"

"ဘယ်လိုအကြောင်းကြောင့် ငါတို့အိပ်ရာပေါ်ကို ကံကြီးရဲ့ အလောင်းကအင်္ကျီ ရောက်နေရတာလဲ"

ညီအစ်ကို နှစ်ယောက်စလုံး မဖြေနိုင်ကြ။ တုန်လှုပ်ချောက်ချားသော မျက်လုံးများနှင့် တစ်ဦးမျက်နှာ တစ်ဦး စိုက်ကြည့်နေမိကြ၏။

"ကံ . . . ကြီး . . . ကံ . . . ကြီး . . . သေ . . . မှ . . . သေရဲ့လား"

"မသေနိုင်စရာ မရှိဘူး အောင်ဖေ။ ဒီကောင် ရေကူးမကျွမ်းကျင်ဘူး။ ပြီး . . . ပင်လယ်ဝရေစီးမှာ ငါတို့ လုပ်ကြခဲ့တာ။ ဒီကောင့်အလောင်းလုံးဝ ရေပေါ်ကို ပြန်မပေါ်လာတာလဲ မင်း မျက်မြင်ပဲမဟုတ်လား"

"ဟူး . . . ဘယ်အကောင်များ ငါတို့လုပ်တာကို မြင်သွားပြီး ငွေညှစ်ခြိမ်းခြောက်ချင်လို့ ကြံစည်ရှောသလား မသိဘူး"

"ဒါဆို ဘယ်လိုလုပ်ကြမလဲ"

"နေရာ ပြောင်းရွှေ့ကြရင် ကောင်းမယ်"

"အင်းလေ . . . အဲဒီလို လုပ်မှပဲ ဖြစ်မှာပေါ့"

---

စိတ်ကူးသစ်စာပေ



သည့်နောက် အောင်ဖေက သေသူမောင်ကံကြီးရဲ့ အင်္ကျီအစုတ်ကြီးကို ကြွပ်ကြွပ်အိတ်မှာ ထည့်လိုက်ပြီး ညတွင်းချင်း လမ်းထိပ်အမှိုက်ပုံရှိရာသို့ သွားရောက်စွန့်ပစ်လိုက်လေသည်။

အိမ်ပြန်ရောက်တော့ လက်ကျန်အရက်ကို ပုလင်းလိုက်မော့ရင်း ညီလုပ်သူကို လှမ်းကြည့်လိုက်သည်။ အောင်ရွှေကတော့ ပါးစပ်မှ သွားရည်များကျပြီး ဟောက်လို့တောင် နေလိုက်သေး၏။

"ဟူး . . . မောင်ကံကြီး . . . မောင်ကံကြီး . . ."

"ဒီကောင် မသေနိုင်စရာ အကြောင်းမရှိပါဘူးလေ။ ဒါပေမဲ့ ဒီအကောင့်အင်္ကျီက ဘာကြောင့် ငါတို့အိပ်ရာပေါ်ကို ရောက်နေရတာလဲ။ သေပြီးသည့်တိုင် ဒီကောင့်ရဲ့ မကျွတ်မလွတ် တစ္ဆေကောင်ကများ ငါတို့ညီအစ်ကိုကို ဒုက္ခပေးဖို့ နောက်ကနေ လိုက်နေရှာသလား"

အင်း . . . ဒီကောင် မောင်ကံကြီးက ရှင့်တုန်းကလည်း လူအတော်များများကို ချောက်ချောက်ချားချားနှင့် စိတ်နှလုံးပူဆွေးရအောင် လုပ်ခဲ့သည်။

အထူးသဖြင့် ဒီကောင့်ပါးစပ်က ကြောက်စရာ အလွန်ကောင်းလှ၏။ လူတစ်ယောက်ရဲ့မျက်နှာကို ကြည့်ပြီး လူတစ်ယောက်ရဲ့ကိုယ်နှံ့ကို ရှုပြီးလျှင် သူ့ပါးစပ်ကနေ နိမိတ်မရှိ နမာမရှိစကားကို လွှတ်ခနဲ ပြောလေ့ရှိသည်။

"မင်းသေရတော့မယ်"

"ဒီကောင် မရတော့ဘူး"

"မနက်မိုးမလင်းဘူး။ စောင့်ကြည့်နေ"

"ဘုန်းကြီးငါးပါး ကြွလာတာမြင်တယ်"

"မုန့်ဟင်းခါး အချိန်တစ်ရာသာ ချက်တော့။ ကူငွေ အများကြီးရမှာ။ ဘာမှမပူနဲ့။ ကျန်တဲ့လူ ချမ်းသာပြီသာမှတ်"

အဲဒီလို ကျက်သရေမရှိ၊ ကြောက်ရွံ့ထိတ်လန့်ဖွယ်စကားကို ပြောလေ့ရှိသည်။ ထူးဆန်းသည်ကား မောင်ကံကြီးရဲ့ပါးစပ်မှ သို့ကဲ့သို့ စကားမျိုးပြောပြီးလျှင် . . .

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အပြောခံရသူ ကာယကံရှင်သည် အကြောင်းကိစ္စတစ်ခုခုဖြင့် ကွယ်လွန်သွားရလေ့ရှိသည်ကို အံ့ဖွယ်ကြုံရလေ့ရှိ၏။

မောင်ကံကြီးကြောင့် ကွယ်လွန်အနိစ္စ ရောက်သွားရသူများ မနည်းလှ။ အဲဒီမှာ သူတို့နှင့် ရင်းနှီးသူတွေ ပါဝင်ကြသည်။

ပြန်စဉ်းစားလျှင် အတော့်ကို ကြက်သီးဖျန်းဖျန်းထလောက်အောင် ကြောက်စရာကောင်းသည်။ ကံကြီးက ရှင်စဉ်တုန်းကလည်း ပြိုင်စံရှားအောင် ထူးဆန်းသည်။ တွေးရင်း ကြောက်စရာပုံရိပ်များ တရိပ်ရိပ် ပေါ်လာခဲ့လေသည်။

✿ ✿ ✿

| ၁၂ |

❑

"မောင်ကြိုင် ... မင်းအမေ ဘယ်လိုနေသေးလဲ သူငယ်ချင်း"

"သတိတော့ ပြန်ရစပြုလာပြီ ... ခင်ရွှေရေ။ စကားတော့ မပြောနိုင်သေးဘူးကွာ"

"ဒါဆို တဖြည်းဖြည်း ပြောလာနိုင်မှာပါကွာ။ အားမရှိသေးလို့ပါ"

"ရှူး ... ရှူး ..."

"ဘာတုံး ... ဘာဖြစ်လို့တုံး မောင်ကြိုင်"

"မောင်ကံကြီးလာနေတယ်။ မြန်မြန်လစ်တော့"

မောင်ကြိုင်နှင့် ခင်ရွှေတို့ မောင်ကြိုင့်မိခင် လူမမာအကြောင်း သတင်းမေးမြန်း အားပေးစကားများ ပြောနေစဉ်မှာပဲ အကြိုမပါသော



www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်ကို ပုဆိုးအစုတ်နှင့် ရင်စလွယ်သိုင်းချီပြီး ဆံပင်မုတ်မွှားနှင့် ဝင်လာသည့် လူရွယ်တစ်ဦးကို မြင်လိုက်ရသည်နှင့် ပြူးတူးမျာတာ ဘထိတ်တလန့်ဖြစ်လို့ လူချင်းခွဲ၍ အမြန်လစ်ကြစဥ် . . .

"ဟော့ကောင် . . . ခင်ရွှေ . . . ခင်ရွှေ . . . ဟော့ကောင် . . . ခင်ရွှေကြီး . . . နေပါဦးဟ။ ဘာလဲ မင်းက မြန်မြန်သေချင်နေလို့လား"

ခင်ရွှေကြီး ကြားလိုက်ရသည့် စကားကြောင့် ခေါင်းနားပန်းကြီးသွားပြီး ဆက်မလျှောက်ရဲဘဲ တုန့်ခနဲ ရပ်လိုက်ရတော့သည်။

"မင်းတို့နှစ်ယောက် ငါ့ကိုမြင်တာနဲ့ ဘာဖြစ်လို့ ပြေးရတာတုံး။ ပြော . . ."

"အဲ . . . အဲ . . . ပို . . . အဟို . . . အဲ . . . အဟဲ . . ."

"ဟိုကောင် . . . မောင်ကြိုင်မဟုတ်လား . . . ခင်ရွှေ"

"ဟုတ် . . . ဟုတ်တယ် . . . ကို . . . ကံ . . . ကြီး"

"သူ့အမေ နလုံးရောဂါဖောက်လို့ လဲနေဆိုကွ"

"အဲ . . . အဲ . . . ဟုတ် . . . တယ် . . . ကျုပ်သွားဦးမယ်ဗျာ ကို . . . ကံ . . . ကြီး . . ."

"နေပါဦး . . . ခင်ရွှေရ။ အခြေအနေကရော . . ."

"သွားတော့မယ်ဗျာ . . . ကိစ္စရှိနေလို့ပါ . . . နော် . . . နော်"

စကားကို အမြန်ဖြတ်ပြီး ကိုကံကြီးရှေ့မှ အမြန်လစ်ခဲ့ရသည်။ နို့မဟုတ်လျှင် နိမိတ်မရှိသော အမင်္ဂလာစကားများကို ပြောနေလိမ့်မည်။

သူ့ကို လူအတော်များများက လန့်ကြကြောက်ကြသည်။

နာမည်အရင်း ကိုကံကြီးဟု သိပ်မခေါ်ကြ။

လျို့ဝှက်အမည်သစ်နှင့် နောက်ကွယ်မှာ တိုးတိုးခေါ်ကြ၏။

၎င်းအမည် အသစ်များကား . . .

'ငှက်ဆိုး' ဟူ၍လည်းကောင်း၊

'သေမင်း' ဟူ၍လည်းကောင်း ဖြစ်လေသတည်း။

ညနေစောင်း အပုပ်ချိန်သို့ ရောက်သောအခါ မောင်ကြိုင်တို့အိမ်မှာ လူမမာသတင်းမေး ဆွေမျိုးသားချင်းများ အိမ်နီးနားချင်းများ အဝင်





အထွက်များနေကြ၏။

"ကြီးကြီး . . . မချယ် သက်ရပြီဆို . . . ငကြိုင်"

"ဟုတ်ကဲ့ . . . ဒေါ်လေး . . . ရပြီခင်ဗျာ"

"စကားရော ပြောပလားဟဲ့ . . . ငကြိုင်ရဲ့"

"ဆရာကြီး ဦးပွေးချစ်ကတော့ သိကြားမင်းလက်သုံး လျှာပွတ်ဆေးဆိုလား . . . အဲဒါနဲ့ လျှာလိမ်းလျှာနှိုက် လုပ်ပေးနေတာပဲ ဒေါ်လေးရဲ့။ မကြာခင် ပြောလာလိမ့်မယ်လို့ ဆိုတာပဲ ခင်ဗျာ"

"အင်း . . . ငါတို့ အစ်မခမျာလည်း ဝဋ်ကြွေးတစ်မျိုး ဆပ်နေရပါကလား"

ဒီလိုနှင့် အိမ်ပေါ်သို့ တစ်ယောက်ပြီးတစ်ယောက် ဝင်လာ သတင်းမေးလိုက်ကြ၊ ကြည့်ရှုအားပေးစကား ပြောကြ၊ ဟိုဟိုဒီဒီ ကောင်းနိုးကောင်းရာ ဆေးနည်းတို့များကို တိုးတိုးတိတ်တိတ် အကြံပြုကြသည်။

"ဆိတ်နို့လည်း ကောင်းသဟဲ့"

"မိခင်နို့သာ တိုက်ပေးစမ်းပါတော်။ အားမရှိလို့ စကားမပြောနိုင်တာပါ"

"သူ့အသားကို ဆွဲဆိတ်ကြည့်ပါလား"

"ဘာလို့ ဆိတ်ကြည့်ရမှာတုံးဗျ။ နာမှာပေါ့"

"နာရင် အော်မှာပေါ့ဟဲ့။ အော်လာရင် စကားပြောပြီပေါ့"

"မလုပ်ပါနဲ့အေ . . . သူ့ဘာသာ တရားမှတ်နေသလားမှ မသိဘဲ ကိုယ်သွားလုပ်လို့ ငရဲကြီးနေပါ့မယ်"

တစ်ယောက်တစ်ယောက် ဟိုအကြံ ဒီအကြံပြုကြပြီးနောက် နှုတ်ဆက်၍ ထွက်လာကြစဥ် . . .

ဒီအချိန်မှာပဲ အကုသိုလ်ကောင်ဟူ၍လည်းကောင်း၊ ငှက်ဆိုးဟူ၍လည်းကောင်း အများက ခေါ်ဝေါ်သမုတ်ကြသည့် မောင်ကံကြီး (ခေါ်) ကိုကံကြီး ပုဆိုးအစုတ် ရင်စလွယ်သိုင်း ချည်စုတ်စုတ် နံဟောင်ဟောင်နှင့် လူမမာ ဒေါ်မြသွယ်အိမ်ရှေ့သို့ ရောက်လာ၏။

မောင်ကံကြီးကို မြင်သော် . . .



www.burmeseclassic.com

www.burmeseclassic.com



လမ်းထဲက ခွေးနီခွေးနက်၊ ခွေးကျား၊ ခွေးအမြီးပြတ်၊ ခွေးထော့ကျိုး၊ ခွေးမျက်စိတစ်ဖက်လပ်၊ ခွေးဝဲစားပေါင်းစုံတို့က တစ္ဆေသရဲကို မြင်ရဘိသကဲ့သို့ ဝိုင်းထိုးဟောင်ကြ၏၊ အူကြ၏။ ပြေးဆွဲကိုက်မလို လုပ်ကြ၏။

သို့သော် အတင့်ရဲ ရမ်းကားလှသော ခွေးဆိုးအပေါင်းတို့သည် မောင်ကံကြီးအသားကို ပါးစပ်နှင့်လည်းကောင်း၊ အစွယ်သွားတို့ဖြင့်လည်းကောင်း မကိုက်ရဲကြ။

ခွေးအူသံတို့ကား တစ်လမ်းလုံး ဆူညံသွား၍ လူများက အလန့်တကြား ပြေးထွက်ကြည့်ကြ၏။ ကြည့်ရင်းက မောင်ကံကြီးကို မြင်သည်နှင့် လန့်ဖျပ်ပြီး အိမ်ထဲပြေးဝင် စည်းရိုးတံခါး ပိတ်ထားလိုက်ကြလေသည်။

လူရော ခွေးရော မလန့်ခံနိုင်ရိုးလားလေ။

မောင်ကံကြီးရဲ့ မျက်နှာတော် ကိုယ်နေဟန်ထား ရုပ်သွင်ကလည်း ကြည့်ဦး။

မျက်လုံးနှစ်လုံးက ပုစွန်ထုပ်မျက်လုံးလို ပြူးထွက်နေ၏။

ပြူးရုံပြူးလျှင် ကိစ္စမရှိ။

ပြူးပြီး မျက်လုံးက လည်နေသလို ကစားနေသလို ရှိ၏။

ပြီး . . . ဘယ်ဘက်မျက်လုံးက စောင်းစွေနေရကား မျက်သားအဖြူကြီးနှင့် လည်ပြီးကြည့်လိုက်လျှင် ကျောစိမ့်ရလေ၏။

နားရွက်နှစ်ဖက်က ကြွက်နားရွက်လိုလို၊ ဆင်နားရွက်လိုလိုနှင့် ဘေးသို့ ကားနေ၏။ ကြီးနေ၏။

အပေါ်သွားက အပြင်ကို ခေါထွက်နေပြီး အတွင်းသွားအချို့က အတွင်းဘက်ကို နောက်ပြန်လဲ၍ ဝင်နေ၏။ အဲဒီလိုသွားတွေက အတွင်းခေါ် အပြင်ခေါနေသည့်အပြင် နှာခေါင်းကလည်း ပြားချပ်ချပ်ကြီး ဖြစ်နေသေးရကား . . .

ညဘက်မပြောနှင့် နေ့ဘက်မြင်ရင်တောင် သရဲတစ္ဆေရုပ် ပေါက်နေ၏။ သည်ကြားထဲ ကွမ်းက အဆက်မပြတ်ဝါးနေ၍ ကွမ်းတံတွေးများက ပါးစပ်ထောင့်မှသည် ရင်ဘတ်ပေါ်သို့ စီးကြောင်းကျပြီး ရဲရဲနီနေပုံကား . . .





သားစိမ်းငါးစိမ်းကို သွေးသံရဲရဲစားနေသည့် တစ္ဆေသရဲပုံစံနှင့် အလွန်တူ၏။

လူမမာအိမ်မှ ထွက်လာကြသည့် အိမ်နီးနားချင်းများကလည်း လူမမာအိမ်ရှေ့မှ သင်းလို တစ္ဆေသရဲရုပ်ကို ဖြုန်းစားကြီး မြင်လိုက်ကြရသောအခါ . . .

တုန်လှုပ်သွားကြသည်။ စိုးရိမ်သွားကြသည်။ သူမမြင်အောင် အချင်းချင်း မေးငေါ့ကြလေသည်။

ဒီမှာပဲ ခွေးနက်ငါးကောင်ခန့်က . . .

တစ္ဆေသရဲရုပ်ပေါက်နေသည့် မောင်ကံကြီးကို ကြည့်၍လည်းကောင်း၊ လူမမာအိမ်ဘက်သို့ မျက်နှာမူ၍လည်းကောင်း ဆွဲဆွဲငင်ငင်အူလေသည်။

"အူ . . . ဟူး . . . ဟူး . . ."

"ဝူး . . . ဝူး . . . ဝူး . . ."

"အိန် . . . အိန် . . . အိန် . . . အူ . . . အူ . . . ဝူး . . . ဝူး"

"ဒုက္ခတော့ ရောက်လိမ့်မယ်တူရဲ့ . . . မသိန်းရေ"

"ဟုတ်ပါ့တော် . . . သေမင်းကတော့ အိမ်ရှေ့ကို ရောက်နေပြီချက်စူရဲ့"

"ဘုရား . . . ဘုရား . . . မကောင်းသောဘေး . . . မကောင်းသောရန် အန္တရာယ်များကို ဖယ်ရှားပေးတော်မူပါ ဘုရား"

"ဖွ . . . ဖွ . . ."

"လွဲပါစေ . . . ဖယ်ပါစေဗျာ"

လူကြီးအချို့က 'ဖွ . . . ဖွ . . .' ဟု လုပ်ကြ၏။ ရေရွတ်ကြ၏။ အချို့သော လူကြီးများက သမ္ဗုဒ္ဓေဂါထာကို ရွတ်ဆိုကြ၏။

"ဦ . . . ရန်သူများအကြား ငါတို့အကြား ဘုရား ငါးဆူခြား"

"ဦ . . . အတွင်းရန် အပြင်ရန် နင့်ထံ နင်ပြန်။ သွား . . . သွား"

ခြောင်း . . . နမောဒူရေ . . . သွား . . . ဟုံ . . . ဟုံ . . . သွား



www.burmeseclassic.com

www.burmeseclassic.com



ဟုံဟုံ . . . ဉ် . . .'

သတင်းမေးမြန်းကြသူများသည် အိမ်ရှေ့မှာရပ်နေသည့် မောင်ကံကြီးကို မြင်ကြသော် ကြောက်ရွံ့ထိတ်လန့်ကြသဖြင့် . . .

အရေးအဖက်မလုပ်ကြတော့ဘဲ ကိုယ့်လမ်းကိုယ်သွား ကိုယ့်အချင်းချင်းသာ ဘီးကိုးဝေဖန်လုပ်ရင်း ခပ်သုတ်သုတ် ရှောင်သွားကြလေသည်။

သူ့ကို ဘယ်သူကမှ အရေးလုပ်၍ . . .

"နေကောင်းလား . . . မောင်ကံကြီး"

"ဘယ်သွားမလို့တုံး"

"စားပြီးပလားဟဲ့ . . . မောင်ကံကြီးရဲ့"

စသည့် ပဋိသန္ဓာရ စကားများကို မည်သူ တစ်စုံတစ်ယောက်ကမျှ အလေးဂရုပြု၍ နှုတ်ဆက်ပြောဆိုခြင်းမပြုဘဲ တစ်ဖက်လှည့်၍ သွားကြသည်ကို မြင်သောအခါ . . .

မောင်ကံကြီးက စောင်းငဲ့စောင်းငန်းနှင့် မကျေနပ်သလို လိုက်ကြည့်နေလိုက်၏။

ဒီအချိန်မှာပဲ ကိုခွေးကြီးဟုသူ အညာသားကြီးက လူမမာမေးပြီးအထွက် . . .

"ဗျို့ . . . ကိုခွေးကြီး"

"ဟ . . . သောက် ပလုတ်တုတ်။ လန့်လိုက်တာ . . . မောင်ကံကြီးရာ"

"လန့်ရအောင် ကျုပ်က ဘာခွေသရဲမို့လို့လား"

"အဲ . . . အဲ . . . အဟဲ . . . ကြုံနီးခနဲမို့ပါကွ . . . မောင်ကံကြီးရ"

"ခင်ဗျား သောက်ပြီးပလား . . . ကိုခွေးကြီး"

"အဲ . . . အဲ . . . စောသေးသကွ။ တော်ကြာလောက်မှ သောက်ဖြစ်မလား မသိဘူး။ အခု . . ."

"ကျုပ်လည်း တိုက်ဦးနော် . . . ကိုခွေးကြီး"

"အဲ . . . အဲ . . . လာ . . . လာခဲ့လေကွာ . . . သွားပဟေ့"





"နေပါဦးဗျာ။ ခင်ဗျားကလည်း ဒီလောက် အရေးကြီးနေရအောင် မယားငယ်နဲ့ ချိန်းထားလို့လား"

"မဟုတ်ပါဘူး . . . မောင်ကံကြီးရာ။ ကဲ . . . ပြော . . . ဘာတုံး"

"ကြို့အမေ စကားမပြောနိုင်တော့ဘူးဆိုဗျ"

"အဲ . . . ဒဲ . . . ကောင်းသွားမှာပါ။ သွား . . . သွားပဟေ့"

"မလွယ်တော့ပါဘူးဗျာ"

"ဘာကွ . . . ဘာ . . . ဘာ . . . မင်း ပေါက်ကရမပြောနဲ့ . . . မောင်ကံကြီး"

"ကျုပ် အာရုံရလို့ သိလို့ ပြောနေတာပေါ့ဗျ . . . ကိုခွေးကြီးရေ၊ ခင်ဗျားမယုံရင် ကြည့်နေ။ ဒီနေ့ည သန်းခေါင်မကျော်ရစေဘူး"

"မင်းကွာ . . . ပါးစပ်ပုပ်ကြီးနဲ့။ နိမိတ်မရှိ နမာမရှိ။ ထွီ . . . သွား . . . သွား"

"မနှင်ပါနဲ့ဗျာ သွားမှာပါ။ ကျုပ်ကိုချည်း သွားသွားနဲ့ မနှင်နဲ့ဦး။ ဒီအိမ်က အသွားကြီးပြီးရင် ခင်ဗျားလည်း သွားရမှာပဲ"

"ဖွီ . . . ဖွ . . . ဖွ . . . လွဲပါစေ ဖယ်ပါစေဗျာ . . . ငါရိုးမသားမင်း အခု သွားမလား မသွားဘူးလား"

အညာသား လူရိုးလူစိတ်တို ကိုခွေးကြီးက ဒေါပွပြီး သူ့ကို ထိုးသို့ကြိတ်မည်လုပ်တော့မှ မောင်ကံကြီး ကျက်သရေကောင်းမဲ့လှသော မျက်နှာကြီးကို ပို၍ အရုပ်ဆိုးအကြည်းတန်အောင် ပြုံးပြဲပြုံးပြရင်း လက်မကို ထောင်၍ စောင်းငန်းငန်း ထွက်သွားလေသည်။

သူသွားရာနောက်သို့ ခွေးဟစ်အုပ်က ထပ်ချက်မကွာလိုက်ရင်း သူ့ကိုကြည့်ကာ ဆွဲဆွဲငင်ငင် အူကြလေ၏။

ကိုကံကြီးနှင့် ကိုခွေးကြီးတို့ စကားများ ပြောဆိုနေသည်ကို မယုံမှမ်း ကမ်းမှာ ရှိနေကြသည့် လူအချို့က ခပ်သဲ့သဲ့ ကြားလိုက်ရ၏။

"ကိုခွေးကြီး . . ."

"ဘာတုံးကွ"

"ဟို . . . အကုသိုလ်ကောင်နဲ့ ဘာတွေပြောနေတာတုံးဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ထွီ ... ကျက်သရေ လုံးဝမရှိတဲ့ကောင်ကွာ။ တောက်"

"အေးလေ ... ဒီကောင် ဘာတွေပြောသွားသတုံး"

ဒီမှာ ကိုခွေးကြီးက ဟိုဟိုဒီဒီလှည့်ကြည့်ရင်း မေးသူများအနီးသို့ တိုးကပ်သွား၍ ...

"ဒီအကုသိုလ်ကောင်က ဘာပြောမှတ်လို့တုံး"

"ခင်ဗျားပြောမှ သိမှာပေါ့ ... ကိုခွေးကြီးရ"

"ဟို ... လူမမာအဲ့ဘွားကြီး ဒီညသန်းခေါင်မကျော်ဘူးတဲ့"

"ဗျာ ... အဲဒီလိုပြောတယ်"

"ပြီး ... ငါ့ကိုပါ အဆစ်ထည့်လိုက်သေးရဲ့ကွာ။ တောက် .."

"ခင်ဗျားကိုပါ"

"အိမ်း ..."

"ခင်ဗျားတို့ သောက်ဖော်သောက်ဖက်ချင်းပဲ မဟုတ်လားဗျာ"

"ဒီလို အဖေမသိ၊ အမေမသိမွေးလာတဲ့ လူလွှံမိသားမှာ သောက်ဖော်သောက်ဖက်တို့၊ အချင်းချင်းတို့၊ ဘောဒါဘော်ချွတ်တို့ ကျေးဇူးရှင်တို့ ဆိုတာကို နားလည်တာမဟုတ်ဘူးကွ"

"လုပ်ပါဦး ... ကိုခွေးကြီးရ၊ ခင်ဗျားကို ဒီကောင်က ဘယ်လို အဆစ်ထည့်သေးလို့တုံး"

"နိမိတ်မရှိနမာမရှိ အဘွားကြီး သန်းခေါင်မကျော်ဘူးပြောတော့ ပိတ်ဟောက်ပြီး သင်းကို ငါကနှင်လိုက်ရော အဘွားကြီးပြီးရင် ခင်ဗျား အလှည့်ပဲတဲ့"

"ဗျာ ..."

"အလိုလေး ... မြတ်စွာဘုရား"

"ဗွီ ... သစ်နှစ်ပင်ကြား ပေါက်တဲ့ဝါး ... အဖျား ခပ်ကိုင်းကိုင်းတဲ့။ မိမစစ် ဖမစစ်အကြား မွေးတဲ့သားကျတော့ စကား ခပ်ရိုင်းရိုင်းတဲ့"

"ကိုခွေးကြီး ..."

"ဘာတုံး ... ခဆောင်"





"ဒီကောင့်ပါးစပ်က အရမ်းစီးတယ်နော်။ ခင်ဗျားလည်း အရက်ချည်း သောက်မနေနဲ့ဦး။ ဘုရားတရားလေးလည်း လုပ်ဦး ကိုခွေးကြီး"

"တွေ့မှာပါကွာ။ ဒီအကုသိုလ်ကောင်နဲ့ ဒီညနေ ဘဂျမ်းတို့ ထန်းရင်ဆိုင်မှာ တွေ့ကြမှာပါ။ အဲဒီကျမှ ဒီကောင့်ပါးစပ်ကို ဖြဲ၊ လည်ပင်းကို ခြေနဲ့နင်းပြီး ငါ့ ဟိုဒင်း သွင်းပစ်လိုက်မယ်။ နားထောင်နေ ... ထွီ"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## | ၁၃ |

❑

ကိုကံကြီးရဲ့ ပါးစပ်ကပဲ နိမိတ်ဆိုးစီးလို့လား ...

ဒါမှမဟုတ် နေ့စေ့ကံကုန်လို့ပဲလား မသိဘူး။

သန်းခေါင်နားကပ်ချိန်မှာ ငှက်ဆိုးတစ်ကောင်ရဲ့ တဂစ်ဂစ်နဲ့ထိုးသံကို လူမမာ မိခင်ကြီးစောင့်နေသည့် ကိုမောင်ကြိုင်နှင့် သူ့နှမ မိအုန်းမြတို့ကြားလိုက်ရပြီး လန့်ဖြန့်လို့ မအေကြီးမျက်နှာကို လှမ်းကြည့်လိုက်ကြရဲ့။

မကြာမီမှာပဲ လူမမာ အမောဖောက် လူးလွန့်ပါရော။ မိအုန်းမြက ဆေးဆရာကြီး ဦးပွေးချစ်ကို အမြန်ပြေးခေါ်နေချိန်မှာပဲ သားကြီးလုပ်သူ ကိုမောင်ကြိုင်ရဲ့လက်ပေါ်မှာ မိခင်ကြီး ဒေါ်မြချယ် ဖက်ကျိုးကျလို့ အသက်ပျောက်သွားတော့သည်။

ကိုမောင်ကြိုင်ရဲ့ 'အမေရေ' အော်သံနှင့်အတူ အပြေးဝင်လာသည့် နှမမိအုန်းမြရဲ့ 'အမလေး ... အမေရဲ့' ငိုသံတို့က တိတ်နေသည့် ညဥ့်သန်းခေါင်ကို ဖုံးလွှမ်းသွားတော့သည်။

---

စိတ်ကူးယဉ်စာပေ



ဟစ်၍ငိုလိုက်သည့် အသံများကြောင့် အိမ်နီးနားချင်းများ အပြေးအမြန် ရောက်ချလာကြ၏။

"အုန်းမြ ..."

"မောင်ကြိုင် ... ဘာ ... ဖြစ် ... ကြ ... လို့ ... တုံး ... ဟဲ့"

"အမေ ... အ ... မေ ... ဆုံး ... သွား ... ပြီ ... ဒေါ်လေးခင်ရဲ့ ... ဟီး"

"အို ... ဖြစ်မှဖြစ်ရလေ ... အစ်မချယ်ရဲ့ ... ဟီး ... ဟီး"

နီးရာလူက လိုက်နိုးအသိပေးလိုက်လို့ ကိုမောင်ကြိုင်ရဲ့ သူငယ်ချင်းများဖြစ်ကြသည့် ကိုခွေးကြီး၊ ဘိုးသောင်း၊ စိန်မြရှိန်တို့နှင့်အတူ မိအုန်းမြရဲ့ သူငယ်ချင်းများပါ ရောက်ရှိလာကြသည်။

ငိုသူက ငို၊ စုတ်သပ်သူက စုတ်သပ်။ မျက်ရည်ကျသူက မျက်ရည်ကျ၊ တရားပြသူက တရားပြနှင့် ...

နောက်ဆုံး အလောင်းတင်ကပ်လုပ်သူက လုပ်ကြ ...

အလောင်းကို ရေချိုးသန့်စင်သူက ရေချိုးပေးကြ ...

ဆွဲအုန်းဖြုတ်၍ အိမ်ရှေ့စည်းရိုးမှာ ချိတ်သူက ချိတ်။ အားလုံးတက်ညီလက်ညီ ရွာလေ့ ရပ်ဓလေ့အတိုင်း ဝိုင်းကူလုပ်ထားကြသည်။

"ကိုခွေးကြီး ..."

"ဘာတုံး ... ဘိုးသောင်း"

"ဟိုကောင် ... သေမင်းရဲ့စကားက ဒက်ထိမှန်နေတာဗျ နော်"

"အိမ်း ..."

"ဒီကောင့်ပါးစပ်ထဲမှာ ဘာစီးနေသလဲ မသိဘူး။ သူသေမယ်လို့ ပြောရင် သေရောပဲ"

သေမင်းဝင်စီးနေတာလား။ သေမင်းနဲ့ အမြွှာပူးမွေးလာ တော်လာလို့လားမှ မသိဘဲ။ ပြောတိုင်းမှန်နေတာလ ... ထွီ"

စိန်မြရှိန်ကလည်း ဝင်ထောက်ခံပြောလိုက်သည်။

"ကိုခွေးကြီး ..."

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



''ဟော ...''

''ခင်ဗျားနဲ့ ကံကြီးရော ညနေတုန်းက ထန်းရည်ဆိုင်မှာ ဆုံကြသေးလား''

''ခွေးမသား မလာဘူးကွ။ လာများလာရင်လားကွာ ... အာနှစ်ခြမ်း ဆွဲဖြဲပြီး ... ဟိုဒင်း ... တောက်''

အားလုံး ကံကြီးအကြောင်းပြောပြီး အံ့သြကြ၊ ဒေါပွကြ။

မောင်ကံကြီး နိမိတ်မရှိ နမာမရှိပြောလို့ ဒေါ်မြချယ် အမြန်သေရတာဟု ဝေဖန်သူက ဝေဖန်ကြ၏။

''ဒီကောင်ပြောလို့ သေရတာကွ''

''ဒီကောင့်ပါးစပ်ပိတ်သွားအောင် ဘယ်လိုလုပ်ရင် ကောင်းမလဲ''

''ညဘက် အရက်မူးပြန်ချိန်မှာ ဝိုင်းရိုက်သတ်လိုက်ရင် မကောင်းဘူးလား ကိုမြရှိန်''

''သူ့ကို ငါတို့ ဝိုင်းရိုက်သတ်လိုက်ရင် တစ်နေ့ ငါတို့ လူသတ်မှုနဲ့ အဖမ်းခံရပြီး ထောင်ကျကုန်မှာပေါ့ ... ငဆောင်ရ''

''ဘယ်သူမှ မရိပ်မိအောင် လုပ်ရမှာပေါ့ဗျ ... ကိုမြရှိန်ရ''

''ရာဇဝတ်ဘေးဆိုတာ ပြေးလို့လွတ်ရိုး မရှိဘူး ... ဘိုးသောင်း''

''ဒီကောင် ဒီလိုသာ ပါးစပ်စည်းမစောင့်ဘဲ လျှောက်ပြောနေရင် ကြာရင် ကျုပ်တို့ အမြန်သေမလား မသိဘူး''

ဒီမှာပဲ ဘုန်းကြီးလူထွက် ဦးကြာခွက်ဆိုသူ ကြားသွားပြီး ...

''အကုသိုလ်ကို အကုသိုလ်နဲ့ မဖိကြနဲ့ ... မဖို့ကြနဲ့။ ငါတွေတို့ ဖရုသာဝါစာပြောသူဟာ နောက်ဆုံး သူ့ရဲ့ ဖရုသဝါစာနဲ့ ကံအကျိုးပေးမှာပဲ။ မီးကိုကိုင်သူမှန်သမျှ မီးပူမှာပဲ။ လူဖြစ်လာတာ ရှင်ပြီးရင် နောက်ဆုံး သေဖို့ပဲ၊ သတ္တဝါလည်း ဒီအတိုင်းပဲ။ အားလုံး တစ်နေ့ သေရမှာပဲ။ အားလုံး အနိစ္စဝရသခါရချည်းပဲ။ မြဲတာ မရှိဘူး။

''ဒီကောင် ပါးစပ်ပုပ်ကြီးကြောင့် အမြန်သေသွားတာ (၆)ယောက်ရှိပြီ အဘရဲ့''

''ကောင်းပြီလေ ...။ လူလေးတို့ကို အဘ မေးပါရစေ။ အဘ





မောင်ကံကြီးဘက်က လိုက်ပြောတာ မဟုတ်ဘူး။ အဲဒီလူခြောက်ယောက်ကို မောင်ကံကြီး လာသတ်သွားသလား''

''ဒီကောင်က သေမင်းစီး၊ ငှက်ဆိုးစီးနေတာ အဘရဲ့။ ခြောက်ယောက်စလုံး သူ့ပါးစပ်ပုပ်ကြီးနဲ့ သေမှာပဲလို့ ပြောလိုက်တာနဲ့ သူ ပြောပြီးမကြာဘူး တစ်ခုခုနဲ့ သေရတာ မဟုတ်ဘူးလား''

''အကြောင်းဆိုင်လို့ပါ လူကလေးတို့ရယ်။ အဘကို သူက ဘယ်နေ့သေမယ်လို့ လာပြောစမ်းပါ၊ အဘ ဘုရားတရားနဲ့ နေတဲ့သူပါ။ သေရမှာ မစိုးရိမ်ပါဘူး။ ပြောပြီးပါရောလား။ အားလုံး သေမျိုးချည်းပဲ။ မင်းတို့ အဘတို့ သူတို့အားလုံး သေနေ့ကို ထမင်းစားပြီး ရေသောက်ပြီး မယားနဲ့ သားနဲ့ သမီးနဲ့အိပ်ပြီး ကြိုစောင့်နေရတာ။

မင်းတို့ လယ်တီဆရာတော်ဘုရားကြီးရဲ့ မိုးမလင်းနိုင်ဘူး ... မြိုက်ခင်းညာဆီမှာ ခါတော်မီ သိမဝေ့နိုင်ဘု ဝလေ့နေကုန် မျှောရှာရေးတောမသပ်နိုင်ပေဆိုတဲ့ ကဗျာကို ဖတ်ကြ မှတ်ကြစမ်းပါကွယ်။ မင်းတို့ ငါတို့ ဝက်တစ်ကောင် အားတိုးအောင် စောင့်ကြည့်နေတာသည် သေဖို့ပဲကွယ်။

ဒီကောင်ကံကြီးလည်း အသက်ရာကျော်နေရရင် ကံကောင်းပဲ၊ သင်းလည်း သေရမှာပဲ။ သေခြင်းတရားမှာ အရွယ်မရှိဘူး။ အနိစ္စမှာ အရွယ်မရှိဘူး ... လူကလေးတို့။ အားလုံးဖြစ်ပြီး ပျက်မှာချည်းပဲ။ မြန်တာနဲ့ နှေးတာပဲ ကွာတယ်။ လက်လွှတ်စပယ် မိုက်မိုက်ကန်းကန်း မလုပ်ကြနဲ့၊ လူမိုက် လူအန္ဓတစ်ယောက်ကြောင့် လူကောင်းတွေ ဘဝပျက်ရမည့်အလုပ် မစဉ်းစားကြနဲ့။ သူ့လမ်းသူ သွားလိမ့်မယ်ကွယ့်''

အားလုံးသော လူရွယ်လူလတ်ပိုင်းများသည် အဘ ဘုန်းကြီးလူထွက် ဦးကြာခွက်ရဲ့ တရားပြဆုံးမစကားကြောင့် ဒေါသများကို ချုပ်တည်းလိုက်ကြရသော်လည်း ရင်ခေါင်းထဲ အသီးသီးမှာတော့ သေနိမိတ်စီး မောင်ကံကြီးကို ဘယ်လိုရှင်းပစ်ရင် ကောင်းမလဲဆိုတာလျှင် စဉ်းစားနေကြဆဲ ဖြစ်ပေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



| ၁၄ |

အုံ့ဩဖို့ကောင်းသည်ကား မောင်ကြိုင်တို့အမေ ရက်လည်ပြီး နောက်နေ့သို့ရောက်သောအခါ အညာသား ထန်းတက်သမား ကိုကုလားကြီး ကိစ္စချောရတော့လေ၏။ ကြားသူအားလုံး ဝမ်းနည်းလို့ မဆုံး။

ဖြစ်ပုံက ဒီလို ...

ကိုကုလားကြီးက ကျောက်ပန်းတောင်းသားဖြစ်၏။ ထန်းတက်၊ ထန်းနင်း၊ ထန်းချိုင်မှသည် ရင်းထောင်ရင်းဆွဲ လေ့ကားများပါမကျန် ထန်းလုပ်ငန်းကို ကျွမ်းကျင်သည်ဖြစ်၏။

ထန်းတက်ကျွမ်းကျင် ပျောင်မြန်လွန်း၍ 'လုံးလက်ဖယ်' ဟု ခေါ်ကြ၏။ အညာကျောက်ပန်းတောင်းမှာ ကိုကုလားကြီးကိုလိုက်မီသည့် အညာသား ထန်းသမားမရှိ။



ထန်းပင်ဘယ်လောက်မြင့်မြင့်၊ ရင်းထောင်ရင်းဆွဲ မပါဘဲနှင့်လည်း တက်နိုင်၏။ ခါးမှာချိတ်သွားသည့် မြူအိုးငါးလုံး ဆယ့်လုံးအတိုင်း အပင်ပေါ်က ထန်းရည်ကို ရအောင်ယူနိုင်၏။

ကုလားကြီးနင်းသည့် ထန်းတောသည် သူများထန်းတောထက် ထန်းရည်ပိုရ၏။ အကြောင်းကား ထန်းချိုင်ထန်းလှီး ကျွမ်းကျင်ပါးနပ်နားလည်သောကြောင့်ဖြစ်၏။

ထန်းပင်ပေါက်ကို ကြည့်ပြီး ဘယ်အပင်က အဖိုပင်၊ ဘယ်အပင်က အစ်မပင်ဟု သေသေချာချာ ပြောနိုင်၏။ တော်ရုံထန်းသမား မပြောနိုင်။ အပင်ကြီးမှသာ ပြောနိုင်သူများ၏။

ကိုကုလားကြီးတက်ရသည့် ထန်းတောက ဘကိုကြောင်ခြစ်ရဲ့ ထန်းတောရယ်၊ အပင်ပေါင်းတစ်ရာကျော်သည့် ထန်းတောဖြစ်၏။

ထန်းကျွမ်းကျင်ရာမှာ အပင်ပေါက်ကို ကြည့်ပြီး ဒါကို ဘယ်လိုခေါ်ရသည်အား နောက်ထပ်လူ ထန်းသမားတို့ကို ရှင်းပြနိုင်၏။

"ဟောဒါ ... ကျေးမြီးခေါ်တယ်"

"ကျေးမြီးဆိုတာ အသျှောက်ပေါက်ပေါ်စ အရွက်နှစ်ရွက် သုံးရွက်ရှိတဲ့အခါကို ခေါ်တာ။ ဒါကိုကျတော့ 'လက်မြှော်' လို့ ခေါ်တယ်၊ လက်မြှော်ဆိုတာ ထန်းလက်ငယ်လေးပေါ်တဲ့အခါကို ခေါ်တာ။ ဒါက 'ဆင်ခြေပေါ်' တဲ့ကွ။

"လုပ်ပါဦးဗျာ ...။ ဆင်ခြေပေါ်ဆိုတာလေ"

"ထန်းပင်ပေါက်ရဲ့ ဥကျောင်းပင်ခြေပေါ်တဲ့ အရွယ်ကွ။ ဒီမှာမြင်လား။ ဟောဟိုအပင်။ အဲဒါကို 'သမီးလှ' လို့ ခေါ်သကွ"

"သမီးလှဆိုတာက ..."

"ထန်းပင်ကို ထမ်းဖတ်အများ ရုံနေပတ်နေချိန်ကို ခေါ်တာကွ။ အချို့က ထမိဝတ်တယ်လို့လည်း ခေါ်ကြသေးနော"

"ထန်းရ ဆိုတာကရော ကိုကြီးရ"

"ထန်းရ ဆိုတာက ထန်းပင်ကနေ ထန်းနို့ထန်းသီး စထွက်ငြီးတဲ့ အရွယ်အချိန်ကို ပြောတာပေါ့ကွ ...ညောင်ရ"



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ မှတ်တားက မေးရော . . .

"ပင်တွက် ပင်ထွက်လို့ ခေါ်ကြတာက . . ."

"ပင်တွက် ဆိုတာက ထန်းပတ်စင်ပြီး အပင်လုံး လက်ခတ်သာရှိတဲ့ အခါမျိုးကို ခေါ်တာကွ . . . မှတ်တားရ။ [illegible] ဗိမာန် ကျောက်စာမှာ ကျေးမြီး၊ လက်မြော်၊ ဆင်ခြေပေါ်၊ သမီးလှ၊ ရည်ရပင် ထွက်၊ ဆိုခြောက်ချက်လို့ ရှင်မဟာသီလဝံသ ကိုယ်တော်ကြီးက စာရေးမှတ်တမ်းတင်ခဲ့သကွ"

ဆိုရလျှင် ကိုကုလားကြီးက ဘုန်းကြီးကျောင်းလည်း နေဖူးသူမို့ စာလည်းတတ်၏။ မှတ်ဉာဏ်လည်း ကောင်း၏။ အတွေ့အကြုံလည်း ရှိ၏။ တစ်ခါတရံ ပဒေသရာဇာ အမတ်ကြီးရဲ့ ထန်းသမားဘွဲ့ တျာချင်းကို ရွတ်ဆို၍ပင် ပြလိုက်သေး၏။

အညာထန်းတောကို ချစ်သော . . .

အညာလေပူနှင့် အသားမည်းနက်ခဲ့သော . . .

ထနောင်း၊ မန်ကျည်းရနံ့ကို ရှူရှိုက်ပြီး ရင်ဘတ်ကြီး မို့မောက်ကားခဲ့သော . . .

လက်ပံခြောက်နှင့် အမဲနံ့ချက်ကို ကြိုက်နှစ်သက်သော၊

အညာထန်းလျက်နှင့် ပဲကြီးကျော်ကိုလည်းကောင်း၊

ငှက်ခါးတောင် ပင်ကျရည်ကိုလည်းကောင်း၊

ဆူးလေဆူး စူးလို့ . . . အမယ်လေးဗျ . . . မအော်ခဲ့ဖူးသော အညာသားစစ်စစ် မူလပထမ ခွေးတံဆိပ်လက်ဟောင်း အညာသားကိုကုလားကြီးသည် တစ်နေ့သောအခါ ရင်ကွဲနာကျရောဂါနှင့် သူချစ်မြတ်နိုးသံယောဇဉ်တွယ်တာခဲ့ရသည့် အညာမြေနေပူတောကို စွန့်ခွာခဲ့ရလေသည်။

ဒါနှင့်အတူ အညာနွေ မြေပူပူထန်းတောမှာ မျက်ရည်ပူတို့ စီးနိုလိမ့်ကျ မြေသို့ ခ,ခဲ့ရ၏။

ကိုကုလားကြီး စာဆိုနှင့် ပြောရလျှင် . . .

'ကျုပ်ကျခဲ့တဲ့ မျက်ရည်၊ အညာထန်းတောမြေမှာ ခုထက်ထိ မခြောက်သေးဘူးဗျ' တဲ့။





အညာသားစစ်စစ် ထန်းတက်သမား ကိုကုလားကြီးမှာ ချစ်သူရည်းစားရှိ၏။

သူမရဲ့နာမည်က ရှင်ထွေးငယ်။

ထန်းပိုင်ရှင်ရှိသေး၏။ ချမ်းသာသည်။ ညိုညိုချောချောနှင့် ချစ်စရာအပြုံးဆောင်သူကလေး ရယ်လိုက်လျှင် သွားတက်ကလေး ဖွေးခနဲလင်းသက်ပြီး မြင်ရသူတိုင်းကို ငေးကြည့်စေသည့် မျက်နှာနှင့် . . .

ရှင်ထွေးငယ်နှင့် လူလုံးလူဖန် တောင့်တင်းပြီး အလုပ်ကြိုးစားသည့် ကိုခွေးကြီးတို့ မြင်ပါများ၊ အကြည့်ဆုံများတော့ ရင်ခုန်သံနှစ်ခုက လျှို့ဝှက်စကားတွေ ပြောလာကြသည်။

သူမကို မတွေ့ရရင် ကိုယ်ကမျှော်။

ကိုယ့်ကိုမမြင်ရင် သူမက မရွှင်လန်း။

နောက်ဆုံးတော့ မြို့သိဂ်လို့မရသည့် အချစ်နှစ်ခု သမုဒယမြစ်တစ်ခုမှာ အတူစီးမျောသွားကြသည်။

ဒီအကြောင်းကို ထန်းပိုင်ရှင် ဦးကြောင်ခြစ်နှင့် ဒေါ်မယ်ပွားတို့ သိလိုက်သောအခါ ယမ်းပုံပေါ် မီးပွားကျသလို ဒေါသများ ပေါက်ကွဲကြလေ၏။

အမဲရိုးက ဟင်းအိုးမှ အားမနာ။

မသာနဲ့ နားတောင်းနဲ့ ဘာဆိုင်လို့လဲ။

ရွှေပန်းကန်ထဲ ထမင်းကြမ်းခဲထည့်စားရင် ရွှေပါးရုံအပြင် ဘာရှိမှာတုံး။ ထမင်းကြမ်းခဲကို စိန်နဲ့ကွပ်တော့ စိန်လက်စွပ်ဖြစ်မှာလား . . . ထို့ . . .။

သားရေပေါ်အိပ် သားရေနားစားကများတော် . . .

ဟဲ့ . . . ထွေးငယ် လောကမှာ လင်ရှားလို့လား။

ရွေးစရာယောက်ျား မြန်မာပြည်မှာ မရှိလို့လားဟင်။

မြန်မာပြည်မှာ နင်နဲ့တန်တဲ့ ယောက်ျားမရှိရင် နိုင်ငံခြားမှာ သွားရှာပေးစားမယ်။ ရှာလို့မရရင် ကမ္ဘာပတ်ပြီး လူရွေးပေးစားမယ်။ မသွားတဲ့ နားလည်လား . . .။



www.burmeseclassic.com

www.burmeseclassic.com



ထန်းပိုင်ရှင်လည်းဖြစ်၊ ထန်းဖိုပိုင်ရှင်လည်း ဖြစ်သည့် မိခင်လုပ်သူ ဒေါ်မယ်ပွားက အညာလေပူလောင်လို့ မည်းမှောင်နေတဲ့ ရွှေလက်ကောက်ဆယ်ကွင်းစွပ် ဘယ်လက်ကိုမြှောက်မြှောက်ပြီး သမီးလုပ်သူကို ကြိမ်းဝါးလေရဲ့။

"ညည်း ... ဒီလိုထန်းတက်သမားနဲ့ ခိုးရာလိုက်ရဲ လိုက်ကြည့်စမ်း မိထွေးမယ်။ နင်တို့နှစ်ယောက်စလုံး ဆယ်သိန်းမကုန်ဘူး ခြောက်ပေကျင်းထဲ အရောက်ပို့ပစ်မယ်။ ကြားလား ..."

ဦးကြောင်ခြစ်လည်း မယားလုပ်သူ အတိုင်းပါပဲ။ ဒီလို ချောမောလှပပြီး ကွမ်းတောင်ကိုင် ပန်းတောင်ကိုင် ပန်းတောင်ကိုင်ဖြစ်နေသည့်သမီး၊ ဟိုထန်းပိုင်ရှင်သား၊ ပဲကုန်သည်၊ ဆီကုန်သည် သားသမီးများက မျက်စိကျပြီး လာပိုးပန်းနေသည့် တစ်ဦးတည်းသော ရွှေပေါ်မြတင် သမီးချောကို ထန်းတက်ရလွန်းလို့ လက်ဖဝါးအသားမာတက်၊ ခြေဖဝါး အသားမာနေတဲ့ မိမရှိ ဘမရှိ တစ်ကောင်ကြွက် ထန်းတက်သမားနဲ့ ဘယ်လိုလုပ်သဘောတူနိုင်မှာလဲ။

ကြားကြားချင်းပဲ ထမ်းလိုးမားနဲ့ ငခွေးကြီးခေါင်းကို ဖြတ်ပစ်ချင်စိတ် အုံကြွလာသော်လည်း လူကြီးပီပီ အတတ်ပညာနဲ့ ဒီကောင့်ကို အသာမသိချင်ယောင် ဆောင်နေလိုက်တယ်။

ဘာလို့လည်းဆိုတော့ ...

သူတို့ပိုင် ထန်းတောမှာ ငခွေးကြီးက အားအကိုးရဆုံး ထန်းတက်သမား။ လုပ်ငန်းကျွမ်းကျင်ဆုံး ထန်းတက်သမား။ အညာလေ တဟူးဟူးတိုက်နေသည့် ထန်းပင်ပေါ်မှာ ထန်းရည်ရအောင် တက်ရဲသည့်ကောင်။

ဒီကောင့်ကြောင့် ထန်းရည်က လန်းလျက်ဖြစ်ပြီး သူတို့ဘဝ ရွှေသီးနေတာဆိုရင် မမှားဘူး။

ဒါကြောင့် ထန်းရာသီ နားချိန်ရောက်အောင် မေးထားဦးမှ။ ဒီကြားထဲ ထန်းတက်ကျွမ်းကျင်သူ၊ ထန်းအကြောင်း လုံးစေ့ပတ်စေ့ နားလည်ပြီး အလုပ်ကို လက်ကျောတင်းအောင် လုပ်နိုင်မည့် အလုပ်သမားတစ်ဦး ကြိုရှာထားရမည်ဟု အစီအစဉ်ချထားလိုက်သည်။





ကိုခွေးကြီးကား ယောက္ခမလောင်းနှစ်ယောက်ရဲ့ အကြံအစည်ကိုလည်း မသိ။ ကြိမ်းဝါးရှုံ့ချသံကိုလည်း မကြား။

အလုပ်ကို ကြိုးစားသည်။ ငွေကို စုသည်။ အစားကို ခြိုးခြံ၍စားသည်။ နဂိုကတည်းက စုစုဆောင်းဆောင်း ကုတ်ကတ်စုသမားမို့ ငွေလေးစုမိလျှင် လက်စွပ်တစ်ကွင်းလုပ်လိုက် ...

နားကပ်လေးဝယ်ထားလိုက်၊ လက်ကောက်လေး ဝယ်ထားလိုက်နှင့် လူမသိသူမသိ စုထားသည့် အထုပ်ကလေးရှိသည်။

ကိုခွေးကြီး မိထွေးငယ်ကို ချစ်တာ ကျွန်က အရှင်သခင်ကို စော်ကားတာမျိုးမဟုတ်ဘူး။

ရှိးမြေကျပေါင်းမည့်အချစ်။ တစ်နေ့ ကိုယ်ပိုင်ငွေနှင့် ထန်းတောတစ်ခုပိုင်ဆိုင်ပြီး ထန်းလျက်ဖိုပိုင်ရှင် အမည်ခံနိုင်မည့်ဘဝကို ရောက်အောင်လုပ်ပြီး လင်နှင့်မယား သားသမီးများနှင့် မပူမပင် မကြောင့်မကျဘဝလေး ဖြစ်လာအောင်လုပ်မည်ဟူသော ရည်ရွယ်ချက်ရှိသည်။ ဒါကြောင့် အားခဲ၍ ကြိုးစားလုပ်ကိုင်ခဲ့၏။

သို့သော် ...

အဆိုတော် မောင်မောင်ညွန့်ရဲ့သီချင်းလို ဘဝကံကဖြစ်ရပ်က ..

ပြည်ပန်းညို့ ချိုချင်ပါလျက်နဲ့ ဆားကဖျက်လို့ အပျက်ကြီး ကြုံရသည်။

တို့နှစ်ဦးကို ကြည်ဖြူပါလျက်ကယ်နှင့် ကြားကဖျက်လို့ အခက်ကြီးကြုံရပြီဟူသော ကိန်းသည့် တစ်နေ့ ဆိုက်ရောက်လာလေ၏။

ထန်းပိုင်ရှင် ဦးကြောင်ခြစ်တို့က ရှင်ထွေးငယ်ကို မန္တလေးရှိ သူ့နှမအိမ်သို့ ပို့လိုက်သည်။

ကိုခွေးကြီးနှင့် ရှင်ထွေးငယ်တို့ စက္ကန့်ပိုင်းမျှ စကားပြောခွင့် မရလိုက်။

တစ်နေ့ပြန်လာနိုးနှင့် ထန်းတက်ရင်း ရွာအဝင်လမ်းကို မျှော်ကြည့်ရသည်။ ဒါနှင့်အတူ တွံတေးသိန်းတန်ရဲ့ ပြန်လာပါမယ် ရွှေကျေးညိုသီချင်းကိုလည်း အလွမ်းရင့်ရင့်နှင့် ဟစ်ခဲ့ရတာ နေ့စဉ်။



www.burmeseclassic.com

www.burmeseclassic.com



"မျှော် ××× မျှော်ရာလေတိုင်း ××× နှိုင်းမှိုင်းငယ်ညို ×××
ပြန်ရက်ကို ××× ပြန်ရက်ကို ××× တွေးဆလို့ဖို ×××
ဆွေးတသိမ့်သိမ့် ××× ရင်တဖိုဖို ×××
မြင်သကို ××× သူ့မျက်နှာလေးကို ×××

ကိုခွေးကြီး အသံဝါ ငိုသံပါကြီးနှင့် ဟိုထန်းအမြင့်ပေါ်ကနေ မြူးအိုးချရင်း ဆိုလိုက်သည်။ သီချင်းသံကို ကြားရသော် ဒေါ်မယ်ပွားက နှာခေါင်းရှုံ့လေ၏။ မျက်နှာကို ရွဲ့ပြလေ၏။

"ခွေးအူနေတယ် သံပုန်းတီးကြစမ်း"

ဘာမျှမကြာလိုက်။

ရှင်ထွေးငယ်နှင့် မန္တလေးမြို့မှ ရွှေလွန်းပျံ ဆီစက်ပိုင်ရှင်သားကျော်မောင်မောင်သစ်တို့ လက်ထပ်မင်္ဂလာပွဲ သတင်းကိုလည်းကောင်း၊ မင်္ဂလာဖိတ်စာ ရွှေစာလုံးဖောင်းကြွ ရေမွှေးနံ့သင်းသင်းကိုလည်းကောင်း မြင်ရကြားရပြီးသောအခါ ကိုခွေးကြီး ရင်ကွဲနာကျလေ၏။

ထန်းရည် ငှက်ခါးတောင်ရင့်ရင့်မူးမူးကို သောက်၏။

ငှက်ခါးတောင်နှင့် မေ့လို့မရတော့ ထန်းလျက်အရက်နှင့် နှလုံးသားကို စိမ်လေ၏။

တိုတိုဆိုရလျှင် . . .

ရှင်ထွေးငယ်နှင့် ကျော်မောင်မောင်သစ်တို့ မင်္ဂလာဦးနေ့မှာပဲ ကိုခွေးကြီး သူ့မွေးရပ်မြေ အညာထန်းတောမှ မျက်ရည်စက်လက်နှင့် အပြီးတိုင် ထွက်ခွာလာခဲ့လိုက်တော့သည်။

ဒီလိုနှင့် အောက်ပြည်အောက်ရွာသို့ ရောက်လာခဲ့သည်။

ထုံးစံအတိုင်း မိရိုးဖလာ ထန်းတက်အလုပ်ကို လုပ်ကိုင်သည်။ သွားသူကို မေ့လို့ရအောင် ကြိုးစား၍ မေ့ပစ်သည်။

ဒီလိုနှင့် အရက်ကို ခုံမင်လာသည်။ ပေပေတေတေလည်း နေလာသည်။ မောင်ကံကြီးတို့၊ ချွတ်ကရားဝဲတို့၊ စိန်ကတုံးတို့၊ အောင်ရွှေနှင့် အောင်ဖေတို့လို လူပေလူတေ ပစ္စုပ္ပန်ဒေဝ လူသားတွေနှင့် အတွဲများလာသည်။





ဒီမှာ မောင်ကံကြီးနှင့် အတွဲများလေ၏။

ဒီကောင်က ဆင်ကျောကုန်းသင်္ချိုင်းက သုဘရာဇာရဲ့ သားဖြစ်၏။ သို့သော် ဒီကောင်က အကြံအဖန် အစုံရ၏။ စဏ္ဍာလမောင်ကံကြီးကြောင့် ကြက်သားဒံပေါက်၊ ဆိတ်သားဒံပေါက်သာမက တစ်ခါတစ်ရံ အရက်အကောင်းစားပင် သောက်ရလေ၏။

သုဘရာဇာသားက ဘယ်လိုကြောင့် ဆိတ်သားဒံပေါက်၊ ကြက်သားဒံပေါက်နှင့် အရက်အကောင်းစားကို ရသလဲ . . . ဟုတ်လား . . .။

ပိုက်ဆံရှိသော အသုဘမသာချလာလျှင် အသုဘခေါင်းပေါ်မှာ ဆိတ်သားဒံပေါက်၊ ကြက်သားဒံပေါက်ထုပ်လည်း ပါလေ၏။

၎င်း ဒံပေါက်ထုပ်များကို အမျိုးကောင်းသား မောင်ကံကြီးက သူ့ကျွေးသဖခင် အမိနှင့်အဖကို မပေး၊ မကျွေး။ သူငယ်ချင်းသွားဖြစ်သည့် ကိုခွေးကြီး၊ စိန်ကတုံး၊ အောင်ရွှေ၊ အောင်ဖေနှင့် ချွတ်ကရားတို့အဖွဲ့ကို ကျွေးလေ၏။

ဂူသွင်းသည့်ကိစ္စ၊ မီးသင်္ဂြိုဟ်သည့်ကိစ္စကို မောင်ကံကြီးက အားဘက်သရော လုပ်ပေးကူညီသော် အာမီရမ်လို အရက်မျိုး၊ ဘရန်ဒီလို အရက်မျိုး လက်ဆောင်ရလေ၏။

၎င်းအရက်များကို သင်္ချိုင်းအုတ်ဂူများပေါ်မှာသော်လည်းကောင်း၊ သန်းမြို့တို့ အရက်ပုန်းဆိုင်မှာသော်လည်းကောင်း ရှာလို့ဖွေလို့ရလာသည့် မြွေသား၊ ကြွက်ကင်၊ ချိုး၊ ကျီးကန်း၊ ဆက်ရက်သားတို့နှင့် မြိန်ရှက်စွာ သောက်စား ပွဲတော်တည်လေ၏။

ခက်သည်ကား . . .

ဆင်ကျောကုန်းသင်္ချိုင်းက သုဘရာဇာသား မောင်ကံကြီးပဲဖြစ်၏။

သင်္ချိုင်းကုန်းမှာ မွေးပြီး၊ သင်္ချိုင်းကုန်းမှာ ကြီးပြင်း၊ သင်္ချိုင်းကုန်းက သုဘရာဇာအလုပ်ကို နေ့တစ်ဒူဝ လုပ်နေရလို့လားမသိ။ ဒီကောင် အရွေ့သရဲလည်း လုံးဝမကြောက်။

တစ်ခုတော့ မောင်ကံကြီးမှာ ခံယူချက်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



လှူသေကောင်မြှုပ်သည့် ကိစ္စအဝဝ၊ လှူသေကောင်ကိုင်ရသည့် ကိစ္စအဝဝကို မရွံမရှာ မညည်းမညူ လုပ်လေ့ရှိ၏။

မည်သူမျှမကိုင်ချင်အောင် ပုပ်ပွနံဟောင်နေသည့် လှူအလောင်း ဖြစ်နေပါကလည်း အရက်ကို အမူးသောက်ပြီး ကိုင်လေ့ရှိ၏။

"ဒါ . . . ကုသိုလ်ရတဲ့ အလုပ်ကွ . . . ခွေးကြီးတို့ရ။ မသေခင် မှာသာ လူတွေက ငါ့လင်၊ ငါ့မယား၊ ငါ့သားသမီး၊ ငါ့အဖေအမေနဲ့ ချစ်လှ ချည်ရဲ့၊ သနားလှချည်ရဲ့ ဖင်ခေါင်းကျယ်နေကြတာ တကယ်သေရင် မကိုင် ချင်ကြတော့ဘူး။ အနံ့များထွက်လာရင် ချစ်လှတဲ့မယား၊ ချစ်လှတဲ့လင်ရဲ့ အလောင်းအနီးကို မကပ်ချင်တော့ဘူး။ အော့ . . . အဲ့ . . . ရွံရှာ လုပ်ကြ ရော။

အေး . . . သူတို့ရွံတဲ့ လှူသေကောင်ကို ငါတို့က မရွံမရှာကိုင် တယ်။ မြေမြှုပ်တယ်။ မီးသင်္ဂြိုဟ်ပေးတယ်။ အဲဒါ ပိုက်ဆံရလို့ စားရလို့ လုပ်ပေးတာလည်း ပါတယ်။ ဒါနဲ့အတူ သေသူရော၊ ရှင်သူရော စိတ်ချမ်း သာအောင်၊ မြင်လို့ကောင်းအောင်၊ ငါတို့ နာရေးအမှုထမ်းများက အား တက်သရော ကူညီပေးတယ်။

ရှေးရှေးနန်းသုံး စလေ့စကားတစ်ခုရှိတယ် . . . ငါ့လူ။ သုဘ ရာဇာတဲ့ . . . ငါတို့သင်္ချိုင်း၊ သုသာန်တစ်ခုပြင်မှာတော့ အုပ်ချုပ်သူ အာဏာ ပိုင်သူ ရာဇာမင်းတစ်ပါး စာရင်းဝင်ပဲကွ . . . မှတ်ထား"

မောင်ကံကြီးကမူးလာလျှင် အဲဒီလို ကြီးကြီးကျယ်ကျယ် စကား များကို ပြောလေ့ရှိ၏။

"မင်း သရဲတစ္ဆေ မကြောက်ဘူးလား"

"ငါတို့က သင်္ချိုင်းကုန်းကို အုပ်ချုပ်တဲ့ ရှာစားမင်းပဲလေကွာ။ ဒီ သရဲတို့၊ တစ္ဆေတို့၊ ဖုတ်တို့ဆိုတာ ငါတို့လက်အောက်က ပရိဗာဉ်သား ဥစ္စာ။ ငါတို့လိုလူစားကို အာခံလို့ရမှာလား၊ ဖြဲခြောက်လို့ရမှာလား . . . ဟင်။

လှူသေကောင် မီးသင်္ဂြိုဟ်သလို နောက်ထပ် နှစ်ထပ်ကွမ်း မီး သင်္ဂြိုဟ်ပြီး သင်္ချိုင်းကုန်းကနေ နှင်ထုတ်လိုက်ရင် သင်းတို့ ဘယ်သွားနေ





မှာလဲ"

"မြစ်ချောင်းကမ်းပါး ဇရပ်ပျက်လိုဇနရာမျိုး သွားနေမှာပေါ့"

စိန်ကတုံးက ဝင်ပြောလိုက်၏။

"မထင်နဲ့ကိုယ့်လူ။ ငါ့အဖေက ပြောဖူးတယ်။ သေပြီးသူ အတော် များများဟာ သူတို့ရှင်စဉ်တုန်းက ပြုခဲ့တဲ့ အကုသိုလ်အမှုရယ်၊ အစွဲအလမ်း ရယ်။ ဘဝပေး ကံအကြောင်းတရားရယ်ကြောင့်၊ တစ္ဆေသရဲ မကျွတ်မလွတ် ပရိဗာဉ်သား ဖြစ်နေကြတာ အများကြီးပဲတဲ့။ နေစရာတောင် မရှိဘူး တဲ့ဗျာ။ သစ်ပင်တစ်ပင်ရှိရင် အဲဒီမှာ တွဲလွဲခိုနေရတာတဲ့။

ဒီတော့ ငါတို့သားအဖ တာဝန်ယူထားရတဲ့ သင်္ချိုင်းကုန်းမှာ သူ တို့ ကျယ်ကျယ်ဝန်းဝန်းနေရတာ သရဲတစ္ဆေဘဝရောက်ပေမင့် ကံကောင်း သေးတာပဲ ကိုယ့်လူ။

အဲဒါကို ကျေးဇူးမတင်ဘဲ ငါတို့သားအဖကို ကန္တကောဇလာလုပ် ရင် စောစောက ပြောသလိုပေါ့ကွာ။ လူရိုးကို ထင်းလုပ်ပြီး သင်းတို့ကို မီး သင်္ဂြိုဟ်ပစ်လိုက်မှာပေါ့ . . . ကိုယ့်လူရာ။ ဟား . . . ဟား . . . ဟား . . . ဟား . . ."

ပြောပါပကောလား။ မောင်ကံကြီးဆိုတဲ့ကောင်က အဲဒီလို အမြင် ရှိသူလေ။ ခက်တာက ဒီကောင်ရဲ့ပါးစပ်ပဲ။

သူ့ပါးစပ်က နှုတ်စီးနေသည်။

သူ့နှာခေါင်းမှာ အာရုံရနေသည်။

သူ့မျက်စိအကြည့်မှာ ထူးဆန်းသော အာရုံအမြင်ရှိနေသည်။ သူ က 'ဒီလူမမာ သေရတော့မည်' လို့ ပြောလိုက်လျှင် မကြာခင် လူမမာ သေကို သေရလေ့ရှိ၏။

သူ့ပါးစပ်ကနေ လူတစ်ယောက်ရဲ့မျက်နှာကို စူးစူးစိုက်စိုက်ကြည့် ပြီး 'သေမှာပါကွာ' ဟု ဆိုလိုက်လျှင် အပြောခံရသူသည် အကြောင်းတစ်ခုခု နှင့် သေကိုသေသွားရသည်။ မကြာခဏ ကြုံရလေ့ရှိ၏။

ထိုကဲ့သို့ ကြိမ်ဖန်များစွာ အကြောင်းဆိုင်လာသောအခါ သေဘော ဖော်စားဖက် အချင်းအချင်းပင် သူ့ပါးစပ်ကို ကြောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



လူကို ရှံ့ရှာကာ နှလုံးနာလာလေ၏။

"မောင်ကံကြီး ..."

"ဘာတုံး ... အောင်ရွှေ"

"မင်း ပါးစပ်ပုပ်ကြီးနဲ့ ငါတို့ကိုတော့ သေမှာပဲလို့ မပြောပါနဲ့ကွာ"

"ဘာလဲ ... ကြောက်လို့လား"

"လူပြည်မှာ ကြာကြာနေပြီး ခုလိုပဲ စားလိုက်သောက်လိုက် ပျော်လိုက်ပါးလိုက်နဲ့ စည်းစိမ်ကျကျ နေချင်လို့ပါ ... ကံကြီးရာ"

"စိတ်ချပါ ... ငါ့လူရာ။ ငါကလည်း လူမြင်တိုင်း မပြောပါဘူးကွ။ သေနံ့ရတဲ့လူကို သေမယ်ပြောတာပါ"

"သေနံ့ ... ဟုတ်လား"

"အိမ်း ..."

"သေနံ့ဆိုတာ ဘယ်လိုဟာကို ပြောတာတုံး ... ကံကြီးရ"

"ဆရာဝန်ကြီးတွေ၊ သမားတော်ကြီးတွေဟာ လူနာရဲ့ရောဂါကို စမ်းသပ်ပြီးရင် သေမယ်ရှင်မယ် ပြောနိုင်ကြတာ လူနာရောဂါကျွမ်းနေတာကို သိလို့ ကြိုပြောနိုင်တာ။

သို့သော် လူကောင်းတစ်ယောက် ပြုန်းစားချည်း ကားတိုက်၊ ရေနစ်၊ ရထားကြိတ်၊ သေနတ်မှန်သေရမည့်ဟာကို ဘယ်ဆရာဝန်မှ ကြိုမသိကြဘူး။ သိတဲ့လူ နှစ်ဦးပဲရှိတယ်"

"ဘယ်သူသိတာတုံး"

"သေမင်းနဲ့ ငါပဲ"

"ဘာ ..."

"ဘာပြောတယ် ... သေမင်းကတော့ ထားပါတော့။ မင်းက ဘယ်လိုလုပ် သိနေတာလဲ ကံကြီး"

"အဲဒါကို ငါ လုံးစေ့ပတ်စေ့ ပြန်မပြောတတ်ဘူး။ ဘာကြောင့် သိနေရတာလဲဆိုတာလည်း ငါမသိဘူး။ ဒါပေမဲ့ ငါ့နှာခေါင်းထဲမှာ အဲဒီလူရဲ့ခန္ဓာကိုယ်က လူသေနံ့လိုမျိုး ရနေ ရှူနေမိသလိုရှိရင် ငါ မနေနိုင်





ဘူး။ ပါးစပ်ကို ချုပ်တီးထားရာကနေ လွှတ်ခနဲ ပြောမိရော အဲဒီလို ပြောမိရင် ...

"နောင်မပြောနဲ့ကွာ"

"မပြောချင်ပါဘူး။ ဒါပေမဲ့ အဲဒီအနံ့ကို ရနေရင် ဘယ်လိုမှ စိတ်မထိန်းနိုင်လို့ ပြောရတာ"

ကိုင်း ... ဘယ့်နှယ်ရှိစ ...

ဒါကြောင့် သူ့ကို သေမင်းလို့ခေါ်ကြ၊

သေနိမိတ်စီး မောင်ကံကြီးလို့ ခေါ်ကြသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၁၅ |

❑

ခုလည်း သောက်ဖော်စားဖက် ဆိုးတူကောင်းဖက် ပေါင်းသင်းလာကြသည်။ ထန်းတက်သမား ကိုခွေးကြီးကို ဒေါ်မြချယ်ပြီးရင် သင်းကို သွားရမှာပဲ ခွေးကြီးဟု လွှတ်ခနဲ ပြောလိုက်သည်။

ဒီစကား အပြောခံရတုန်းက ကိုခွေးကြီး ခေါင်းမွေးများထောင်သလို ခံစားရပြီး ကြက်သီးမွေးညင်း ထသွားခဲ့၏။

သည်တုန်းက ဒေါပွပြီး မောင်ကံကြီးကို ဆဲရေးတိုင်းထွာလို့ ထိုးမည်ကြိတ်မည်လုပ်ခဲ့သည်။ သင်းက သူ့ကို စောင်းငမ်းစောင်းငမ်း ကြည့်ပြီး လှည့်ထွက်သွား၏။ ဘာကြာသလဲ ...။ ဒီကောင် ကြိုတင်နိမိတ်ဖတ်သွားသည့်အတိုင်း မောင်ကြိုင်တို့အမေ ဒေါ်မြချယ် သန်းခေါင်အကူးမှာ ကွယ်လွန်သွား၏။

သည်တုန်းက စိန်ကတုံးက ပြောဖူး၏။





"ခွေးကြီး ..."

"ဘာတုံး ... စိန်ကတုံး"

"ဟိုကောင် ... သေမင်းပြောတဲ့အတိုင်း ဒေါ်မြချယ် ဆုံးသွားပြီ"

"သူ့ရောဂါနဲ့သူ ကျွမ်းနေလို့ ဆုံးတာပါကွာ"

"မင်းလည်း အရက်ချည်း ဖိသောက်မနေနဲ့။ ဘုရားတရားလည်း လုပ်ဦး။ ဒီကောင် မင်းကိုပြောသွားတာ ကြားတယ်မဟုတ်လား"

"မပြောနဲ့ကွာ"

"ငါက စိုးရိမ်လို့ပြောနေတာ ... ငခွေးကြီး"

"တော်ကွာ ... တော်။ လာ ... သွားသောက်မယ်"

ကိုခွေးကြီးကလည်း ခေါင်းကြောမာသည်။ အချစ်ဦးကြောင့် စိတ်ညစ်ပြီး အရက်တောမှာ မျောနေသူဖြစ်၏။ မူးလာလျှင်သူနှင့် သူ့ချစ်သူရင်ထွေးငယ်ရဲ့ဘဝကို မျက်ရည်လည်ရွဲနှင့် ရင်ဖွင့်၍ သူတို့ အရက်သမားလူပေလူတေ အုပ်စုသာမက ...

ရပ်ထဲရွာထဲရှိ ကလေးလူကြီးပါမကျန် ငခွေးကြီးရဲ့ အချစ်ရင်ကွဲသံ၊ ပဲ့ကြွေသံ၊ စီးမျောသံကို နေ့စဉ်နီးပါး ကြားသိနေကြ၏။

ခုလည်း ... မသန်းမြို့တို့ အရက်ဆိုင်မှာ တစ်ပုလင်းကုန်စပြုလို့ မူးယစ်စပြုရော ခတ်ပြားဟောင်းကို အပ်သွားတပ်၍ စဖွင့်တော့သည်။

"ငါ ... ချစ်သူ ... ရှင် ... ထွေး ... ငယ် ... က ... အသက် (၁၇) နှစ် ... အော ... ဂေ့ ... ငါ ... က (၂၅) နှစ် ... ဂေ့ ..."

"အဲ ... အဲဒါ ... လေး ... လုပ် ... ပါ ... ငခွေး ... ကြီး ရ ... ရ ..."

ကုလားချွတ်ကရားက ဒါမျိုးဆို ဝါသနာပါ ခံတွင်းတွေ၍ အားတက်သရော မေးလေ တိုက်တွန်းလေ၏။

"သီချင်းလေးတစ်ပုဒ်တော့ ... အာ ... အာ ... ရှင် ... ဆိုပါ ... ရစေ ... ကွာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာသီချင်းတုံး ...။ လယ်တီဆရာတော်ဘုရားကြီးရဲ့ နိဗ္ဗိန္ဒ တေးထပ်လား"

"ရွှေ ...ရွှေ ...ကျိုး ...ညို ...သီချင်း ...ချင်း ... ပါကွာ"

"ဖွိ ...မင်း မူးတိုင်း ဒီသီချင်းပဲဆိုနေတာ အပ်ကြောင်းထပ်နေပြီ မဆိုနဲ့တော့"

"ဒါဆို ...မ ...မ ...ပြော ...တော့ ...ဘူး"

ဒီမှာ ကောက်ရိုးပုံမှာ ချိန်းတွေ့သည့်အကြောင်း လုံးစေ့ပတ်စေ့ သီချင်နေသည့် ချွတ်ကရားက အောင်ဖေ့ကို ပြောရဘော့၏။

"အောင်ဖေ ...ဆိုပါစေကွာ။ ဒီသီချင်းပြီးရင် ငါတို့ ကောက်ရိုးပုံဇာတ်လမ်းကို မြိန်မြိန်ရှက်ရှက်ကြီး ခံစားရမှာကွ။ အဟီး ..."

"ပြောပြီးမှ ဆိုပေါ့ကွ"

"လုံး ...ဝ ...ပဲ ...ကွ ...အော့ ...ဇော့ ..."

"ဒါဆိုလည်း ဆိုကွာ ...ဆို ...ဆို။ ဆိုပြီးရင်း နှိုက်နှိုက်ချွတ်ချွတ် ပြောရမယ်နော်"

"ဟတ် ...ကဲ ...ခံ ...ဗျ ..."

"ခင်ဗျာ လုပ်ပါကွ။ မင်းကလည်း ..."

"ဟုတ် ...ကဲ့ ...ဟတ် ...ကဲ့ ...အစ်ကိုကြီးတို့ ... ခင်းဗျ ...အဟမ်း ..."

"သားရေ ...လူလေး ...မောင်ခွေးကြီး ...ကြိတ်လိုက်စမ်း သားကြီး"

ဒီမှာ အရက်ရောင်းတဲ့ မသန်းမြို့က ထ,အော်ရော ...

"ကိုခွေးကြီး ..."

"အေ ...ဘာတုံး ...ငါ ...နှ ...မကြီး ...ရဲ့ ... အဟဲ့ "

"ငါ့နှမ (နွားမ) မလုပ်နဲ့။ ငါ့နှမလို့ ပီအောင်ပြော ..."

"အေး ...အေး ...ဘာ ...တုံး ...အစ်ကို့နှမကြီးကလည်း





ရွှေနားဆင်မယ်ပေါ့။ ဟတ် ...လား ..."

"ရွှေနားဆင်ချင်လို့ မဟုတ်ဘူး"

"ဒါ ...ဖြင့် ...ရွှံ့နားတော်ဆင်ချင်လို့ပေါ့ ...အော့ ..."

"တော်တို့ သီချင်းဆိုချင်ရင် ဝေးဝေးမှာ သွားဆိုပါတော်"

"ဘာလို့တုံး အစ်ကို့နှမကြီးရဲ့"

"ဝေးလေ ကောင်းလေပဲ။ ပိုဝေးလေ ပိုသာကောင်းလေပဲ"

"ဟာ ...နှမကြီးကလည်း လုပ်ရော့မယ်"

"ဟ ...ဒီမှာ ...ဆို ...တော့ ...ဆိုင် ...ကျက်သရေ ရှိ ...ရှိ ..."

"နားမထောင်ချင်ဘူး"

"ဟ ...နှမကြီးရေ။ ဒါ ...ဒါ ...တွံတေး ...တောက်တဲ့ ဆိုတဲ့သီချင်း"

"တွံတေးတောက်တဲ့လည်း မကြားချင်ဘူး။ ဟင်္သာတထွန်းရှိန် လည်း မကြားချင်ဘူး။ ဟိုတစ်နေ့က ထောင်မှူးကြီးသိန်းဝင်းရယ်၊ မြတ်မင်းဟန်ရယ်၊ တရုတ်ဘိန်းစား တင်ထွန်းရယ်လည်း ဒီလိုပဲ၊ သောက်တော့ အရက်တစ်ဝက်နဲ့ ရေခြောက်ပုလင်း။

ပြီးလည်းပြီးရော ရွှေမန်းတင်မောင်ရဲ့ အဖေကြီးတီးတဲ့ ရွှေကြေးစည်သီချင်းကို အော်ကြီးဟစ်ကျယ်ဆိုတယ်။ စိန်အောင်မင်းရဲ့ ဟိုတောင်ဆီက ညိုတိုတိုရယ်ကို အသံပြဲကြီးနဲ့ ဟစ်တယ်။

နောက်ပြီး သိဒ္ဓတ္ထ မွားတော်မူခန်းဇာတ်ထုပ်ကို သုံးယောက် ခင်းတယ်။ တရုတ်ဘိန်းစားတင်ထွန်းက သိဒ္ဓတ္ထလုပ်သတဲ့။ ဆူညံပြီး မိုးရောလေရောကျလို့ မိုးကြိုးပါ ပစ်ရော။ အဲဒါ ရပ်ကွက်လူကြီးတွေက ရပ်ဆူအောင်လုပ်တယ်ဆိုပြီး အချုပ်ထဲပို့မယ်ကြိမ်းမှ ပြန်သွားတယ်။

ကျုပ်ကိုလည်း နင့်ဆိုင်ပါ ပိတ်ပစ်ရမလားလို့ ကြိမ်းဝါးသွားတယ်။ ဒီအရက်ကလေး ရေထိုးရောင်းစား ...အဲလေ ...ယောင်ကုန်ပါပြီး ဒီအရက်ကလေး ရောင်းစားပြီး မိသားစုကို ရှာကျွေးနေရတာ။ တော်တို့ ဆိုချင်ရင် ဆိုင်နဲ့ဝေးဝေးမှာ သွားဆို။ ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ပုဒ်လုံး မဆိုဘူး ... တစ် ... တစ် ... ပိုင်းပဲ ... ဆိုမယ် ... ဟာ"

"တစ်ပိုင်းလည်း မဆိုနဲ့၊ တစ်ကြောင်းလည်း မဆိုနဲ့ သွားတော့"

"ဘယ်လိုလုပ်ကြမတုံး ... စိန်ကတုံး"

"ဟိုကောက်ရိုးပုံမှာ ချိန်းတွေ့တဲ့ အကြောင်းပဲ"

"ဒီမှာ ကိုစိန်ကတုံး"

"လန့်လိုက်တာ ... သန်းမြို့ရာ။ နင်ကလည်း မဆိုပါဘူးဟာ"

"ကျုပ်ဆိုင်ထဲမှာ အယုတ္တ အနတ္တတွေ မပြောနဲ့။ တော်တို့ ... သွားဆိုရင် သွားတော့တော်။ ပြောတာ မရဘူးလား"

အရက်ဆိုင်ရှင် မသန်းမြို့က တဘီတိုတိုဝတ်ပြီး ဝါးရင်းတုတ်ကို ကိုင်ရော ကိုခွေးကြီးတို့အုပ်စု အရက်ဖိုး ကဗျာကယာရှင်းပြီး ဆိုင်ထဲက ဒယီးဒယိုင် ထွက်လာခဲ့ကြသည်။

သည့်နောက် အရိပ်ကောင်းသည့် ကုက္ကိုပင်အောက်မှာ ဝိုင်းဖွဲ့ကြပြန်၏။

"ငခွေးကြီး ..."

"ဘာတုံး ... စိန် ... က ... တုံး ..."

"မြန်မြန်ဆိုပါတော့။ မင်းကြောင့်-အရက်ဆိုင်က ပြေးခဲ့ရပြန်ပြီ။ ခုလည်း ကောက်ရိုးပုံဇာတ် နားမထောင်ရဘဲ ဘယ်ကနေ ခဲမိုးရွာမလဲ မသိဘူး"

"အိမ်း ... အိမ်း ... ဟစ်ပါတော့မယ် ... သူငယ်ချင်းတို့ရယ်။ ဒါကြောင့်လေ ... မြို့ကြီးသူ ××× မမတွေရယ် ××× ဟယ် ××× ဟယ်လှ ××× ကြည် ××× ကို ××× လှည့် ××× စား ××× အား ××× ဟား ဟား ×××"

ကိုခွေးကြီးက ပုဆိုးစနဲ့ မျက်ရည်သုတ်သလိုပြုပြီး ဇာတ်မင်းသား အာအာနည်လှကြည်ရဲ့သီချင်းကို ဟစ်ရော။ စိန်ကတုံး ဒေါပွပါရော။

"ဟော့ကောင် ... ငခွေးကြီး"

"အိန် ... အိန် ..."





"မင်းဟာလေ ... ကံကြီးပြောသလို ဒေါ်မြချယ်နောက်ကို ထပ်ချပ်မကွာ ရှေ့ဆင့်နောက်ဆင့် လိုက်သွားသင့်တယ် ... ငခွေးကြီး"

"ဗွီ ... မင်းနုမယောက်ျားရဲ့စကားနဲ့ ငါ့ကိုမပစ်ပါနဲ့ ဆို ... ပါတော့မယ် ... အဟမ်း ... လက်ကျန်လေး ... ရှိ ... ရှိ ... သေးလားဟင်"

"တောက် ..."

"ရစ်ပါ့ကွာ ... ဗွီ ..."

"လက်ကျန်တော့ မရှိဘူး။ သေးကျန်ပဲရှိတယ်"

"အေး ... အေး ... ဒါဆို မင်းတို့ပဲ ... မော့ ... မော့ ... ကြ။ ဒါကြောင့်လေ ... အချစ်ဆုံး ရှင်တွေးငယ်ရေ ... အခုလို မိုးလေး ညို့ရင်လေ ..."

"မိုး ... ကြိုး ... ပစ် ... မှာ ... လား"

"ဗွီ ... မောင်ကြီးရဲ့ ရင်မှာ လိှုက်ဖိုမောပြီ။ မျှော် ... မျှော် ... ရှာလေတိုင်း ... ဟိုင်း ... ဟိုင်း ... မှိုင်း ... မှိုင်း ... ရယ် ... ညို ..."

"အဆိုတော် ... မောင်ခွေးကြီးတဲ့လား ... သဲ့ာရေ"

"တွံတေး ... ကျောက်ပန်းတောင်း ... တွံတေးတောင်း အဆိုတော် စလေခွေးပါတဲ့ ခင်ဗျာ"

"ပြန်ရက်ကို ... ဟို ... ဟို ..."

"ပြန်ယက်တယ်ဆိုတာ ... ဘာကို ယက်တာလဲဟင်"

"ထ ... ထ ... ရဲ ... နေမှာပေါ့"

"ဒါ ... ဒါ ... က ... လျှာနဲ့ လျက် ... တာ ... နဲ့ တူတယ်"

"မနောက်နဲ့ကွာ။ အဲဒါ ကောက်ရိုးပုံကိစ္စနဲ့ ပတ်သက် ... လို့မယ်။ ပြီး ... မှ ... မေး ... မေး ..."

"ပြန်ရက်ကို ... ဟို ... ဟို ... ပြန်ရက်ကို ... ခွေးဆလို့ ဝိ ခွေးတာသိမ့်သိမ့် ... ရင်တဖိုဖို ... မြင်သလို သူ့မျက်နှာလေးကို ..."



www.burmeseclassic.com

www.burmeseclassic.com



"သူ့မျက်နှာဆိုတာ သွားလေသူ ဒေါ်မြချယ်ရဲ့ မျက်နှာလား ဟင် ... ဟင် ... လို့ ..."

"ရှိ ... ရှိ ..."

"ဖြောင်း ... ဖြောင်း ... ဖြောင်း ... တွံတေးသိန်းတင် အဖေ အတိုင်းပဲကွာ"

"အစ်မကြီး ချစ်စံပယ်များကြားရင် ဒေါ်လာတုံး ဆုချမှာဗျ"

"ဒေါ်လှညွှာပါကွာ။ မင်းကလည်း ... သိလည်း မသိဘဲနဲ့"

"ကိုင်း ... ကိုင်း ... သူငယ်ချင်း တွံတေးတောင်း ... ငခွေး ကြီး ... မင်းကတိအတိုင်း မင်းရည်းစား ရှင်ထွေးယယ်နဲ့ မင်းနဲ့ ကောက် ရိုးပုံနံဘေး ချိန်းတွေ့တုန်းက ... အဟိ ... အသည်းယားစရာလေးတွေ ကို ... ပြော ... ပြော ... ပါ ... တော့ ... ငခွေးကြီးရာ ..."

"အဲဒီညကပေါ့ကွာ"

"အဲဒီညဆိုတာ စနေလား ... တ ... တ ... နင်္ဂနွေလား .. ဟင် ... ဟင် ..."

"အဖိတ်နေ့ည ... နေ ... နေမှာပေါ့။ ဟုတ်တယ် မဟုတ်လား ငခွေးကြီး"

"ဗုသာပတေးည ... ကွ ... ချွတ်ကရားရ"

"ဗုသပတေးညဆိုတာ ဘယ်လိုညတုန်းဟ ... ငခွေးကြီးက .."

"ဗုဒ္ဓဟူးနေ့ည သန်းခေါင်အလွန် ကြာသပတေးည အဝင်အကူး ပေါ့"

"သြော် ... သြော် ... ဒါ ... နဲ့ ..."

"ကောက်ရိုးပုံနံဘေးမှာ ချိန်းတွေ့ကြတာ"

"ကောင်မလေးတော့ တုန်နေမှာပဲနော်။ အဟီး ..."

"တုန်တာပေါ့ ... စိန်ကတုံးရာ"

"မင်းကရော ... ငခွေးကြီး"

"ငါကလည်း ခါနေတာပဲ"

"ဟား ... ဟား ... ဟား ... ဟား ... ဟား ... အဲဒါနဲ့ ..





အဲဒါနဲ့ ..."

"အဲဒါနဲ့ ငါက ရှင်ထွေးယယ်ရဲ့ ကိုယ်လုံးလေးကို ရင်ခွင်ထဲ ဆွဲ သွင်းပြီး ကောက်ရိုးပြင်နှံပေါ် လှဲချလိုက်ရော ..."

"အဟီး ... အစ် ... အစ် ... ကို ... လို့ ... ရင် ... ရင်ခေါင်းသံကြီးနဲ့ ... ခေါ် ... ခေါ်ပြီး ... မင်းကို ... ဖက် ... ဖက် ထားမှာ ... ပေါ့ ... နော်"

"အဲဒီအဆင့်တောင် မရောက်သေးပါဘူးကွာ။ ရွာဖျားကနေ ... သူခိုး ... သူခိုး ... ဆိုတဲ့ အော်သံကြားရပြီး မီးတုတ်ကိုယ်စီ၊ ဓားတုတ် ကိုယ်စီနဲ့ သူခိုးလိုက်သံကြားလို့ ရှင်ထွေးယယ်ကလည်း လန့်ပြီး မြောက်ဘက် ကိုပြေး ... ငါလည်း ကောက်ရိုးပုံထဲ ဝင်ပုန်းနေလိုက်တာ နောက်နေ့ မိုးလင်းမွန်းတည့်မှ နိုးတယ်"

"လူလွန်မသား ... ဟုတ်မလိုလိုနဲ့ကွာ။ တောက် ..."

"အဲဒါတောင် ... ဘကြီးသာဖိုး ... နွားစာစဉ်းဖို့ ကောက်ရိုး လာဆွဲရင်း ငါ့ခြေထောက်ကို ဆွဲမိလို့ နိုးတာ။ နို့မဟုတ်ရင် သောကြာနေ့ အထိ ဆက်အိပ်ပျော်နေဦးမလား မသိဘူး"

အဟုတ်မှတ်လို့ နားထောင်နေသည့် သူငယ်ချင်း ဖမ္မားများသည် ငခွေးကြီးရဲ့။ သောက်သုံးမကျ ကံခေလှသည့်အကြောင်းကို ကြားရသော အခါ ကောင်မလေး ... ဒီလိုတုံးနှင့်မညားဘဲ မန္တလေးကသူဌေးနှင့် ညား သွားရသည်မှာ ကုသိုလ်ကံ ကောင်းလေ၏ဟု မှတ်ချက်ချရင်း ဝိုင်းဆဲကန် ကျောက် ဂုဏ်ပြုကြလေသည်။

"ဟ ... ငခွေးကြီး ... ငခွေးကြီး ..."

"ရှာလိုက်ရတာကွာ"

သို့ အူမြူးနေစဉ် ဟိုဘက်ရပ်ကွက် (ခရေကုန်း) မှ ကိုစံလှနှင့် အောင်မောင်းတို့ ရောက်လာကြလေ၏။

"ဘာတုံး ... ကိုစံလှ"

"မင်းကို ထန်းတက်နိုင်းမလို့ကွ"

"ဘယ်အပင်တုံးဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ရွှေပြည်တော်ကုန်းထိပ်က ထန်းပင်ကွ။ ထန်းရည်ကောင်းလို့"

ဒီမှာ အောင်ဖေက မေးရော ...

"ကိုစံလှ ... ရွှေပြည်တော်ကုန်းထိပ်က ထန်းရည်ချိုပင်ဆိုတာ တစ်လောက ထန်းသမား ကိုချက်ကောင်း လိမ့်ကျသေတဲ့အပင် မဟုတ်လားဗျ"

"အဲ ... အဲ ... ဒါကကွာ ... ဟို ..."

"လူကျသေထားလို့ ဘယ်သူမှ မတက်ရဲတဲ့အပင် ကျုပ်တို့ကောင်ခွေးကြီးက ဘာလို့ တက်ရမှာလဲဗျ"

"ဒီလိုရှိတယ် ... အောင်ဖေရ။ အဲဒီအပင်က အရည်ကျကောင်းတယ်။ ဆယ်မြူ ဆယ့်ငါးမြူ ရနိုင်တယ်"

"ဘယ်သူမှ မတက်ရဲဘူး။ လုပ်မနေနဲ့"

"ငခွေးကြီးတက်ရင် ရမှာပါကွ။ ငခွေးက ကျွမ်းပြီးသား ဥစ္စာ။ ငါတို့ အပိုင်ဝယ်ထားရင်တောင် ထန်းရှင်က ရောင်းမှာ။ နေ့တိုင်း ရှယ်သောက်ရမှာမို့လို့ပါ"

"ကျုပ်တက်မယ်"

ဒီမှာ ကိုငခွေးကြီးက တက်မယ်လို့ အော်လိုက်ရော စံလှတို့အုပ်စု ဝမ်းသာသွားပြီး အောင်ဖေတို့အုပ်စုက ဝိုင်းကန့်ကွက်ကြရော။

"မတက်နဲ့ ... ငခွေးကြီး။ လူကျသေထားတာ"

"တက်တဲ့လူကို တွန်းချတယ်လို့ ကြားထားတယ်ကွ"

"ဟေ့ကောင် ... စံလှ၊ မတက်ဘူးကွာ။ ပြန်တော့ ..."

"ငခွေးကြီး ... ဘယ်လိုလဲ။ မင်း ဝယ်ရောင်းလေး လုပ်ရင်တောင် အမြတ်အများကြီးရမှာ ... ကိုယ့်လူရ"

"တက်မယ် ... တွက်သားကိုက်ရင် အပိုင်ဝယ်မယ်"

ဘယ်လိုမှ တားလို့မရပါဘူးဗျာ လိုက်သွားပါရော။ သို့နှင့် အောင်ဖေ၊ စိန်ကတုံးနှင့် ချွတ်ကရားတို့လည်း မနေနိုင်တော့ဘဲ လိုက်ပါခဲ့ရတော့၏။

ရွှေပြည်တော်ကုန်းထိပ် ရောက်သောအခါ ထန်းတက်သမား ချက်





ကောင်း ကျသေသည့် ထန်းပင်ကုန်း မြင်ရလေ၏။

ထန်းပင်က တော်တော်ကို မြင့်၏။ လေကလည်း တဝုန်းဝုန်း တိုက်နေသဖြင့် ထန်းရွက်ချင်း ရိုက်သံများက ဆူညံနေ၏။

ကျီးကန်းအုပ်ကလည်း ထန်းရည်အိုးများပေါ် နားလိုက်၊ မြူအိုးထဲက လိပ်ပြာသေ၊ ခါချဉ်သေများကို ထိုးစားပျံလိုက်နှင့် ဆူညံနေ၏။

"လေတိုက်နေတယ်"

"အရေးမဟုတ်ပါဘူး ... အောင်ဖေရ"

"တက်ချင်ရင် လေငြိမ်မှတက်ပါ ... ငခွေးကြီး"

"အညာမှာ ငါတက်နေကျပါ။ အညာလေနီကြမ်းက ဒီထက် ဝုန်းဒိုင်းကြသေး"

အညာမြင်းခြံ၊ ကျောက်ပန်းတောင်းနှင့် ရောဝတီမြစ်နံဘေးရှိ ထန်းတောများမှာ ဒုက္ခပေးသည်က 'လေ' ပဲဖြစ်သည်။

အညာလေက တိုက်ပြီဆို ဝုန်းဒိုင်းကြ၏။ ရွက်ချင်းရိုက်၏။ မြူအိုးချင်းရိုက်၍ ကွဲ၏။ လေတိုက်လျှင် ထန်းပင်ကို တက်ရဲသူမရှိကြ။

လေအငြိမ်ကို စောင့်လျှင်လည်း ထန်းရည်အရနည်း၏။ ထန်းရည်အရ နည်းလျှင် ထန်းလျက်ချက်ရာမှာ လျော့လေ၏။

သို့သော် ...

ကိုခွေးကြီးက ရဲတင်းသည်။ တိုက်နေသည့်လေကို ဂရုစိုက်နေလျှင် ထမင်းငတ်ကိန်းသာရှိမည်။ လေတိုက်ကြမ်းလျှင် အရွက်နှင့်ခို၍ စောင့်ပြီး မြူအိုးကို ချလေ့ရှိရကား ...

အညာကျောက်ပန်းတောင်းမှာ လေတိုက်တုန်း မြူအိုးချရဲသူဆို၍ သူတစ်ယောက်ပဲ ရှိလေ၏။

သည့်နောက် ကိုခွေးကြီးက ခါးသိုင်းကြိုးမပါ၊ ခြေကွင်းကြိုးနှင့် လေတဟူးဟူးတိုက်နေသည့် ထန်းပင်ပေါ်သို့ တက်လေ၏။

အလယ်သို့ရောက်လေ လေကတိုက်လေမို့ လေကွယ်ယူပြီး တက်လေ၏။ ဆံပင်များသည် လေထဲမှာ လွင့်နေ၏။

"ဟုတ်ပြီ ... ရောက်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"တက်ထား . . . ငခွေးကြီးရေ"

ထန်းပင်က မြင့်လွန်း၍ မော့တက်ရ၏။ နည်းနည်းမောချင်သလို ပင် ရှိလာ၏။ သို့နှင့် အားခဲပြီး တက်လိုက်သောအခါ ရှေ့ဆက်တက်လို့ မရတော့။ အပင်ရှေ့ အပင်ပေါ်မှ တစ်စုံတစ်ခုက တွန်းထားသလိုရှိပြီး တက်လို့မရ ဖြစ်နေ၏။

"တက်ပါကွ . . .။ ရောက်ခါနီးနေပြီ"

သူ ကြိုးစားပြီးတက်သည်။ ရှေ့က ခံနေသလိုရှိပြီး လုံးဝ တက်လို့မရ။ မော့ကြည့်တော့လည်း ဘာမျှမရှိ။ လေတိုက်ကြမ်း၍ လေပွေဖုန်စာများက မျက်လုံးထဲဝင်လာသဖြင့် မျက်စိကို မှိတ်ထားလိုက်၏။ ဖွင့်ချီပိတ်ချီလုပ်လိုက်လုပ်ရင်း မျက်ရည်စများကျလာလို့ အမြင်ပါ ဝေဝါးသလို ရှိလာနေသည်။

ဒါနှင့်အတူ သူ့မျက်နှာကိုလည်းကောင်း၊ ပခုံးကိုလည်းကောင်း ခြေထောက်လိုအရာမျိုးနှင့် တွန်းသလို ကန်သလို ခံစားနေရသည်။ သူကလည်း လုံးဝ ဂရုမစိုက်ဘဲ 'ငါကွ' ဟူသောဟန်နှင့် ပခုံးကို အားစိုက်တွန်းပင့်လို့ တက်သည်။

ဒီမှာပဲ ထန်းပင်ပေါ်မှ လေတိုက်အရှိန်ကြောင့် ခါချဉ်ထုပ်နှင့် ပရွက်နီထုပ် သူ့မျက်နှာပေါ်သို့ ပြုတ်ကျလာပြီး ခါချဉ်နှင့် ပုရွက်နီများက သူ့တစ်ကိုယ်လုံးကို ပြန့်ကြဲထိုးဆိတ် ကိုက်ကြတော့သည်။

သူ ဘယ်လိုမှ တင်းမခံနိုင်တော့။

ဦးခေါင်းကို ယမ်းခါပစ်သည်။ မျက်နှာပေါ်က အကောင်များကို ထန်းပင်စည်နှင့် ပွတ်တိုက်ပစ်ရင်းက ဘယ်လိုမှ မဟန်နိုင်တော့ဘဲ တဝုန်းဝုန်းတိုက်နေသည့် လေပြင်းလေသံကြားမှ ပြုတ်ကျသွားတော့သည်။

"ဟာ . . . ဟာ . . ."

"ဟ . . . င . . . ခွေး . . . ကြီး "

"အုန်း . . ."

"ဖောင်း . . ."

"အား . . ."





"င . . . ခွေး . . . ကြီး . . ."

အုန်းခနဲ ပြုတ်ကျသံနှင့်အတူ မြေကြီးနှင့် နောက်ကျောကုန်းထိရိုက်သံ ဖောင်းခနဲကြားရပြီး ထန်းတက်သမားငခွေးကြီး မှောက်တက်ပြန်ကျကာ လူးလွန့်အော်ဟစ်နေသည်။

မျက်နှာနှင့် ပါးစပ်၊ နှာခေါင်းမှ သွေးများ စီးကျနေသည်။ အောင်ဖေတို့အုပ်စုက ပွေ့ယူလှုပ်၍ ပါးစပ်မှ ကယောင်ကတန်းစကားများ ပြောဆိုပြီး ငြိမ်ကျသွားတော့၏။

အောင်ဖေ၊ ချွတ်ကရား၊ စိန်ကတုံးတို့က ရှိုက်ကြီးတငင် ပွေ့ဖက်၍ ငိုကြသည်။ စံလှနှင့် အောင်မောင်းတို့ကလည်း သူတို့ကြောင့် ဖြစ်ရလေခြင်းဟု စိတ်မကောင်းဖြစ်ကာ မျက်ရည်ကျကြတော့သည်။

လူကျသေဖူးသည့် ထန်းပင်ပေါ်မှ ထန်းတက်သမား ငခွေးကြီး ကျသေလို့ဆိုသည့်သတင်းကြောင့် ကြားရသူများ လာရောက်ဝိုင်းအုံကြည့်ပြီး စုပ်သပ်ကြ၊ အံ့သြကြ၊ စိတ်ထိနိုက်ကြ။

ဒီမှာပဲ ဝိုင်းအုံကြည့်နေသည့် လူအုပ်ကို တိုးဖယ်ပြီး လူတစ်ယောက်ဝင်လာလို့ သေသူရဲ့မျက်နှာကို ငုံ့ကြည့်နေ၏။

"ငခွေးကြီး . . . မဟုတ်လား . . . ဟေ"

"ဟုတ်တယ်"

"ငါပြောသားပဲ။ ဒေါ်မြချယ်ပြီးရင် ငခွေးကြီးလို့"

ပြောသံကြား၍ မော့ကြည့်လိုက်တော့ ဆင်ကျောကုန်းသချိုင်းမှ သုဘရာဇာသား မောင်ကံကြီးရဲ့ ရှုံ့ရှာစက်ဆုပ်ဖွယ် တစ္ဆေသရဲမျက်နှာကြီးကို မြင်လိုက်ရသည်။

ဒီမှာပဲ စိန်ကတုံးက ဝုန်းခနဲ ထရပ်ရင်းမှ . . .

"ကံကြီး . . ."

"ခွေးသား . . . နိမိတ်မရှိ နမာမရှိကောင်။ မင်းပြောခဲ့လို့ ငါတို့သူငယ်ချင်း ခုလို အသေဆိုးနဲ့ သေရတာ။ ကိုင်းကွာ . . ."

"ဖောင်း . . ."

"အား . . . ဟ . . . ဟ . . . နေ . . . နေ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ခွပ် …"

"အင့် …"

"သေကွာ …"

"ဖုန်း …"

"အား … ဟော့ … ဟော့ကောင်တွေ"

"ချ … ချ … မှတ်လောက်အောင် လုပ်ပစ်"

စိန်ကတုံးရဲ့ လက်သီးက သေမင်းငှက်ဆိုး ကံကြီးရဲ့မျက်နှာကို ဆိသွားပြီး ချာချာလည်သွားစဉ် အောင်ဖေနှင့် ချတ်ကရားတို့ရဲ့ လက်သီးနှင့် ခြေကန်ချက်များက တစ္ဆေသရဲလိုကောင် ကံကြီးရဲ့ခန္ဓာကိုယ် အနှံ့အပြားပေါ်သို့ ကရစပ် ကျရောက်သွားပြီး …

နောက်ဆုံး မောင်ကံကြီး လူအုပ်ကိုထိုးဖောက်၍ သူ့ရဲ့ ဘူမိနက်သန် ဆင်ကျောကုန်း သချိုင်းရှိရာအရပ်သို့ ခြေကုန်သုတ်ပြေးရတော့လေသည်။

✿ ✿ ✿

[ ၁၆ ]

ကံကြီး … တဲ့။

နာမည်က ကံကြီးပါသော်လည်း ဘ၀က လုံး၀ မဖွံ့ထွားခဲ့။

သူ့နာမည် ကြားကြသည်နှင့် သူနှင့် သွားရင်း လာရင်း ထိုင်ရင်း မျက်နှာချင်းဆိုင်မိသည်ရှိသော် လူအတော်များများက ကံကြီးကို ကြောက်ကြသည်။

ရွံ့ကြသည်။ ဝေးရာသို့ ရှားကြသည်။

မည်သူကမျှ အဖက်လုပ်၍ ကိုကံကြီး … နေကောင်းလား။ မောင်ကံကြီး … ဘယ်ကလာတုံး ပဋိသန္ထာရစကားဖြင့် နှုတ်ခွန်းမဆက်ကြ။ မြင်သည်နှင့် ကွင်းရှောင်ကြ၏။ ခေါ်လျှင် မကြားချင်ယောင်ဆောင်ပြီး ခပ်သုတ်သုတ် ပြေးကြ၏။

ဘာဖြစ်လဲ။

သူ့ကို ဒီလို အရေးမလုပ်လို့ အဖက်မတန်သလို လုပ်ကြသည့်ရော ကံကြီးက မည်သူ့ကိုမျှ ဂရုမစိုက်။



www.burmeseclassic.com

www.burmeseclassic.com



ကံကြီးက ကံကြီးပဲ။

အလုံးလည်းမလျော့၊ အရပ်လည်းမလျော့။ အသက်လည်း တိုးမသွား။ စားလို့သောက်လို့တောင် ကောင်းသေးရဲ့။

ကံကြီးရဲ့အဖေက ဆင်ကျောကုန်းသချိုင်းက သုဘရာဇာ 'ကျောက်ကွဲ'။

ကံကြီး လူ့လောက လူ့ဘဝသို့ရောက်လာသည့် ဖြစ်ရပ်ကလည်း ဆန်းကြယ်၏။ လျှို့ဝှက်၏။

အဲဒီအချိန်တုန်းက သုဘရာဇာ ကိုကျောက်ကွဲက ဆင်ကျောကုန်းသချိုင်းရဲ့ လူသေကောင် မြေမြှုပ်ကျင်းတူး မီးသင်္ဂြိုဟ်ကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်နေသည့် သချိုင်းအပိုင်စားကြီး။

သုဘရာဇာ ကိုကျောက်ကွဲရဲ့အဖေ ဦးဆင်ခြေထောက်ကလည်း သုဘရာဇာပဲဖြစ်သည်။

ညာဘက်ခြေထောက်က ဆင်ခြေသလုံးနီးပါး ကြီးလွန်း၍ ဦးဆင်ခြေထောက်ဟု ခေါ်၏။ ဦးဆင်ခြေထောက်သေတော့ နာရေးကိစ္စအဝဝကို ပူးတွဲလုပ်ကိုင်ဖူးသည့် အတွေ့အကြုံရှိသူ ကိုကျောက်ကွဲက ဆက်လက်တာဝန်ယူ လုပ်ကိုင်ခဲ့၏။

သူ့အထက်မှာ စည်ပင်သာယာက ဝန်ထမ်းတစ်ဦးပဲရှိ၏။ ဝန်ထမ်းကလည်း ရုံးလုပ်ငန်းဆိုင်ရာကိစ္စပဲ ပြောဆိုပြီး သချိုင်းကို စီးကြပ်စောင့်ရှောက် ကိစ္စပြီးမြောက်အောင် လုပ်ရသည်က ကိုကျောက်ကွဲပဲဖြစ်သည်။

ကိုကျောက်ကွဲမှာ မယားတစ်ယောက်ရှိ၏။

အမှန်က ကိုကျောက်ကွဲ မယားနှစ်ယောက် လိုချင်ရှာ၏။ တစ်ခါတစ်ရံ တစ်နေ့ကို အသုဘသုံးလောင်း တစ်ပြိုင်နက်ချလာတာမျိုးရှိ၏။ ဆင်ကျောကုန်းသချိုင်းမှာက ရန်ကုန်၊ မန္တလေးလို မီးသင်္ဂြိုဟ်စက်မရှိ။ ထင်းလောင်စာမီးသုံး၍ သင်္ဂြိုဟ်ပေးရသည်။

တစ်နေ့တည်း သုံးလေးလောင်း မြှုပ်ရသည့်နေ့မျိုးကြုံလျှင် ကျင်းသည်း သုံးလေးကျင်းတူးရ၏။ အဲဒီကျလျှင် လွှတ်ပင်ပန်းသည်။ သားသမီးကူဖော်လောင်ဖက် မရှိသဖြင့် မယားနှစ်ယောက်သာရှိလျှင် ...





တစ်ယောက်က ချက်ရေးပြုတ်ရေးလုပ်။

တစ်ယောက်က သူနှင့် မြေကျင်းတူးရာမှာ ဝိုင်းကူပေးပါက အလုပ်လည်း တွင်ကျယ်သည်။ ကိုယ်လည်း အသက်ရှည်မည်ဟု တွေးမိ၏။

သို့သော် မယားနှစ်ယောက်ယူရေး စီမံကိန်း စိတ်ကူးထဲမှာသာ ပုံပေါ်ခဲ့သည်။ လက်တွေ့မှာ အကောင်အထည် လုံးဝမပေါ်ခဲ့။

ဒီကိစ္စ သူ့မယားချော မယားလှ မအုန်းမှုတ်ကို ဖွင့်မပြောဖြစ်သေး။ ပြောသည်ရှိသော် သူ မြေကြီးတူးသည့် ပေါက်တူးအသွားထက်ထက်သည် သူ့ဖက်ပေါ် ရောက်ရှိလာနိုင်၏။

အကြောင်းကား ... အုန်းမှုတ်သည် ဒေါသကြီးသောကြောင့် ဖြစ်၏။

သုဘရာဇာမယားဖြစ်၍ အနေဆင်းရဲ အဝတ်ဆင်းရဲသော်လည်း လင်လုပ်သူ ကိုကျောက်ကွဲကို ချစ်မြတ်နိုးတော်မူ၏။ မည်သည့်မိန်းမနှင့်မျှ စကားလက်ဆုံပြောသည်ကို မကြိုက်။

တစ်ခါတုန်းကလည်း သူတောင်းစားမလေး မိဂွက်ကြီးနှင့် စကားပြောမိရာ ... ဒါ ... တော့်မယားငယ်လားဟုမေးပြီး ပြဿနာရှာ၍ မနည်းဖြေရှင်းပြရ၏။

မိဂွက်ကြီးလည်း ပက်ပက်စက်စက် အစွပ်စွဲခံရ၊ ဆဲရေးတိုင်းထွာခံရပြီး နောင် သုဘရာဇာ ကိုကျောက်ကွဲကို လမ်းမှာတွေ့သည့်တိုင် စကားနှုတ်ဆက် မပြောရဲတော့။

သုဘရာဇာမှာပဲဖြစ်ဖြစ်၊ သူတောင်းစားမှာပဲဖြစ်ဖြစ်၊ အနူအနာမှာပဲဖြစ်ဖြစ် အချစ်နှင့် စပ်လျဉ်းလာလျှင် သဝန်ကြောင်စိတ် ရှိစမြဲသာတည်း။

ဘဝဆင်းရဲကြသော်လည်း အချစ်နှင့် တည်ဆောက်ထားသော သူတို့ဂမ္ဘာလေး။

အားကိုးယုံကြည်ခြင်းနှင့် ဘဝခရီး အဆုံးသတ်သည့်တိုင် သွားကြမည်ဟု ရည်စူးထားသည့် အညတြကမ္ဘာလေး ...။ မျက်ရည်၊ အလွမ်း၊ ကြေကွဲခြင်း၊ ရင်နာရခြင်းတို့ဖြင့် အဆုံးမသတ်လိုကြ။



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ကား ...

သုဘရာဇာ ကိုကျောက်ကွဲရဲ့ကတော် မဟေသီ မအုန်းမှုတ်က ဆိုဖီယာလောရင့်လောက် လှလို့လား။

ရုပ်ရှင်မင်းသမီး ( ..... ) လောက်ချောလို့ ဖြောင့်လို့လား။

ကိုကျောက်ကွဲကရော ... မောင်ဗမာဘကွန်းလို၊ အာနိုးလို၊ ဂျိမ်းစဘွန်းလို တောင့်လို့ တင်းလို့ ချမ်းသာနေလို့လား ... တဲ့။

ကိုကျောက်ကွဲမျက်နှာကား တောရှောက်ခါးသီးလို မျက်နှာတစ်ခြမ်းလုံး ဘုသီးတွေ ပွနေ၏။ အပိန့်အပိန့်အမျှားကြီး။ လက်ပြင်က ကုံး၏။ နားရွက်နှစ်ဖက်က မွေးကတည်းက လိပ်နေ၏။ နှာခေါင်းက သိန်းငှက်နှုတ်သီးလို ကောက်သေး၏။

ခြေသလုံးကား ...

ဆဒ္ဒန်ဆင်မင်းဝတ္ထုမှ သောနုတ္တရမုဆိုး ခြေသလုံးလို အသားတွဲကျပြီး ခြေသလုံးမွေးအရှည်ကြီးတွေမှာ ရွှံ့ မြေကြီး သီးနေ၏။

မသာကျင်းတူးတိုင်းရသည့် ကွမ်း၊ ဆေးများကို နေ့စဉ် မှီဝဲသုံးဆောင်လွန်း၍ ရှိသမျှသွားများက မီးသွေးခဲများ တန်းစီထားသလို မည်းညစ်ပြီး ...

ရေကလည်း ချိုးချင်မှချိုး၏။

'ကိုကျောက် ... ရေချိုးလေ' ဟု ခရာတာတာအသံနှင့် မအုန်းမှုတ်က ပြောလျှင် ...

"ရေချိုးလို့ သေတဲ့မသာ ငါမြှုပ်ပေးတာ များပြီ။ ရေမချိုးလို့ သေတဲ့မသာ တစ်လောင်းမှ မလာသေးဘူး။ ရေက ချွေတာမှပေါ့ ... မိအုန်းမှုတ်ရ"

"တော့်ဟာ ဘာကိစ္စနဲ့ ရေကို ချွေတာနေတာတုံး"

"ကမ္ဘာကြီးက တစ်နေ့တခြား ပူနွေးလာနေတယ်"

"အံမယ် ... ရှင်က ..."

"ပြီးတော့ ... သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကြောင့် အိုဇုန်းလွှာတွေလည်း ပျက်စီးလာပြီ"

စိတ်ကူးသစ်စာပေ



"ကို ... ကျောက် ... ကွဲ ..."

"ကမ္ဘာမြေကြီးအလွှာမှာ ရေဓာတ်လျော့နည်းလာပြီ။ ဒါကြောင့် ငါ ရေကို ချွေတာတဲ့သဘောနဲ့ မချိုးတာ"

"သေချင်းဆိုး ... လူညစ်ပတ်ကြီး။ ကိုယ့်ဘာသာကိုယ် သောက်ပျင်းထူ ရေခပ်မချိုးချင်တိုင်း ကမ္ဘာကြီး ပူနွေးသလေး၊ အိုဇုန်းလွှာ ပေါက်သလေးနဲ့ သုဘရာဇာပါးစပ်နဲ့ မတန်အောင် သောက်ကြီးသောက်ကျယ် ပြောနေတယ်။ သိပ်မပြောနဲ့ ဝမ်းတော်လားပြီး သေဦးမယ်။ ရေမချိုးရင် တော် ညကျ ကျုပ်နားမကပ်နဲ့။ ဒါပဲ"

"တကယ်လား ... အိုးလေးရ ... အဟဲ ... ဟဲ ..."

"ဟွန်း ... ကုပ်ကမြင်းကြီး။ အမြင်ကို ကပ်ပါ့တော်"

သို့ကလိုပြောပြီး မျက်စောင်းတစ်ချက်ထိုး၊ ခြေဆောင့်ပြီး ရေပုံးကိုချ၍ ရေငင်ရန် ရေတွင်းရှိရာသို့ သွားလေသည်။

မအုန်းမှုတ်ကလည်း သူ့လင်တော်မောင် သူတော်ကောင်းကြီးကို ပါးစပ်ကသာ ပက်ပက်စက်စက် ပြောရပေမယ့် မမုန်းနိုင်။

တိုးလို့ ချစ်ရ၏။ ပိုလို့ ချစ်ရ၏။

ညဘက် သူ့လက်ကြမ်းကြမ်းနှစ်ဖက်နှင့် သူမရဲ့ကိုယ်လေးကို ပွေ့ဖက်ထားလျှင် ရင်တလှပ်လှပ် ဖြစ်ရ၏။

နှုတ်ခမ်းမွေး ထူကြမ်းကြမ်းကြီးနဲ့ သူမရဲ့ပါးကို လာပွတ်လျှင် တစ်ကိုယ်လုံး ဖိန်းဖိန်းရှိန်းရှိန်းနှင့် သွေးကြောများ ပူနွေးလာရ၏။

ကွမ်းတံတွေးပေနေသည့် သူ့နှုတ်ခမ်း ကြမ်းထော်ထော်ကြီးနှင့်များ သူမရဲ့နှုတ်ခမ်းပေါ် ကနှုတ်ကင်းလျှောက်သလို ထိနမ်းတို့နမ်း လုပ်လိုက်လျှင် တစ်ဆွေမျိုးလုံးကို မေ့သွားရ၏။

ပြီး ... ကိုကျောက်ကွဲရဲ့ အတွေ့အထိ အယုအယ ဆန္ဒအားပြည့်မှုများက အသည်းခိုက် အရိုးစွဲရလွန်း၍ ...

ဒီလင်ကို သူ မမုန်းနိုင်၊ မပစ်နိုင်။

ခုနေ ကားပါသည့်ယောက်ျား၊ တိုက်အိမ်ပါသည့်ယောက်ျားနှင့် ပေးစားမယ်ဆိုလာဦး ခေါင်းခါငြင်းပယ်လိုက်မည်သာ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကား ...

ချစ်လင် ကိုကျောက်ကွဲရဲ့ မီးကုန်ယမ်းကုန် အချစ်ကြမ်းကြမ်းများက နောင်ဘဝရောက်သည့်တိုင် စွဲနေရသည့် အချစ်ဖြစ်သောကြောင့် တည်း။

ကောင်းပြီ။

မိအုန်းမှုတ်ကို ကိုကျောက်ကွဲ မမုန်းနိုင်၊ မခွာရက် ဖြစ်နေတာကရော။ မိအုန်းမှုတ်က 'ဘားဒေါ့' လို လှနေလို့လား။

ရင် (၃၆)

ခါး (၂၁)

တင် (၃၈) အတိုင်းအထွာ ရှိနေလို့လား။

လုံးဝပါပဲ ခင်ဗျာ။

သို့သော် ဦးပုည၏ ရေသည်ဇာတ်ထုပ်မှ ရေသည်မိန်းမထက်တော့ သာပေ၏။

မအုန်းမှုတ်မှာ ဆံပင် လက်တစ်ဆစ်သာရှိ၏။ မျက်နှာဝိုင်း၏။ နှာခေါင်းပြား၏။ ခြေဆံလက်ဆံ ကြီး၏။ အရပ်ရှည်၏။ အရပ်ကား လင်လုပ်သူ ကိုကျောက်ကွဲထက် ခေါင်းတစ်လုံးမြင့်၏။

ထာဝစဉ် ထမီရင်လျားနှင့် နေ၏။ အသားကား ဝါဝွမ်းနှစ်လို မဖြူ။ အိုးဖင်လို မည်းနက်နေ၏။ သို့သော် ခါးသေး၏။ ရင်သားနှစ်ခုကား ဖနော်နွယ်နို့ကဲ့သို့ နို့ပျဉ်းကျနေ၏။

ထူးခြားသည်ကား ...

တင်ပါးဖြစ်လေ၏။ တင်ပါးသည် ပြားနေသော်လည်း ကားနေ၍ တင်ဝိုင်းသည်ဟု ဆိုရချိမ့်မည်။ ဤအရာကို ကိုကျောက်ကွဲ မြတ်နိုးစုံမက်တော်မူ၏။

မအုန်းမှုတ်၏ မွန်မြတ်သော အရည်အချင်းကား ...

လက်ထဲမှာ ပိုက်ဆံတစ်ပြားမျှ မရှိလည်း ငွေမရှိဘူးရှင် ... စားပြထွက်တိုက်တော့ဟု လုံးဝမတိုက်တွန်း။

အသုဘခေါင်းပေါ်က စားမြိန်စာထုပ်ရလျှင် မနက်စာညစာကိစ္စ





ပြီး၏။ မအုန်းမှုတ် ဆိတ်သားဒံပေါက်၊ ကြက်သားဒံပေါက်၊ အမဲသားဒံပေါက် အကုန်စားဖူး၏။

ငွေကုန်ကြေးကျခံ၍ ဝယ်စားရသည်မဟုတ်။

ပိုက်ဆံရှိသည့် အသုဘချလာလျှင် ခေါင်းပေါ်မှာ အဲဒါတွေပါ၏။ ထိုအာဟာရများကြောင့် မအုန်းမှုတ်ရဲ့ အသားအရေ ပျော့တွဲတွဲမဟုတ်။ တင်းတင်းရင်းရင်းရှိ၏။ ပေါင်းသားနှစ်ဖက်ဆို မာတင်းနေ၏။

ညဘက်ရောက်လျှင် လင်လုပ်သူ ကိုကျောက်ကွဲရဲ့ အာသာဆန္ဒသဘောကို နားလည်၏။

ခမျာ တစ်နေ့လုံး ပင်ပန်းရှာသည်။

ညဘက်ရောက်မှ သူမ (ချစ်မယား) ရဲ့ နို့ပျဉ်းတွဲရင်ခွင်မှာ ခေါင်းတင်မှေးစက်ပြီး အချစ်အားဆေးကို သောက်သည်။ နောက်နေ့ မသာကျင်းတူးရန် ကြံ့ခိုင်အားဖြည့်ရရှာသည်ကိုး။

အုန်းမှုတ်က သူ့အပေါ် သစ္စာရှိ၏။ ရိုးမြေကျပေါင်းမည်ဟု သစ္စာပြု၏။ အစ်ကို ကျွန်မတစ်ကိုယ်လုံး နေ့နေ့ညည အလိုရှိသလိုသာသုံး။ ဒါပေမဲ့ မယားငယ်တော့ မယူနဲ့။

ယူခဲ့ရင်တော့ ...

ကျွန်မကိုယ်တိုင် ကျင်းတူးပြီး အရှင်လတ်လတ် မြေမြှုပ်ပစ်မည်ဟု ချစ်ဖွယ်သောစကားကို အိပ်ရာပေါ်ရောက်တိုင်း သတိပေးလေ၏။ ကြက်သီးထသော်လည်း တိုး၍ ချစ်ရလေ၏။

သို့ဖြစ်၍ သုဘရာဇာ ကိုကျောက်ကွဲ ချစ်မယားစကားကို မြေဝယ်မကျ ကောင်းကင်ပေါ်လွင့်ခမန်း နားထောင်လေ၏။

မယားစကား ...

နားထောင်ပြား ...

သံမဏိ စိန်ကျောက်ဖောင်း ...

ဖွဲ့သော်ပြောင်း၏ဟု ခံယူလေ၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၁၇ ]

❑

ကိုကျောက်ကွဲနှင့် မအုန်းမှတ်တို့ရဲ့ အချစ်နှင့် တည်ဆောက်ထားသော ကမ္ဘာရွာကလေးရှိရာသို့ တစ်နေ့သောအခါ မေတ္တာတုံးလေးတစ်ခု မခေါ်ဘဲနှင့် ရောက်ရှိလာပြီး သမုဒယသံယောဇဉ် အပင်တစ်ပင်ဖြစ်၍ လာခဲ့လေ၏။

အဖိတ်နေ့ညသည် ... သန်းခေါင်ယံအချိန်။

ဆင်ကျောကုန်းသချိုင်း တစ်နေရာမှ ကလေးငိုသံ ကြားရ၏။

ကလေးငိုသံက တစ်ချက်တစ်ချက်မှာ ရှူးရှူးဝါးဝါး တုန်တုန်ခြစ်ခြစ် ငိုသံ။ နာကျင်လွန်းလို့ ငိုသည့်အသံ။

"ကိုကျောက်ကွဲ ... ကိုကျောက်ကွဲ ..."

တခူးခူးနှင့် ဟောက်ပြီး အိပ်မောကျနေသည့် လင်လုပ်သူကို မအုန်းမှတ် လှုပ်နှိုးလိုက်သည်။

"ကို ... ကျောက် ... ကွဲ ..."





"ဘာလုပ်မလို့တုံးဟာ။ ပင်ပန်းရတဲ့အထဲ။ နှိုးမှပဲ ..."

"ကလေးငိုသံ ကြားလို့တော့"

"သချိုင်းကုန်းဥစ္စာ ... ကလေးသရဲခြောက်တာ နေမှာပေါ့။ အိပ် အိပ်"

"ရှင် ထဆို ထနော်။ ကျုပ်ကို ဘာမှတ်လို့လဲ"

"မထဘူးဟာ။ သွား ... ဂန်းနာမ"

ကိုကျောက်ကွဲ ပင်ပန်းလွန်း၍ အိပ်ပျော်အောင် အရက်သောက်အိပ်ရ၏။ မယားလုပ်သူက ဆွဲထူနှိုးသော်လည်း မထဘဲ တွန်းပစ်၍ ပြန်အိပ်၏။

နောက်ဆုံး ဆံပင်ကိုဆွဲ၍ ခပ်ကြမ်းကြမ်း ဆဲရေးတိုင်းထွာ ဆွဲထူလိုက်မှ သုဘရာဇာ အကောင်းစားကြီး ကိုကျောက်ကွဲ အိပ်ချင်မူးတူးနှင့် ဆတိုင်လိုက်သည်။

"သေနာမ ... ငါ့ကို တော်တော်ဒုက္ခပေး။ ပြော ... ဘာတုံး"

"တော် ... သေသေချာချာ နားထောင်စမ်း"

"ကြားလား ..."

"အင်း ..."

"ဘာသံတုံး ... ပြော ..."

ကိုကျောက်ကွဲက နားစွင့်ရင်းမှ ပြောလိုက်သည်။

"ကြွက် ... အော်သံ ... ဟ"

"ဟင် ... ကိုင်း ... ကိုင်း ... သေဟ"

"အား ... မ ... လေး ... မလုပ်ပါနဲ့ဟ"

"ပြန်နားထောင်ပြီး ပြောစမ်း။ ဘာသံတုံး"

"ငိုသံဟ"

"ငိုသံတော့ တော်ပြောမှလား။ ကလေးငိုသံလား၊ လူကြီးငိုသံလား"

ကိုကျောက်ကွဲ နားစွင့်၍ အာရုံစိုက်လိုက်၏။

"ကလေးပေါက်စ ငိုသံဟ"



www.burmeseclassic.com

www.burmeseclassic.com



"သွားကြည့်ကြမယ်တော်။ ထ …"

"တစ္ဆေသရဲမြင်ရင် ဘယ်လိုလုပ်မတုံးဟ … မိအုန်းရ"

"ဒီမှာရှင့် … အနှစ်နှစ်ဆယ်နီးပါး လူသေကောင်မြေမြှုပ်ပြီး သင်္ချိုင်းကုန်းမှာ ခေါင်းချရမည့် သုဘရာဇာ ကိုကျောက်ကွဲကြီးရဲ့။ တော် ဒီသင်္ချိုင်းမှာ တစ္ဆေသရဲ နာနာဘာဝပေါင်းစုံနဲ့ နေ့ရော ညရော နေလာတာ ဆွေရင်းမျိုးရင်းလို ဖြစ်နေပြီ။ လုပ်မနေနဲ့။ ကြောင်မနေနဲ့။ ကြောက်မနေနဲ့။ ထ . . သွားကြည့်ကြမယ်။ ထလေ … လုပ်လိုက်ရင် သေတော့မှာပဲ"

သည့်နောက် မိန်းမစကား နားထောင်ပြား အောက်သွားသုံးချောင်း ပိုနိုင်ကောင်း၏ … စကားကို နှလုံးမူ၍ လင်မယားနှစ်ယောက် ဒီဖယ် ဖားမီးခွက်ကြီးထွန်းပြီး သင်္ချိုင်း ကလေးငိုသံကြားရာ ဂူကြိုဂူကြား မြေပုံကြို မြေပုံကြားသို့ ထွက်လာခဲ့လိုက်ကြသည်။

"ရှူး …"

"အမယ်လေး …"

"ဘာတုံးတော့်"

"နင့်အမေကလွှား … မြွေဟ … ကိုင်းဟာ … သေ … သေ"

ဦးကျော်ဦး အသက် (၉၇)နှစ်ဟူသော မြေပုံအနီးမှ မြွေဟောက် တစ်ကောင် ပါးပျဉ်းထောင်ပြီး ရှူးဟု အသံပေးလိုက်သဖြင့် ကိုကျောက်ကွဲ က မြေကြီးတုံးတစ်တုံးနှင့် ကောက်ပေါက်လိုက်မှ မြွေဟောက်က ထွက် ပြေးသွားတော့၏။

"ငါ မြွေကိုက်လို့သေရင် နင် မုဆိုးမဖြစ်မှာ သိလား"

"ခု မသေဘူးမဟုတ်လား"

"ဂန်းနဲ့မ … ပြောလိုက်ရင် … ဟင်း"

"ဟိုဘက်နားကတော့ … ကိုကျောက်ကွဲရဲ့"

သူတို့ မြေပုံများ အုတ်ဂူများကို ကွေ့ကျော်လာခဲ့ကြသည်။ ကြည် တင့်နိုင် အသက် (၉၀) အုတ်ဂူနားကို မီးထိုးရှာသည်။ သို့နှင့် ရှေ့ဆက် တိုးပြီး ရှာလိုက်သောအခါ ကိုဖော်ဖေ အသက် (၆၁) နှစ်ဟူသော အုတ်ဂူ





ရှေ့ မြေကွက်လပ်မှာ ခြေကားယား လက်ကားယားနှင့် အော်ဟစ်ငိုနေသည့် ရက်သားအရွယ် ကလေးနီတာရဲလေးကို မမျှော်လင့်ဘဲ မြင်လိုက်ရတော့ သည်။

အလို … ကလေးကတခြား၊ အနီးကတခြား ဖြစ်လို့ပါလား။

လက်ကလေးနှစ်ဖက်ဆုပ်ပြီး ခြေကန်၍ ကျွက်ကျွက်ညံအောင် ငို နေရှာသည်။

ကလေးရဲ့အနီးမှာ မြေကြွက်ကြီးသုံးကောင်က နှုတ်ခမ်းမွေးများ ထောင်ပြီး ရစ်သီရစ်သီ လုပ်နေကြ၏။

ဒီမှာ တစ်ကောင်သော မြေကြွက်ကြီးက ကလေးချက်ကို လှမ်း ဟပ်လိုက်၍ ကလေးက ငယ်သံပါအောင်အော်ပြီး ထွန့်ထွန့်လူးနေ၏။

ကိုကျောက်ကွဲနှင့် မအုန်းမှုတ်တို့လင်မယား အာသာငမ်းငမ်းဖြစ် နေသည့် မြေကြွက်ကြီးသုံးကောင်ကို ခြောက်လှန့် မောင်းနှင်လိုက်ပြီး နောက် …

ကလေးအနီးကို တိုးကပ်သွားရန် ဟန်ပြင်လိုက်စဉ်မှာပဲ 'ရှူး' ဆိုသော အသံကြား၍ ဖျတ်ခနဲ လှည့်ကြည့်လိုက်တော့ …

မြွေဟောက် …။

မြွေဟောက်ကြီးက နည်းတဲ့ကောင်မဟုတ်။ ပါးပျဉ်ထောင်ပြီး ခပ် ရဲရဲ ရှေ့တိုးလာနေသည်။

"ကို … ကျောက် … မြွေ … မြွေ …"

"ဟာ … အကြီးကြီးပဲ။ ဒီတစ်ခါ နင် မုဆိုးမဖြစ်မှာ ကျိန်းသေ ပဲ"

"သောက်ရေးထဲတော် … မြန်မြန်လုပ်ပါတော့ ကလေးကို ပေါက် တော့မယ်"

ကိုကျောက်ကွဲက လက်ထဲက မီးခွက်ကြီးကိုမြှောက်ပြီး ဟန့်လိုက် လို့ ပေါက်မလိုလုပ်နေသည့် မြွေကြီးတန့်သွားကာ သူတို့နှစ်ဦးကို ပါးပျဉ်း ကြီး ဘယ်ညာယိမ်းလို့ စိုက်ကြည့်နေ၏။

"ရော့ … နင် မီးခွက်ကိုင်ထား"



www.burmeseclassic.com

www.burmeseclassic.com



"သတိနဲ့လုပ်နော်"

"ငါ ... မသေပါဘူးဟာ"

"တော့်ကို စိုးရိမ်လို့မဟုတ်ဘူး။ ကလေးကို ..."

"သောက်ကန်းမ ... ဖွီ ..."

ကိုကျောက်ကွဲ မယားလုပ်သူကို မီးခွက်လှမ်းပေးပြီး ဟိုဟိုဒီဒီ လိုက်ရှာလိုက်တော့ ခေါင်းတင်ရာမှာ ရှေ့နောက်ကန့်လန့်ခံသော တုတ်တို တစ်ချောင်းတွေ့ရသည်။ လျင်မြန်စွာ တုတ်တိုကို ကောက်ယူလိုက်ပြီး ပါးပျဉ်း ထောင်နေသည့် မြွေဟောက်ကြီးကို စလွယ်ပင့် ပင့်ရိုက်လိုက်ရာ ...

ဖောင်းခနဲ မြည်သံနှင့်အတူ မြွေဟောက်ကြီး နောက်ပြန်လွင့်ကျ သွားတော့၏။ သည့်နောက် လေးငါးချက် ဆက်တိုက်ရိုက်ပစ်လိုက်တော့မှ မြွေဟောက်ကြီး လူးလွန့်ရာမှ ငြိမ်သက်သွားတော့သည်။

"သေပြီ ..."

မအုန်းမှုတ်က ထွန့်ထွန့်လူးငိုနေသည့် ကလေးနီတာရဲလေးကို ကောက်ပွေ့ချီလိုက်၏။ ကြည့်စမ်း ... ကလေးကိုယ်ပေါ်မှာ ပုရွက်ဆိတ် တွေကိုက်လို့။

မအုန်းမှုတ်က ကလေးကိုယ်ပေါ်မှ ပုရွက်ဆိတ်များကို လက်နှင့် ပွတ်သပ်ပယ်ရှားလိုက်ပြီး အနီးအဖြူလေးနှင့်ထွေး၍ ရင်ခွင်ထဲမှာ ပိုက်ပွေ့ ချီထားလိုက်၏။

ကလေးငယ်က နို့ဆာလွန်း၍ထင့် သူ့လက်မကို သူ့ပါးစပ်ထဲသွင်း ပြီး အားရပါးရ စုပ်နေ၏။

"ကိုကျောက်ကွဲ ..."

"ဟေ ..."

"တစ္ဆေသရဲမဟုတ်ဘူး။ လူတော့် ... လူ ... လူ ..."

"အေးဟ ... ဘယ်သူ့ကလေးများပါလိမ့်ဟာ"

"မဟုတ်မှလွဲရော ... ဒါ ကလေးကို စွန့်ပစ်သွားတာနေမယ်"

"ရက်စက်လိုက်ကြတာကွာ။ တောက် ..."

"ကျုပ်တို့ မွေးစားရမှာပဲ"

---

စိတ်ကူးသစ်စာပေ



"ဖြစ်ပါ့မလား ... အုန်းမှုတ်ရာ။ တော်ကြာ ကလေးခိုးမှုနဲ့ လာ ဖမ်းနေမှ ..."

"အိုတော် ... ရှင့်ဦးနှောက်နဲ့ စဉ်းစားစမ်း။ သချိုင်းကုန်းကို လာ စွန့်ပစ်သွားတာဟာ သူတို့လိုချင်လို့လား၊ မလိုချင်လို့လား။ တော့်မှာ ... ဦးနှောက်ပါရဲ့လား ... ဟင်"

"အေးဟ ..."

"ကိုင်း ... ကိုအေးဟကြီး ... မြန်မြန်သွားကြစို့။ ကလေးကို ရေပတ်နဲ့သန့်စင်ပြီး ထမင်းရည်လက်ကျန်လေး တိုက်ကြစို့"

မအုန်းမှုတ်က ကလေးကိုပွေ့ပိုက်ပြီး ရှေ့ကသွား၏။ ကိုကျောက် ကွဲက မြွေဟောက်အသေကြီးကို အမြီးကဆွဲပြီး ဖားမီးခွက်မြှောက်၍ နောက် က လိုက်လေသည်။

ဒီနေ့သည် သားရတနာကောက်ရခြင်း အထိမ်းအမှတ်အနေနှင့် မြွေ သားချက်နှင့် အရက်မြည်းပြီး မင်္ဂလာယူရမည် ပိုင်းဖြတ်ကာ အူမြူးရွှင်ပ ဖြစ်နေလိုက်လေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၁၈ |

❑

ပြောရလျှင် မောင်ကံကြီးဘဝက အဖေအရင်းဘယ်သူ၊ အမေအရင်းဘယ်သူ ဘယ်သူမှ မသိကြ။ မပြောနိုင်ကြ။

ဒီလိုနှင့် ...

ဆင်ကျောကုန်းသင်္ချိုင်းမှ သူဘရာဇာ ကိုကျောက်ကွဲနှင့် သူဘရာဇာကတော် မအုန်းမှုတ်တို့၏ ရှုမဝ၊ နမ်းမဝ၊ ချစ်မဝ သားချောသားလှ ရတနာတုံးတစ်ခု ဖြစ်ခဲ့ရလေ၏။

မအုန်းမှုတ်က နို့မထွက်။

ကိုကျောက်ကွဲက နို့ပဲ ဖွတ်တိုက်စို့နိုင်းနေ၍ အရေးထဲ လင်လုပ်သူ ကိုကျောက်ကွဲကို 'တုတ်ရ' သေး၏။

ဘယ့်နှယ် ...ကိုယ်က ကလေးမှ မမွေးဖူးတာ။ ဘယ်လိုလုပ်ပြီး သားမြတ်အစုံက နို့ထွက်ပါ့မလဲ။ ကလေးပါးစပ်ထဲ နို့သီးခေါင်းထည့်ပေးတော့ အားရပါးရ စို့၏။





အိုး ...ယားလိုက်တာ မပြောပါနဲ့တော့။

နို့မထွက်တော့ ထမင်းရည်တိုက် မွေးရ၏။

အရေးထဲ ကိုငတုံးကြီးက မအုန်းမှုတ် နို့ထွက်ကောင်းအောင် နွားအမြီး မီးဖုတ်ပြုတ်သောက်ဖို့ အကြံပြုနေသေး၏။

သင်းကို ဥပေက္ခာပြုပြီး ထမင်းရည်ကိုလည်း အားပြုတိုက်ပေးရ၏။

ဒီမှာ ကိုကျောက်ကွဲက သင်္ချိုင်းထဲဝင်လာသည့် ရွာထဲက ဆိတ်မများရဲ့နို့ကိုညှစ်ပြီး အမျိုးကောင်းသားလေးကို တိုက်ရ၏။

ထမင်းရည်နှင့် ဆိတ်နို့ အလွန်ကြိုက်သည့် ကောင်ကလေး။

သင်းကလေးကို မြေကြွက်ကိုက်မည့်ဘေး၊ ခွေးကိုက်သေမည့်ဘေး မြွေကိုက်သေမည့်ဘေးအန္တရာယ်မှ ကံကြီးလှစွာ လွတ်ကင်း၍ အသက်ရှင်လာသောကြောင့် ...

ဘယ်ဗေဒင်ဆရာနှင့်မှ ညှိနှိုင်းတိုင်ပင်မနေတော့။

ဒါတောင် သူ့အဖေ ကိုကျောက်ကွဲက ဗေဒင်ဆရာကြီး ဦးမှိုင်းညိုနှင့်တိုင်ပင်၍ နာမည်ပေးပါမည်ဟု လုပ်လိုက်သေး၏။

"ဒီမှာရှင့် ကိုကျောက်ကွဲရဲ့"

"ဘာတုံး"

"ရှင့်ဗေဒင်ဆရာကြီး ဦးမှိုင်းညိုက ဘယ်တုံးကများ မှန်လို့လဲ"

"နာမည်ကြီး ဗေဒင်ဆရာဟ"

"သူ့နာမည်ကြီးတာ မှန်လို့ကြီးတာမဟုတ်ဘူး။ ဖြီးလို့ ကြီးတာ"

"နင်ကလည်းဟာ"

"ရှင် မကြားဘူးလား။ စာရေးဆရာ မောင်မြင့်မား (ဘိုကလေး) ကို ဟောလိုက်တာ"

"ဘယ်လိုဟောလို့တုံး"

"စုတ်ရော လာဘ်ရော ဝင်မယ်တဲ့။ (၇)ရက်အတွင်းတဲ့။ ကိုမြင့်မားက 'စုတ်' ဝင်မှာကို သဘောကျလွန်းလို့ ငွေသုံးထောင် ကန်တော့လိုက်သတဲ့။ 'စုတ်' ဆိုတာရော တော်သိရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"သရက်သီးအမှည့်အစေ့ကို ပြောတာနေမှာပေါ့"

"အဲဒါကြောင့်လည်း ရှင် သုဘရာဇာဖြစ်နေတာ သိလား။ 'စုတ်' ဆိုတာ မိန်းမဝင်မယ်လို့ ပြောတာ"

"ဟုတ်လား ... ဒါနဲ့ ..."

"စုတ်ဝင်မယ်ဆိုတော့ ခမျာ ပျော်လည်းပျော် ... မျှော်လည်း မျှော်ပေါ့။ အိမ်ရှေ့က ဝင်မှာလား၊ အိမ်နောက်က ဝင်မှာလား၊ ခေါင်မိုး ဖောက်ပြီး ကျလာမလားလို့ပေါ့။ နောက်ဆုံး 'စုတ်' မဝင်ပဲ စုပ်ထုတ်ရတဲ့ ဘဝကို ရောက်ရော"

"ဟာ ... ဘာဖြစ်လို့တုံး"

"ဆီးမှာ ကျောက်တည်လို့တဲ့။ သုံးသိန်းလောက် ခမျာ ကုန်သွားသတဲ့။ အဲဒီအချိန်ကစပြီး ဗေဒင်ဆရာကြီး ဦးမှိုင်းညိုကို ရိုက်ပါ့မယ် တကဲကဲနဲ့ ကြိမ်းတာ။ အလုပ်ကနေ ပင်စင်ယူသွားတဲ့အထိပဲ။ ဒါကြောင့် ဦးမှိုင်း ညိုကို အားမကိုးနဲ့။ အားကိုးရင် ရှိစုမဲ့စု ပြောင်လိမ့်မယ်"

"ဒါဆိုလည်း ညည်းသဘောပဲဟာ။ ကောင်းသလိုသာလုပ်"

ထို့ကြောင့် မဟာဘုတ်လည်း မထူတော့။

ကောင်းကင်နက္ခတ်လည်း မရွေး။

'က၊ သစ်၊ ပင်၊ အောက်၊ တဲ၊ ယာ၊ ဆောက်' တို့ 'ကြက်၊ သွန်၊ မြိတ်၊ ဥ၊ တစ်၊ လုံး' ဆိုသည့် ရွေးအစဉ်အလာ နာမည်ပေးနည်းဖြင့်လည်း ချိန်ကိုက်မနေတော့ဘဲ ...

ရှေ့လျှောက် ဘုန်းတန်ခိုးကြီးမည့် နာမည်။

ကျော်စောထင်ရှား ကောင်းစားမည့်နာမည်။

သုဘရာဇာ အသိုင်းအဝိုင်းထဲ ဖောက်၍ထွင်း၍ ကြီးပွားတိုးတက် အောင်မြင်ထင်ရှားမည့် နာမည်ကို ကောက်မှည့်ရွေးမှည့် လိုက်ကြသည်။

'မောင်ကံကြီး' ဟူလေ၏။

ပညတ်သွားရာ ဓာတ်သက်ပါရမည့်အစား။

ပညတ်သွားရာ ဓာတ်ပျက်ခွာလေ၏။

သူငယ်တော် မောင်ကံကြီးသည် အရွယ်မရောက်ခင်မှာ ရေကျောက်





ပေါက်၍ ဖျား၏။ ဝက်သက်ပေါက်၍ မျက်စိမှုန်နိုင်း၊ ခြင်ကိုက်ငံရလွှန်း သဖြင့် အဖုအပိန့် ကုတ်ရာပရမ့္မ။

ပြေးလွှားဆော့ကစားနိုင်သည့် အရွယ်ရောက်၏။

သဟော်သဓာသတို့သားက ဖွားဖက်တော်ငါးရာနှင့် မြို့လယ်ဇရပ် ကြီးမှာ ကစားတော်မူ၏။

အဖေမသိ၊ မွေးလာ လူဖြစ်ခဲ့သော အနီသူကောင့်သားကား ဆေး ဖော်ကြောဖက် လုပ်မည့်သူမရှိဘဲ သချိုင်းကုန်းမှာ တစ်ယောက်တည်း ကမြင်း ကြောထ၏။

အုတ်ဂူများကို သံတူရွှင်းတစ်လက်နှင့် လိုက်ပေါက်၏။

ဘာလုပ်တာတုံး လူလေး ... မြွေရှာတာလားဟု ကျွဲသဖင် က စိုးရိမ်ကြီးစွာ မေးသကာလ ...

သေသူရဲ့ပါးစပ်မှ ရွှေသွားများကို ချွတ်ယူချင်လို့ပါဟု ဆိုလေ၏။ သို့ဖြစ်၍ အဖေရော အမေရော သူငယ်၏အရွယ်နှင့်မလိုက် လာဘ်မြင်မှု ကို ကြည့်ပြီး ...

တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ...

ဂရိသဘော်သူဌေးကြီး မစ္စတာအိုနာဆစ်ကဲ့သို့လည်းကောင်း၊ ကျွန်းဘမ်းပရုပ်ဆီ သူဌေးကြီးကဲ့သို့လည်းကောင်း၊ စီးပွားရေးကို အကြီး အကျယ် လုပ်မည့်သူပေပဲဟု နိမိတ်ကောက်လေ၏။

နေကို ဆယ်ရက်နေမှ တစ်ခါချိုး၏။ ဤကား ... ကျွဲသဖင် ကိုကျောက်ကွဲနှင့် တူ၍ မိခင်လုပ်သူက နာခေါင်းပိတ်ထားရ၏။

အသုဘခေါင်းပေါ်မှာ ပါလာသည့် စားပြိန်စာထုပ် အမျိုးစုံကို နေ့ရောညပါ စားရလွှန်း၍ လူမှာ အရွယ်နှင့်မလိုက် မသာရုပ်ပေါက်လာ ၏။

ရေချိုးတော့ မွေးနှင့်ဝဲကား ခန္ဓာကိုယ်ပေါ်မှာ ငါးကြင်းကွက်လည်း ထ၏။ မြွေပွေးကွက်လည်း ထ၏။ သားငန်တရွဲရွဲနှင့်မို့ သချိုင်းကုန်းမှ ယင် မည်းရိုင်းတို့က မောင်ကံကြီးကိုယ်ပေါ်မှာ အချိန်ပြည့်နားပြီး သားငန်ရေ အာဟာရတို့ကို မြိန်ရှက်စွာ မှီဝဲ၍ သာဓုအနုမောဒနာ ခေါ်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာထဲမှာ သေးပေါက်၏။

သေးကို ထောင်ပန်းလေ့ရှိသဖြင့် ဆားငန်ရေပေါက်သည့် သင်းသေးများက အဖေနှင့်အမေပေါ်သို့ မိုးရွာသကဲ့သို့ ကျပြီး စိုရွဲကုန်၏။

သူ့ချေးကို သူ့လက်နှင့်နယ်၍ မကြာခဏ စား၏။

ရိုက်နှက်ဆုံးမ၍ မလုပ်ရဘူး၊ မစားရဘူးဟု ပြောသည်ရှိသော် အဖေတို့လည်း ငယ်ငယ်တုန်းက စားတာပဲမဟုတ်လားဟု ခွန်းတုံ့ပြန်၏။

အနန္တဂိုဏ်းဝင် ကျွေးဖခင်နှင့် မိခင်တို့ကား အရွယ်နှင့်မလိုက် အဌာရသမျိုးစုံ တတ်ကျွမ်းသော ဤသြရသ ကောက်ရသားကြီးကို မေတ္တာ တုံးစွာ ဂုဏ်ယူပြီး ရင်ပွင့်မတတ် ချစ်ခင်မြတ်နိုးတော် မူလေ၏။

အရွယ်ရောက်လာသောအခါ သူကောင်းမျိုးရိုးတို့၏ ကြန်အင် လက္ခဏာနှင့် ပြည့်စုံဖွံ့ဖြိုး၍ ရှုမငြီးဖြစ်ရလေ၏။

မျက်လုံးနှစ်လုံးက ပုစွန်ကြော်မျက်လုံးလို ပြူး၍ ဘယ်စွေညာစွေ စွေ၏။

အပေါ်သွားများ ရှေ့ကိုခေါပြန့်ပြီး ထယ်သွားကဲ့သို့ရှိ၏။

အောက်သွားတို့ကား နောက်ပြန်ခေါ၍ အတွင်းသို့ ယိုင်ဝင်၏။

နားရွက်နှစ်ဖက်ကား၏။ လက်ပြင်ကုန်း၏။ ပါးစပ်ကား ရယ်လိုက် တိုင်း နားရွက်မှာ သွားချိတ်နေ၏။

အာပုပ်စော်နံ့ကား ရေနစ်သေပြီး ပုပ်ပွနေသည့် မသာကပင် ဆလံ ပေးရအောင် ရန့်သင်းလေ၏။

'ရဟန်းသံဃာကို ဦးတော်တင်လေ သား' ရဟု မိဘနှစ်ပါးက သွန်သင်သောအခါ . . .

ဦးကုန်းချမ့်နေနေသာသာ သချိုင်းကုန်းထဲ သရေထာဂုံတင်ရန် ရဟန်း သံဃာကြွလာတာ မြင်သည်နှင့် ဘယ်ရှေးရေစက်ကြောင့်မသိ၊ ဝါဝါမြင် သည်နှင့် ဝေးရာသို့ရှား၍ ပြေးလေ၏။

ပြောရလျှင် . . .

အနိုမောင်ကံကြီးသည် ရဟန်းသံဃာကို တစ်ကြိမ်တစ်ခါမျှ ဦးကုန်း မချဖူး။ ဘုရားစာ လုံးဝမရ။ စာလည်း မသင်ရ။ သချိုင်းကုန်းမှာ ဆော့





ကစား၍ အားမရသော် ရပ်ထဲရွာထဲသို့ သွားကစား၏။

သစ်ပင်တက် ကျွမ်းကျင်၏။ ဖောက်ထိုးဆင်းကြ၏။

အပြေးလည်း သန်၏။ သူ့ကို ခွေးလိုက်ဆွဲလို့မရ။ နပန်းလုံး သန်မာ၏။ မြွေပေါင်းစုံကို အရှင်ဖမ်းရဲ၏။ လိပ်၊ ကြွက်၊ မြွေတို့ကား မောင်ကံ ကြီး အနံ့ရသည်နှင့် အစီစီရောက်အောင် ပြေးပုန်းကြ၏။ ကျီးကန်း၊ ဆက်ရက်၊ ချိုး၊ ဗျိုင်းနှင့် လင်ကောင်ပိုးငှက်တို့သည် နံနက်မိုးသောက် အလင်းရောက်၍ အိပ်တန်းမှ ထသည်နှင့် . . .

အမျိုးကောင်းသား မောင်ကံကြီး၏ လက်စွဲတော် လောက်လေးခွ ကိုကြောက်၍ ပထဝီဖယမန္တန်ကို ရွတ်ပြီးမှ အစာရှာထွက်ရ၏။

မောင်ကံကြီးအရိပ်ကို လှစ်ခနဲမြင်သည်နှင့် တာဝတိံသာနတ်ပြည် ရှိ ပင်လယ်ကသစ်ပင်မှာ သွားနား ရှောင်ရှားကြလေ၏။

မည်သို့ပင်ရှိစေ . . .

သူ့အား သူလိုလူစား ရွာထဲရပ်ထဲက လူငယ်ကာလသား မြောက် ပန်းသမား၊ ဖဲသမား၊ ကြက်သမား၊ သူခိုးဂျပိုး၊ ဂျလေဗီများက လိုလားစွာ ပေါင်းသင်းဆက်ဆံလေ၏။

မောင်ကံကြီးကို ဗာရာဏသီ တက္ကသိုလ်ပြည်ကြီးမှ ပညာစုံသင် လာသည့် အတတ်ပညာရှင်ကဲ့သို့ အားကိုးကြ၏။ ဆရာတင်ကြလေ၏။

ဒီလိုနှင့် အနီးဝန်းကျင်ရပ်ရွာမှ လူငယ်လူရွယ်များနှင့် အသိ အကျွမ်းဖြစ်လေ၏။ အလွမ်းသင့်လေ၏။

ဒီမှာ မောင်ကံကြီးထူးခြားသော ကောင်းကွက်များကိုလည်း ပြော ပြမှသာလျှင် မောင်ကံကြီး အလကားကောင် မဟုတ်ပေဘူးဆိုတာကို အများ သိရှိပေမည်။

မောင်ကံကြီးသည် အရွယ်ရောက်လာသော် မွေးစားအဖေ၊ ကျွေး သဖခင် သုဘရာဇာ ကိုကျောက်ကွဲအလုပ်များကို ဝိုင်းကူလေ၏။

လူသေကောင်မြှုပ်မည့် မြေကျင်းဝိုင်းတူး၏။

အသတ်ခံရသော ပုပ်ပွမသာများ ရေနစ်မျောပါလာသည့်ပုပ်ပွ မသာများကို ရဲစခန်းက အကူအညီလာတောင်းလျှင် မောင်ကံကြီးက အား



www.burmeseclassic.com

www.burmeseclassic.com



တက်သရော ကူညီမ,သယ်ပေး၏။

သို့ဖြစ်၍ ရဲစခန်းနှင့်လည်း အကျွမ်းဝင် ရင်းနှီးလေ၏။

ရင်ခွဲရမည့် ပုပ်ပွအသားကို မရွံမရှာကိုင်ရဲ၏။

အရွယ်ရောက်လာသောအခါ မိဘနှစ်ပါးနှင့်အတူ မအိပ်တော့။ နွေညများဆိုလျှင် သင်္ချိုင်းကုန်းအုတ်ဂူများပေါ်မှာ တစ်ယောက်တည်း အရက်သောက်၍ အိပ်၏။ သရဲတစ္ဆေများလည်း လုံးဝမကြောက်။

တစ္ဆေသရဲများကိုပင် သူနှင့် အဖော်လာအိပ်ကြရန် မူးမူးနှင့်အော်ခေါ်၏။

နောင်အခါ သူ့ပါးစပ်မှ ပြောသမျှ ထွက်သမျှ စကားတို့သည် ကေန်ဖြစ်လာလေ့ရှိ၏။ အချို့က သူ့နှုတ်စီးသည်ဟု ဆိုကြ၏။

အပြောအဆိုမှာမူ ကျောင်းမနေဖူး၍ ရိုင်းပျ၏။ ကြီးသူကို ရိုသေရမှန်း၊ ရွယ်တူကို လေးစားရမှန်း၊ ငယ်သူကို အလေးထားရမှန်း လုံးဝမသိ။

အရက်ဆိုင်၊ ထန်းရည်ဆိုင်များမှာ သူဖမ်းလို့ရလာသည့် မြွေကြွက်၊ လိပ်၊ မြွေ၊ ချိုး၊ ခါ စသည်တို့နှင့် အရက်ထန်းရည် လဲသောက်ပြီး ဖဲဝိုင်းကြက်ဝိုင်းတကာ လှည့်လေ၏။

✿ ✿ ✿

# [ ၁၉ ]

❑

အစကနဦးတုန်းကတော့ မောင်ကံကြီးရဲ့ ပါးစပ်နှုတ်စီးသည်ကို အလေးဂရု မမူမိကြ။ ဖြစ်ပုံက ဒီလို . . .

တစ်ခါမှာတော့ မောင်ကံကြီး သူနဲ့တွဲနေကျ ဖိုးလှ၊ မြဘူ၊ ဝက်ကြီးတို့နှင့်အတူ ကျွဲကူးချောင်းသို့ ရေကူးသွားကြသည်။

သွားတုန်းက ကောင်းပင်ကောင်းလျှက် ရယ်မောနောက်ပြောင်သီချင်းဆိုပြီး သွားကြသည်ပဲ ဖြစ်၏။

ကျွဲကူးချောင်းရောက်လို့ အဝတ်အစားများ လဲပြီးပြီးသောအခါ မောင်ကံကြီးက ဖိုးလှရဲ့မျက်နှာကို စိုက်ကြည့်ပြီး ရုတ်တရက် ပြောလိုက်၏။

"ဖိုးလှကြီး . . ."

"ဘာတုံး . . . ငကံ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဒီနေ့ ရေမကူးနဲ့ကွ။ ငါတို့ပစ္စည်းတွေပဲ စောင့်ကြည့်ပေး"

"ဟာ . . . မကြည့်ဘူး ကူးမှာပဲ"

"မကူးနဲ့လို့ ပြောနေရင်"

"ဘာဖြစ်လဲကွာ။ မင်းတို့ကျတော့ကူးပြီး ငါ့ကျတော့ ပစ္စည်းစောင့် လုပ်ရမယ်လို့ . . . ချီး . . ."

"မင်း သေမှာစိုးလို့ ပြောနေတာကွ"

"အရင်လည်း ငါကူးနေကြပါ . . . ကံကြီးရာ။ လုပ်မနေစမ်းပါ နဲ့"

"ဒါဆိုလည်း မင်းသဘောကွာ။ ပြောမရရင်လည်း မင်းထိုက်နဲ့ မင်းကံပါ။ ကူး . . . ကူး . . ."

ဖိုးလှက မောင်ကံကြီးရဲ့မျက်နှာကို မကြည့်သလို လှမ်းကြည့်ပြီး ဘောင်းဘီတိုနှင့် ရေထဲသို့ ဒိုင်ဗင်ထိုးဆင်းသွား၏။ ကျသောင်းဝါးနှစ်ပြန် မှာ ပြန်ပေါ်ပြီး . . .

"လာလေကွာ . . . ကူးကြလေ။ ဘာလုပ်နေတာတုံး"

"ဗွမ်း . . ."

"ဗွမ်း . . ."

"ဗွမ်း . . ."

မြဘူး၊ ဝက်ကြီးနှင့် မောင်ကံကြီးတို့လည်း ရေထဲသို့ ခုန်ဆင်း ဒိုက်ထိုးဆင်း၍ ကူးခတ်နောက်ပြောင် ကစားကြသည်။ ချောင်းက အကျယ် ကြီးဖြစ်၍ ရေနက် ရေကျယ်ရှိရာသို့ အစွမ်းပြသူလည်း ရှိ၏။

နောက်ပိုင်း တကွဲတပြား ဖြစ်သွားကြ၏။

မြဘူးက ကြာခွက်ကြာစွယ် နှိုက်၏။

ဝက်ကြီးက ခရုပြားကြီးများကို ငုပ်၍ ကောက်၏။

မောင်ကံကြီးက ရေကူးသိပ်မကျွမ်း၍ ရေနက်ပိုင်းရှိရာသို့ မကူး ပဲ ရင်ခေါင်းခန့် ရေနက်မှာပဲ ကူးခတ်နေစဉ် . . .

ဒီမှာ ဖိုးလှကြီး ရေနက်မှာကူးရင်း လက်ပန်းကျလို့ ရေနစ်တော့ သည်။





သူရေနစ်နေတာကို မည်သူမျှ မသိလိုက်ကြ။

အားလုံး ရေစိတ်ကြိုက်ကူးပြီးလို့ ကမ်းပေါ်တက် အဝတ်အစား လဲကြတော့ ဖိုးလှတစ်ယောက် တက်မလာသေး။

"ဖိုးလှရောဟ . . ."

"ကူးကောင်းနေတုန်း ရှိမှာပေါ့"

"ခေါ်ကွာ . . .။ ပြန်မယ် ထမင်းဆာပြီး"

"ဖိုးလှရေ . . . ဖိုးလှ . . . ပြန်ကြမယ်ဟေ့ . . . တက်တော့ . ."

"ဟေ့ကောင် . . . ဖိုးလှ . . ."

"ဘာများလုပ်နေလဲ မသိဘူး"

"ကြာစွယ်ငုပ်နေမှာပါ။ ဒီကောင်က ကြာစွယ်သိပ်ကြိုက်တာ"

သို့နှင့် အတန်ကြာ စောင့်ကြ၏။ စောင့်သည့်တိုင် ရေပေါ် ပေါ် မလာသောအခါ အားလုံး စိုးရိမ်သွားကြတော့သည်။

"ကြာလှပြီ . . . ဝက်ကြီးရ"

"ဟုတ်တယ် . . . ပြန်များသွားပလားဟ"

"မပြန်သေးဘူး။ ဒီမှာ သူ့ပုဆိုးနဲ့ အကျႌ"

နာရီဝက်ခန့်ကြာလို့ လုံးဝပေါ်မလာတော့ သူတို့ ဖိုးလှကြီး ရေ အောက်မှာ တစ်ခုခုဖြစ်နေပြီဟု ယူဆပြီး ရပ်ကွက်သို့ပြေး၍ လူကြီးများကို ပြောပြလို့ ရေငုပ်ကျွမ်းကျင်သူများနှင့် ငုပ်ပြီး လိုက်ရှာလိုက်သောအခါ . . .

ဖိုးလှရဲ့အလောင်းကို ရေအောက် ကြာစွယ် ကြာရိုး ကြာပင်များ အကြားမှာ တောင့်တောင့်ကြီး သေလျက်သား တွေ့ရတော့သည်။

အလောင်း ကုန်းပေါ်ရောက်လာတော့ သူတို့ ဝမ်းနည်းလို့မဆုံး။

"ငါပြောသားပဲ"

မောင်ကံကြီးက ဖိုးလှရဲ့ ရုပ်အလောင်းကိုကြည့်ပြီး ပြောလိုက် သည်ကို ကြားရသောအခါ ဝက်ကြီးနှင့် မြဘူးတို့က မောင်ကံကြီးရဲ့မျက်နှာ ကို လှမ်းကြည့်ပြီး အံ့သြသလို ဖြစ်ခဲ့ရလေသည်။

ဒုတိယအကြိမ်က . . .

ကောက်စိုက်သွားကြသည့် ကောက်စိုက်သမအဖွဲ့ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့အုပ်စုထဲမှာ မဖွေးဥဆိုသော ကောက်စိုက်သမလေးက တောင့်တောင့်ဖြောင့်ဖြောင့်၊ တင်ကားကား၊ ရင်ထွားထွားလေး ဖြစ်၏။

လမ်းလျှောက်သွားလျှင် တုန်ကာ လှုပ်ကာ နွဲ့ယမ်းကာရှိသည်မို့ ကံကြီးတို့အဖွဲ့ မြို့ပြင်လယ်စပ်ရှိရာ လာလာပြီး ငှက်ပစ် ကြက်ပစ်ရင်း မျက်စိစားပွဲထိုင်ကြ၏။

ကံကြီးက မတန်မရာ ရာဂနိုးကြွအောင် လှုလွန်းနေသည့် ဖွေးဥလေးကို ကြိုက်လှချည့်ရဲ့ဟုပြောပြီး ...

"ငါနဲ့ ညားလိုက်ရင်လားကွာ ... ဟီး"

"ဟီး ... ဆိုတာ ဘာကိုပြောတာတုံး '... ကံကြီးရ"

"အားရပါးရ ... ဟိုဒင်း ... ချစ်ပစ်လိုက်မယ်လို့ ... ပြောတာ"

"မင်းက ကြိုက်တယ်ပေါ့"

"ကြိုက်"

"မင်းက ချစ်တယ်ပေါ့"

"ချစ် ..."

"သောက်ရမ်း သဘောကျပေါ့ ... ဟုတ်လား"

"ကျ ... ကျ ... ကျ ... ဟား ... ဟား ... ဟား ... ဟား ... ဟား ..."

"ကံကြီး ... မျက်စိကျသွားပြီ။ ကုန်းကောက်ဦးဟ"

"ဟား ... ဟား ... ဟား ... ဟီး ... ဟီး ... ဟီး ..."

"အဟုတ် ... အဟုတ် ... အဟုတ် ..."

"ကံကြီးက သူဌေးသားဥစ္စာ။ ကားတစ်စီး စိန်တစ်ဆင်စာ ဂူတစ်လုံးတင်တောင်းရင် ..."

"ရမှာလား ... အောင်ရွှေရ"

"ထွက်ပြေးသွားမှာ ကျိန်းသေပဲဟ"

"ဟား ... ဟား ... ဟား ... ဟား ... အဟုတ် ... အဟုတ် အဟုတ် ..."

"ရွှေတော့ တင်တောင်းနိုင်မှာပါဟ"





"ဒီကောင်က ဘယ်ရွှေရမှာလဲ၊ ဘုရားက ရွှေလား"

"မဟုတ်ဘူး။ ရွှေသွားပါတဲ့မသာက ရွှေသွားတွေချွတ်ပြီး တင်တောင်းရင် ရတာပေါ့။ ဟုတ်ဘူးလား ... ကံကြီး"

ဒီမှာပဲ အောင်ဖေက ဝင်ပြောရော ...

"အဲဒီမသာက ရွှေသွားတွေ တင်တောင်းရင် ဖွေးဥတော့ လက်ကောက်တို့ ဆွဲကြိုးတို့ ဝတ်ရမှာမဟုတ်ဘူး"

"ဒါဆို ဘာဝတ်ရမှာတုံး ... အောင်ဖေ ... ပညာရှိကြီးရ"

"သွားစိုက်ဆိုင် ဖွင့်မှ ရမယ်ဟေ့"

"ဟား ... ဟား ... ဟား ... ဟား ... အောင်ဖေတို့ကတော့ လာဘ်မြင်ပဲဗျာ။ ဒါနဲ့ ပညာရှိကြီးရာ ... ပညာရှိကြီး ကြံတွေးသလို သွားစိုက်ဆိုင်ဖွင့်ဖြစ်ရင် ဆိုင်နာမည်ရော ဘယ်လိုပေးရင် သင့်တော်မှာပါလဲ ခင်ဗျာ"

"သူရော သူ့မိန်းမရော နာမည်ပါအောင် 'ကံဖွေး' သွားစိုက်ဆိုင် အာမခံနှင့်စိုက်သည်။ သုံးလအတွင်း အသီးသီးရမည်လို့။

"ဟ ... ဟ ... အောင်ဖေရ ... သုံးလအတွင်း အသီးသီးရမည်က သွားစိုက်လို့ မဟုတ်ဘူးလေ။ စပါးစိုက်မှ ဥစ္စာ"

"အေး ... ဟုတ်သားပဲ၊ အာမခံနှင့်စိုက်သည်။ သုံးရက်အတွင်း အသစ်စိုက်သည့် သွားသာမက မူလရှိရင်းစွဲ သွားများပါ တစ်ချောင်းမကျန် ကျိုးရစေမည်လို့ ကြော်ငြာလိုက်ရင် ကံကြီးတို့ ချမ်းသာပြီပေါ့ကွာ"

"သွားနုတ်ရင်ရော ပလာရာနဲ့ နုတ်မှာလား၊ သံတူရွင်းနဲ့ တူးကော်ပစ်မှာလား။ ပညာရှိကြီးရ"

"ဘာပစ္စည်းမှ မလိုဘူး။ သွားအနုတ်ခံမည့် ပုဂ္ဂိုလ်က ကံကြီး မျက်ခွက်ကို မြင်လိုက်တာနဲ့ သူ့အလိုလို သွားတွေ လန့်ကျိုးလိမ့်မယ်၊ စိတ်ချ ..."

"ဟား ... ဟား ... ဟား ... ဟား ... မိုက်တယ်ကွာ"

"ငါ့အဖေသွားတွေကို အရင် နုတ်ရမယ်ဟေ့"

"ကံကြီး ... ငါ့ယောက္ခမ ဦးမင်းကြည်လှိုင်သွားတွေကို သွားဖုံး



www.burmeseclassic.com

www.burmeseclassic.com



ချည်းပဲကျန်အောင် လုပ်ပေးပါ ... ငါ့လူရာ။ ကျေးဇူးမမေ့ပါဘူး ... မောင်ကံကြီးရာ''

''ဝက်ကြီးရ ... မင်းက ဘာကြောင့်များ မင်းယောက္ခမ ဦးမင်းကြည်လှိုင်ကို သွားဖုံးချည်းကျန်အောင် ကောင်းမှုကုသိုလ်ပြုချင်ရတာတုံး မင်္ဂလာရှေ့ဝက်ကြီးရ''

''ယောက္ခမသွားမှရှိလို့ ဘာမှမဝါးနိုင်တော့ သားမက်အကောင်းစားလေး ငါ ပိုစားရတာပေါ့ ... အောင်ဖေရာ''

''ဟား ... ဟား .. ဟား ဟား ခုလောက်ဆို ,မင်းယောက္ခမ သွားတွေ ယားနိမိတ်ပြလောက်ပြီး ... ဝက်ကြီးရ''

''အဟတ် ... အဟတ် ... အဟတ် ...''

''အဟီး ... ဟီး ... ဟီး ...''

''ဟော့ကောင့် ... ကံကြီး''

''ဘာတုံးဟ ... လူလွှန်မသားတွေရ''

''ဟိုမှာ ... မင်းအချစ်တုံးကလေး လာနေပဟ''

''အဟီး ... လှမ်းလိုက်တိုင်း တုန်နေတာပဲ။ အဟတ် ...''

''လိုက်ပြောလေကွာ ... ကံကြီးရ။ ဒါ အခွင့်အရေးပဲ''

''ဖြစ် ... ဖြစ် ... ပါ့မလား။ သူ ... သူက ... အာကြမ်းတယ်''

''မင်း ... မျက်နှာကို မြင်ရင် သနားသွားမှာပါဟ။ သွား ... သွား ..''

''ခုံဖိနပ်က အသားထူတယ်နော် ... ကံကြီး''

''ကံကြီးမျက်ခွက်ကို ခုံဖိနပ်မတိုးပါဘူးကွာ။ ရဲရဲသွားပါ''

''လက်ထဲက ကောက်စိုက်တံ ရင်ဝဝင်သွားရင် ဘယ့်နှယ်လုပ်မတုံး''

''မပူပါနဲ့ ... ကံကြီးရာ။ မင်းမသာကို အိုးစည်ဗုံနဲ့ ချပေးပါ့မယ်။ စိတ်ချ ...။ ဟား ... ဟား ... ဟား ... ဟား ...''

''ဒါ ... ဒါ ... ဆို ... ငါ ... စကားလိုက်ပြောမယ်''





''နောက်တောင် ကျနေပြီ ... ငါ့လူရာ။ အမှန်က ဖွေးဥလေး လေးဘက်သွားကတည်းက မင်း စရဲသတ်ထားရမှာ''

နောက်ဆုံး ငမူး ... ငရှူး ... လူသွမ်းကောင်တွေရဲ့ မြှောက်ပင့်ပေးမှုကြောင့်လည်းကောင်း၊

နဂိုကလည်း မိန်းမချောချောလှလှမြင်လျှင် နွားသိုးကြိုးပြတ်ဖြစ်လေ့ရှိသော မောင်ကံကြီးသည် လှုပ်လှုပ်တုန်တုန်ခါခါနှင့် သွားနေသည့် ကောက်စိုက်သမ ဖွေးဥအနီးသို့ ကပ်လိုက်၏။

''ဖွေး ... ဖွေး ... ဥ ...''

''ဖွေး ... အေး ... ဟေး ...''

ဖွေးဥက လုံးဝ လှည့်မကြည့်။ ခြေလှမ်းကို ကျဲကျဲလှမ်း၏။ သုဘရာဇာသား မောင်ကံကြီးကိုမြင်သော် ဖွေးဥရဲ့အဖော်များ လန့်ပြေးကြ၍ ဖွေးဥလည်း သူတို့နောက်မှ အပြေးလိုက်ရန် ပြင်လိုက်စဉ် ...

အတင့်ရဲလှသော မောင်ကံကြီးက ဖွေးဥရှေ့မှ ပိတ်ကာ၍ ရပ်လိုက်တော့သည်။

''ဖွေး ... ဥ ...''

''ဘာလဲ ... နင် ... ဘာလုပ်တာလဲ။ ဖယ်နော် ...''

''ဥ ... အု ... အု ... လေးကို ... ပြော ... ပြောစရာ ... ရှိ ... ရှိ ...''

''ဘာမှ ပြောစရာမလိုဘူး။ နင် အခုဖယ် ... ဖယ်လေ ...''

''အု ... အုလေးကို ... အ ... အ ... ကိုကံကြီး ... ချစ် ... ချစ် ...''

''ထွီ ... နင်လို တစ္ဆေသရဲရုပ်မျိုးနဲ့ သုဘရာဇာသားကို ငါလို မိန်းမက ထဘီတောင် လျှော်မခိုင်းဘူးဟဲ့။ သွားနော် ... နင် ...''

''အု ... လေး ... လေး ... ကို ... အ ... အတည် ... ချစ် ... ချစ် ... လို့ပါ ... ဟာ''

''ဟဲ့ ... မသာကောင်၊ အသုဘကောင် ... သွား ... နင် ... သွားနော်''



www.burmeseclassic.com

www.burmeseclassic.com



ဖွေးဥက ရှက်လည်းရှက်၊ ဒေါသလည်း ပေါက်ကွဲလာပြီး လက်ထဲက ကောက်စိုက်စူးဝါးကို မြှောက်လိုက်ရော ...

"ဒီမှာ မိဖွေးဥ ...ငါ၊ မသာမဖြစ်ဘူး။ နင်မသာဖြစ်မှာ"

"နင်သာဖြစ်မှာ။ သွားခေါ်၊ မျက်ပြူး၊ သရဲရုပ်ရဲ့။ ထွီ ..."

"ကြည့်နေပေါ့ဟာ ...ဟင်း ...ဟင်း ..."

အဲဒီလို ဖွေးဥရဲ့မျက်နှာကို နာကြည်းစွာစိုက်ကြည့်လို့ အော်ပြောလိုက်ပြီး အရှုံးနဲ့ ပြန်လှည့်လာလိုက်ရော အောင်ဖေတို့၊ ဝက်ကြီးတို့အုပ်စုက ကံကြီးကို ပိုင်းလှောင်ကြရော။

"လက်ထပ်မည့်ရက်ကို သေသေချာချာ ပြောရဲ့လား ...ကံကြီး"

"ဖိတ်စာမှာ မင်းနာမည် စာလုံးကြီးကြီးရေးနော် ...ကံကြီး"

"မင်္ဂလာဆောင်မှာ ကောင်မလေးက ဘာကျွေးချင်သတဲ့တုံး"

"ထောပတ်ထမင်းနဲ့ လိပ်သားချဉ်ရည်ဟင်း နေမှာပေါ့ကွာ"

ကံကြီး အပေါင်းအသင်းများရဲ့ မေးသမျှ၊ လှောင်သမှု၊ ပြောသမျှကို ဘာတစ်ခွန်းမှ ပြန်မပြောဘဲ အံကြိတ်လို့ ချာခနဲလှည့်ကာ ပြေးထွက်သွားတော့သည်။

ညနေစောင်းသောအခါ သတင်းဆိုးကို အံ့ဖွယ် ကြားရတော့၏။

ဖွေးဥ ကောက်စိုက်ကအပြန် ကန်သင်းရိုးမြက်အကြားမှ မြွေပွေးကို တက်နင်းမိပြီး အကိုက်ခံရလို့ သေပြီဆိုသည့်သတင်း။

တစ်ရပ်၊ တစ်ရွာလုံး အုတ်အော်သောင်းတင်း ဖြစ်သွားကြ၏။

အောင်ဖေတို့၊ ဝက်ကြီးတို့လူစုလည်း ကြားရမြင်ရသည့် သတင်းမြင်ကွင်းကြောင့် အလွန်ကို တုန်လှုပ်အံ့ဩသွားကြ၏။

ဒီမှာပဲ ပြောစမှတ် ဖြစ်သွားတော့သည်။

ဟို ...ဆင်ကျောကုန်းသချိုင်းက သုဘရာဇာသား ကံကြီးသရဲ နိမိတ်မရှိ၊ နမာမရှိပြောလို့ ဖွေးဥ အသေဆိုးနှင့် သေရလေခြင်းဟူ၍။

ကံကြီးကား သူ့ကို ရက်ရက်စက်စက် နင့်နင့်သီးသီး နှစ်ပြားမတန်အောင်ပြောသည့် အလှမာန်ထောင်နေသည့် ဖွေးဥ မြွေကိုက်၍ သေပြီ





ဟု ကြားရသောအခါ ...

ကြည့်တင့်ကိုင် (အသက် – ၆၅ နှစ်) ဟူသော အုတ်ဂူကြီးပေါ်မှာ အရက်သောက်ရင်းက လက်ခမောင်းခတ်၍ အော်ဟစ်ကြွေးဝါးလေ၏။

"မှတ်ထား ... ကံ ...ကြီး ...ကွ ...သေချင်ရင် ...စိန်မ ...စား ...နဲ့။ ကံကြီးဆိ ...သွားဟေ့ ...ဟား ...ဟား ...ဟား ...ဟား ..."

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## | ၂၀ |

❑

နောက်ထပ် ကြမ္မာဝင်သည်ကား ...

ထန်းရည်ရောင်းသည့် ကိုကုလားကြီးမိန်းမ မပြားကြီးဖြစ်၏။ အဲဒီနေ့က မောင်ကံကြီး မပြားကြီးဆိုင်မှာ ထန်းရည်သောက်လေ၏။

ဒီမှာ ကိုကုလားကြီးမိန်းမ မပြားကြီးက သနပ်ခါးပါးကွက်ကြား နှင့် ဆောင်တော်ကူးပန်းများ ခေါင်းမှာ ဝေနေအောင်ပန်ပြီး ဈေးဆွဲခြင်းဆွဲ လို့ ထွက်လာ၏။

"မပြားကြီး ... ဘယ် ... တုံး ... အော ... ဂေ့ ..."

"ဈေး ..."

"ဈေးကို ... ဘာနဲ့ ... သွား ... မှာ ... တုံး ... ဗျ .."

"နင့်အလုပ် ဘာပါလို့တုံး။ နင်က လျှာရှည်လို့"

"စေတနာနဲ့ .. မေး ... တာ ... ပါ ... ဗျာ ... အော ..."





"ဆင်စီးပြီး သွားမှာပေါ့။ ကြားလား ..."

"ဒီအရပ်မှာ ဆင်မှမရှိတာ"

"ဟဲ့ ... အနာကျကောင်ရဲ့ ဆိုက်ကားနဲ့သွားမဟဲ့။ နင်က ဘာ ကိစ္စနဲ့ မေးရတာတုံး"

"ခင်ဗျား ... ဆိုက်ကားနဲ့ မသွားနဲ့။ မြင်းလှည်းနဲ့ သွား"

"အလိုတော် ... နေပါဦး။ နင်က ငါ့လင်မို့လို့ မြင်းလှည်းနဲ့ သွားလေး၊ လေယာဉ်ပျံနဲ့သွားလေး အမိန့်ပေးနေရတာလား"

"စိုးရိမ်လို့ပါ"

"အံမာ ... အနာကျကောင် ... စဏ္ဍာလကများ ရာရာစစတော်။ အရည်လေး နည်းနည်းဝင်ရင် သောက်ကြီးသောက်ကျယ်နဲ့ ပေါက်ကရ စကားပြောလို့။ ငါ့ဘာသာ ငါ့လင်ကို စီးပြီးသွားသွား နင့်အပူ တစ်ပဲသား မပါဘူး။ ဟွန်း ..."

ကံကြီး ဘာမှ ပြန်မပြောပါဘူး။ သူ့နှာခေါင်းကို ပွစိပွစိလုပ်ပြီး ခေါင်းတညိတ်ညိတ်လုပ်လို့ သူ့အဖော်တွေနဲ့ ထန်းရည်သောက်မြဲ သောက် နေလိုက်သည်။

မပြားကြီးကလည်း ကြီးမားသည့် ကိုယ်လုံးအိပုံကြီးကို လှုပ်၍ ထွက်သွားသည်။

မိနစ် (၂၀) ခန့်ကြာသောအခါ သတင်းဆိုး ချက်ချင်းရောက်လာ တော့၏။ မပြားကြီးစီးလာသည့် ဆိုက်ကားကို ဟိုင်းလပ်ကားက နောက် မှဝင်တိုက်လို့ မပြားကြီး နေရာတင် ပွဲချင်းပြီး အသက်ဆုံးသွားပြီဆိုသည့် သတင်း။

မပြားကြီးယောက်ျား ကိုကုလားကြီးရော၊ ထန်းရည်သောက်သူ များပါ အပြေးအလွှား လိုက်သွားကြ၏။ ကြားရသူများ ဖြစ်ရလေခြင်းဟု အော်ပြီး ထပ်ကြပ်မကွာ လိုက်သွားကြသည်။

မပြားကြီးကား ဘီးသုံးဘီးထောင်နေသည့် ဆိုက်ကား လိန်ကော ကွေးအောက်မှာ သွေးသံရဲရဲနှင့် မြင်မကောင်းစွာ အသက်ပျောက်နေပြီ။

ဆိုက်ကားသမားလည်း ခြေရောလက်ပါကျိုး၍ ဆေးရုံရောက်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်တဲ့။ ဘာမှ ပြောမနေနဲ့တော့။

ကိုကုလားကြီး ထန်းရည်ဆိုင်ကို အမြန်ပြန်ပြေးပြီး ငှက်ကြီး တောင်ဓားရှည်ဆွဲကို နိမိတ်မရှိ နမာမရှိစကားပြောသည့် ကံကြီးကို ဓား နှင့် လိုက်ခုတ်တော့သည်။

ထိုနေ့က ကံကြီး အပြေးမြန်လို့။

နို့မို့ . . . မပြားကြီးနှင့် နှစ်လောင်းပြိုင်။

ထိုသို့သောဖြစ်ရပ်များ ဆက်တိုက်နီးပါးလိုလို ကြုံရဖြစ်ရပြီးအချိန် မှစ၍ အပေါင်းအသင်းများ၊ လူအများက ဆင်ကျောကုန်းသချိုင်းမှ သုဘ ရာဇာ ကိုကျောက်ကွဲရဲ့သား ကံကြီးကို ပါးစပ်နိမိတ်စီးကြမ်းသည့် စဏ္ဍာလ ဟု ပြောဆိုကုန်ကြလေသည်။

အချို့က . . . ကံကြီးကို 'ငှက်ဆိုး' ဟု ခေါ်ကြ၏။

အချို့က . . . သေမင်းလက်သစ်ဟု ကင်ပွန်းတပ်ကြ၏။

ကံကြီးသည် ဘယ်လိုဘဝအကျိုးပေးနှင့် လူဖြစ်လာခဲ့သည့်မသိ၊ သူ့ပါးစပ်က 'သေမှာပါဗျာ' ဟု ဆိုလိုက်သည်နှင့် တိုက်တိုက်ဆိုင်ဆိုင် သေရလေ့ရှိ၏။ ထူးဆန်းလေစွ။

ဒီလိုနှင့် မောင်ကြိုင်တို့အမေ အပါအဝင် လူ (၆) ဦးတို့အား နေ ထိုင်မကောင်းစဉ်၊ ကျန်းမာရေးချို့ငဲ့နေစဉ်၊ အခန့်မသင့်စဉ် . . .

ပြီး . . . သူနှင့် ပန်းမစားသူ၊ ဒါမှမဟုတ် ခင်မင်တွယ်တာရသူ များကိုဖြစ်ဖြစ် . . .

ဘယ်လမ်းမသွားနှင့် . . .။

ဘာမလုပ်နှင့်ဟု ကြိုတားမြစ်လေ့ရှိ၏။

ဒါမှမဟုတ် . . . အမြင်ကပ်လာလျှင် . . .

နတ်ဝသီပါးစပ်ကြမ်းနှင့် မရတော့ပါဘူး ရှောမှာ ကြည့်နေ။

ဘုန်းကြီးငါးပါး ကြိုပင့်ထားဟေ့။

သေစော်နံတယ်။

မသာနံ့ရတယ်။

မတ်စေ့ကြိုင့်သွား။ ကူးတို့ခမပါရင် ခက်မယ်။

---

စိတ်ကူးသစ်စာပေ



ခေါင်းဖိုးရော ရှိရဲ့လား . . . စသည့် နိမိတ်မရှိ နမာမရှိ အရှုံ ဘိုက်စကားများကို ကြက်သီးထအောင် ပြောလေ့ရှိ၏။

ကံကြီးပါးစပ်က သည်လိုပြောပြီးလျှင် အပြောခံရသူသည် များ မကြာမီခင် . . .

ကျန်းမာရေးမကောင်း အသည်းအသန်ဖြစ်၍ . . .

ကားတိုက်၍ . . .

ရေနစ်၍ . . .

မိုးကြိုးပစ်၍ . . .

ပိုးထိ၍ . . .

စသည့် တစ်စုံတစ်ခုသော အကြောင်းတရားနှင့် မလွဲမသွေ ကွယ် လွန်အနိစ္စ ရောက်ကြရသည်ကို အံ့ဖွယ် ကြုံကြရလေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂၁ ]

❑

ဖြစ်ရပ်ဆန်းများ စိပ်လာတော့ . . .

သုဘရာဇာသား ကံကြီးကို အချင်းချင်း သောက်ဖော်ပေါင်းဖက်များကပါ ရှံလာ၏။ ကြောက်လာကြ၏။ ပူးပူးကပ်ကပ် မနေရဲ။

ကြောက်ရွံစိုးရိမ်ရခြင်းမှာ သူတို့ကိုလည်း 'မင်း လူ့ပြည်မှာ သက်တမ်းကုန်ပြီဟ' ဟု ပြောမှာကို စိုးရိမ်ထိတ်လန့်ကြ၏။

မကောင်းတာမှန်သမျှ အကုန်လုပ်နေကြပါသော်လည်း . . .

လူ့ဘဝမှာ သက်တမ်းရှည်ရှည်လေး နေချင်ကြသေး၏။ လောကကြီးမှာ ပျော်စရာတွေက အများကြီး။ ရှိရှိ မရှိရှိ ပျော်အောင်နေလို့ရသည့် အရာတွေက ရှေ့မှာ တန်းစီနေသည်။

သေမင်းဆိုသည့်ကောင်က မြန်မြန်သေခိုင်းမှာကိုမူ အားလုံး အလိုမရှိကြ။ သို့နှင့် ကံကြီးနှင့် ခပ်ခွာခွာ နေလိုက်ကြပါသော်လည်း အချိန်တန်၍ တွေ့နေဆုံနေကြ . . .





အရက်ဆိုင်၊ ထမင်းရည်ဆိုင်၊ ကြက်ပိုင်း၊ ခဲပိုင်းမှာ မတွေ့ရလျှင် သူတို့ရှိရာသို့ ကံကြီးက မရှာရလိုက်ရာ၍ ပေါင်း၏။

သောက်စားမူးယစ်၏။

ပေါက်ကရရှစ်ဆယ်စကားများ ပြော၏။

သရဲတစ္ဆေလည်း လုံးဝမကြောက်။ တစ်ခါတော့ မေးရ၏။

"ကံကြီး . . ."

"ဘာတုံး . . ."

"မင်း . . . သချိုင်းကုန်းမှာ နေနေတာ သရဲတစ္ဆေ မကြောက်ဘူးလား"

"မကြောက်ပေါင်"

"ဘာလို့ မကြောက်တာတုံးဟ"

"သရဲတစ္ဆေတွေနဲ့ ငါနဲ့က သချိုင်းကုန်းမှာ နေ့စဉ်လိုလို ညဘက်ရောက်ရင် တွေ့နေရဥစ္စာ။ ကြာတော့လည်း ရိုးသွားရောကွ"

ဟုတ်ပေလိမ့်မည်။ ကံကြီးသည် မူးလာလျှင် အုတ်ဂူများပေါ်မှာပဲ အိပ်လေ့ရှိ၏။ စားလျှင်လည်း တွေ့သမျှ လူသေခေါင်းပေါ်က စားမြိန်စာထုပ်များကို ဂူပေါ်မှာပဲ စားလေ့ရှိ၏။

"မင်း သရဲနဲ့ကြုံဖူးတာ တကယ်လား . . . ကံကြီး"

"အိမ်း . . ."

"ငါတို့ကို ပြောပြစမ်းပါကွ"

"မင်းတို့က တွေ့ချင်လို့လား"

"မင်းပြနိုင်ရင် ကြည့်မှာပေါ့"

"အိမ်း . . တစ်နေ့ မင်းတို့ကို ငါ သရဲခေါ်ပြမယ်။ ကြောက်ရင်တော့ မကြည့်နဲ့"

"လုပ်ပါ . . .။ မင်းနဲ့ သရဲတစ္ဆေတွေ့ပုံကို ပြောပြစမ်းပါ"

"တစ်ညပေါ့ကွာ။ ငါ အမဲသားခြောက်မီးဖုတ်နဲ့ အရက်သောက်ပြီး အိပ်ပျော်သွားတုန်းရှိသေးတယ် ငါ့ဆံပင်ကိုလာဆွဲတာ . . . မိန်းမလှရဲ့။ တစ်ကြိမ်လှမ်းဖမ်းတာ မမိဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယကြိမ် လှမ်းဆွဲလိုက်တယ် မမိဘူး။ မော့ကြည့်တော့လည်း ဘာကောင်မှမရှိဘူး။ ခေါင်းလည်း ပူနေပြီ။ ဆံပင်အချို့လည်း ကျွတ်ကုန်တယ်။ ဒါနဲ့ အသာလေး အိပ်ချင်ယောင်ဆောင်ပြီးနေတုန်း ငါ့ဆံပင်ကို ဆောင့်ဆွဲပါရော။ အဲဒီမှာ ဆွဲတဲ့ကောင်ရဲ့ လက်ကို ဆုပ်ကိုင်မိတာ''

''ဘယ်လိုနေတုံးဟ . . . ကံကြီးရ''

''အေးစက်စက် လက်ကြီးကွာ။ ရေခဲတိုက် ရင်ခွဲရုံက ထုတ်ကာစ မသာရဲ့လက်လိုပဲ။ အေးစက်နေတာမှ ရေခဲတုံး ကိုင်ရသလိုပဲ။ ဒါနဲ့ ဝုန်းခနဲထ,ပြီး ထကြည့်လိုက်ရော လက်ကြီးပဲမြင်ရတယ်။ လူကောင် မမြင်ရဘူး။

သောက်ကျိုးနည်း လက်မှာ အမွေးတွေမှ အရှည်ကြီးဗျာ။ ငါလည်း သင်းလက်ကို လိမ်ချိုးရော သင်းက ဆောင့်ရုန်းပြီး ပျောက်သွားရော။ ဒါနဲ့ ငါက မေးတာပေါ့။

သိလိုက်ပြီလေ။

ဒါ လူမဟုတ်ဘူး။ နာ့နာဘာဝ တစ္ဆေသရဲ။

''မင်း ဘာလုပ်တာလဲ''

ပြောသံ မကြားရဘူး။ ခွေးတစ်ကောင်ကတော့ တစ်စုံတစ်ခုကို မြင်သလို သဲကြီးမည်းကြီး ထိုးဟောင်နေတာ။

''စားချင်လို့လား''

ငါ့အင်္ကျီရင်ဘတ်ထဲမှာ အမဲသားခြောက်မီးဖုတ် ရှိနေသေးတာကိုး။ တစ်ရေးနိုးရင် သောက်မယ်ဆိုပြီး သိမ်းထားတာ''

ဒီလိုမေးတော့လည်း လက်ပိုင်ရှင်က မပြောဘူး။ ဒီမှာ ပုပ်အဲ့အဲ့ အနံ့ကြီး နံ့ဟောင်လာပါရောဟေ့။ နံ့တာမှ ငါ့အနီးကနေ နံနေတာ။ ဒီကောင် ငါ့အနီးမှာရှိနေတာ ကျိန်းသေနေပြီ။

''စားချင်ရင် ကိုယ်ထင်ပြကွာ။ ပြရင် ကျွေးမယ်''

ဒီလိုလည်း ပြောလိုက်ရော . . . ငါ့လူရေ . . . စောစောက အမွေးရှည်ရှည်နဲ့ လက်မည်းကြီးရယ် . . . ငါထိုင်နေတဲ့ အုတ်ဂူပေါ်တင်ပြီး လက်ဝါးဖြန့်လို့ဗျာ။





ဒါနဲ့ အမဲခြောက်နည်းနည်း ထည့်ပေးလိုက်ရော ယူပြီး ပျောက်သွားရော ခင်ဗျာ။

အင်း . . . စားချင်လို့၊ ဝတ်လွှန်းလို့ နေမှာပေါ့လေ။ ဒါနဲ့ ငါ ပြန်အိပ်တယ်။ မှေးခနဲရှိတုန်း ခြေထောက်ကို လာဆွဲပြန်ပါရောလား။ ထကြည့်တော့ မိန်းမတစ်ယောက်ကွ။

ပါးစပ်နဲ့ မျက်လုံးပါတယ်။ နှာခေါင်းမပါဘူး။ ဆံပင်ဖားလျားချကြီးနဲ့။

လူလား၊ သရဲလား မသဲကွဲဘူး။

''ဘာလို့ နှိုးတာတုံး''

မေးတော့ သူမက လက်ဝါးဖြန့်ပြပါရော။ အလို . . . သူမရဲ့ လက်ဝါးက မီးကျွမ်းနေသလိုချည်းဟေ့။

''နင် ဘယ်ကလဲ''

မဖြေဘူး။ ထပ်မေးလိုက်တယ်။

''နင် လူလား၊ တစ္ဆေလား''

ဘာမှပြန်မပြောဘူး။ ပြူးကြောင်ကြောင်မျက်လုံးနဲ့ ငါ့ကို စိုက်ကြည့်ပြီး လက်ဝါးပဲဖြန့်လို့ တောင်းနေရဲ့။

''နင် ဘယ်မှာနေလဲ ပြောရင် စားစရာပေးမယ်။ ပြော . . .

ဒီမှာပဲ သူမက မြေပုံတစ်ခုကို လက်ညှိုးထိုးပြလေရဲ့။ မြေ

ပြီးခဲ့သည့် အပတ်တုန်းက မြေမြှုပ်ခဲ့တဲ့ မြေပုံ။

သစ်သားပြားမှတ်တိုင်မှာ ထုံးနဲ့ စာရေးယားတယ်။

'မခရေချစ် – အသက် (၅၅) နှစ်'

''အဲဒါ နင်လား''

ခေါင်းညိတ်တယ်။ ဒါနဲ့ သနားပြီး အမဲခြောက်တစ်ခါကိုက်

လိုက်ရော ဆတ်ခနဲဆွဲယူပြီး ပျောက်သွားရော။ ငါ မသက်ာလို့ လှမ်း

တော့ . . .

စောစောက သူမ လက်ညှိုးထိုးပြတဲ့ 'မခရေချစ် –

(၅၅) နှစ်' ဆိုတဲ့ မြေပုံပေါ်မှာ ပန်းကန်ပြားလောက် မီးလုံး



www.burmeseclassic.com

www.burmeseclassic.com



နေတာကို မြင်လိုက်ပါရောလား။

ကြည့်နေတုန်းမှာပဲ မီးလုံးက မြေကြီးထဲကို ဖောက်ဝင်ဖြစ်ပြီး ပျောက်သွားပါရောကွာ။ နောင်ကျတော့လည်း စားစရာလေးများ ရလာရင် သူတို့အတွက် နည်းနည်းပါးပါးစွန့်ပြီး စားတော့ ငါ့ကို မခြောက်ကြတော့ဘူးကွ။ အဲဒါ ငါနဲ့ တစ္ဆေသရဲ တွေ့ပုံပဲ။

နောက်ပိုင်း မင်းတို့ကိုပြောရင် ယုံပါ့မလား မသိဘူး။ မှုပ်ပြီးစ မြေပုံပေါ်မှာ သေသူတစ္ဆေ ထိုင်ငိုနေတာမျိုး မင်းတို့မြင်ရင် လိပ်ပြာလွင့်သွားလိမ့်မယ် ... ကိုယ့်လူ။

ငါ့အဖို့ကတော့ တစ္ဆေသရဲတို့ဟာ သင်္ချိုင်းမှာမွေး၊ သင်္ချိုင်းကုန်းမှာ ကြီးလာရလို့လားမသိဘူး သူတို့နဲ့ ရင်းရင်းနှီးနှီးရှိနေတယ်။

"မင်းတို့ပြောရင် ယုံမလား"

"ဘာကိုတုံး"

"မင်းတို့နောက်ကို ငါ ဒီကသရဲတွေ ပြန်ရင် ထည့်ပေးလိုက်မယ်"

"လိုက်လာမှာလား"

"လိုက်သွားလို့ပြောရင် လိုက်ကို လိုက်စေ့ရမယ် ... ကိုယ့်လူ။ ဒါပေမင့် မင်းတို့အိမ်ခြံဝရောက်ရင် တစ်ခုခုကျွေးပြီး ပြန်ပါတော့လို့ပြောမှ သူတို့ ပြန်လိမ့်မယ်နော်"

"မကျွေးရင်ကော ..."

"မကျွေးရင် မင်းတို့အိမ်နားဝန်းကျင်မှာ အပုပ်နံ့တထောင်းထောင်း။ ခွေးတအူအူ ဖြစ်နေရစေ့မယ် မယုံမရှိနဲ့။ ဘယ့်နှယ် ..."

"မလုပ်နဲ့ကွာ။ မင်းကောင်တွေ စားပြီးပြန်ရင် တော်ပါရဲ့။ ဒီလိုမှ မဟုတ်ဘဲ စားလို့ကောင်းလို့ ဒီမှာပဲ နေပါရစေဆိုရင် သေရော"

"ဟုတ်တယ် ... ကံကြီး။ အပြန်မှာ မထည့်ပါနဲ့ကွာ နော"

ဒီမှာ ချွတ်ကရားက မေးလေ၏။

"မောင်ကံကြီး ... ရ"

"ဘာတုံး ... ရွှေကုလားရ"





"သရဲကို ငါတို့မြင်ချင်ရင် ရမလား"

"ရတာပေါ့။ အဝေးက ကြည့်ချင်လား ...၊ အနီးကပ် ကြည့်ချင်လား"

"အဝေးကမြင်ရရင် တော်ပါပြီကွာ"

"ကောင်းပြီ ...။ နက်ဖြန်ခါညသန်းခေါင်ယံမှာ မင်းတို့ကို ငါ သရဲမြင်ရအောင် လုပ်ပေးမယ်။ အမဲသားအစိမ်း တစ်ပိဿာဝယ်ခဲ့"

"ဘာလုပ်ဖို့တုံး"

"လျှာမရှည်နဲ့ ... ချွတ်ကရား။ မြင်ချင်ကြည့်ချင်ရင် ဝယ်ခဲ့။ မမြင်ချင်၊ မကြည့်ချင်ရင် မဝယ်ခဲ့နဲ့။ ဒါပဲ"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# ၂၂

❑

လပြည့်ကျော်သုံးရက်ညမို့ သန်းခေါင်ယံမှာ လ,က ထိန်ထိန်သာနေသည်။ ဆင်ကျောကုန်းသချိုင်းသည် လေတဟူးဟူးနှင့် သစ်ပင်များ ဘယ်ညာယိမ်းနွဲ့ ယိမ်းက,သကဲ့သို့ ရှိနေ၏။

မြေပုံမို့မို့များကလည်း သစ်သားမှတ်တိုင်များနှင့် လူပိန်ပိန်များ ဒူးထောက်လက်နှစ်ဖက်ကား ခေါင်းမော့နေသည့်အလား ထင်ရ၏။

အုတ်ဂူကြီးငယ်တို့ကလည်း လူဝဝကြီးများ ခါးကုန်းနေသကဲ့သို့ ရှိ၏။

တော်ရုံတန်ရုံလူဆိုပါမူ ဒီလိုညဥ့်သန်းခေါင်ယံအချိန်မျိုးမှာ ဒီ သချိုင်းကုန်းသို့ မလာရဲကြ။

သူတို့အုပ်စုကတော့ နေ့ရောညပါ ဒီသချိုင်းမှာ အဝင်အထွက်ရှိသဖြင့် သိပ်ကြောက်လှေ့မရှိ။





သူတို့အုပ်စုဆိုရာမှာ အောင်ရွှေ၊ အောင်ဖေ၊ ဝက်ကြီး၊ စိန်ကတုံး၊ ချက်စူ၊ ချွတ်ကရားနှင့် ကံကြီးတို့အုပ်စုဖြစ်၏။

သူတို့အုပ်စုက တစ္ဆေသရဲကို မြင်ချင်ကြသည်။ ဒီနေ့ညသန်းခေါင်မှာ တစ္ဆေသရဲကို မောင်ကံကြီးက ခေါ်ပြမည်ဆို၍ အမဲသားအစိမ်း တစ်ပိဿာ စုဝယ်လာခဲ့ကြ၏။

အမဲသားအစိမ်းကို သချိုင်းကုန်းထဲ ညလယ်သန်းခေါင်ယူလာသည့်အချိန်၊ သချိုင်းမြေနှင်းကတည်းက တဖပ်ဖပ်နှင့် ခြေသံများ ကြားနေရ၏။

လူလည်း တွန်းတိုက်ခံရသလိုမျိုး ရှိလာ၍ သူ့အပြစ်ပြောလိုက်၊ ကိုယ့်အပြစ်ပြောလိုက်နှင့် ရှိ၏။ အားလုံးလည်း ယမကာရဲဆေး တင်ထားကြ၍ တစ္ဆေသရဲနှင့် တွေ့ရင်တောင် နပန်းလုံးရဲသည့်သတ္တိတွေ ကြွနေ၏။

"ချွတ်ကရား ..."

"ဘာတုံး ... အောင်ရွှေ"

"မင်း မကြောက်ဘူးလား"

"မမြင်ရသေးဘဲနဲ့ ကြောက်ရမှာလား။ ခုနေ ရင်ဆိုင်တွေ့ရင် သူချကိုယ်ချပဲ"

"ဝက်ကြီးကရော ..."

"ငါကတော့ ပြေးဖို့အသင့်ပဲ"

"ကောင်းတယ် .... အနော်ရထာမင်းကြီးသာ သက်ရှိထင်ရှားရှိနေရင် ကျန်စစ်သား၊ ငထွေးရူး၊ ငလုံးလက်ဖယ်နဲ့ ညောင်ဦးဖီးအပြင် မင်းကိုပါ သူရဲကောင်းငါးဦး စာရင်းဝင်ခန့်မှာပဲ"

"သူများသာ လိုက်ပြောနေ။ မင်းရော တွေ့ရင် ပြေးမှာပဲမဟုတ်လား ... အောင်ဖေရ"

"ဒါတော့ စောင့်ကြည့်ရမှာပေါ့ကွာ။ တစ္ဆေသရဲဆိုတာ အလုံးလား၊ အပြားလား၊ သူလိုကိုယ်လိုပဲလား ... မြင်မှ မမြင်သေးဘဲစွာ"



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာပဲ ကံကြီးက ...

"အမဲသားတွေ ငါ့ကိုပေး"

ချွတ်ကရားယူလာသည့် အမဲသားတွဲကြီးကို မောင်ကံကြီးလက်သို့ အပ်လိုက်၏။

"မင်းတို့ကြောင့်သာ အမဲသားတစ်ပိဿာကို ဒါနပြုရမှာ။ ငါ့သဘောသာဆိုရင် မဆလာနိုင်နိုင်နဲ့ ချက်ပြီး အရက်ထန်းရည်နဲ့ မြည်းလိုက်ရ ဆွေမျိုးမေ့သွားမှာပဲ"

"ဒီကိစ္စပြီးရင် နောက်တစ်ပွဲ စားပွဲသောက်ပွဲပေါ့ ... ကံကြီးရာ"

ဒီလိုနှင့် သူတို့ အုတ်ဂူများဝိုင်းနေသည့် မြေပြင်ကွက်လပ်တစ်ခုသို့ ရောက်လာကြ၏။ မြင်ကွင်းရှင်း၏။

သစ်ပင်အရိပ်များ လုံးဝမရှိ။

ဝက်ကြီးက ခပ်လန့်လန့်နှင့် အုတ်ဂူများမှ စာတန်းများကို လိုက်ဖတ်လိုက်သည်။

တပ်ကုန်းကျော်ဦး – အသက် (၆၅) နှစ်။

သန်လျင် ဦးဖော်လွှမ်း – အသက် (၉၃) နှစ်။

ဒေါ်အာလံစိန် – အသက် (၁၀၁) နှစ်။

မစ္စတာ ကြည်တင့်ကျိုင် – အသက် (၈၀) နှစ်။

တာဝတီံသာ မြသန်း – အသက် (၇၃) နှစ် ...

စသည် အုတ်ဂူစာတန်းများကို ဖတ်ပြီး ဒီည သူတို့ဝိညာဉ်များပါ လာရောက်သုံးဆောင်ကြလေမလားဟု တွေးပြီး ကြက်သီးထနေ၏။

ကံကြီးက သချိုင်းကုန်း ညဥ့်သန်းကောင် လရောင်အောက်မှာ အမဲသားတွဲကြီးကို မြှောက်မြှောက်ပြနေပုံက တစ္ဆေသရဲများကို မြှူဆွယ်နေသကဲ့သို့ရှိ၏။

"ချွတ် ..."

"အမယ်လေး ..."

"ဟ ... ဟ ... ဘာဖြစ်လို့တုံး ... ဝက်ကြီး"





"နောက် ... နောက် ... ကနေ ... ငါ့ ... ပခုံးကို ... လာပုတ် ... လို့ ..."

"မဖြစ်နိုင်တာကွာ ...။ မူးကြောင်ရူးကြောင် လုပ်မနေနဲ့"

"ဖရူး ..."

"အမယ်လေး ... အမေ ... ရဲ့"

"ဟ ... ချွတ်ကရား ... ဘာဖြစ်ပြန်ပတုံးကွာ"

သတ္တိကောင်းလှသည့် ချွတ်ကရား ထခုန်အော်ပြီး အောင်ရွှေသည့်ပင်းကို ဖက်တွယ်ထားလေ၏။

"ငါ့ ... ငါ့ ... ခြေထောက်ကို ... လာ ... လာ ... ဆွဲ .."

"မင်းအမေကလွှား ... ကြွက်ဝင်တိုးတာပါ ... ချွတ်ကရားရာ။ ဟိုမှာ ... မင်းခြေထောက်ကြားက ဖြတ်ပြေးတဲ့ ကြွက်ကြီး"

လက်နှိပ်မီးနှင့် ထိုးကြည့်လိုက်တော့ ပြည်တောင်းနီးပါးခန့်ရှိသော ...သေကောင်စား မြေကြွက်ကြီးက တပ်ကုန်းကျော်ဦး၏ အုတ်ဂူအပေါက်...မှ ခေါင်းပြူကြည့်နေသည်ကို မြင်ရ၏။

"ဟုတ် ... ဟုတ် ... ရဲ့ ... လား ..."

"ဟိုမှာ ... မင်းအဖေ ... မင်းကို ကြည့်နေတယ်"

"ဟူး ... ခေါင်းမွေးကို ထောင်သွားတာပဲ"

"အားလုံး တိတ်တိတ်နေကြ။ အသံ လုံးဝမထွက်နဲ့။ တစ်ခုခုကို ...ရင်လည်း မအော်နဲ့ ... မလန့်နဲ့ ... လက်ညှိုးမထိုးနဲ့။ အော်ရင် ... ...သံပြုရင် ... ပြေးလိုက်တတ်တယ်။ ကြားကြလား ..."

"အင်း ... အင်း ..."

"အေး ... အေး ..."

"ဟုတ် ... ဟုတ်ကဲ့ ... ဆ ... ဆ ... ရာ ... ကြီး"

သူတို့အုပ်စု မောင်ကံကြီးစီမံသည့်အတိုင်း ကြသောင်းဝါး နှစ်...ခန့် အကွာအဝေးမှာရှိသည့် အုတ်ဂူများကို အကာအကွယ်ယူ၍ ...ရာဝန်းကျင်ကို မျက်တောင်မခတ် အာရုံစိုက်ကြည့်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ငါးမိနစ်ခန့် ကြာသောအခါ ...

"ဂီး ... ဂီး ... ဂီး ..."

"အ ... အ ..."

"ရွတ် ... အသံမထွက်နဲ့"

မောင်ကံကြီးက ငှက်ဆိုးအော်သံကြောင့် မော့ကြည့်ရင်း အသံထွက်ရန်ပြင်လိုက်သည့် ဝက်ကြီးရဲ့ပါးစပ်ကို သူ့လက်ကြမ်းကြီးနှင့် အမြန်လှမ်းပိတ်ပြီး ကွယ်ထားလိုက်၏။

"ဂီး ... ဂီး ... ဂီး ..."

"ဂစ် ... ဂစ် ... ဂစ် ..."

"အူ ... အူ ... အူ ... အူ ..."

"အိန် ... အိန် ... ဂိန် ... ဂိန် ..."

"ဂိန် ... ဂိန် ... အိန် ... အိန် ..."

"ဂူ ... အူ ... အူ ... ဂူ ..."

ငှက်ဆိုးထိုးသံများနှင့်အတူ အရပ်လေးမျက်နှာမှ ခွေးအူသံများကို ကြောက်လန့်ချောက်ချားစရာ ကောင်းအောင် ကြားစပြုလာတော့၏။

ဒါနှင့်အတူ လေတိုက်သံကြားရပြီး စောစောကငြိမ်သက်နေသည့် သစ်ပင်ကြီးများရဲ့ အရွက်တွေ လှုပ်ခါစပြုလာ၏။ လေသည် အတိုက်ကြမ်းစပြုလာသည်။

သချိုင်းကုန်းပေါ်ရှိ ထန်းမပင်နှစ်ပင်ကား လေတိုက်ကြမ်း၍ အရွက်ချင်းရိုက်ကာ တဝုန်းဝုန်း တဝေါဝေါမြည်နေ၏။ အမှိုက်သရိုက်များနှင့် သစ်ရွက်များလည်း လေနှင့်အတူ သချိုင်းကုန်းပေါ်မှ လွင့်နေ၏။

ထိုစဉ် ...

ခပ်ဝါးဝါး၊ ရှည်ရှည်သဏ္ဍာန်တစ်ခုသည် ဝိုးတဝါး မှုန်မှိုင်းနေသည့် အလင်းရောင်အောက်မှာ တရွေ့ရွေ့ လှမ်းလာနေသည်ကို အားလုံးမြင်လိုက်ရ၍ မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေလိုက်ကြသည်။

သဏ္ဍာန်က လူလိုလို၊ အရိပ်လိုလို၊ ဘာလိုလို မသည်းကွဲ။ အဝတ်





နိုင်ဆုံး ပုံသဏ္ဍာန်ဖော်ရလျှင် ဆံပင်ဖားလျား လေထဲလွင့်နေသည့် ထမီရင်လျားနှင့် မိန်းမတစ်ယောက်သဏ္ဍာန်မျိုး ရေးရေးငယ်ငယ် ပေါ်ပုံရ၏။

"ရှူး ..."

"အဲ ... အဲဒါ ... ဘာတုံး"

အောင်ရွှေနှင့် ချွတ်ကရားတို့က နှစ်ကိုယ်ကြားလေသံနှင့် ကံကြီးကို မေးလိုက်တော့ ..."

"လာနေတာ"

"ဘယ် ... ဘယ်သူ ... တုံး ... ကံကြီး ..."

"တ ... တ ... တ ... ရွှေနဲ့တူတာပဲ"

"ရှူး ... အသံမထွက်နဲ့ ... ကြည့်နေ ... အသာကြည့်နေ"

မောင်ကံကြီးမှအပ သူတို့အားလုံး စိုးရွံ့ထိတ်လန့်သော မျက်လုံးများဖြင့် ရိုးရိုးရိပ်ရိပ်သဏ္ဍာန်ကို ဝေဝေဝါးဝါး ဆံပင်ဖားလျားချ သဏ္ဍာန်နှင့်တူသော (သရဲလားဘာလားမသိ) ရိုးရိုးရိပ်ရိပ်ကြီးသည် တိမ်ကွယ်လအောက်မှာ ရုတ်ခနဲ ပျောက်သွားတော့၏။

ဟိုဟိုဒီဒီ လိုက်ရှာကြည့်သည့်တိုင် မတွေ့တော့။

"ဟော ... ဟိုမှာ ... ဟိုမှာ ..."

"ဘယ်မှာတုံး ... ဟ"

"ဟို ... ဂူနဲ့ မြေပုံကြားမှာ။ ဟော ... ဟိုမှာ .. ဟိုမှာ .."

"ဟာ ..."

"အလိုလေး ..."

ရိုးရိုးရိပ်ရိပ်၊ မှုန်ဝါးဝါး၊ ဆံပင်ဖားလျားနှင့် မိန်းမသားလိုအရာက အုတ်ဂူများ၊ မြေပုံများကြားမှ တရွေ့ရွေ့လှမ်းလာပြီး မမြင်သာမြင်သာ နေရာမှာ ရပ်နေ၏။ သည့်နောက် တောင်မြောက်ဝဲယာကို ဦးခေါင်းလှည့်၍ တဖြည်းဖြည်း လိုက်ကြည့်နေ၏။

ပြီးနောက် ...

မိမိတို့ရှိရာအရပ် အုတ်ဂူများရှိရာသို့ စူးစိုက်ကြည့်နေပြီး



www.burmeseclassic.com

www.burmeseclassic.com



လက်ကိုမြှောက်၍ လက်ညှိုးနှင့် ဆန့်တန်းထိုးပြလိုက်သောအခါ ဝက်ကြီး လန့်၍ အောင်ရွှေကိုဖက်ပြီး ပြေးရန် အကြံပြုတော့၏။

"ပြေး . . . ပြေး . . . ကြ . . . စို့"

"မ . . . ပြေး . . . နဲ့"

"ငါ . . . တို့ . . . ဆီ . . . ကို . . . လက် . . . ညှိုးထိုး . . . ထိုး နေ . . . တယ်။ သူ . . . သူ . . . လာ . . . လာ . . . တော့မယ် . . . ပြေး ပြေး . . ."

"ရှူး . . . အောင်ရွှေ"

"ဘာတုံး . . . ကံကြီး"

"ထွက်ပြေးရင် ငါတို့အားလုံး ဒုက္ခရောက်ကုန်လိမ့်မယ်။ ဒီ အကောင်ကို ပါးစပ်ပိတ်ပြီး ချုပ်ထား"

"အေး . . . အေး . . ."

သည့်နောက် အောင်ရွှေနှင့် အောင်ဖေတို့ညီအစ်ကို ကြောက် လန့်နေသည့် ဝက်ကြီးကို ပါးစပ်ပိတ်ပြီး မျက်နှာအောက်ငုံ့စေခါ ညှပ်ချုပ် ထားလိုက်ကြသည်။

ဒီမှာပဲ တိမ်မည်းမည်းအုပ်က လကို ဖုံးလိုက်သည်။ သချိုင်းကုန်း တစ်ခွင်လုံး မှောင်အတိကျသွား၏။ တိမ်ပြယ်၍ လရောင်ဖိုးဝါး ပြန်ပေါ် လာသောအခါ စောစောက လက်ဆန့်တန်းနေသည့် တစ္ဆေလိုလို သရဲလိုလို လူလိုလိုအရာ မရှိတော့။

အားလုံး ဟိုကြည့်သည်ကြည့် လှည့်ရှာကြသည်။

အားလုံး တုန်လှုပ်ချောက်ချား ဖြစ်နေသည်။

"ပေး . . ."

"ဝုန်း . . ."

"ဟာ . . . ဟာ . . ."

"ပေး . . . ပေး . . ."

"အမလေး . . . လုပ်ကြပါဦးဗျ . . . သရဲ . . . သရဲ . . ."





"လာကြပါဦးဗျ . . . အမေရေ . . . အမေရဲ့ . . ."

"ပြေး . . . ပြေး . . ."

ဆံပင်ဖားလျားနှင့် မျက်လုံးပြူးပြူး အသားမည်းမည်း သွားခေါ် ခေါ် သရဲတစ္ဆေမကြီးသည် အုတ်ဂူတစ်ခုအကွယ်မှ ဖြုန်းခနဲပေါ်လာပြီး မောင်ကံကြီးလက်ထဲက အမဲသားတွဲကို အတင်းဝင်လုတော့သည်။ မောင်ကံ ကြီးကလည်း အမဲသားတွဲကို ပြန်လု၏။ သရဲမကလည်း မရအရ ပေး . . ပေး . . . ဟုအော်ရင်း မောင်ကံကြီးကိုတွန်းပစ်ကာ အမဲသားတွဲကို အားနှင့် မာန်နှင့် ဝင်လုတော့သည်။

အောင်ရွှေ အောင်ဖေ၊ ဝက်ကြီးချွတ်ကရားတို့ အသားမည်းမည်း သွားခေါ်ခေါ် ဆံပင်ဖားလျားနှင့် သရဲတစ္ဆေမကြီးကိုမြင်သည်နှင့် 'ပြေး' ဟု သံပြိုင်ရွတ်ကာ သချိုင်းကုန်းမှ မာရသွန်လစ်ကြတော့သည်။

"သရဲဗျို့ . . . သ . . . သရဲ . . . သရဲ . . ."

ပြေးရင်း မြေပုံတစ်ခုကို ခလုတ်တိုက်၍လဲ၏။ လဲရာမှ ထသော အခါ ချေးနှင့်သေးများထွက်ပြီး ပုဆိုး၊ အကျႌများ ရွှံ့စိုနံဟောင်ကုန်၏။ ဝက်ကြီးခါးမှာမူ ပုဆိုးမရှိတော့။ အချို့က လုံကွင်းသိုင်းနှင့် . . .

"ဂီး . . . ဂီး . . ."

"ဂစ် . . . ဂစ် . . . ဂစ် . . ."

"ဘုရား . . . ဘုရား . . . အမယ်လေးဗျ . . ."

"အူ . . . အူ . . . ဝူ . . . ဝူ . . ."

"ဂိန် . . . ဂိန် . . ."

"အိန် . . . အိန် . . . အူ . . ဝူ . ."

ငှက်ဆိုးကထိုး သချိုင်းခွေးများကအူ အားလုံးလည်း ပြေးကုန် ပြီ။ မပြေးဘဲ အမဲသားပြိုင်လုနေသူကား တစ္ဆေသရဲမကြောက်သည့် မောင် ကံကြီးပဲဖြစ်သည်။

"ပေး . . . ပေး . . . ငါ့ . . . ငါ့ . . . ကို . . . ပေး . . ."

"မပေးဘူး . . . သွား . . . သွား . . ."



www.burmeseclassic.com

www.burmeseclassic.com



"ငါ မသွားဘူး ... နင် ... နင် ... သွား ..."

"အရူးမ ... မိအိုင်ကြီး ... မိအိုင်ကြီး ... နင်လွှတ်နော် .."

ဖြုန်းခနဲဆိုတော့ သချိုင်းကုန်းသား မောင်ကံကြီးကိုယ်တိုင် သချိုင်းကုန်းထဲက တစ္ဆေသရဲတွေ အမဲသားတွဲကို ဝင်လုသည်မှတ်၍ အံ့သြနေ၏။ တုန်လှုပ်နေ၏။ ချွေးပျံချင်သလို ရှိနေ၏။

နောက် ... သေသေချာချာ အသံကိုနားထောင်ပြီး အားစိုက်၍ ကြည့်လိုက်တော့မှ တစ္ဆေသရဲအစစ်မဟုတ်။ စိတ်မနှံ့သူအရူးမ မိအိုင်ကြီး ဖြစ်နေသည်ကို အပီအပြင်သိလိုက်ရပြီး ပိုဒေါပွရတော့၏။

ဒီအရူးမက စိတ်မထင်လျှင် သချိုင်းကုန်းထဲညဘက် ဝင်လာလေ့ရှိ၏။

အုတ်ဂူများကို တုတ်နှင့်လိုက်ခေါက်ပြီး သီချင်းဆိုချင်ဆို၏။ ငိုချင်ငို၏။

တစ်ခါတုန်းကလည်း မမှတ်ကြည်တင့်ကျိုင် အုတ်ဂူရှေ့မှာ တစ်ညလုံးငို၏။

ငိုသမှ ရင်ထု၍ ငို၏။ စကားပြောများနှင့် ငို၏။

အားမရလို့လားမသိ၊ ဘုန်းကြီးပျံငိုချင်းကို ဆို၍ ငိုပြန်၏။ သည်တုန်းက ကံကြီးပင် အိပ်မရ၍ စိတ်ညစ်ခဲ့ရ၏။ သည့်နောက်မြေစာခဲများဖြင့် ပေါက်နှင်လွှတ်ခဲ့ရဖူး၏။

ခုလည်း သူတို့ အစီအစဉ်လုပ်လာခဲ့သည့် အမဲသားတွဲကို အချောင်ဝင်လုနေ၏။

"နင်သွားတော့နော် မိအိုင်ကြီး"

"မသွားဘူး ... ငါ့ပစ္စည်း ငါ့ကိုပေးမှ သွားမယ် ... ပေး"

"လွှတ်နော် ... မိအိုင်ကြီး"

"ပေး ... ပေး ... မပေးရင် ငါအော်လိုက်မှာနော်"

"တောက် ... နင်ဟာ ... နင် ... တော်တော်လူပါးဝတဲ့ အရူးမကွာ။ ရော့ ... ရော့ ... ဖွီ ... မိုင်းတာမ ..."





မောင်ကံကြီး စိတ်မနှံ့သူ အရူးမနှင့် အကျယ်အကျယ် မငြိမ်းမှယ်မဖြစ်လို၍ အမဲသားတွဲကို မပေးချင် ပေးချင်နှင့် လက်လွှတ်လို့ပေးလိုက်သည်။

အရူးမ မိအိုင်ကြီးသည် အမဲသားတွဲကြီးကိုရသည်နှင့် သချိုင်းကုန်းပေါ်မှာ ဝမ်းသာအားရ မြှောက်မြှောက်ကံ,နေ၏။ သူမ အတော့်ကို ရွှင်မြူးအားရဖြစ်နေ၏။

"ဟေ ... ဟေ ... ဟေ ... ရှူးပြီ ... ရှူးပြီ ..."

"ဆီပြန်ချက်ပြီး ငါ့လင်မြသန်းကို ကျွေးမယ်။ ပြီးရင် အဟဲဟဲ"

"ပြုတ်ကြော်လေးကြော်ပြီး ... ငါ့လင်ကျော်ဦးကို ကျွေးမယ်။ ပြီးရင် ... ဟေ ... ဟေ ... ဟော့ ..."

ရှောက်ရည်လေး ... ညှစ်ပြီး ... ငါ့လင် ကြည်တင့်ကျိုင်ကို ကျွေးမယ်။ ပြီးရင် ... တစ်ညလုံး ... တစ်နေ့လုံး ... ဟီ ... ဟီ ... ဟီ ... ဟေ ... ဟေ ... ဟော့ ... ဟာ ... ဟာ ... ဟ ... ဝါး ... ဟား ... ဟား ... ဟား ... ဟား ..."

အရူးမ မိအိုင်ကြီးကား ပါးစပ်က ပေါက်ပန်းစျေးများကို အော်ဟစ်ပြောဆိုပြီး အမဲသားတွဲကို မြှောက်၍ခုန်၍ ပြေးထွက်သွားလေတော့သည်။

ဟို ... သူ့ရဲကောင်းတွေကတော့ တကယ်သရဲတစ္ဆေမှတ်၍ ပြေးကုန်ကြပြီ။ သင်းတို့ ဘယ်အခြေအနေများ ရှိနေကြသလဲမသိ။ ကံကြီး သင်းတို့သွားနိုင် စုနိုင်သည့်နေရာများသို့ လိုက်ရှာခဲ့လိုက်သည်။

သင်းတို့ကို မပိန်သေးအရက်ဆိုင်အိမ်မှာ တန်းတွေ့ရတော့သည်။

အရည်လေးဝင်ထားတော့ အာဇာနည်စိတ် သူရဲကောင်းစိတ်များနှင့် ရဲရင့်ဝင့်ဝါနေကြ၏။

အရည်လေး ဝင်သွားတော့မှ သွေးများကြွလာပြီး ...

"ငါ့ လုမ်းဆွဲရင်တော့ ဝင်လုံးမှာပဲ ... ကိုယ့်လူ"

"ငါက အဲဒီမိန်းမကို ပြေးရိုက်ချင်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"အမဲသားကို မျက်နှာချင်းဆိုင် သူစားကိုယ်စား စားရရင် ဘယ်လို နေမလဲ မသိဘူး"

"ငါကလည်း ဒီကောင်မကို မေးချင်တာ"

"ဘယ်လိုမေးချင်လို့တုံး ... ချွတ်ကရားရ"

"နင် ... အပျိုလား ... အအိုလားလို့"

"ဟား ... ဟား ... ဟား ... ဟား ... ရှေ့ဆုံးကနေ ပြေးတာ မင်းအရင်ပဲ ... ကုလားနာရဲ့။ ဟား ... ဟား ... ဟား ... ဟား .."

နောက်နေ့ရောက်တော့ အောင်ရွှေတို့ ချွတ်ကရားတို့ ဒီအကြောင်း ကြုံရာဆုံရာ လူများကို ပြောပြသောအခါ အချို့က ကြက်သီးထကြ၏။ အချို့က ရယ်ကြ၏။ အချို့က လှောင်ကြ၏။

"မင်းတို့ခံရတာ နေမှာပါကွာ"

"ဘာလို့ ငါတို့က ခံရမှာလဲကွ"

"သရဲမ မဖဲဝါ စစ်ချင်မှ စစ်မှာပါကွ"

"ငါတို့က ကိုယ်တိုင်ကြုံရတာ ... ကိုယ့်လူ"

"သုဘရာဇာသား ကံကြီးက ဒါမျိုး လုပ်စားနေတာ ကြာပြီကွ။ မဟုတ်မှလွဲရော ... ဘယ်က ကလေကဝမတွေ ပေါင်းပြီး မဖဲဝါအယောင် ဆောင် လုပ်ချလိုက်ပြန်ပလဲ မသိဘူး။ အေ့ ... အေ ... တုံးကောင် တွေတော့ ... ချေးထွက် ... သေးထွက် ... အသက်ထွက်လု ခံလိုက်ရ ပြန်ပြီပေါ့ကွာ။ ဟား ... ဟား ... ဟား ... ဟား ..."

"ဒီလို တုံးတွေရှိမှ မောင်ကံကြီးလည်း စားပေါက်ချောင်မှာကိုး ဟ"

သက်ကြီးဝါကြီး ပုဂ္ဂိုလ်များကတော့ တစ်မျိုးပြော၏။

"လူကလေးတို့ ... သင်္ချိုင်းကုန်းလို နေရာမျိုး အချိန်မတော်မှာ အမဲသားစိမ်း၊ ငါးသားစိမ်း ယူမသွားရဘူး။ နောက်ပြီး တစ္ဆေသရဲကို ပါးစပ် ဆော့ပြီး မခေါ်ရ မကျေးရဘူး။ သူတို့က နာနာဘာဝ ပြိတ္တာအုပ်စုတွေ။ အပကောင်တွေ။

---

စိတ်ကူးသစ်စာပေ



တို့ဘုရားရှင် ကိုယ်တော်မြတ်ကြီး ဟောထားတာရှိသားပဲ။ ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တဲ့။ အစွဲအလမ်းကြောင့်လည်းကောင်း၊ အကုသိုလ်အမှုကြောင့်လည်းကောင်း၊ မကျွတ်မလွတ်သည့် ပြိတ္တာ၊ ကိုယ် ထင်ပြနိုင်သော ဝေမာနိကာပြိတ္တာဆိုတာ နေရာအနှံ့မှာရှိတယ်။

အဲဒါကို မမြင်အပ်သော ပရလောကသားလို့ ခေါ်တယ်။ နောင် ဒါမျိုး မလုပ်ကြနဲ့။ ကံကြီးဆိုတဲ့ ကောင်ကလေးလည်း ခက်တာပဲ။ ဘာမှ ကို အကြောက်အလန့်မရှိဘူး။ ဘုရား ... ဘုရား ..."

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## | ၂၄ |

❑

ဆိုခဲ့သလိုပင်။ မောင်ကံကြီးသည် တစ္ဆေသရဲလည်း မကြောက်၊ ပါးစပ်ကလည်း ကြမ်း၏။ နှုတ်စိုး၏။ အချို့ သူ့ပါးစပ်မှာ သရဲတစ္ဆေများ စီးနေသည်ဟု ဆိုကြ၏။

အချို့က သေမင်းစီးနေသည်ဟု ဝေဖန်ပြောဆိုကြ၏။

အားလုံး လူသိရှင်ကြားဖြစ်ရသည့် ကိစ္စကား ကပ္ပိယ ဦးဆင်ခေါင်း ဖြစ်၏။ ကပ္ပိယ ဦးဆင်ခေါင်းသည် မြောက်ကျောင်းဘုန်းကြီးကျောင်းမှာနေ၍ ကျောင်းဝေယျာဝစ္စများကို လုပ်၏။

ကပ္ပိယ ဦးဆင်ခေါင်းကား ဝဝတုတ်တုတ်၊ ဖြူဖြူဖွေးဖွေးကြီး ဖြစ်၏။ မည်မျှ ဝပါသလဲဟူမူ ဆင်ကိုယ်လုံးသို့ ဖြစ်နေ၏။

ဝပုံမှာ တစ်နေ့ဇာခြား အသားတိုးလေ့ရှိ၏။





သူ့ခြေတစ်ချောင်းကို ယောက်ျားသုံးယောက် မြောက်ကြွအောင် မ,မနိုင်ကြ။ လက်မောင်းတစ်လုံး တစ်လုံးကား ငှက်ပျောပင်အရင်းပိုင်းကဲ့သို့ တုတ်၏။ သူ့ခါးကို ကြိုးနှင့်တိုင်းပြီး ၎င်းအတိုင်းအတာကြိုးနှင့် ရေထည့်သည့် စဉ့်အိုးကို ပြန်တိုင်းပတ်ကြည့်သောအခါ . . .

စဉ့်အိုးအဝန်းထက် သူ့ကိုယ်လုံးဝမ်းဗိုက်က တစ်ထွာနှင့် လက်လေးလုံးကြီး ရှည်လေ၏။

ကျောင်းထိုင်ဘုန်းကြီးက . . .

"ဆင်ခေါင်း . . . အစားလျှော့စားဦး"

"မှန်ပါဘုရား"

မှန်ပါဘုရားက နေ့တိုင်းပြော၏။ သို့သော် စားလျှင် အဝအပြစား၏။ အဲဒီလောက် ဝသည့်ကြားမှ ဝက်သားဟင်းဆိုပါက အဆီတုံး လက်သီးဆုပ်ခန့် ဆယ်တုံးကုန်အောင် စား၏။

အလှူအိမ်ရှင်တို့ကား ကပ္ပိယဦးဆင်ခေါင်း လာရောက်သုံးဆောင်လျှင် ကျေနပ်အားရသည်လည်း ရှိ၏။ နောက်လူ စားစရာမရှိမှာလည်း ပူပန်ကြလေ၏။ ထိုင်ရာမှ ထ,ဖို့အရေး လူလေးယောက်ခန့် ဆွဲထူပေးရ၏။

နံပါတ်ဆိုက်အကြီးဆုံး စွပ်ကျယ်ကို ဝတ်ထားသော်လည်း ချက်ပေါ်သာ လုံလေ၏။ သို့ဖြစ်၍ သူ့ချက်ကြီး နို့ဆီဗူးခန့်သည် အမြဲတမ်း ပေါ်နေပြီး လူတိုင်းမြင်နေရ၏။

ဟိုလူက နောက်လိုက်၊ ဒီလူက နောက်လိုက်။

"ဦးဆင်ခေါင်း . . . ပိန်သွားတယ်နော်"

"မင်းနှမလင်ပ္ပိ ပိန်ရမှာလား။ ထလို့ မရရတဲ့ကြားထဲ"

"ဦးဆင်ခေါင်းကြီး . . ."

"ဘာတုံး . . ."

"ဝက်တစ်ကောင်လုံး ကုန်အောင် စားနိုင်လားဗျ"

"ကုန်ရုံမကဘူး . . . မင်းအဒေါ်ပါ အဆစ်စားလိုက်ဦးမယ်"

"ဗွီ . . . ကြောက်စရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



အလှူမသာအိမ်မှာ ဦးဆင်ခေါင်းကြီးရောက်လာလျှင် သူ့ရှေ့မှ လက်ဖက်ပန်းကန် ချလို့မလောက်။ လက်ဖက်တစ်ပန်းကန်ကို နှစ်လုတ်နှင့် စားပစ်ပြီး . . . လုပ်ပါဦးဟ . . . စားကောင်းလိုက်တာဟု ပြောပြီး ထပ်တောင်းလေ့ရှိ၏။

သူတစ်ယောက်တည်း ဆယ်ပန်းကန်လောက် စားသောကြောင့် ကျန်လူများက ဦးဆင်ခေါင်းရှေ့က လက်ဖက်ပန်းကန်မချနှင့် ကောက်ရိုးတစ်ပုံသာ ချပေးလိုက်ဟု ပြောလျှင် ကလော်တုတ်လေ၏။

သူကလည်း သေနိမိတ်စီး မောင်ကံကြီးကဲ့သို့ပင် ဖိတ်ဖိတ် မဖိတ်ဖိတ်၊ သိသိ မသိသိ ဆိုင်းသံကြားလျှင် ရောက်လာ၏။ အသံချဲ့စက်သံကြားလျှင် ရောက်၏။

"ဦးဆင်ကြီး . . . ဘုန်းကြီးဝတ်ပါလားဗျ"

"မဝတ်ပါဘူး"

"ဘာဖြစ်လို့တုံး လမ်းမလျှောက်နိုင်လို့လား"

"ဒကာ ဒကာမများ အားနာလို့"

"ဘာလို့ အားနာရတာတုံး . . . ဦးဆင်ခေါင်းရ"

"ငါ့သပိတ်ထဲ မိုးပြဲဒယ်နဲ့လောင်းမှ ငါစားဝမှာမို့ကွ"

"မိန်းမရော မယူချင်ဘူးလားဗျ"

"စောစောသေချင်တဲ့ မိန်းမရှိရင် ငါ့ကိုယူလေ"

"ကြောက်ပါရဲ့ရှင်"

"ဟား . . . ဟား . . . ဟား . . . ဟား . . . ဦးဆင်ခေါင်းတို့က နာမည်ကြီးပါ့ဗျာ"

တစ်နေ့သောအခါ အလှူအိမ်တစ်ခုမှာ မောင်ကံကြီးနှင့် ဦးဆင်ခေါင်းတို့ ပက်ပင်းဆုံကြလေ၏။ ဒံပေါက်ကျွေး၍ တစ်ဝကြိတ်နေစဉ် . .

"ကပ္ပိယကြီး . . ."

"ဘာတုံး"

"ဝ,လှချည်လားဗျ"

"ငါ့ဘာသာ ငါဝ,တာ မင်းအပူပါလို့လား။ ထွီ . . ."





ကပ္ပိယကြီးက အလွန်စိတ်တိုတ်၏။ သူ့ကို ဝသည်ဟုပြောလျှင် မကြိုက်။ ခန့်သည် အသားစိုသည်ဟု ပြောမှ ကြိုက်၏။ ကံကြီး၏ စပ်ဖြဲဖြဲမျက်နှာနှင့် မေးလိုက်တော့ ဘုတောပြီး မိုက်ကြည့်ကြည့်လိုက်၏။

"ဝ,တာ မကောင်းဘူးဗျ"

"မင်းလုပ်စာ စားပြီး ဝတာမဟုတ်ဘူး။ ငါ့ကုသိုလ်နဲ့ငါ အသားရည် စိုပြေချောမွတ်နေတာ။ မနာလို ဖြစ်မနေနဲ့"

"ဦးနှောက်ကြော . . . . သွေးကြောပြတ်ပြီး သေမှာစိုးလို့ ပြောတာ"

"ဖွီ . . . ဖွ . . . ဖွ . . . ဖွ . . . သုဘရာဇာသား . . . ဝဋ္ဋာလကောင် . . . လူစကားမပြောဘူး . . . ခွေးစကား ပြောတယ်။ သွား . . . သွား . . . မင်း . . . မင်း ဝေးဝေးကိုသွား . . . ဖွဟဲ့ . . . ဖွ . . . ကျက်သရေမရှိတဲ့ကောင် . . . ဖွီ . . ."

"ဟား . . . ဟား . . . ဟား . . . ဟား . . . ဟီး . . . ဟီး . . . ဟီး . . . ဟီး . . . ခေါင်းမရှိလို့ နွားစာခွက်နဲ့ ချရကိန်း မြင်ပါ့ဗျာ . . . ဟား . . . ဟား . . . ဟား . . . ဟား . . ."

"အမျိုးယုတ်လေး . . . သေဟ . . . သေဟ . . ."

ကပ္ပိယ ဦးဆင်ခေါင်းကြီး စိတ်ဆိုးလွန်း၊ ဒေါသဖြစ်လွန်းလို့ ကံကြီးကို ရေနွေးကရားအိုးနှင့် ကောက်ပစ်လိုက်ရကား . . .

ကံကြီး ရေနွေးပူပူများ ရင်ဘတ်လောင်လို့ အလှူအိမ်မှ ထ,ခုန်ပြေးရလေ၏။

"ကောင်း . . . ကပ္ပိယကြီးရေ . . . ဒီကောင့်ကို လုပ်ရဲတာ ခင်ဗျားပဲရှိတယ် . . . မဲရိုးဂွတ်ဗျာ"

"ကပ္ပိယကြီး . . . ဒီအနာကျကောင်ကို လည်ပင်းညှစ်သတ်လို့ရရင် သတ်စမ်းပါဗျာ"

"သတ်မှာ . . . စိတ်ချ . . .။ လက်လှမ်းမမီလို့ ရေနွေးကရားနဲ့ ကောက်ပေါက်လိုက်တာ။ ဒါနဲ့ နေပါဦး . . . ပုသိမ်မောင်သောင်းအေဦးရ ဒီကောင့်ကို ငါလည်ပင်းညှစ်သတ်လို့ သေရင် ငါထောင်ကျမှာ မင်းက



www.burmeseclassic.com

www.burmeseclassic.com



ဘာပေးမှာလဲ ... ပြော ..."

"အဲ ... အဲ ... ဒါ ... ဒါ ..."

"ဒါတွေ ... အဲ ... တွေ မလုပ်နဲ့။ မင်းမိန်းမ ငါ့ပေးမလား ပြော"

"ဟာဗျာ ... ကပ္ပိယကြီးကလည်း ကျွန်တော်လည်း ဒါလေးပဲ ထည့်ယဲ့ဝတ်နေရတာဥစ္စာ ... အဟီး"

"တိရစ္ဆာန်ကောင် ... မင်းလည်း သူများပဲ မြှောက်ပင့်ပေး ... သိလား။ ဒီလို နွတ်ဆော့ ပါးစပ်သရမ်းကောင်ကို မင်းတို့ ကျောင်းမှန်း ကန်မှန်းသိအောင် ဝိုင်းဖျင်းကြပါလား"

"မလုပ်ရဲဘူး ... ကြောက်တယ်"

"ဖွီ ... သူများကျတော့ လည်ပင်းညှစ်သတ်တဲ့။ မင်းလည်း ကြပ်ကြပ်သတိထား ... ပုသိမ်မောင်သောင်းယဉ် ... ညဘက်ရောက်ရင် ငါနေတဲ့ကျောင်းရှေ့ မယ်ဒလင်လာတီးပြီး သီချင်းမဆိုနဲ့"

"ဘာဖြစ်လို့တုံး အသံကောင်းတယ် မဟုတ်လား"

"ချွေးအ,လှည်းနင်းတာ နားဝင်ချိုတယ်။ မင်းရယ်၊ စိန်ဝင်းမော်ရယ်၊ အံကျားရယ် သုံးယောက်ပေါင်း အသံကြားရင် တစ်ညလုံး အိပ်မက်ဆိုးတွေ မက်ရော။ နောက် လာမဆိုနဲ့။ ကြားလား ..."

"ဟုတ် ..."

"ဒါပြန်မယ်။ ငါ့ကို ဝိုင်းထူပေးကြ"

သို့နှင့် ပုသိမ်မောင်သောင်းယဉ်၊ လှမြင့်ဦး၊ ကိုအေးသိန်းနှင့် မှန်ကျော်မြင့်ကြီးတို့လေးဦး ဆွဲထူပေးမှ အီး ... အဲ ... အား ... နှင့်အော်ရင်း ထနိုင်လေ၏။ ထရပ်နိုင်သည်နှင့် လက်နှစ်ဖက်ကို ဖိုးဝရုပ်လို ကားပြီး ထွက်သွားလေ၏။

နောက်နေ့မနက် မိုးလင်းသောအခါ ကပ္ပိယကြီး ဦးဆင်ခေါင်း သေပြီဆိုသည့်သတင်း ရပ်ကွက်ထဲ ပျံ့လေ၏။ ကြားရသူများ စိတ်မကောင်းကြ၊ စုတ်သပ်ကြ၏။

"လူပျော်ကြီးပါဗျာ ... သနားပါတယ်"

---

စိတ်ကူးသစ်စာပေ



"ဟိုနေ့ကပဲ အလှူအိမ်မှာ ဒံပေါက်တစ်ဝ ကြိတ်နေတာဗျ"

"ဟိုကောင် ကံကြီးနဲ့ စကားများသေး မဟုတ်လား"

"အေးလေ ... ကံကြီးက ပြောတယ်မဟုတ်လား။ ဦးနှောက်သွေးကြောပြတ်သေနေဦးမယ်တဲ့"

"ခုရော ဘယ်လိုဖြစ်လို့ သေရတာတုံး။ မနေ့က အကောင်း"

"ဆရာဝန်က ဦးနှောက်သွေးကြောပြတ်လို့ သွေးတိုးကြောင့် သေရတာတဲ့"

"ကံကြီးကြားရင် ကျုပ်မပြောဘူးလားလို့ လက်မထောင်ဦးမှာဗျ"

"ဒီသေမင်းကောင်ပါးစပ်က ပြောလိုက်ရင် ဖြစ်တာကို များပါ့များ။ မြင်ရင် ဝေးဝေးရှောင်နေ"

နောက်ဆုံး မောင်ကံကြီး ကြုံပြောသွားသည့်အတိုင်း ကပ္ပိယ လူဝကြီးရဲ့အလောင်းကို နွားစာခွက်ထက် နှစ်ဆကျော်ကြီးသည့် ရောမခေါင်းကြီးနှင့် မသာချရလေ၏။

လူအယောက်နှစ်ဆယ် ခေါင်းကို မ,ရလေ၏။ သင်္ချိုင်းရောက်တော့ ခေါင်းဖုံးကိုဖွင့်ပြီး မောင်ကံကြီးက အုန်းရေနှင့် မျက်နှာသစ်ပေး၏။ မျက်နှာသစ်ရင်းမှ ...

"ကျုပ်ကို ခင်ဗျားက အလှူအိမ်မှာ ရေနွေးပူပူအိုးနဲ့ ပေါက်တယ်။ အခု ကျုပ်က ခင်ဗျားမျက်နှာကို အုန်းရေနဲ့ အေးချမ်းအောင် မျက်နှာသစ်ပေးပါတယ် ... ကပ္ပိယကြီးရာ။ နောင်ဘဝမှာ အားရပါးရစားရအောင် အုန်းသီးနှစ်ခြမ်းပါ ယူသွား"

ဟု ပါးစပ်ကအော်ပြောရင်း အုန်းသီးခြမ်းနှစ်ခြမ်းကို ကပ္ပိယကြီး မျက်နှာပေါ်တင်၍ ခေါင်းဖုံးကိုပိတ်ကာ မြေဖို့ပေးလိုက်တော့လေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂၄ ]

❑

ဆိုရလျှင် . . . ဆင်ကျောကုန်းသချိုင်းမှာနေသည့် သုဘရာဇာ သား မောင်ကံကြီး (ခေါ်) ငှက်ဆိုး (ခေါ်) သေမင်း၏ ပါးစပ်စီးသည့်သတင်း သည် တစ်ရပ်လုံး တစ်မြို့လုံးကို ပျံ့နှံ့နေ၏။

လူတိုင်းလိုလိုက သူနှင့် မျက်နှာချင်းဆိုင်ရမှာ စိုးရွံ့ကြ၏။

အခြားသူများ မပြောနှင့် . . .

သူနှင့် စားအတူ၊ သွားအတူ၊ သောက်အတူ ဖြစ်ကြသော အောင် မွေး အောင်ဖေ၊ ဝက်ကြီး၊ ချွတ်ကရား၊ စိန်ကဝိုး စသည့် လူပေလူတေ လူရမ်းကား လူကြမ်းများပင် မောင်ကံကြီးကို တစ်နေ့တခြား ကြောက်ရွံ့စ ပြုလာ၏။

အချင်းချင်းပေမယ့် မောင်ကံကြီး စိတ်ခုစိတ်ဆိုးအောင် မလုပ် ရဲကြ။ မောင်ကံကြီးဒေါပွ၍ ပုစွန်မျက်လုံးပြူးပြူးကြီးနှင့် စိုက်ကြည့်မှာကို လန့်ကြ၏။





အထူးသဖြင့် 'မင်း သေတော့မှာပဲ' ဟု လွှတ်ခနဲ ပြောမှာကို အကြောက်ရွံ့ဆုံးဖြစ်၏။ သို့ဖြစ်၍ မောင်ကံကြီးကို စိတ်ပေါင်းကိုယ်ပွာလုပ် ပြီး ရှောင်နိုင်သမျှ ရှောင်ကြပါသော်လည်း . . .

အချိန်တန်လျှင် မောင်ကံကြီးက သူတို့ရှိရာအရပ်ကို မရအရရှာ ဖွေပြီး ရောက်လာ၏။ ရောက်လာလျှင် မြေကြွက်ကင်ကြီးများ၊ မြွေမွေး မြွေဟောက် မသေမရှင်များကို ယူလာလေ့ရှိ၏။ နောက်ဆုံး မောင်ကံကြီး ယူလာသည့် အကောင်ပလောင်များကို ချက်ပြုတ်ပြီး သောက်ကြစားကြ ရလေ၏။

မောင်ကံကြီးနှင့် စပ်လျဉ်း၍ ပြောစရာတွေက ပိုများလာ၏။

မောင်ကံကြီးသည် ဘယ်လိုဘဝအကျိုးပေးကြောင့်လည်း မသိ။ လူနာအနံ့ကို ရ၏။ လူသေနံ့ကို ရနေ၏။

လမ်းတစ်ခုခုထဲသို့ မောင်ကံကြီး လမ်းလျှောက်လာလို့ ဟိုကြည့် ဒီကြည့် ကြည့်နေတာမြင်လျှင် မြင်တွေ့သူများ ချက်ချင်း အိမ်ထဲလှည့်ဝင် ပြေး၍ ခြံတံခါးကို ပိတ်ကြ၏။

လူမမာရှိနေလျှင် . . .

မောင်ကံကြီးက ၎င်း လူမမာအိမ်ရှေ့မှာ ခေါက်တုံ့ခေါက်ပြန် လျှောက်ပြီး အိမ်ကို လှည့်ကြည့်လှည့်ကြည့် လုပ်လေ့ရှိရကား ကြိုက်လည်း မကြိုက်ကြ၊ ပြောလည်း မပြောရဲ၊ နှင်လည်း မနှင်ရဲကြ။

မောင်ကံကြီးရဲ့ ဆိုးဝါးနံဟောင်လှသည့် ရုပ်ရည်ကိုယ်နံ့ကိုရသည် နှင့် လမ်းခွေးတို့က ဝိုင်းထိုးဟောင်ကြ၏။ အူကြ၏။

သူ လမ်းသလားနေသည်ကို မြင်သည်နှင့် နှစ်ကိုယ်ကြား တိုးတိုး ပြောကြတော့သည်။

"ငှက်ဆိုး . . . လမ်းသလားနေတယ်"

"လာခေါ်တာနေမှာပဲ"

"ဘုရား . . . ဘုရား . . . ဘယ်သူ့အလှည့်ကျမလဲ မသိဘူး"

"ဘကြီးမွတ်တား နေမကောင်းဘူး"

"မဟုတ်မှလွဲရော . . . ဘကြီးမွတ်တားကို လာခေါ်တာလားမသိ



www.burmeseclassic.com

www.burmeseclassic.com



ဘူး''

''အေးဟယ် ... ဒီမိသာကောင်ကိုကျတော့ ဘယ်သေမင်းမှ အမြန်လာမခေါ်ဘူး''

''ညည်းက ခေါ်စေချင်လို့လား''

''လေယာဉ်ပျံခ ဘယ်လောက်ကျကျ ပေးလိုက်ဦးမယ်ဟေ့''

''နင့်လာခေါ်ရင် ဘယ်လိုလုပ်မလဲ''

''ဖွ ... ဖွ ... အမယ်လေး ... ဖွဟဲ့ ... ဖွဟဲ့ ... မိုင်းတာမ သားကန့်လန့်မွေးမည့် ဟာမရဲ့။ ငါ့ခေါ်မှာ မဟုတ်ဘူး။ နင်က ရင်ကြပ်နေတာ။ ခေါ်ရင် နင့်ကိုအရင်ခေါ် ... အမယ်လေး ... ဘာကြောင့် ကြက်သီးထရပါလိမ့်တော် ... ဗုဒ္ဓေါ ... ဗုဒ္ဓေါ ... ဗုဒ္ဓေါ ...''

ကံကြီးနှင့် ပတ်သက်လာလျှင် နောက်ကြပြောင်ကြ စကြသည်နှင့်ကို သွေးလန့်ကြ၏။

နောက်ဆုံး ဖြစ်ချင်တော့ ...

ဒီမြို့ပေါ်မှာ အလွန်ချမ်းသာသည့် သူဌေးဦးရွှေဗလရဲ့ တိုက်အိမ်ကြီးနှင့်မှ မောင်ကံကြီး သွားရောက် ပတ်သက်တော့၏။

အစကနဦးမှာ ဆိုခဲ့သလို သူဌေးဦးရွှေဗလက လူချမ်းသာကြီး။ တိုက်နှင့်ကားနှင့် ဂုဏ်သရေရှိ လူတန်းစားဝင်ကြီး။ သူ့ရဲ့မိန်းမ ဒေါ်မိုးရာသီဆိုတာကလည်း ချောမှချော လှမှလှ။

ဒေါ်မိုးရာသီ သားအိမ်ကင်ဆာရောဂါနှင့် လဲလေပြီ ...

ဆရာဝန် သမားတော်ကြီးများ အကောင်းစား အစွမ်းထက်ဆေးဝါးတို့ဖြင့် ကုသပါသော်လည်း ရောဂါကျွမ်းနေ၍ လက်လျှော့လိုက်သည့်အချိန် ...

ဇင်း လူမမာအနံ့သတင်းကို မောင်ကံကြီး ရသွားပြီး ...

လှုဝင်လှုထွက်များနေသည့် သူဌေးတိုက်သို့ ရောယောင်လိုက်ပါလာပြီးနောက် အမောဖောက်နေသည့် လူမမာရဲ့မျက်နှာကို စိုက်ကြည့်ပြီး 'ကုမနေပါနှင့် မရတော့ဘူး' ဟု ဝင်ပြောလိုက်သည်။

သည်တုန်းက လူမမာကို ကြိုးစားကုကြည့်မည်ဟု ရောက်နေသည့်





မြန်မာသမားတော်ကြီး ဦးကျောက်ကွတုံးရော၊ အနီးရှိ လူများပါ မောင်ကံကြီးရဲ့အပြောကို ကြားရချက်ကြောင့် ခေါင်းနားပန်းကြီးကုန်ကြ၏။

ဒီကောင် ဘယ်လိုလုပ်ပြီး ညှော်သတင်းမေးများအကြား ရောက်နေသည်ကို သူဌေးဦးရွှေဗလ မသိလိုက်။

သိလိုက်ကြားလိုက်ချိန်မှာ မောင်ကံကြီးကို တပည့်တပန်းများနှင့် ဆွဲထုတ်ပြီး မောင်းနှင်လိုက်သည်။

ညသန်းခေါင်ကျော်မှာ ငှက်ဆိုးတစ်ကောင်ရဲ့ ထိုးသံနှင့်အတူ ချစ်လှစွာသော ဒေါ်မိုးရာသီ သူ့လက်ပေါ်မှာ ကွယ်လွန်အနိစ္စ ရောက်သွားခဲ့ရသည်။

အဲသည်တုန်းက သူဌေးဦးရွှေဗလ မောင်ကံကြီးကို တစ်ချက်တေးထား၏။

နောက်များမကြာမီ သူဌေးဦးရွှေဗလ ဒုတိယအိမ်ထောင်သစ်ကို ထူခဲ့လိုက်၏။ ဒုတိယအိမ်ထောင်သစ်ရဲ့ အမည်က မခင်စံပယ်ကြိုင်။

ခါးသေး၊ ရင်ချီ၊ တင်ပဆုံဖွင့်ကားကားနှင့် နချင်တိုင်းနု၊ လှချင်တိုင်းလှ နရွှနေသည့် နှင်းဆီဖူးလေး။

သူဌေးဦးရွှေဗလထက် အသက် ထက်ဝက်ငယ်၏။

ဦးရွှေဗလရဲ့ မျက်စိအောက်က အပျောက်မခံနိုင်သူစာရင်းမှာ မခင်စံပယ်ကြိုင် နံပါတ်တစ်နေရာကို ရောက်သွားပြန်၏။

ဖူးစာရေး နတ်မင်းတို့သည် သူဌေး ဦးရွှေဗလကို ချမ်းသာလို့ထင့် မျက်နှာသာပေး၏။ ဘိုးတော်နတ်မင်းကြီး၏ လက်ဝဲ ငါးမယားစာရင်းမှာ ပါသင့်သည့် နတ်မိမယ် အချောအလှလေးကို နတ်မင်းကြီးထံ မအပ်ဘဲ အပေးအကာမ်းရက်ရောသည့် သူဌေး ဦးရွှေဗလလက်သို့ အလျှင်အမြန် အပ်လိုက်သည်နှင့် တူလေ၏။

ဦးရွှေဗလက မယားချောလေးကို ပွဲထုတ်ပြီး ကြွားလို့မဆုံး ညဘက်ရောက်တိုင်း အချစ်သွေးနှင့် ရာဂဒီရေတို့ လှိုင်းကြီးလို့မဆုံး။

အစ်ကိုကြီးရေ ခေါ်သံ၊

'ညီမလေးရေ' ခေါ်သံများ ပလုံစီထ၍ အချစ်ရေယာဉ်ကြော မျော



www.burmeseclassic.com

www.burmeseclassic.com



ရသည်မှာ ဆားငံရေသောက်ရသလို သောက်လေသောက်လေ ငတ်မပြေ။

ပြောရလျှင် ...

အပေါင်းအသင်းများ၊ မြို့ပေါ်ရှိ သူဌေးသူကြွယ်များကလည်း ချော ချောလှလှ၊ ငယ်ငယ်နုနု၊ မယားညှာလေးရှာ၍ ဂုဏ်ယူကြ၏။

အိမ်နီးနားချင်းများကလည်း ဖူးစာရေး ကံကောင်းလှချည်ရဲ့ဟု ထောပနာပြုကြ၏။

တပည့်တပန်းများကလည်း အချောအလှမှန်သမျှ ငါတို့ဆရာ အတွက်ဟု မြှောက်ပင့်နေသည့်အချိန် ...

မောင်ကံကြီး သူဌေးဦးရွှေဗလတို့ အတွဲကို ရေ့တည့်တည့်က စိုက်ကြည့်ပြီး ပြုံးလေ၏။

သူဌေး ဦးရွှေဗလ သေနိမိတ်စီး မောင်ကံကြီး၏ ထိမထင်သလို အကြည့်၊ ကဲ့ရဲ့ချင်သလိုအကြည့်၊ ရီချင်သလိုအကြည့်ကို မြင်ပြီး ရင်ခုန်သံ ဒိန်းခနဲ မြည်သွားခဲ့ရ၏။

မင်္ဂလာဆည့်ခံပွဲနေ့မှာတော့ သူတို့ ထိပ်တိုက်တိုးခဲ့ရ၏။

ကံကြီးလို သုဘရာဇာသား စဏ္ဍာလတစ်ပိုင်းဖြစ်နေသည့် လူကို သူဌေးဦးရွှေဗလက ဖိတ်စရာ လိုလို့လား။

အဲဒါ မဖိတ်ဘဲနှင့် ဝင်မလို့လုပ်သည်။

ဒီမှာ ခြံစောင့်တပည့်များနှင့် စကားအကြီးအကျယ် များကြသည်။ ခြောက်လို့လည်းမရ၊ ချော့လို့လည်းမရ။

နောက်ဆုံး မောင်ကံကြီးက ဒေါသများပေါက်ကွဲပြီး ပြောချလိုက်၏။

'မင်းတို့သူဌေး ဒီမယားနဲ့ ပေါင်းရလှလျှင် (၇)ရက်ပါတဲ့၊ ဒူးနဲ့ မျက်ရည် သုတ်ရမှာပါကွ' တဲ့။

ဒီစကား ဦးရွှေဗလ မကြားလိုက်။ ခြံစောင့်ကြီးနှင့် ညေ့သည် အချို့သာ ကြားခဲ့ရသည်။ ခြံစောင့်ကလည်း သူဌေး မင်္ဂလာယူနေချိန်မို့ ပြောမပြရဲ၊ အကယ်၍ ဦးရွှေဗလများ ကြားသိလိုက်လျှင် ကံကြီးတစ်ယောက် သူဌေးတပည့်များ လက်ချက်နှင့် အသက်ပျောက်နိုင်သည်။

မင်္ဂလာညည့်ခံပွဲပြီးတော့ ချစ်ဇနီးချောလေးရဲ့ ကွယ်လွန်သူ မိဘ





နှစ်ပါး အုတ်ဂူသချိုင်းရှိရာ လမ်းမတော်သို့ သွားရောက်ကန်တော့ကြသည်။

လမ်းမတော်မှအပြန် ...

ရန်ကုန်သို့ ဦးတည်ခုတ်မောင်းလာသည့် သူတို့ လိုက်ပါစီးနင်း လာသော သင်္ဘောသည် ( ......) အရောက်မှာ လေပြင်းနှင့်တိုးပြီး နစ်မြုပ်သွားခဲ့တော့သည်။

'အစ်ကိုရေ ... ညီမရေ ...' ခေါ်သံများ လှိုင်းနှင့်လေကြားမှာ ကြွက်ကြွက်ညံသွားသည်။ ကယ်ပါ ယူပါ တစာစာ အော်သံများအကြား နောက်ဆုံး သူတို့ ကြင်စဦးဇနီးမောင်နှံ သေကွဲ ကွဲခဲ့ရလေ၏။

အရှုံးတစ်ပိုင်းဖြစ်နေသော ဦးရွှေဗလအား သူငယ်ချင်းများက ပြေရာပြေကြောင်း ဖျောင်းဖျ၏။ အရက်တိုက်ချော့မော့ကာ မင်္ဂလာဆောင် နေ့က မောင်ကံကြီးပြောသွားသည့် စကားကို ပြန်ပြောပြလိုက်၏။

ဒီမှာပဲ သူဌေးဦးရွှေဗလ အံ့အားသင့်ပြီး ...အဲဒီနေ့က အဲဒီလို ပြောခဲ့တယ်တဲ့လားဟု အခါခါမေးရင်း နာကြည်းဒေါသများ ငယ်ထိပ်သို့ တိုင် တရိပ်ရိပ် တက်လာခဲ့ရတော့သည်။

ဒီအချိန်ကစပြီး သူဌေးဦးရွှေဗလ သေနိမိတ်စီး မောင်ကံကြီးကို ဘဝဆက်တိုင်း မေ့လို့မရသည့် မပြေအညိုးကို သံမဏိတိုင်နှင့် ရင်မှာ စိုက်ထူခဲ့သည်။

သို့နှင့် ...

လူမိုက်ညီအစ်ကိုဖြစ်သော အောင်ရွှေနှင့် အောင်ဖေတို့ ညီအစ်ကို တို ကံကြီးအား လုပ်ကြံသတ်ဖြတ်ပေးရန် အခငွေကြေးနှင့် အပ်နှံခဲ့သည်။

အောင်ရွှေနှင့်အောင်ဖေတို့ ညီအစ်ကိုကလည်း မြူးမြူးမျက်မျက် ရမည့် ငွင်မျိုးနှင့်ကြုံလျှင် ဘ,နဖူးပါ သိုက်တူးမည့်သူများ ဖြစ်သည်နှင့် အညီ ...

နောက်တစ်ချက် ...

ကံကြီးဆိုသည့် ကောင်ကိုလည်း ရွံနေကြသည့်အတိုင်း ဒီကိစ္စ အောင်မြင်လျှင် သင့်တင့်လျှောက်ပတ်စွာ နေနိုင်ပြီဟူသော အတွေးနှင့် မောင်ကံကြီးကို အဆုံးစီရင်ပေးရန် အခကြေးငွေနှင့် ကြေးစားလူသတ်ပေး



www.burmeseclassic.com

www.burmeseclassic.com



ရန် လက်ခံလိုက်သည်။

လက်ခံသည့်အတိုင်း . . . မောင်ကံကြီးကို လှည့်ပတ်၊ လှည့်ဖျား ခေါ်ဆောင်လို့ ပင်လယ်အဝင် ချောင်းကွေ့မှာ လှေပေါ်က ရိုက်ချ၊ ကန်ချ၊ အသေအကြေရိုက်ပြီး အဆုံးစီရင်လို့ ရေမျှောသတ်ပစ်ခဲ့ကြသည်။

မောင်ကံကြီး ပင်လယ်ရေစီးမှာ ဒီဇုမှချသေပြီဟု သူတို့ညီအစ်ကို အကြွင်းမဲ့ ယုံကြည်ခဲ့သည်။ သူဌေးဦးရွှေဖလလည်း အချစ်ဆုံးမယားနှစ်ယောက်အတွက် ကုန်ရကျိုးနပ်သည်ဟု ဝမ်းမြောက်ဝမ်းသာ ရှိခဲ့သည်။

မြို့ရော၊ ရပ်ရောကလည်း သေနိမိတ်စီး မောင်ကံကြီး ရက်ပေါင်း အတန်ကြာ ပျောက်သွားမမြင်ရ၍ ဝမ်းသာနေကြသည်။

သူတို့ညီအစ်ကိုလည်း မြို့ကြီးပေါ်တက်၍ သုံးဖြုန်းစားသောက်နေထိုင်ကာ အလုပ်အကိုင်သစ်ရှာဖွေရင်း ဂွင်ကောင်းလေး စောင့်စားနေရှိန် . . .

အလို . . . ကြည့်စမ်း . . . ။

ထူးဆန်းအံ့ဩဖို့ ကောင်းလိုက်တာ။ မြင်ရချက်ကြောင့် ရင်ထဲမှာ တုန်ခါလှိုက်လှဲလာလေရဲ့။

သေသူ မောင်ကံကြီးရဲ့ စိစ်ဆွယ်တာ အပြာရောင်အစုတ်ကြီး။

သူတို့အိပ်ရာပေါ် ရောက်နေသည်။ အဘယ်သို့ကြောင့် ပင်လယ်ထဲ စီးမျောရိုက်သတ်လို့ သေသွားခဲ့သည့် ကွယ်လွန်သူ မောင်ကံကြီးရဲ့ အကျႌအစုတ်က သူတို့ညီအစ်ကို အိပ်ရာပေါ်သို့ ရောက်နေရတာလဲ။

ညီလုပ်သူကို မေးတော့ သူယူလာတာ မဟုတ်ဘူးတဲ့။

အမှိုက်ပုံကို သွားလွှင့်ပစ်သည်။

ဟော . . . ကြည့်စမ်း . . . ညဘက်ရောက်တော့ သူတို့အိပ်ရာပေါ်မှာ သေသူမောင်ကံကြီးရဲ့ အမှိုက်ပုံမှာ စွန့်ပစ်ထားသည့် ဆွယ်တာအကျႌအစုတ်က ပြန်ရောက်နေသည်။

ညီအစ်ကိုနှစ်ယောက်စလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ခေါင်းနားပန်းများကြီး၍ တစ်ကိုယ်လုံး ချွေးသီးပြန်လာသည်။

"ကံကြီးတစ္ဆေများ လာပို့တာလား"

စိတ်ကူးသစ်စာပေ



"မပြောတတ်ဘူး အစ်ကို"

"ငါတို့ သင်းကို အသေလုပ်ခဲ့တာပဲကွ"

"ဟုတ်တယ်လေ"

"ဒီအကျႌ ပြန်ပြန်ရောက်နေတာ ငါတို့အကြောင်းကို သိသူရှိလို့ ငွေညှစ်ချင်လို့လား မသိဘူး"

"ဒါမှမဟုတ် ကံကြီးတစ္ဆေကများ ကျုပ်တို့ကို လိုက်ခြောက်လှန့်နေရော့လား အစ်ကို"

"ဟူး . . . ဘယ်လိုလုပ်ကြမလဲ အောင်ဖေ"

"ခေါင်းအေးအေးထားပြီး စဉ်းစားကြတာပေါ့ကွာ။ ကြောက်မနေပါနဲ့"

"အကယ်လို့ . . . ကံကြီးမသေဘဲ ပြန်ရှင်လာခဲ့ရင်ရော အစ်ကို"

"သင်း တစ်ခါနဲ့မသေရင် နှစ်ခါနဲ့ သေရမှာပေ့ါ . . . အောင်ရွှေရာ၊ သင်းမသေရင် ဘာဖြစ်မလဲ . . . သိလား"

"ပြော . . . အစ်ကို"

"ငါတို့ညီအစ်ကို သေကိုသေရမှာ . . . အောင်ရွှေ။ သေရမှာကွ"

"ဟူး . . ."

အောင်ဖေ အိပ်ရာပေါ်မှာ နောက်ကြောင်း ပြန်စဉ်းစားရင်း မောင်ကံကြီးရဲ့ ကြောက်ရွံ့ထိတ်လန့်စရာ ပုံရိပ်ဘဝများကို ကွင်းကွင်းကွက်ကွက် မြင်နေသည်။

ဘယ်လို လုပ်ရမလဲ။

သူနဲ့ဝေးရာကို ပြောင်းရွှေ့ ခြေရာဖျောက်နေလည်း တစ္ဆေလိုဖြစ်မယ်က သူတို့စိတ်ကို လိုက်လံခြောက်လှန့်နေဦးမှာ မလွဲ။

အကယ်လို့များ . . . မောင်ကံကြီး မသေဘဲ ပြန်ရှင်လာလျှင် သူတို့ သေနတ္တရမုဆိုး ညီအစ်ကိုရော၊ ခိုင်းစေသူ မင်းကေရာဇ်ကြီး သူဌေးဦးရွှေဖလပါ အကြီးအကျယ် ကိုယ်ကျိုးနည်းရပေတော့မည်။

ကိုင်း . . . ဒီကိစ္စ ဘယ်လိုရှင်းမလဲ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၂၅ |

❑

တစ်နေ့ . . . အောင်ရွှေ အလျားဖားလျားနှင့် ရောက်လာပြီး အရက်ဆိုင်မှာ အရက်သောက်နေသည့် အစ်ကိုလုပ်သူ အောင်ရွှေကို လက်ကုတ်၍ ခေါ်ထုတ်သွားသည်။

"အောင်ရွှေ . . . ဘာဖြစ်လို့တုံးဟ"

"အစ် . . . ကို . . ."

အောင်ရွှေရဲ့အသံက ကတုန်ကယင် ဖြစ်နေ၏။ ညီလုပ်သူရဲ့ ပုံသဏ္ဌာန်က တစ်စုံတစ်ရာကို စိုးရိမ်ထိတ်လန့်နေသည့် သဏ္ဌာန်။

"ဟေ့ကောင် . . . အောင်ရွှေ . . . ဘာလို့ ပြူးတူးပြာတာ ဖြစ်နေတာလဲ"

"အစ် . . . ကို . . . ဟို . . . ဟို . . . ကောင် . . . ဟို . . . ကောင်"

"ဘယ်ဟိုကောင်တုံး . . . ရှင်းရှင်းပြောကွာ။ ဘာလဲ . . . မဲကြီးနဲ့ မင်းနဲ့ ငြိလာလို့လား။ အခု မဲကြီး ဘယ်ဆိုင်မှာလဲ . . . ပြော . . ."





"မဲကြီး မဟုတ်ဘူး"

"ဒါဖြင့် ဘယ်သူလဲ"

"ကံ . . . ကံ . . . ကြီး . . ."

"ကံကြီး . . ."

"ဟုတ်တယ် . . . အစ်ကို . . . ကံ . . . ကံကြီး . . . မ . . . မ . . . သေ . . . ဘူး"

"ဘာ . . . ဘာ . . . ကံ . . . ကြီး . . . မသေဘူး . . . ဟုတ်လား"

"ဟုတ်တယ် . . . မသေဘူး"

"မင်းမြင်လို့လား။ သူများပြောတာလား"

"ချွတ်ကရားနဲ့တွေ့လို့ သိရတာ"

"တောက် . . ."

အောင်ဖေ အံ့သြသွားပြီး အကျပ်ရိုက်သွားသည်။

"ချွတ်ကရား လူမှားလို့များလား . . . အောင်ရွှေရာ"

"ချွတ်ကရား လူမမှားဘူးတဲ့။ ချွတ်ကရားကိုတွေ့တော့ မင်းတို့ မသေသေးဘူးလားလို့တောင် ပြောသွားသေးသတဲ့။ လူပုံကတော့ ရုပ်ပျက်ဆင်းပျက် ဖြစ်နေတယ်လို့ သိရတယ်"

"အေ . . . ဟုတ်မဟုတ် ငါကိုယ်တိုင် သွားစုံစမ်းမယ်"

"အစ်ကိုကိုတွေ့ရင် သူ ပြဿနာ လုပ်လိမ့်မယ်နော်"

"ပြဿနာလုပ်လို့ မရအောင် ရှိုးရမှာပေါ့။ ကံကြီး အစစ်အမှန် ဖြစ်နေရင်တော့ ဒုတိယအကြိမ် အပြတ်ရှင်းရမှာပဲ"

"ဖြစ် . . . ဖြစ် . . . ပါ . . . မလား"

"အင်း . . . ဒါကြောင့် . . . ဒီကောင်က သူ့ကို ငါတို့လုပ်ကြံသတ် ဖြတ်တုန်းက ဝတ်တဲ့အင်္ကျီကို လာပို့ပြနေတာကိုး"

"အစ်ကို . . ."

"ဘာတုံး"

"ဒီကောင် ကျွန်တော်တို့ ဘယ်မှာရှိနေတယ်ဆိုတာကို သိနေတာ



www.burmeseclassic.com

www.burmeseclassic.com

အမှန်ပဲဗျ''

''အေးလေ ...စဉ်းစားစရာက ဘာလို့ ငါတို့နဲ့ မျက်နှာချင်းဆိုင် မဖြေရှင်းတာလဲဆိုတာ အဓိက စဉ်းစားစရာပဲ ...အောင်ဖေ''

''ကျွန်တော်တို့ ညီအစ်ကိုကို ကြောက်လို့များလား မသိဘူး''

''ကြောက်လို့ နောက်ဆုတ်သွားရင် ကိစ္စမရှိဘူး။ သူလုပ်ပုံက အကြံရှိပုံရတယ်။ မပူနဲ့ ...။ ငါသေချာအောင် စုံစမ်းလိုက်မယ်''

သည့်နောက် အောင်ဖေ ပန်ချာပီကုလားကြီးလို ဘောင်းဘီရှည်နှင့် မုတ်ဆိတ်ပါးမြိုင်း၊ နှုတ်ခမ်းမွေးအတုများ တပ်ဆင်ပြီး ပန်ချာပီဦးပေါင်း ထုပ်ကြီးပေါင်း၍ မျက်မှန်တပ် ရုပ်ဖျက်ပြီး ...

ဆင်ကျောကုန်းသင်္ချိုင်းသို့ ချလာသည့် အသုဘတစ်ခုလိုက်ပို့ရင်း ကံကြီးကို ရှာဖွေအကဲခတ်လိုက်သည်။

အသုဘပို့ လိုက်ပါလာသည့် လူအုပ်နှင့် ရောနှောနေသည်မို့လည်း တစ်ကြောင်း ...

ပန်ချာပီကုလားကြီးလို ရုပ်ဖျက်ထားသည်လည်း တစ်ကြောင်းကြောင့် သူ့ကို လူရင်းခတ်သိများပင်လျှင် အောင်ဖေမှန်း လုံးဝမသိကြ။

ပန်ချာပီကုလားကြီး (အောင်ဖေ) ကံကြီးကို ဟိုဟိုဒီဒီ လိုက်ရှာကြည့်လိုက်သည်၊ တွေ့ပြီ ...။ ကံကြီးသည် သူ့မွေးစားအဖေ သုဘရာဇာဦးကျောက်ကွဲနှင့် ခေါင်းဖုံးကိုဖွင့်ပြီး အုန်းသီးခွဲလို့ မျက်နှာသစ်ပေးနေသည်။

ကြည့်လိုက်တော့ ...

ကံကြီးက ကတုံးပြောင်နှင့်။ သူ့ဦးခေါင်းတစ်ခုလုံး ချုပ်ရိုးရာမကျက်တကျက် ဗရပွနှင့်။ မျက်နှာလည်း ပိန်ချိုင့်နေသည့် ဒဏ်ရာများနှင့်၊

ခုမှ သူ့မျက်ခွက်သည် တစ္ဆေသရဲရုပ် စစ်စစ်နှင့် ပိုတူနေသည်။ လည်ပင်းလည်း စောင်းငန်းစောင်းငန်း ဖြစ်နေသည်။ ဦးခေါင်းနှင့် မျက်နှာပေါ်မှ ဒဏ်ရာများသည် သေလောက်သည့် မရှုမလှ ဒဏ်ရာများဖြစ်၏။ သို့သော် ကံကြီး အသက်ပြင်းလွန်းလှသည်။ မသေခဲ့ပါလား။





ကံကြီး ပြန်ရောက်လာသည်ကို မြင်ကြသည်နှင့် လူဟောင်းများရော၊ လူသစ်များပါ တုန်လှုပ်သွားကြ၏။

ကံကြီး ရက်အတန်ကြာ ပျောက်သွားတုန်းက အားလုံး ဝမ်းသာကြ၏။ ကံကြီးကို ရောဂါတစ်ခုခုနှင့် တစ်နေရာရာမှာ သေပြီဟု ယူဆခဲ့ကြသည်ကိုး။

အခု ကံကြီး ဒဏ်ရာဒဏ်ချက် ဗရပွနှင့် မသေကောင်းမပျောက်ကောင်း ပြန်ရောက်လာသည်ကို မြင်ကြသောအခါ အားလုံး ကြီးစွာ တုန်လှုပ်သွားကြသည်။

ဝက်ကြီး၊ ချွတ်ကရား၊ စံဖဲတို့ ထန်းရည်သောက်နေသည့် ဝိုင်းသို့ ရုတ်တရက် ကံကြီး ရောက်ချလာသောအခါ ...

တစ္ဆေသရဲအစစ် ဝင်လာသည်မှတ်၍ လန့်ကုန်ကြ၏။

နောက်မှ ကံကြီးမှန်းသိသွားကြတော့သည်။

''ကံ ...ကြီး ...''

''မောင် ...ကံ ...ကြီး ...''

''အင်း ...''

''မင်း ဘယ်လိုဖြစ်ရတာတုံး ...ကံကြီးရာ ...ဟင်။ ကြည့်စမ်း ...ခေါင်းမှာရော မျက်နှာမှာရော ဒဏ်ရာတွေ မနည်းဘူး။ ဘာဖြစ်တာတုံး''

ချွတ်ကရားရဲ့အမေးကို ကံကြီးက မဖြေ။ ထန်းရည်ကို ကျည်ဆောက်လိုက် အားရပါးရ မော့ချလိုက်၏။

''မင်းကို သေပြီလို့ ကြားလို့''

''ဘယ်သူ ပြောတာတုံး''

''အောင်ရွှေနဲ့ အောင်ဖေ ပြောတာ''

''သူတို့ရော အခု ဘယ်မှာတုံး''

''မြို့ပေါ်ပိုင်းကို ပြောင်းသွားကြတယ်။ ကြာပြီ''

''ကံကြီး ...''

''ဘာလဲကွာ''



www.burmeseclassic.com

www.burmeseclassic.com



"မင်း အရိုက်ခံရလို့လား"

"အင်း ... အင်း ... အင်း ..."

"ကားတိုက်ခံရလို့လား ... ဟောကောင်"

"အင်း ... အင်း ... အင်း ..."

ဘယ်လိုမေးမေး ... 'အင်း ... အင်း ... အင်း ...' ပဲ လုပ်နေ၍ ဦးနှောက်ပျက်သွားပြီဟု ထင်လိုက်ကြ၏။ အမှန်တကယ် ဦးနှောက်ပျက်သွားလျှင် ကောင်း၏ဟု နှလုံးပိုက်ကြ၏။

အခု ကံကြီး မသေဘဲ ပြန်ရောက်လာ၍ အားလုံးက ဝမ်းမသာကြပါ။ အမှန်တကယ်ကို သေစေချင်ကြသည်။ သင်းသေလျှင် ရပ်ရွာအေးချမ်းသည်ကိုး။

ကံကြီးကား ... သူရလာသည့် ဒဏ်ရာများ အကြောင်းတစ်လုံးတစ်ပါဒမပြောဘဲ ထန်းရည်ကို အရက်နှင့်ရောသောက်ကာ ဝ,သည်နှင့် ဆင်ကျောကုန်းသချိုင်းသို့ ဒယီးဒယိုင်ခြေလှမ်းနှင့် ပြန်လေ၏။

ကံကြီးရဲ့ အသွားအလာကို ပန်ချာပီအောင်ဖေ လေ့လာစုံစမ်းလိုက်တော့ ဒီကောင် နေ့ဘက်မှာ အပြင်ကိုထွက်သည်။ ချွတ်ကရားတို့လှုစုနှင့် အရက်သောက်သည်။ သချိုင်းသို့ရောက်လာသည့် အသုဘကိစ္စများကို ဝိုင်းလုပ်သည်။

ပြီး ... အချိန်ရလျှင် သူ့ဝသီထုံးစံအတိုင်း ဟိုရပ်ကွက်ဝင်လိုက်၊ ဒီရပ်ကွက်ဝင်လိုက် လူမမာအနံ့ လိုက်ခံလိုက်၊ စောင်းငန်းစောင်းငန်း လိုက်ကြည့်လိုက်။

ညဘက်ရောက်လျှင် အရင်တုန်းကလို ညဉ့်နက်သန်းခေါင် လျှောက်အလည်မထွက်တော့။

ကွယ်လွန်သူ ကပ္ပိယကြီး ဦးဆင်ခေါင်းရဲ့ အုတ်ဂူအသစ်ကြီးပေါ်မှာ မိုးအလင်း တစ်ယောက်တည်း အိပ်လေ့ရှိသည်ကို စုံစမ်းလေ့လာ သိရှိရလေသည်။

သို့နှင့် ပန်ချာပီအောင်ဖေ ဆုံးဖြတ်ချက် ချလိုက်သည်။

✿ ✿ ✿

| ၂၆ |

❑

လကွယ်နေ့ညာ။

သန်းခေါင်ယံအချိန်။ ညဉ့်က မဟူရာရောင် ပိန်းနက်နေ၏။ လေ[...]ကိုက်နေ၍ သချိုင်းကုန်းပေါ်ရှိ သစ်ပင်ကြီးများ ဘယ်ညာလူးလွန့်နေသည်။

ဒီအချိန်မှာ ပန်ချာပီအုပ်ပေါ်င်းနှင့် လူနှစ်ယောက်တို့သည် အုတ်ဂူ[...]သစ်ကြီးရှိရာသို့ တရွေ့ရွေ့ ချဉ်းကပ်လာနေ၏။

"အူ ... ဝူ ... ဝူ ... အူ ..."

"အိန် ... ဂိန် ... ဂိန် ... ဂိန် ..."

"ဂီး ... ဂီး ... ဂီး ..."

ခွေးအူသံနှင့် ငှက်ဆိုးအော်သံကြောင့် ပန်ချာပီနှစ်ယောက် လန့်[...]ဘ်ဂူတစ်လုံးနံ့ဘေးမှာ ကွယ်ရပ်၍ ဟိုဟိုဒီဒီ ကြည့်နေ၏။

"ဘယ်မှာလဲ အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



"ရှူး ... တိုးတိုး ... ကဗွီယ ဦးဆင်ခေါင်း အုတ်ဂူပေါ်မှာ။

ပန်ချာပီကုလားအယောင်ဆောင်ထားသည့် အစ်ကိုလုပ်သူ အောင်ဖေက အုတ်ဂူ အသစ်ကြီးရှိရာသို့ လက်ညှိုးထိုးပြလိုက်သဖြင့် အငယ်ကောင် ပန်ချာပီ အောင်ရွှေက လှမ်းကြည့်လိုက်သည်။

လူတစ်ယောက် အုတ်ဂူကြီးပေါ်မှာ စောင်စုတ်ကြီး ခေါင်းမြီးခြုံလို့ အိပ်နေသည်။ ထိုသူကား အခြားမဟုတ်။

ငှက်ဆိုး ခေါ် ...

သေမင်း ခေါ် ...

သေနိမိတ်စီး မောင်ကံကြီး ဆိုသူတည်း။ သူ ညစဉ်ညတိုင်း ဒီ အုတ်ဂူပေါ်မှာ တစ်ယောက်တည်း မိုးအလင်း အိပ်လေ့ရှိသည်ကို ပန်ချာပီကြီး အောင်ဖေ သေသေချာချာ လေ့လာထားပြီးဖြစ်၏။

သူတို့ညီအစ်ကို ခါးကြားမှ ဓားမြှောင်ကိုယ်စီထုတ်၍ အုတ်ဂူနံ ဘေးသို့ ခြေဖော့လို့ ချဉ်းကပ်လိုက်ကြသည်။

ရောက်ပြီ ...။

ငနဲသားက စောင်စုတ်ကြီး ခေါင်းမြီးခြုံ၍ နှစ်မြိုက်စွာ အိပ်နေ အနီးမှာ အရက်ပုလင်းခွံတစ်လုံးလည်း ထောင်လျက် ရှိနေသည်။

အောင်ဖေတို့ညီအစ်ကို လက်တို့၍ အထာပြလိုက်ပြီးနောက် အကြီး ပန်ချာပီအောင်ဖေက ပုဆိုးပိုင်းတစ်ထည်နှင့် ကံကြီးရဲ့ဦးခေါင်း မျက်နှာ ပေါ်သို့ အသံမထွက်နိုင်အောင် အုပ်ချလိုက်ပြီး ...

လျှင်မြန်စွာပဲ ညာလက်က ဓားမြှောင်နှင့် ရင်ကို ထိုးစိုက်ချလိုက် သည်။

"ဗွပ် ..."

အငယ်ကောင် ပန်ချာပီအောင်ရွှေကလည်း သူ့အစ်ကိုနှင့်အပြိုင် ဝမ်းဗိုက်ရှိရာကို ဓားမြှောင်ဖြင့် အားကုန် စိုက်ချလိုက်သည်။

"ဗွပ် ..."

"ဟာ ..."

"ဟင် ..."





ဓားနှစ်လက်ဝင်သွားပုံက ပျော့စိစိ ဝမ်းဗိုက်ထဲသို့ ဓားဦးဝင်သွား သည်နှင့် မတူ။ မာတွဲတွဲ အရာဝတ္ထုထဲသို့ ဓားဝင်သွားသည့် အထိအတွေ့ ကို ခံစားလိုက်ရသည်။

အောက်က လူကောင်ကလည်း မလှုပ်။

ဓားပြန်နှုတ်တော့ ဓားက ညပ်နေ၏။

ဒီမှာ အောင်ရွှေက မျက်နှာအုပ်အဝတ် ပုဆိုးနှင့် အောက်ခံ စောင်ကို လှန်လိုက်သောအခါ ...

"ဟာ ..."

"အမယ်လေး ..."

ဘုရားရေ ... မောင်ကံကြီးရဲ့ ဦးခေါင်းခွံ ကတုံးကြီးမဟုတ်။ မြင် လိုက်ရသည်ကား သွားကျဲကြီးများ ဟ,စိနှင့် လူသေကောင် အရိုးဦးခေါင်း ခွံကြီး။

သို့နှင့် ... စောင်စုတ်ကို လှန်လိုက်သောအခါ မောင်ကံကြီး၏ ခန္ဓာကိုယ်ကို မတွေ့ရဘဲ ငှက်ပျောတုံးကြီးကို မြင်လိုက်ရသောအခါ ...

နှစ်ယောက်သား စိုက်ထားသည့် ဓားမြှောင်နှစ်ချောင်းကို လျှင် မြန်စွာ ဆွဲနှုတ်လိုက်ပြီး လူလည်လူနပ် မောင်ကံကြီးကို ဟိုဟိုဒီဒီ လိုက် ရှာလိုက်ကြသည်။

သည်မှာပဲ ...

"အင်း ... ဟင်း ... ဟင်း ... ဟင်း ..."

"ဟင်း ... အင်း ... အင်း ... အင်း ..."

"အောင်ဖေ ... ဘာသံတုံးဟ"

"လူညည်းသံကွ ... အောင်ရွှေရ ... ဘယ်နားကတုံးဟ"

"အင်း ... ဟင်း ... ဟင်း ... ဟင်း ..."

"ဟင်း ... အင်း ... အင်း ... အင်း ..."

"အောင် ... ဖေ ..."

"ဘာလဲ ... အောင် ... ရွှေ ... ဟင် ... ဟင် ..."

"ညည်းသံက .. ဟို ... မြေ ... မြေ ... ပုံ ... ဆီက .. ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ဘာ ..."

လူမမာလို ညည်းသံကြီးက ဂူနှင့်တစ်လံကွာရှိ မြေပုံမို့မို့ဆီမှဖြစ်၍ သူတို့ ဓားမြှောင်ကိုယ်စီကိုင်ပြီး လက်နှိုပ်မီး အသေးစားနှင့်ထိုး၍ မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေစဉ်မှာပင် ...

လူသေကောင်မြှုပ်သည့် မြေပုံမြေကြီးသည် တဖြည်းဖြည်း လှုပ်၍ စုံ၍ ကြွတက်လာကာ ... ဦးစွာ ... မြေပုံထဲမှ အဆီတဝင်းဝင်း ... မြေအလူးလူးနှင့် လက်နှစ်ဖက် ဆန့်တန်းထိုးထွက်လာသည်ကို မြင်ရသောအခါ ...

"ဟာ ... ဟာ ..."

"ဟင် ... အောင် ... ရွှေ ... လက် ... လက်ကြီး ... ထွက်ထွက် ..."

အလန့်တကြား တအံ့တသြနှင့် ကြက်သေသေပြီး ကြည့်နေဆဲမှာပဲ ခြေရင်းဘက်မှ ခြေဖဝါးနှစ်ခု မြေပုံမြေသားကို ဖောက်၍ ထွက်လာပြီး မြေသားပွပွများပြို၍ စုံ၍ ကြွလာကာ နောက်ဆုံး မြေပုံထဲမှ ဆံပင်ဖားလျား မျက်နှာအဆီတဝင်းဝင်းနှင့် လူသေကောင်ကြီး ထလာသည်ကို မြင်ရသောအခါ ...

"သ ... သရဲ ..."

"ဖုတ် ... ဖုတ်ကြီး ... ထ ... ထ ..."

"အ ... မလေး ... ဗျာ ... လုပ် ... ကြ ... ပါ ... ဦး ... ဗျာ"

ညီအစ်ကိုနှစ်ဦး ဆံပင်ဖားလျား မျက်နှာအဆီတဝင်းဝင်းနှင့် ထသည့် လူသေကောင် (ဖုတ်ကြီး) ကို အနီးကပ် မြင်လိုက်ရသောအခါ ငယ်သံပါအောင် အော်ပြီး ဓားများလွှတ်ချ၍ ပြေးကြတော့သည်။

ပြေးရင်း မြေပုံနှင့် မှတ်တိုင်များကို ခလုတ်တိုက်လဲ၍ ပန်ချာပီအုပ်ပေါင်းများသည် ကျွတ်ကျလိုကျ၊ မှတ်တိုင်မှာ ချိတ်ပြီး ငြိလိုငြိဖြစ်ကာ ...

ကြောက်လန့်တကြား အော်ဟစ်လိုက်၊ ပြေးလိုက် လဲကျလိုက်။





နောက်ပြန်လှည့်ကြည့်လိုက်တော့ အဝတ်အစား လုံးဝမပါသည့် အဆီတဝင်းဝင်း ဖုတ်လူကောင်ကြီးက ဆံပင်ဖားလျားကို ဖြန့်ကာ၊ ဝဲကာ၊ ခါကာ လုပ်ပြီး မြေပုံများကို လှားခနဲ လှားခနဲ ခုန်၍ လိုက်တော့သည်။

အောင်ရွှေတို့ညီအစ်ကို ခါးမှာ ပုဆိုးမပါတော့။

ကြောက်ချေး၊ ကြောက်သေးများ ပေကျံစိုရွှဲ၍ သချိုင်းကုန်းမှသည် မြို့ထဲအရောက် အော်ဟစ်၍ ပြေးကြတော့သည်။

သူတို့ညီအစ်ကို သေအံ့မူးမူး ကြောက်လန့်ရူးရူး အော်ဟစ်ပြီး သချိုင်းကုန်းအပြင်သို့ ရောက်သွားတော့မှ ...

မြေကြီးမြေပုံထဲက ထလာသည့် သရဲဖုတ်ကောင်ကြီးသည် သူ့ရင်ဘတ်ကို လက်နှစ်ဖက်နှင့် ထုရိုက်ပြီး အားရပါးရ အော်ဟစ်ရယ်မောလိုက်လေ၏။

"ဟား ... ဟား ... ဟား ... ဟား ... ဟား ..."

"ဟီး ... ဟီး ... ဟီး ... ဟီး ... ဟီး"

"အဟတ် ... အဟတ် ... အဟတ် ... ဟီး ... ဟီး ..."

"ဂီး ... ဂီး ... ဂစ် ... ဂစ် ..."

"ဂစ် ... ဂစ် ... ဂီး ... ဂီး ..."

"အူ ... အူ ... ဝူ ... ဝူ ..."

"အိန် ... အိန် ... ဂိန် ... ဂိန် ... ဂိန် ..."

သရဲဖုတ်ကောင်ကြီးက ဆံပင်ရှည်ကြီးကို ရမ်း၍ အားရပါးရ ရယ်၏။ ရယ်ရင်း သူ့မျက်နှာနှင့် ခန္ဓာကိုယ်ပေါ်မှ အဆီဝင်းဝင်းများကို လက်နှင့် သပ်သပ်ချရကား ...

မည်းညစ်ညစ် သွေးပုတ်ကဲ့သို့သော အဆီများ သချိုင်းမြေပေါ်သို့ စီးကျလေ၏။ ငှက်ဆိုးအော်သံ၊ ငှက်ဆိုးထိုးသံ၊ သချိုင်းခွေးနှင့် သချိုင်းအပြင် နှစ်ခေါ်သုံးခေါ်သာသာ ရပ်ကွက်များမှ ခွေးတို့၏အူသံများကား ..

လကွယ်သန်းခေါင်ယံမှာ တရှေ့မြူး၊ သရဲမြူး၊ ဖုတ်မြူးသည် ညကဲ့သို့ ဆူညံနေ၏။

လူသတ်သမားနှစ်ဦး သချိုင်းမြင်ကွင်းကနေ လုံးလုံးလျားလျား



www.burmeseclassic.com

www.burmeseclassic.com



မျောက်ကွယ်သွားပေ…မှ မြေပုံထဲက ထရှင်လာသည့် သရဲဖုတ်ကြီးသည် ရယ်မောခြင်းကို ရပ်လိုက်ပြီး ဦးခေါင်းပေါ်က ဆံပင်ရှည်အတုကြီးကို ဆွဲချွတ်ချလိုက်သည်။

သည့်နောက် မျက်နှာနှင့် ခန္ဓာကိုယ်ပေါ်မှ ကျန်ရှိနေသေးသည့် ရေနံချေးဆီနှင့် အမဲဆီပျစ်ခဲပျစ်ချွဲများကို ဝါးခြမ်းပြားတစ်ခုနှင့် ခြစ်ခြစ်ချပြီး ဟိုနှစ်ကောင်ကျကျန်ရစ်ခဲ့သည့် မားမြှောင်နှစ်ချောင်းကို ကောက်ယူကာ …

သူ့အိပ်နေကျ ကပ္ပိယ ဦးဆင်ခေါင်းရဲ့ အုတ်ဂူရှိရာသို့ ပြန်လာပြီး အရိုးခေါင်းကို ခေါင်းအုံးလုပ်လို့ ပက်လက်လှန်ပြီး သူ့လုပ်ရပ်ကို သူ ပြန်စဉ်းစား သဘောကျပီတိ ဖြစ်နေလေသည်။

ထိုပီတိဖြစ်နေသူ ဖုတ်တစ္ဆေညာဏ်ကြီးရှင်ကား …

အခြားမဟုတ်။

သေမင်း (ခေါ်) ငှက်ဆိုး (ခေါ်) သေနိမိတ်စီး မောင်ကံကြီး တည်း။

✿ ✿ ✿

| ၂၇ |

❑

"ဖုတ်ကြီး … ဗျ … ဖုတ် … ဖုတ် … သရဲ … သရဲ … သုပ် … ကြ … ပါ … ဦး … "

"လိုက်လာ … နေ … ပြီ … အမလေး … လာကြပါဦး … ဗျ"

"ပြေး … ပြေး … အောင် … ဖေ … ပြေး … "

"မလုပ်ပါနဲ့ဗျ … အားကြောက်ပါပြီဗျ … "

အောင်ရွှေနှင့် အောင်ဖေ ညီအစ်ကိုနှစ်ယောက်စလုံး ဘယ်လိုမှ …ချုပ်လို့မရကြ။ သရဲတစ္ဆေဖုတ် နာနာဘာဝဟု ပါးစပ်က အော်ဟစ် …ဆိုပြီး လမ်းပေါ်မှာ လျှောက်ပြေးနေကြသည်။

သို့နှင့် … ခင်မင်းရင်းနှီးသူများက ဝိုင်းချုပ် ကြိုးနှင့်တုပ်ပြီး …မော့မေးရသည်။



www.burmeseclassic.com

"အောင်ရွှေ ... အောင်ဖေ ..."

"ဟေ့ကောင် ... အောင်ဖေ ... မင်းတို့ ဘာဖြစ်လို့တုံး"

"ဖုတ် ... ဖုတ် ... ဟိုမှာ ... လာနေပြီဗျ ... အား ..."

"ကြောက်ပါပြီဗျ ... နောက် ... မလုပ် ... တော့ပါဘူးဗျ"

ညီအစ်ကိုနှစ်ယောက် မျက်လုံးများကို အစွမ်းကုန်ပြူး၍ အော်ကြ၏။ အော်ဟစ်ရလွန်း၍ ပါးစပ်မှ အမြှုပ်များ ထွက်နေကြသည်။

"ဆရာကြီး ... ကြွလာပြီဟေ့ ... ဆရာကြီး ... ကြွလာပြီ"

"ကြွပါဆရာကြီးခင်ဗျ ... ခေါင်းရင်းကို ကြွပါခင်ဗျ"

ကြွရောက်လာသူကား ပယောဂအထူးကုဆရာကြီး ဘိုးစကြာစိန် ဖြစ်၏။ ဆရာကြီးက ပါလာသည့် လွယ်အိတ်ကြီးကို ချပြီး ကွမ်းထုပ်ကို ဖြည်၍ ကွမ်းတစ်ရာ အရင်ဝါး၏။

ဝါးရင်း ... အမှောင့်ပယောဂ ပူးဝင်နေသည့် အောင်ဖေနှင့် အောင်ရွှေကို အကဲခတ်နေ၏။

"ဖုတ် ... ဖုတ် ..."

"သ ... ရဲ ... သရဲ ... သရဲ ..."

"ဘယ်မှာတုံးဟ ... ဖုတ်သရဲ ..."

"ဒါ ... ဒါ ... ဒီ ... လူကြီး ..."

"ဟာ ... အောင်ရွှေနဲ့ အောင်ဖေ ... ဒါ မင်းတို့ရောဂါကို ပျောက်အောင်ကုပေးမည့် ဆရာကြီး ဘိုးစကြာစိန်ဟ"

"မဟုတ်ဘူး ... သင်္ချိုင်းကုန်းက ဖုတ်ကြီး ... ဖုတ်ကြီး ... သွား ... သွား ... အနားကို မလာနဲ့ ... မ ... ကပ် ... နဲ့"

"သွား ... သွား ... သွား ..."

အောင်ရွှေတို့ညီအစ်ကိုသည် ပယောဂဆရာကြီး ဦးစကြာစိန်ရဲ့ မျက်နှာကိုကြည့်ပြီး တဲတွေးဖြင့် ထွေး၏။ အော်လွှတ်၏။ ထခုန်၏။ ချည်တုပ်ထားသည့် ကြိုးများကို ဖြည်ပေးဟုအော်၏။

"ဘာဃ်လိုဖြစ်ကြတာတုံး ... မောင်ရင်တို့ ..."

ဆရာကြီး ဦးစကြာစိန်က အနီးရှိလူတစ်ဦးကို မေး၏။ ဒီမှာ ဝက်





ကြီးက ...

"ညတုန်းက ဆင်ကျောကုန်း သင်္ချိုင်းကနေ ပုဆိုးမပါဘဲ အော်ဟစ်ပြေးလာတာကို လူအချို့က မြင်တာပဲလို့ ပြောပါတယ် ဆရာကြီး။ ပါးစပ်ကလည်း ... ဖုတ် ... သရဲနဲ့ အော်နေတာ တစ်ညလုံး တစ်နေ့လုံး ပါပဲ ... ခင်ဗျ"

"ဘယ်အချိန်ဖြစ်တာတုံး"

"မနေ့ည သန်းခေါင်ကျော်မှာပါ ဆရာကြီး"

"သင်္ချိုင်းကို ဒီအချိန်ကြီး ဘာသွားလုပ်ကြပါလိမ့်ကွယ်"

"မသိပါဘူး ခင်ဗျ"

"မစုံစမ်းကြဘူးလား"

"ဆင်ကျောကုန်း သင်္ချိုင်းမှာရှိတဲ့ သုဘရာဇာကြီးသား မောင်ကံကြီးကို သွားမေးတော့ မသိဘူးတဲ့။ သူလည်း ညတုန်းက သင်္ချိုင်းမှာမအိပ်ဘူးလို့ ပြောတယ် ... ဆရာကြီး"

"ပီယဆေးများ သွားဖော်လား မသိဘူး"

"ဇောရိသာရဆေး စီရင်မယ်လို့တော့ ပြောသံကြားတာပဲ ဆရာကြီး။ မဟုတ်မှလွဲရော ဇောရိသာရဆေး စီရင်ရင်း သူတို့နောက်ကို တစ်ခုခု လိုက်လို့ နေမှာပဲဗျ"

တစ်ယောက်တစ်မျိုး အထင်များနှင့် ဝေဖန်ပြောဆိုကြ၏။ ဒီမှာ ဆရာကြီးက သူတို့နှစ်ဦးရှေ့မှာ ရပ်ပြီး ...

"အောင်ရွှေနဲ့ အောင်ဖေ ..."

"ဖုတ် ... ဖုတ် ..."

"သရဲ ... ကြီး ... အနားကို မလာနဲ့"

ဆရာကြီး ဦးစကြာစိန်က သူတို့ဦးခေါင်းပေါ်သို့ ညာလက်ဝါးနှင့် ဘယ်လက်ဝါးကို အုပ်၍ တင်လိုက်သောအခါ လျှင်မြန်လိုက်သည့် ဖြစ်ခြင်း။ ညီအစ်ကိုနှစ်ယောက် ဆရာကြီး ဦးစကြာစိန်ရဲ့ဝမ်းဗိုက်ကို ဦးခေါင်း နှင့် ပြေးတိုက်လိုက်ကြသည်။

"ဖုန်း ..."

www.burmeseclassic.com



"အင့် ... အား ..."

"ဝုန်း ..."

"ဟ ... ဟ ... အောင်ရွှေ ... အောင်ဖေ ..."

ဆရာကြီးမှာ ဝမ်းဗိုက်ကို ဦးခေါင်းနှင့် အတိုက်ခံရ၍ နောက်ပြန်လဲကျပြီး ဆန့်ငင်ဆန့်ငင် ဖြစ်နေသောကြောင့် အနီးရှိ ဝက်ကြီးတို့၊ ချွတ်ကရားတို့နှင့် လူအချို့တို့က ဆရာကြီးကို ပွေ့ထူ နှာနှပ်လို့ မနည်း သတိရအောင် လုပ်ရ၏။

"ဆရာကြီး ... ဆရာကြီး ..."

"ဆရာကြီး ..."

"အေ့ ... အေ့ ... အား ..."

"သတိ ... ရ ... ရ ... ပါလား ... ခင်ဗျား ... ဟင်"

"အင်း ... အင်း ..."

"တောင်းပန်ပါတယ် ဆရာကြီး။ ခွင့်လွှတ်ပါခင်ဗျာ"

ဆရာကြီး ဦးစကြာစိန်သည် လူပုံကြားမှာ တရွှေသရဲ ဝင်နေသူ နှစ်ဦးက ဦးခေါင်းနှင့်တိုက်၍ သတိလစ်ချင်သလို ဖြစ်သွားရသဖြင့် ကြီးစွာ ရှက်လေ၏။ နှာနှပ်၍ သတိရသော် ပုဆိုးကို ပြင်ဝတ်၏။ ပါးစပ်မှ 'ထွီ' ဟု ရေရွတ်ပြီး ကြိမ်လုံးကို ထုတ်လိုက်လေ၏။

"အကောင်ကြီးတယ် ... ဟေ့ ..."

"ဘယ်လိုအကောင်မျိုးပါလဲ ဆရာကြီး"

"ဖုတ်ကြီးဝင်နေတာ"

"ဘယ် ... ဘယ်လို ... လုပ်လုပ်မလဲ ... ဟင် ဆရာကြီး"

"နှင်ရမှာပေါ့ ... သင်း ပြေးအောင် လုပ်ရမှာပေါ့ ... ဟဲ့ ... ဆင်ကျော့ကုန်းသချိုင်းကုန်းက ဖုတ်ကြီးနှစ်ကောင် ..."

ဆရာကြီးက ရွှေစက္ကူကပ်ထားသည့် ကြိမ်စကြာကို ဆ,လိုက်ရင်း မေးလိုက်အော်လိုက်၏။ အောင်ဖေနှင့် အောင်ရွှေက ဆရာကြီးကို မျက်ထောင့်နီ၊ ပါးစပ်အမြှုပ်ထွက်၊ လျှာတန်းလန်းနှင့် ကြည့်နေ၏။

"ကိုင်း ... နှင်တို့လည်း ဖုတ်ကြီး ... ငါလည်း စကြာစိန် ...





တွေ့ကြရောပေါ့ကွာ ... ကိုင်းဟာ ..."

"ရှမ်း ..."

"အား ..."

"ရှမ်း ..."

"အမယ်လေးဗျ ... သရဲ ... သရဲ ... ရိုက်တယ် ... ဗျ"

"ရှမ်း ..."

"အား ... လား ... လား ... ဖုတ် ... ဖုတ် ..."

"သေဟာ ..."

"ရှမ်း ..."

"မလုပ်ပါနဲ့ဗျ ... ဟီး ..."

ဆရာကြီး စကြာစိန်က ဖုတ်ကြီးဝင်သည်ဟု အမည်တပ်ပြီး ကြိမ်စကြာနှင့် ညီအစ်ကို နှစ်ဦးစလုံးကို တီးလေ၏။ ကြိမ်စကြာ ကျော့ပေါ်ကျသည်နှင့် နှစ်ဦး ကြုံးတုပ်ထားလျက်နှင့် ကြမ်းပြင်ပေါ် လိမ့်နေ၏။

[အမှန်ကား ... ဆရာကြီး ဦးစကြာစိန်သည် ဖုတ်ကြီးဝင်နေသည်ဟု ကေန်အမှန် သိ၍မဟုတ်။ လူပုံအလယ်မှာ ဦးခေါင်းနှင့် အတိုက်ခံရပြီး ဆီးခုံကွဲလု၊ ဗိုက်ကွဲလုနီးပါး နာကျင်စွာ ခံစားရ၍ ဖုတ်ကို ရမယ်ရှာပြီး ဟိုနှစ်ယောက်ကို သောက်မြင်ကပ်ကပ်နှင့် ဖျင်းခြင်းဖြစ်၏။]

"စကြာစိန်ကွ ... ကိုင်း ..."

"ရှမ်း ..."

"အား ... မလေး ... သရဲ ... ရဲ ..."

"နှင်တို့ အခုချက်ချင်း ထွက်မလား ... မထွက်ဘူးလား ... ပြော ..."

"ကြောက် ... တယ် ... ဗျ ... ဟီး ..."

"ကိုင်းဟာ ..."

"ရှမ်း ... ရှမ်း ... ရှမ်း ..."

ကြိမ်လုံးနှင့် ဆက်တိုက်ဖျင်းနေ၍ အနီးရှိ ဝက်ကြီးတို့ပါ အောင်ရွှေတို့ညီအစ်ကိုအဖြစ်ကို ကြည့်ပြီး စိတ်မကောင်းကြ



www.burmeseclassic.com

www.burmeseclassic.com



"ဆ ... ဆရာကြီး ..."

"ဘာတုံး ..."

"တော် ... တော်ပါတော့ ... ဆရာ ... ကြီး ... ရယ် ..."

"တော်လို့ မရဘူး။ ရပ်လို့ မရဘူး။ ဒီသချိုင်းမြေဖုတ် အကြီးစား ငါ့ကို အာခံနေတာ။ ဒီဖုတ်ကြီးမထွက်ရင် တစ်ရပ်လုံးကို ဒုက္ခပေးလိမ့်မယ်။ ဟဲ့ ... ဖုတ်စုတ် ... ငါအမိန့်ပေးနေတယ်။ နင်တို့ အခုချက်ချင်း ထွက်ပြီး ငါ့ကို တောင်းပန်ကြစမ်း။ တောင်းပန်လေ ... ကိုင်းဟာ ... ခေါင်းမာဦး"

"ရှမ်း ..."

"ရှမ်း ...

"ရှမ်း ..."

အောင်ဖေတို့ ညီအစ်ကိုလည်း ကြမ်းပြင်ပေါ်မှာ လူးလိမ့်ရင်း အော်နေသည်။ ကြည့်နေသူများလည်း မျက်စိကို ပိတ်သူပိတ်ကြ။ ဒီမှာပဲ အောင်ရွှေနှင့် အောင်ဖေသည် နာကျင်လွန်းသည့်ဒဏ်ကို မခံနိုင်သည့် အဆုံး ...

အောင်ရွှေသည် လဲနေရာမှ ဆရာကြီးရဲ့ခြေထောက်ကို သူ့ခြေနှင့် ပတ်ကန်လိုက်ရာ ဆရာကြီး ဝုန်းခနဲ ပက်လက်လန်အလဲ ...

ဒီမှာ အောင်ဖေက ဆရာကြီး စကြာစိန်ရဲ့ နားရွက်ကို ပါးစပ်သွားနှင့် တအား ကိုက်ထားလိုက်ရာ ...

"အား ... အား ... မလေး ... လုပ် ... ပေး ... ပါ ... ဦး ... ဟ ..."

"ဟ ... ဟ ... ဘယ်လိုဖြစ်ကုန်ပတုံးဟ"

"အား ... လုပ် ... လုပ် ..."

"ဖုတ်ကြီးသောင်းကျန်းပြီဟေ့ ... ပြေး ... ပြေး ... ပြေး ... ပြေး"

"ပြေးဟေ့ ... ဆရာ မနိုင်တော့ဘူး ... ပြေး ... ပြေး ..."

"ဝုန်း ..."





"ဝုန်း ..."

"ဂလုံး ... ဝုန်း ..."

နောက်ဆုံး ဝက်ကြီးတို့ရော၊ ဝိုင်းကြည့်နေသူများပါ ဝင်မဖျင်ရဲတော့ဘဲ အိမ်ရှင် ချွတ်ကရားအိမ်ပေါ်မှ ဝရုန်းသုန်းကား ဆင်းပြေးကြတော့သည်။

အောင်ရွှေနှင့် အောင်ဖေ စိတ်မှမမှန်သူ ညီအစ်ကိုကလည်း ဆရာကြီး ဦးစကြာစိန်ကို ဖုတ်သရဲဟု အော်ဟစ်အမည်တပ်ပြီး နားရွက်ကို ကိုက်ဖြတ်၏။ ခြေသလုံးကို သွားနှင့်ကိုက်ကြ၏။

နောက်ဆုံး ... ပယောဂ အထူးကုဆရာကြီး တောင်ကြီးကိုးလုံးနှင့် ကိုးသချိုင်းမြုန် ဆရာခါးရဲ့ တပည့်လက်ရင်း ဆရာကြီး ဦးစကြာစိန်ခမ်းမှာ ပုဆိုးမရှိတော့။

လာတုန်းက ဝတ်လာသည့် ယောဂီရောင်အင်္ကျီလက်ရှည်နှင့် ယောဂီခေါင်းပေါင်းလည်း စုတ်ပြဲကုန်သလို၊ နားရွက်နှစ်ဖက်လည်း ပြတ်လုနီးပါးဖြစ်၊ ခြေသလုံးမှာလည်း အကွင်းလိုက်ပြတ်၊ သွေးချင်းချင်းရဲဖြစ်ကာ ရှေ့က သူတော်ကောင်းကြီးများနည်းတူ ...

အိမ်ပေါ်မှ ဝုန်းခနဲခုန်ချပြီး ဖနောင့်တင်ပါး တစ်သားတည်းကျပြေးလေ၏။ ပြေးပုံကား ... နာမည်ကျော် ရခိုင်ရိုးမပြန် မုဆိုးကြီး ဦးလေးမောင်ကို ကျားလိုက်တုန်းက ပြေးသည့်နှုန်းထက် ပိုသော အမြန်နှုန်းနှင့် ပြေးလေ၏။

[နောင်အခါ ... မျက်မြင်ကြုံရသူများ ပြောချက်က ဆရာကြီး ဦးစကြာစိန်ပြေးပုံမှာ ဆစ်ဝမ်းအုံးကျည် အမြန်နှုန်းနှင့် ပြိုင်တူနီးပါးကျမည်ဟု ဆိုကြ၏။]

ဆရာကြီးနှင့် ရှေ့ဆင့်နောက်ဆင့်မှာပဲ အောင်ရွှေနှင့်အောင်ဖေတို့ညီအစ်ကို ချည်ထားသည့်ကြိုးများ ပြေကျကာ လမ်းမပေါ်သို့ ပြေးလာပြီး ပါးစပ်မှလည်း ဖုတ်၊ သရဲ လိုက်လာပြီ ... ပြေးပြီ ... လိုက်လိုက်နှင့် အော်ဟစ်၍ အရူးများလို ပြေးကြလေသည်။

ထိုကဲ့သို့ အောင်ရွှေနှင့် အောင်ဖေတို့ညီအစ်ကို စိတ်နောက်



www.burmeseclassic.com

www.burmeseclassic.com



ဖောက်ပြန် ရှုံ့သွပ်ပြီး ထိန်းမရ သိမ်းမရ အဝတ်ဗလာနှင့် ပြေးနေသည်ကို ရပ်ထားသည့် ကားတစ်စီးပေါ်မှ လူတစ်ယောက်သည် ချောင်းမြောင်းကြည့်နေ၏။

ကြည့်နေရင်း သူ့ရင်နှစ်ခုသည် တုန်ခါစပြုနေ၏။ သူ့ကိုယ်သူလည်း စိုးရိမ်စပြုလာ၏။ ကားစတီယာရင်ပေါ်မှာ တင်ထားသည့် သူ့လက်အစုံသည် တုန်ခါနေသည်။

ထိုသူကား ... အခြားမဟုတ်။

သူဌေး ဦးရွှေဗလ ဖြစ်လေသတည်း။

❁ ❁ ❁

| ၂၈ |

❑

သူဌေး ဦးရွှေဗလ ရင်တလှပ်လှပ် တုန်နေသည်။ ဒါနှင့်အတူ စိုးရိမ်သောကစိတ်များက သူ့ကိုယ်ကို ဖိစီးပြီး နေ့မှာလည်း အလုပ်လုပ်လို့ မဖြောင့်သလို၊ ညမှာလည်း သန်းခေါင်သန်းလွဲတိုင် အိပ်လို့မပျော်။

ကံကြီးမသေဘဲ ပြန်ရှင်၍ ဆင်ကျောကုန်းသင်္ချိုင်းကို ပြန်ရောက်သည့်သတင်း ကြားရတော့ မယုံသေး။

ကိုယ်တိုင်မြင်ရတော့မှ သူ တုန်လှုပ်သွားခဲ့ရသည်။

ဟုတ်ပ။

ကြည့်စမ်း ... ကံကြီး ကတုံးပြောင်ကြီးနှင့်။ ဦးခေါင်းတစ်လုံးမှာရော၊ မျက်နှာပေါ်မှာရော ဒဏ်ရာဒဏ်ချက်၊ အမာရွတ်များက ဗရပွ။ ပြောရရင် မြင်ရက်စရာမရှိ။

အားလုံး သေနိုင်လောက်သည့် ဒဏ်ရာဒဏ်ချက်များ ဖြစ်ပါသော်လည်း ဒီကောင်မသေဘဲ ပြန်ရှင်လာလို့ အံ့ဩရသည်။ အံ့ဩခြင်းနှင့်အတူ နောက်ကြောင်းမအေးရသည့် စိုးရိမ်ပူပန်မှုလည်း ခေါင်းခဲစရာဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီး ... အောင်ဖေနှင့် အောင်ရွှေကိုလည်း ဒေါ်ပွလို့မဆုံး။

ပြောတော့ ... အပြတ်ရှင်းပြီးပြီဆိုပြီး ကျန်ငွေကို လာတောင်းသွားကြသည်။ စိတ်ချနေစမ်းပါ၊ ပထမ ရှင်သေမင်းပဲ လူ့ပြည်မှာ ကျန်သည်။

နောက်ပေါ် ဒုတိယသေမင်း ကံကြီးက ငါးကြီးစာ၊ မိကျောင်းစာ ဖြစ်သွားပါပြီဟု ရင်ကော့၍ ပြောသွားကြတာ။

အခု ကံကြီး မိကျောင်းစာမဖြစ်ဘဲ ...

သူတို့အားလုံး ဆင်နင်းလို့ သေရမည့်ဘဝ ရောက်တော့မည်။ ကံကြီးက ငြိမ်နေမှာလား။ ကံကြီး သင်းတို့ရိုက်ချက်ကြောင့် အတိတ်မေ့ နောက်ကြောင်းသတိမရဘဲ ရူးသွပ်သွားလျှင် ကိစ္စမရှိ။

အခု ကံကြီးကား အတိတ်မမေ့။

အောင်ရွှေနှင့် အောင်ဖေတို့တောင် မေးနေသည်ဟု ကြားရသည်။

အကယ်၍သာ အောင်ရွှေနှင့်အောင်ဖေကို တွေ့လို့ ခြိမ်းခြောက်ပြီး မေးခဲ့ပါက နောက်ဆုံး မိမိငွေပေးခိုင်းလို့ လုပ်ကြံရတာပါဟုများ ဖွင့်ပြောလိုက်လျှင် ...

ကံကြီးက မိမိကို ခွင့်လွှတ်မှာလား ...

အောင်ဖေတို့ညီအစ်ကို ရိုက်လို့လို့ ရဲစခန်း သွားတိုင်လည်း မျက်မြင်သက်သေကတော့ မရှိ။ ကံကြီးဘက်က တရားရှုံးနိုင်သည်။

ကံကြီးဆိုသည့်အကောင်က ရဲစခန်းတို့၊ တရားရုံးတို့ကို တိုင်မည့်တောမည့် လူစားမဟုတ်ပေ။

ဒါဆို ဒီကောင် ဘာလုပ်နိုင်သလဲ။

ထောင့်စုံအောင်တွေးလိုက်တော့ တစ်ချက်ပဲ အဖြေက ထွက်လာသည်၊ အကြောင်းစုံသိသွားလျှင် ကံကြီးက အောင်ဖေ၊ အောင်ရွှေနှင့် မိမိကို စိတ်နာလိမ့်မည်။

မတော်လို့များ စိတ်ကလည်းနာ၊ ကလဲ့စားလည်း ပြန်ချေချင်စိတ်နှင့် ကျက်သရေမရှိလှသော သင်းပါးစပ်ပုပ်ကြီးနှင့်များ ...

မင်းတို့သုံးယောက် သေရတော့မှာပါကွာလို့များ နိမိတ်ဖတ်လိုက်၊





ပြောချလိုက်ရင် ...

ဘုရား ... ဘုရား ...

ကံကြီးရဲ့ ပါးစပ်ကြောင့် မျက်စိရှေ့မှောက်မှာ အမှန်တကယ် သေသွားရသူ မနည်း။ မိမိချစ်မြတ်နိုးလှစွာသော ဇနီးမယား နှစ်ယောက် ပါ သေမင်းနောက် ကောက်ကောက်ပါအောင် လိုက်သွားရဖူးသည်ကို မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ရပြီးပြီ။

အခု ... ကိုယ့်အလှည့် နီးလာပြီ။

ဒါကြောင့် ... အောင်ရွှေနှင့် အောင်ဖေတို့ ညီအစ်ကိုကို လိုက်ရှာပြီး ကံကြီးမသေဘဲ ပြန်ရောက်နေသည့်အကြောင်းနှင့် မင်းတို့ညီအစ်ကိုကို လိုက်ရှာနေသည်ဟု ပြောလိုက်တော့ ...

ညီအစ်ကိုနှစ်ယောက်စလုံး ဆံပင်မွေးများ ထောင်လုမတတ် အံ့သြချောက်ချားသွားခဲ့ကြသည်။

“အောင်ဖေ ... မင်းတို့ကို ငါထိုက်ထိုက်တန်တန် ကြိုက်ကြေးပေးပြီး ဒီကောင့်ကို လုပ်ကြံခိုင်းခဲ့တာ။ အခု ... ကံကြီးမသေဘူး။ လုံးဝ မသေဘူး။ ဒီကောင် ပြန်ရှင် ပြန်ရောက်လာတာ မင်းတို့နဲ့ငါ သေဖို့ မြေကြီးနဲ့နီးတာ ရာခိုင်နှုန်း ကိုးဆယ့်ကိုးကွ။ ဒီတော့ မင်းတို့ငါတို့ အသေခံမှာလား၊ သူ့ကို ပြန်သေစေမှာလား။

မင်းတို့ပဲ ပြောတာလေ ...။ တစ်ခါနဲ့မသေရင် နှစ်ခါသေရမှာပေါ့ဗျလို့ ပြောသွားတာ။ မင်းတို့ကိစ္စ မင်းတို့ပြတ်အောင်ရှင်း။ ပြတ်ခဲ့ရင် ငါ ဘောက်ဆူးငွေ နှစ်သိန်းထပ်ပေးမယ်။ ဒါပဲ ...”

ကံကြီးအပေါ် ဦးရွှေဇလ ကြီးစွာ နာကြည်းမုန်းတီးသည်။

လွန်စွာ ချစ်ရသည့် မယားချောနှစ်ယောက် သင်းပါးစပ်ကြောင့် အသက်ဆုံးရှုံးရသည်ဟု ယတိပြတ် နှလုံးပိုက်ထားသည်။

ဒီအမုန်းက ကမ္ဘာမကျေအမုန်း။

အခု ဒီအငြိုးအတေး၊ အမုန်းကို ငွေပေးလုပ်ကြံခိုင်းပါလျက် အမုန်းက အဆုံးမသတ်။

နောက်ဆုံး ... အောင်ရွှေနှင့် အောင်ဖေလည်း သူ့ခြံအိမ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေသည့် ကံကြီးရဲ့ သေသည့်နေ့ အကျိုးစုတ်ကြီးအကြောင်း ဖွင့်ချ ဝန်ခံပြီးနောက် ကံကြီးကို ဒီတစ်ခါ အပြတ်ရှင်းပါမည်၊ စိတ်ချနေပါဟု တာဝန်ယူသွားခဲ့ပါသော်လည်း ...

အခု သေမင်းကံကြီးမသေဘဲ ...

သူတို့ညီအစ်ကို ရူးသွပ်သွားသည့်ဘဝကို စုံစမ်းသိရှိ မြင်တွေ့လိုက်ရသောအခါ ...

သူဌေးဦးရွှေဖလ လုံးဝ အိပ်လို့ မပျော်တော့။

အပြင်ကိုလည်း မထွက်ရဲ။

မထွက်ရဲသည့် အကြောင်းရင်းကား အခြားမဟုတ်။ အောင်ရွှေနှင့် အောင်ဖေတို့သည် သင်္ချိုင်းကုန်းမြေကြီးထဲမှ ဖုတ်ကြီးထလာသည်ကို မြင်ခဲ့ရသည့်နောက်ပိုင်း ဆေးကုလို့မရတော့ဘဲ သွက်သွက်ခါ ဦးနောက်ပျက်စီးရူးသွပ်သွားခဲ့သည်။

ယခုအခါ ပါးစပ်မှ ပေါက်ကရတွေ လျှောက်ပြောပြီး ဥဒဟို လျှောက်သွားနေကြသည်။

သူတို့ အရူးညီအစ်ကို ပြောစကားမှာ ...

"ဖုတ်ကြီး ... ဖုတ်ကြီး ... ထ,လာနေပြီ"

"သရဲ ... သရဲ ... လိုက်လာနေပြီ ... ပြေး ... ပြေး ..."

"ကံကြီး ... ငါတို့လုပ်တာ မဟုတ်ဘူး"

"သူဌေး ... သူဌေး ... ရွှေ ... ဖ ... လ ... ခိုင်းလို့ပါ"

"ငါတို့ ... မသေပါရစေ ... နဲ့ ..."

စသည့် ကရားရေလွှတ် စကားများကို ပြောနေသည်ဟု သိရ၏။ သူဌေးဦးရွှေဖလ သူ့အမည်ပါ ပါနေလို့ အိမ်ထဲကမထွက်ရဲ။

ဒါကြောင့် အရက်ကို နေ့ရောညရော ဖိသောက်သည်။ အိမ်ဖော်များက ထမင်းစားဖို့ လာခေါ်လျှင် အော်ငေါက်ဆဲရေး၍ လွှတ်သည်။

အရက်ကလွဲပြီး ဘာမှအလိုမရှိ။

အရက်ကို နေ့မနား ညမနားသောက်လွန်း၍ အိပ်မပျော်တော့ပဲ လန့်လန့်နိုးပြီး ထ,အော်ရသည်။ နားရင်းပါးရင်းလည်း ချောင်ကျချိုင့်ဝင်





နေပြီ။

တစ်နေ့ သူ အရက်သောက်ပြီး တိုက်အပေါ်ထပ်ကနေ လမ်းမပေါ် ကြည့်နေစဉ် ...

ကံကြီးကို မြင်လိုက်ရတော့သည်။

ကံကြီးသည် ဒယီးဒယိုင်နှင့် သူ့အိမ်ရှေ့ လမ်းမမှာရပ်ပြီး အိမ်ကြီးကို စိုက်ကြည့်နေသည်။

ဦးရွှေဖလ လန့်ဖျပ်ပြီး ပြတင်းတံခါးကို ပိတ်လိုက်ကာ အရက်ကို ပုလင်းလိုက်မော့ပြီး တစ်ကိုယ်လုံး တုန်နေသည်။

သည့်နောက် ... တပည့် ငွေအိုးကို လှမ်းခေါ်လိုက်သည်။

"ငွေ ... အိုး ..."

"ငွေ ... အိုး ..."

"ဗျာ ... ဆ ... ရာ ..."

"ဘယ်သွားသေနေလဲ။ မင်းခေါ်တာ မကြားဘူးလား ဟင်"

"ကား ... ကား ... ရေဆေးနေလို့ပါ ဆရာ။ ဘာ ... ခိုင်းမလို့ပါလဲ ... ဆ ... ရာ ..."

"အပြင်ကို သွား"

"ဟုတ်ကဲ့"

"ဟို ... သုဘရာဇာသား ... ကံကြီး ... ငါ့အိမ်ရှေ့လမ်းမှာ စောစောက ရပ်ကြည့်နေတယ်။ ဒီကောင် ရှိသေးလား၊ ဘာလုပ်နေလဲ .. သွားကြည့်"

"ဟုတ် ... ဟုတ်ကဲ့ပါ ဆရာ"

ဒရိုင်ဘာ ငွေအိုး အပြေးထွက်သွားပြီးနောက် သူအရက်ကို ထပ်မော့ရင်း ဆံပင်ရှည်များကို လက်ငါးချောင်းနှင့် ထိုးဖွကုတ်ရင်း ပက်လက်ကုလားထိုင်ပေါ် ပစ်ထိုင်ချလိုက်သည်။

မကြာခင် ... ငွေအိုး ပြန်တက်လာသည်။

"ဘယ် ... ဘယ် ... လိုလဲ ... ငွေ ... အိုး ... ပြောစမ်း"

"ကျွန်တော့်လည်း မြင်ရော ... ဒီကောင် ... စောင်းနင်းစောင်း



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ပြန်သွားတယ်ဆရာ။ ဘာဖြစ်လို့လဲ ဟင် ... ဆရာ"

"ဘာမှမဖြစ်ဘူး ... မင်း ... မင်း ... သွားတော့"

"ဟုတ်ကဲ့ ဆရာ"

"ဟော့ ... ဟော့ ... ငွေအိုး ..."

"ဘာလဲ ... ဆရာ ... ဘာမှာမလို့လဲ"

"ခြံစည်းရိုးတံခါးကို သေသေချာချာ လုံလုံခြုံခြုံပိတ် ... ကြားလား ..."

"ဟုတ်ကဲ့ ..."

"ကံကြီးလည်း ငါ့တိုက်ရှေ့မှာ မရပ်စေနဲ့။ ရပ်ရင် မောင်းထုတ် ကြားလား ..."

"စိတ်ချပါ ဆရာ"

တပည့်အစေခံများကလည်း သူတို့ဆရာ ဘာကြောင့် သုဘရာဇာသား ကံကြီးကို ကြောက်လန့်နေမှန်း မသိကြ။ ဆရာလုပ်သူ အပြင်ကို လုံးဝမထွက်ဘဲ နေ့ရောညပါ အရက်ချည်းသောက်ပြီး တစ်နေ့တခြား ပိန်ချုံး မျက်ကွင်းဟောက်ပက်ဖြစ်နေသည်ကို ကြည့်ပြီး စိတ်မချမ်းသာကြ။

မောင်ကံကြီးကလည်း နေဝင်ရီတရော အချိန်ရောက်သည်နှင့် သူဌေးဦးရွှေဗလ တိုက်ရှေ့မှ ဖြတ်ဖြတ်သွားပြီး အိမ်ရှေ့ရောက်သော် အိမ်ကြီးကို အတန်ကြာ ရပ်ကြည့်လေ့ရှိ၏။

ဒါကို ဦးရွှေဗလက ခြောင်းကြည့်ပြီး မြင်၏။ မြင်သည်နှင့် ရင်တုန်လာပြီး သတိလစ်ချင်သလို ဖြစ်သွား၏။ သူ့တပည့်များကလည်း သေနိမိတ်စီး မောင်ကံကြီးအကြောင်း ကြားဖူးမြင်ဖူးနေသလို မောင်ကံကြီး တိုက်ရှေ့လမ်းမမှာ ယောင်ပေယောင်ပေလုပ်နေသည်ကို မြင်သည့်တိုင် ..

'ဘာလုပ်နေတာတုံး'ဟု ရဲရဲတင်းတင်း မမေးရဲ မပြောရဲ။

မတော် ပါးစပ်ကနေ နိမိတ်မရှိ နမာမရှိ ပြောလိုက်လျှင် သေမင်းစီးနေသည့် ပါးစပ်မှ အခန့်မသင့်ပါက ရက်ပိုင်းအတွင်း ကိုယ့်ကို သေမင်း လာခေါ်သွားနိုင်သည်။

ဒါကြောင့် မသိမသာဘဲ လူရေးဟန်ရေးလေးပြ ကြည့်ရ၏။





တစ်နေ့ညနေ ...

အချိန်က နေဝင်ရီတရော။

သူဌေးဦးရွှေဗလ ပိန်ချောင်းချောင်း၊ စုတ်ဖွားဖွား၊ မျက်တွင်းဟောက်ပက်နှင့် မူးပြီး အိပ်ပျော်သွားရာမှ နိုးလာ၏။ နိုးသည်နှင့် ပိတ်ထားသည့်တံခါးကို ဖွင့်လိုက်သောအခါ ...

"ဟင် ..."

သူမြင်လိုက်ရသည်ကား ဆင်ကျောကုန်းသချိုင်းမှ သုဘရာဇာသား စဏ္ဍာလ မောင်ကံကြီးဖြစ်၏။ မောင်ကံကြီးသည် ကျောကုန်းပြောင်ပေါ်မှာ ပုဆိုးစုတ်ကိုတင်ရင်းက သူဌေးဦးရွှေဗလကို လမ်းမကနေ စိုက်ကြည့်နေ၏။

သူဌေးဦးရွှေဗလ ကြောက်စရာကောင်းလှသည့် မောင်ကံကြီးရဲ့ မျက်နှာကိုမြင်လိုက်သည်နှင့် မျက်ကွင်းဟောက်ပက် မျက်လုံးအစုံနှင့် ပါးစပ်ဟလို့ အံ့အားသင့်နေစဉ် ...

မောင်ကံကြီးက သူ့ကို လက်ညှိုးထိုးလို့ ပြောလိုက်သံကို သူဌေးဦးရွှေဗလ နားနှင့်ဆတ်ဆတ် ကြားလိုက်ရတော့သည်။

"ခင်ဗျား ... အောင်ရွှေတို့နောက်ကို လိုက်သွား ... ဟား ... ဟား ... ဟား ... ဟား ... ဟား ... ဟီး ... ဟီး ... ဟီး ... ဟီး"

"ဝုန်း ..."

"ဂျုန်း ..."

သူဌေးဦးရွှေဗလ ကြောက်လန့်လွန်း၍ ပြတင်းတံခါးနှစ်ချပ်ကို အလျင်အမြန် ဆောင့်ပိတ်ရင်း ယိမ်းယိုင်သွားသည်။ ဦးခေါင်းတစ်ခုလုံး မူးနောက်ပြီး ရင်တလှပ်လှပ်တုန်လာသည်။

"ဟား ... ဟား ... ဟား ... ဟား ..."

"ဟီး ... ဟီး ... ဟီး ... ဟီး ..."

"အဟတ် ... အဟတ် ... ဟား ... ဟား ... ဟား ... ဟား ..."

တံခါးပိတ်ထားသည့်တိုင် လှောင်ပြောင်ထေ့ငေါ့သလို ရယ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည့်အသံများက ငါးရှက်ကို ထိုးဖောက်ပြီး သူ့ရင်ကို လှံဖျားနှင့် ထိုးဆွသလို ခံစားလိုက်ရသည်။

ကံကြီးရဲ့ရယ်သံကို ရယ်သံလို့မထင်။

မိရဏာရှင်သေမင်းရဲ့ ရယ်သံ . . .

ရှင်သေမင်းရဲ့ ရှေ့ပြေး၊ လင်ကောင်ပိုး ငှက်ဆိုးတစ်ကောင်ရဲ့ သေနိမိတ် စရဲသပ်သံဟု ထင်မှတ်ပြီး ကြက်သီးဖျန်းဖျန်းထကာ တစ်ကိုယ်လုံး နတ်ကျသလို တုန်နေသည်။

သည့်နောက် . . . 'ရမ်'ပုလင်းကို ကောက်၍ ရေမရောဘဲ ပုလင်းလိုက် မော့ချလိုက်သည်။ ရင်တစ်ခုလုံး ရေနွေးပူနှင့် မီးစမီးခဲများ ရောနှောဝင်ရောက်သွားသလို ခံစားလိုက်ရပြီး လူက ယိမ်းထိုး၍လာသည်။

မျက်လုံးထဲမှာ သေနိမိတ်စီး မောင်ကံကြီးရဲ့ အရုပ်ဆိုးဆိုးမျက်နှာနှင့် မရဏာရယ်သံကို မြင်နေရသည်။

ခေါင်မိုးပေါ်ကို မော့ကြည့်လည်း သေမင်းမျက်နှာကို မြင်နေရသည်။

ကြမ်းပြင်ကို ငုံ့ကြည့်လည်း ကံကြီးရဲ့မျက်နှာကို မြင်နေရသည်။

ဘယ်နေရာကို ကြည့်ကြည့် . . . ကံကြီးရဲ့ ကြောက်စရာ လန့်စရာ မျက်နှာနှင့် ချောက်ချားဖွယ် ရယ်သံကိုချည်း မြင်နေ ကြားနေရသောအခါ . . .

သူဌေး ဦးရွှေဗလ နံရံမှာချိတ်ထားသည့် ငှက်ကြီးတောင်ဓားကို လှမ်းဖြုတ်ဆွဲထုတ်လိုက်ပြီး မြင်နေရသည့် ကံကြီးရဲ့မျက်နှာများကို ဓားနှင့် လိုက်ခုတ်တော့သည်။

"ကိုင်းကွာ . . ."

"ဒုန်း . . ."

"သေဟာ . . . ကံ . . . ကြီး . . . ရ"

"ဒုန်း . . ."

"ခွမ်း . . ."

"မင်း . . . ကို . . . ငါ . . . သတ် . . . မယ် . . . ကျား . . ."





"ဒုန်း . . ."

"ဝုန်း . . ."

"သေကွာ . . . သေကွာ . . . ကဲကွာ . . . ကိုင်းဟာ . . ."

"ဒုန်း . . ."

"ရွမ်း . . ."

"ဝုန်း . . ."

"ဒုန်း . . ."

"ချွမ်း . . . ချွမ်း . . ."

သူဌေးရဲ့ အခန်းထဲကနေ အော်ဟစ်ဆဲရေး ကြိမ်းဝါးသံများ၊ တဒုန်းဒုန်း တဒိုင်းဒိုင်း၊ တဝုန်းဝုန်း တဂွမ်းဂွမ်း လွင့်စင်ဆူညံနေသည့် အသံများ ကြားရသောအခါ . . .

အိမ်ဖော်များနှင့် ဒရိုင်ဘာငွေအိုးတို့ လွန်စွာ စိုးရိမ်သွားကြသည်။

"သူဌေး . . . သူဌေး . . ."

"တံခါးဖွင့်ပါဦး . . . တံခါး အမြန်ဖွင့်ပါ . . . သူဌေး"

"သေစမ်းကွာ . . . ငါကွ . . . ကိုင်းဟာ . . ."

"ဒုန်း . . ."

"ဝုန်း . . ."

"သူဌေး . . . သူ . . . ဌေး . . ."

"သူဌေး . . . တံခါး အမြန်ဖွင့်ပါ . . . သူဌေး . . ."

တံခါးကို တဝုန်းဝုန်းထု၍ အသံပြုပါသော်လည်း အထဲမှ ဝုန်းဒိုင်းကြဲ ပေါက်ကွဲအော်ဟစ်နေသည့် အသံများသာ ကြားရပြီး တံခါး လုံးဝ မပွင့်လာသောအခါ . . .

"ဘယ်လိုလုပ်ကြမတုံး . . . ကိုငွေအိုး"

"အထဲမှာ ပြဿနာ ဖြစ်နေပုံပဲ"

"ဖွင့်နိုင်းလို့ မရဘူး . . . ကိုငွေအိုးရဲ့ . . . မြန်မြန်စဉ်းစားပါ"

"ရဲတင်းသွားယူလိုက်"

"အို . . . ရှင် ဘာလုပ်မလို့တုံး"



www.burmeseclassic.com

www.burmeseclassic.com



"တံခါးကို ဖျက်ဖွင့်မှ အထဲမှာ ဘာဖြစ်နေတယ်ဆိုတာကို သိရမှာ။ အမြန်သွားယူလိုက် ..."

ဒီမှာ အိမ်ဖော် မသိန်းမြင့်က ရဲတင်းကြီးတစ်လက် ယူလာပေးသောကြောင့် ဒရိုင်ဘာ ကိုငွေအိုးက တံခါးချက်ရှိရာကို ရဲတင်းနှင့် အကြိမ်ကြိမ် ခုတ်ဖျက်လိုက်တော့ တံခါးပွင့်သွားသည်။

တံခါးပွင့်သွားသည်နှင့် မြင်လိုက်ရသည့် မြင်ကွင်းကြောင့် သူတို့အားလုံး မျက်လုံးများ ပြူးကျယ်အံ့သြ၍ ခေတ္တခဏ ကြက်သေ သေသွားကြသည်။

မြင်လိုက်ရသည့် မြင်ကွင်းကား ...

သူဌေး ဦးရွှေဗလသည် ပါးစပ်မှ အမြှုပ်များထွက်ပြီး မျက်လုံးနှစ်လုံး ပြူးကြောင်နီရဲနေသည်။

အဝတ်အစားများလည်း ချွေးစို့ရွှဲပြီး စုတ်ပြဲနေသည်။ လက်ထဲမှာလည်း ငှက်ကြီးတောင်ဓားရှည်ကြီး ကိုင်မြှောက်လို့၊ အခန်းတစ်ခုလုံး ... ကြမ်းပြင်စားပွဲတစ်ပြင်လုံး ... ဓားခုတ်ရာ ဗရပွနှင့် အရာအားလုံး စုတ်ပြတ်ကွဲကြေ မွစာကျဲနေသည်။

"သူ ... သူ ... ဌေး ..."

"သ ... သ ... ဌေး ... ဘာ ... ဘာ ... ဖြစ် ... လို့ ..."

"သတ် ... မယ် ... သတ်မယ် ... ကံကြီး ..."

"မင်းကို ... ငါ ... သတ် ... မယ် ... ကိုင်းဟာ ..."

သူဌေး ဦးရွှေဗလသည် ငှက်ကြီးတောင်ဓားရှည်ကို မြှောက်ပြီးနောက် သူတို့အားလုံးကို ကံကြီးဟု အမြင်မှောက်ကာ ဓားရှည်နှင့် ခုတ်မလို လုပ်သောအခါ ...

"အမယ်လေး ..."

"ဆုတ် ... ဆုတ် ..."

"သူဌေး ... သူဌေး ... မှား ... မယ် ... နော် ... မှား ... မယ်"

---

စိတ်ကူးသစ်စာပေ



"ကံကြီး ... မင်း ... သေ ... ရ ... တော့ ... မယ် ... ကိုင်းဟ"

"ရှီး ..."

"ဒုန်း ..."

"ပြေး ... ပြေး ... သူဌေး ... စိတ်ဖောက်သွားပြီ။ ပြေးကြ"

ဒရိုင်ဘာကိုငွေအိုး အပါအဝင် အိမ်ဖော်များအားလုံးကို ဓားရှည်နှင့် လိုက်ခုတ်နေသောကြောင့် အိမ်ပေါ်ထပ်မှသည် ဒရောသောပါး ပြေးဆင်းလာပြီး ခြံအပြင်သို့ ကိုယ်လွတ် ထွက်ပြေးကြတော့သည်။

သူဌေး ဦးရွှေဗလလည်း စိတ်နောက် စိတ်ဖောက်ပြီး ဓားကြီးကိုင်၍ နောက်ကနေ အပြေးလိုက်သည်။ ခြံထဲရောက်သည်နှင့် မြင်မြင်ရာ သစ်ပင်ပန်းပင်များ အားလုံးကို ကံကြီးအမှတ်နှင့် အကုန်ခုတ်ပစ်နေရကား ...

နှစ်ရှည်လများ တယုတယ စိုက်ပျိုးထားခဲ့သည့် သစ်ပင်ပန်းပင် ပန်းအိုးများအားလုံး အပိုင်းပိုင်းပြတ် ကျိုးကွဲပြီး တစ်စစီ ဖြစ်ကုန်သည်ကို မြင်ကြရသောအခါ ...

သူဌေးဦးရွှေဗလတစ်ယောက် မောင်ကံကြီးကြောင့် အောင်ရွှေတို့ အောင်ဖေတို့နည်းတူ ကြောက်လန့်ချောက်ချား စိတ်နောက်စိတ်ဖောက်သွားသည်ကို နားလည်သဘောပေါက်လိုက်ကြသည်။

သို့သော် ...

မည်သို့သော အကြောင်းအခြင်းရာကြောင့် သုံးယောက်စလုံး ..

မောင်ကံကြီးအမည်ကို ရေရွတ်ကြိမ်းဝါး၊ ချောက်ချားကြောက်လန့်၊ ဒေါသပေါက်ကွဲပြီး စိတ်နောက်သည့်ဘဝ ရောက်သွားရသည်ကိုမူ မည်သူမှ ဂဃနဏ မသိကြပါလေ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [ ၂၉ ]

❑

လူတွေက သူတို့လေးဦးရဲ့ အဖြစ်ကို ပိုလို့စိတ်ဝင်စားသွားကြ သည်။

ကံကြီး ဘာကြောင့် ဦးခေါင်းတစ်ခုလုံး ဒဏ်ရာဒဏ်ချက်များ နှင့် မသေကောင်းမပျောက်ကောင်း ဖြစ်လာရသလဲ။

အောင်ရွှေနှင့်အောင်ဖေ ... ဘာကြောင့် သချိုင်းကုန်းကနေ မကောင်းဆိုးဝါးမြင်ပြီး ရူးသွပ်သွားရတာလဲ။

သူဌေး ဦးရွှေဗလရော မည်သည့်အကြောင်းနှင့် ကံကြီးအမည် ကို ရေရွတ်ပြီး စိတ်နောက်သွားရတာလဲ။

အမျိုးမျိုး ဝေဖန်စဉ်းစားကြသည်။ မေးမြန်းစူးစမ်းကြသည်။

ကံကြီးကိုမူ ကြောက်လန့်၍ မမေးရဲကြ။

ဒီလို ဒဏ်ရာဒဏ်ချက်များစွာနှင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေလို့ လည်း မသနားကြ။ လုံးလုံးလျားလျား သေမသွားသည့်အတွက် စိတ် မကောင်းပင် ဖြစ်နေလိုက်ကြသေး၏။





သူဌေးဦးရွှေဗလရဲ့ စိတ်ဖောက်ပြန်သွားရခြင်း အကြောင်းကိုမူ အိမ်ဖော်များနှင့် ဒရိုင်ဘာ ကိုငွေအိုးတို့ပြောပြ၍ သိသင့်သလောက် သိကြ သည်။

ကံကြီးက သူဌေးရဲ့ ချစ်လှစွာသော ဇနီးမယားနှစ်ယောက်ကို 'သေမှာပါကွာ' ဟု နိမိတ်မရှိ နမာမရှိ ပြောခဲ့ဖူးသည့် စကားနိမိတ်ဆိုး ကြောင့် ...

မယားချောနှစ်ယောက်စလုံး အမှန်တကယ် သူ့အကြောင်းနှင့် သူ သေသွားရသည်။ ဒါ ... သုဘရာဇာသား သေနိမိတ်စီးနေသည့် မောင်ကံ ကြီးရဲ့ အပြောအဆိုကြောင့်ဟု သူဌေးဦးရွှေဗလ စိတ်စွဲလမ်းပြီး မောင်ကံ ကြီးအပေါ် အခဲမကျေဖြစ်၍ ဒေါသပေါက်ကွဲ ခံစားရလို့ စိတ်ဖောက်သွား သည်ဟုသာ အကြမ်းဖျင်းသိကြရသည်။

သို့ဖြစ်၍ ...

လူတိုင်းက မောင်ကံကြီးကို တစ်နေ့တခြား ပိုမို ရွံရှာစက်ဆုပ် လာကြ၏။ လူတိုင်းသာမက သူ့ရဲ့ မွေးစားအဖေနှင့် အမေဖြစ်ကြသော သုဘရာဇာ ဦးကျောက်ခဲနှင့် မအုန်းမှုတ်တို့ပင် ကြားရချက်များကြောင့် သူတို့သားကို စေတနာ မေတ္တာ မရှိချင်ကြတော့။

သူတို့လည်း တွေ့တိုင်း ဆုံးမသည်။

"ကံကြီး ... လူတွေ့တိုင်း သေမယ်လို့ လျှောက်မပြောနဲ့"

"ဘာဖြစ်လို့တုံးဗျ"

"နင့်ပါးစပ်က သေမင်းစီးနေသလို ဖြစ်နေတယ်ဟဲ့။ နင်ပြော လိုက်ရင် သေတာများလို့ မပြောကောင်းဘူး။ မပြောနဲ့လို့ သတိပေးနေ တာ"

"သူ့ဘာသာသူ သေချင်လို့ သေတာဥစ္စာ။ ကျုပ်နဲ့ ဘာဆိုင်လဲ"

"မဆိုင်ရင် မပြောနဲ့လေ။ နင့်ပါးစပ်ကို ပိတ်ထားပါလား ... အကုသိုလ်ကောင်ရဲ့။ နင်ပြောတိုင်း ဖြစ်ဖြစ်နေလို့ လူတိုင်းက နင့်ကို မုန်းတီး ကြောက်လန့်နေကြတာ နင်သိရဲ့လား"

"ကြောက်လေ ကောင်းလေပေါ့ဗျ။ အရေးလုပ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"တစ်နေ့ ... နင် လူသတ်ခံရလိမ့်မယ်။ ခုလည်း ဘယ်လိုလူစားမျိုးက အသေရိုက်သတ်လဲ မသိဘူး ... ကံကောင်းလို့"

"ကျုပ်ကို သတ်လို့ရမလား"

"နင် ဘာသားနဲ့ ထုထားတာမို့လဲ။ ပြောလေကဲလေ ... ဒီမှာ ကံကြီး နင့်ကို ငါတို့မွေးရတာ တစ်နေ့တခြား လူပြောများ လူမုန်းများလာတယ်။ နင်ဖြစ်နိုင်ရင် ဒီအရပ်မှာ မနေပါနဲ့တော့။ ငါတို့နဲ့ ဝေးရာကို သွားပါတော့ ... ကံကြီးရယ်။ ဟီး ... ဟီး ..."

"ထွီ ... သေသင့်တဲ့လူ သေမှာပဲ။ ရှင်သင့်တဲ့လူ ရှင်မှာပဲ။ သေတာများ အဆန်းလုပ်လို့။ ကျုပ်ကိုများ သတ်လို့သေမယ်ဆို ဆယ်ခါပြန်သေလိုက်ချင်ပါ့။

ဒီမှာ ... အားလုံး နားထောင်ကြ။ ကံကြီးဆိုတဲ့ ... ငါ့ကို သေအောင်လုပ်လို့ရရင် လုပ်ကြစမ်းဟေ့။ ပြိုင်သေရဲသူရှိရင် ပြိုင်တဲ့သူ မတ်စေ့ငုံပြီး ထွက်ခဲ့ကြ။ ကံကြီးတဲ့ကွ ... ဟား ... ဟား ... ဟား ... ဟား ... ဟား ..."

ပြောရရင် ...

သင်းကို ဘယ်လိုမှ ဆုံးမပဲ့ပြင်လို့ မရဘူး။ နောက်ဆုံး ... သင်းထိုက်နဲ့ သင်းကံ ... နေချင်သလိုနေ၊ သေချင်သလိုသေကြတော့လို့ ဥပေက္ခာ ပြုထားလိုက်ရတော့သည်။

ဘယ်လို နက္ခတ်အဖွားနဲ့ ကြုံပြီး သန္ဓေကုန်းမှာ လာရောက် စွန့်ပစ် လူဖြစ်လာမှန်း စဉ်းစားလို့မရ။

ဝေဒေဟီမိဖုရားကြီးလို အဖသတ်မည့်သားမှန်း ကြိုသိရရင် ဒီလို အဓာတသတ်လိုသားမျိုး လူမဖြစ်ခင် ဖျက်ချလိုက်ချင်ရဲ့။

သို့သော် ဒီသတ္တဝါ အကုသိုလ်ကောင်က ကိုယ်ကိုယ်တိုင် ကိုးလလွယ် ဆယ်လဖွား နို့ချိုတိုက်မွေးလာသည့် သားမဟုတ်။

ဗိမ္ဗိသာရမင်းကြီးလို ရင်သွေးဆိုသည့် မေတ္တာနှင့် ကောက်ယူ ထိန်းသိမ်း မွေးစားခဲ့ရသည့် မွေးစားသား။

အဇာတသတ်မင်းသားက သူ့အဖကို သတ်စေနိုင်သည့်တိုင် နောင်





အခါ ဘုရားရှင်နှင့်တွေ့ပြီး သာသနာပြုပုဂ္ဂိုလ် ဖြစ်ခဲ့ရပေမင့် ...

ဒီကောင် ကံကြီးက ရဟန်းသံဃာလည်း ဆုံးမလို့မရ။ မွေးစားမိဘနှစ်ပါးလည်း ဆုံးမလို့မရ။ ခုနေ ... ဘုရားရှင်နှင့် ပက်ပင်းဆုံရင်တောင် ကျွတ်တန်းဝင်ချင်မှ ဝင်မည့်ကောင်။

ဟင်း ... အပူကိုမွေးချင်တဲ့ဟာ ခံလိုက်ဦးပေါ့ ... မိအုန်းမှုတ်နဲ့ ကျောက်ကွဲရယ်ဟုသာ နေ့စဉ်တိုင်း ညည်းနေမိလေသည်။

တစ်နေ့ ပြဿနာ ဖြစ်ကြပြန်၏။

ကိုယ့်ရုပ်ကိုယ့်ရေမှ အားမနာ။ သင်းက မိန်းမချောချောမြင်လျှင် ပါးစပ်ကလည်း သရမ်း၏။ လက်ကလည်း သရမ်း၏။

ကြည့် ...

အကြော်စုံလိုက်ရောင်းသည့် ကောင်မလေး ...

နာမည်က မမွေးထုံတဲ့။ ဆင်းဆင်းရဲရဲမို့ အကြော်စုံ မြို့ထဲရွာထဲ လည်ရောင်းပြီး ဖအေ မုဆိုးဖို ဒုက္ခိတကို လုပ်ကိုင်ကျွေးမွေးနေသူလေး ရယ်။

အသား ညိုညိုညက်ညက်၊ အုပ်လုံးသိမ်းစ အပျိုလေး။

ကြုံချင် ပြဿနာဖြစ်ချင်တော့ မောင်ကံကြီးက အရက်မူးလာသည့်အချိန်။ မမွေးထုံကိုခေါ်ထားပြီး အကြော်ဝယ်စားတယ်။ မှန်ရာပြောရရင် မမွေးထုံကလည်း နာမည်ကြီးလှသည့် မောင်ကံကြီးကို ကြောက်တယ်။ အဝေးကမြင်လို့ လှည့်သွားမလို့လုပ်တုန်း လှမ်းခေါ်သည်။

မကြားချင်ယောင် ဆောင်ပေမင့် သင်းက အပြေးလိုက်လာ၏။

"ဟဲ့ ... မွေး ... ထုံ ..."

"ရှင် ... ရှင် ..."

ကြောက်ကြောက်နှင့် ထူးပြီး မျက်နှာချင်းဆိုင် ရပ်ရတော့၏။ ဒီမှာ ကံကြီးက စပ်ဖြဲဖြဲမျက်နှာ ဒယီးဒယိုင်နှင့် ပြော၏။

"အကြော် ... ကုန် ... ပ ... လား ..."

"ရှိ ... ရှိပါ ... သေးတယ် ... ရှင်"

"ဗန်းချစမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ် … လို … ရောင်း … တုံးဟ … အော့ …"

"တစ်ခုကို တစ်ဆယ် … ကျပ် … ပါ … ရှင်"

"တစ်နေ့ … ဘယ် … လောက် … ဖိုး … ရောင်းရတုံး … အော့ … ဂေ့ …"

"တစ် … တစ် … ထောင်ဖိုး … လောက် … ရောင်းရ … ပါတယ်ရှင်။ အကြော်ယူချင်လည်း … ယူလေ … ကျွန်မ လိုက်ရောင်းရ … ဦး … မှာ …"

"နင့်ကို … ငါ … သနား … တယ် … မွှေးထုံ …"

"ရှင် … ရှင် …"

"နင် … နင် … ခု … လို … နေပူ … စပ်ခါးကြီးမှာ … တစ်နေကုန် ဈေးရောင်း … နေ … နေရတာကို … ငါ … မ … မကြည့်ရက်ဘူး"

"အို … ဖယ် … ကျွန်မ ဈေးရောင်းစရာရှိတယ်"

မွှေးထုံက မဆီမဆိုင် စကားတွေကို အကြော်မဝယ်ဘဲနဲ့ ပြောနေလို့ ဈေးဗန်းကို မပြီး ထမလို့လုပ်တော့ ဈေးဗန်းကို လက်နဲ့ဖိထားပြီး ဖွတ် ဆက်ပြောပြန်ပါရော …

"နင့် … ကို … ငါ … သနားတယ်။ အိုဟာ … ချစ်တယ် နင့်ကို ငါရရင် ကောင်းရောင်းကောင်းဝယ် … လုပ်ကျွေး …"

"ရှင် … ရှင် … ပါးစပ်ပိတ်နေ … ကိုကံကြီး"

ကြာတော့ အပျိုလေးခမျာ ရှက်လို့ ဒေါပွလာရော"

"နင့်ကို ငါ အတည်ယူမှာပါဟ'

"ဖယ် … ဖယ် …"

ပြောရင်း ဈေးဗန်းကို ဆောင့်ဆွဲလိုက်ရော အဲဒီမှာ အကြော်တွေ မှောက်ကုန်ရော။ မမွှေးထုံက မခံနိုင်လို့ အော်ရော …

"လာကြပါဦးတော့ … ကျွန်မကို စော်ကားနေလို့"

"လာကြပါဦးတော် …"

ဒီလို အလန့်တကြား အော်လိုက်ရော ရပ်ကွက်လူကြီးအချို့နဲ့





လူငယ်အချို့ အုတ်ခဲတွေကိုင်ပြီး ပြေးလာကြသည်။

"ဩော် … နင်က … ဒီလိုလား။ အေး … နင်က သေချင်လို့ကိုး။ နင်က ငါ့ကို ဒီလိုလုပ်သကိုး။ စိတ်ချ … မွှေးထုံ … နင် … နင် သေရမှာပဲဟ … သေကို … သေရမှာ"

"လာကြပါဦးတော့ … ဟီး … ဟီး …"

လူ ငါးယောက်ခြောက်ယောက် အုတ်ခဲတွေကိုင်ပြီး ပြေးလာတာ မြင်ရော သုဘရာဇာသား ကံကြီး တစ်ချိုးတည်း လစ်ပြေးတော့သည်။ လူငယ်တွေက သူ့ကို ခဲနဲ့ဝိုင်းပစ်ကြ၏။ ကံကြီးက အဝေးကနေ ခါးထောက်ရပ်ကြည့်နေ၏။

သတ္တိကောင်းပြီး မဟုတ်မခံစိတ်ရှိသော လူငယ်များက ဝိုင်းလိုက်တော့မှ ကံကြီး မှုန်နေအောင်ပြေးတော့၏။

မွှေးထုံ မြေကြီးပေါ်မှာ ပြန့်ကျဲနေသည့် အကြော်များကိုကြည့်ပြီး ချုံးမည်းချင့်ရင်း ဖြစ်ကြောင်းကုန်စင်ကို ပြောပြသည်။

ကြားရသူများ မွှေးထုံအတွက် စိုးရိမ်ပူပန်သွားကြ၏။

သည့်နောက် အကြော်ဖိုး စုပေးလိုက်၍ မျက်ရည်စက်လက်နှင့် အိမ်ပြန်ခဲ့လိုက်သည်။

အိမ်ပြန်ရောက်တော့ ဖခင်လုပ်သူကို ဖြစ်ကြောင်းကုန်စင် ပြောပြီး တုန်လှုပ်ချောက်ချားစွာ ငိုပြန်သည်။

"ဒီကောင် … အဲဒီလိုပြောတာ အမှန်ပဲလား သမီး"

"အ … မှန် … ပါ … အဘရဲ့ … ဟီး … ကျွန်မကို နင်သေကိုသေရမယ်လို့ လက်ညှိုးထိုးပြီး ပြောသွားတယ်အဘရဲ့ … ဟီး … ကျွန်မကြောက်တယ် အဘရယ်။ ကျွန်မကို ကယ်ပါဦး … အဘရဲ့"

မွှေးထုံက ကြောက်လွန်းရဲ့ ဖခင်လုပ်သူကို ဖက်ပြီး ငိုသည်။ တစ်ဦးတည်းသော သမီးလေး ကံကြီးကြောင့် ကြောက်လွန်း၍ သည်းထိတ်ရင်တုန်ငိုနေသည်ကို မြင်ရသောအခါ ဖခင်လုပ်သူ ဦးချစ်ဖွယ် သည်းမခံနိုင်တော့။

သမီးကို တွန်းဖယ်ပြီး ကုန်းထလို့ လှံရှည်ကို ဆွဲလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကံကြီးကို အဖေ သွားသတ်မယ်"

"အဘ . . . အဘ . . . အဘ . . . မ . . . သွား . . . နဲ့ . . . မသွား နဲ့"

"ငါ့သမီးမသေခင် ဒီကောင် အရင်သေရမယ် . . . ချစ်ဖွယ်ကွ"

သမီးလုပ်သူက ဆွဲ၊ ဖအေလုပ်သူက ရုန်းနှင့် နောက်ဆုံး အိမ်နီးနားချင်းများ လာရောက်ဖျောင်းဖျမှ ကိုချစ်ဖွယ် လှံကိုဆုပ် အံကြိတ်ရင်း တောက်ခတ်လိုက်သည်။

"ငါ့သမီးများ သင်းပါးစပ်ကြောင့် အမှန်တကယ် သေခဲ့ရင် ငါ့သမီးသေတဲ့နေ့ဟာ ကံကြီးသေရမည့်နေ့ပဲဟေ့"

ဦးချစ်ဖွယ် လှံကိုဆုပ်ပြီး အော်ဟစ်ကြုံးဝါးလိုက်သည်။ ဦးချစ်ဖွယ်ကလည်း ပေါ့သေးသေးတော့မဟုတ်။ တစ်ချိန်တစ်ခါတုန်းက ဗ. က. ဗ တစ်ဦးပဲ ဖြစ်သည်။

ဒုတာထဲမှာ ခြေထောက်ကို သေနတ်ကျည်ဆန် ထိပြီးနောက်ပိုင်း လက်နက်ချ အလင်းဝင်ခဲ့သည့် လူစွမ်းလူစရှိသူဖြစ်သည်။

လူတစ်ယောက်ကို သတ်ဖို့ ဝန်မလေးလှ။

ဒီသမီးလေး မိတဆိုးကြောင့် အရာရာကို သည်းခံနေခဲ့သည့် ဘာသာရေးအသိလေးနှင့် ဘဝကိုကောင်းအောင် ပြုပြင်နေထိုင်နေစဉ် . . .

ကျက်သရေမရှိသည့် ခွေးလှေးဂျပိုး စဏ္ဍာလလိုကောင်က စော်ကားမော်ကား လုပ်သည်မို့ မြူနေသော ဒေါသ၊ ငြိမ်နေသည့် ဒေါသများ ပေါက်ကွဲလာခဲ့ရ၏။

နောက်ဆုံး သမီးလုပ်သူ အရမ်းကြောက်နေ၍ ချော့ရ ဖျောင်းဖျရသည်။ သည့်နောက် အိမ်နီးနားချင်းများ ခေါ်လာသည့် ဗေဒင်ဆရာကြီး ဦးလုစိန်လေးကို ခေါင်းရင်းခန်းထားပြီး ဗေဒင်ကြည့်ကြ၏။

"ဟဲ့ . . . သမီး မွေးထုံ"

"ရှင် . . . ဆ . . . ရာကြီး"

"ငါ့သမီး မကြောက်ပါနဲ့ကွယ်"

"ကြောက်တယ် . . . ဆရာကြီးရယ်။ သင်းပြောရင် သေတာများ





တယ် . . . ဆရာကြီးရဲ့"

"သေကိန်းရှိမှ သေရတာကွယ့်။ ငါ့သမီးရဲ့ ဇာတာဖြိုဟ်ခွင်ကို အဘ စစ်ဆေးလိုက်တော့ မရဏအိမ်မှာ မရှိဘူး။ သန်းရွှေမြလယ် . . . လွှန်တင့်တယ် . . . မင်းနှယ်ဘုန်းသစ်လ, ဆိုတဲ့ . . . သောကြာဂြိုဟ်မှာ သက်ရောက်ပြနေတယ်။ ငါ့သမီး ဘုန်းကြီးမယ်၊ ကျော်စောထင်ရှားမယ်၊ လူအများရဲ့ ရိုသေလေးစားမှုကို ခံယူရမယ်"

"တ . . . တကယ်လား ဟင် . . . အဘ"

"ကေန်အမှန်ပေါ့ သမီးရယ်။ ကောင်းလိုက်တဲ့ ဇာတာကွယ်"

ကြားရသူများလည်း ဝမ်းသာကြ၏။ အားရကျေနပ်၍ ပြုံးရယ်လာကြ၏။

"ဒါဆို . . . ကျွန်မ . . . မသေနိုင်ဘူးပေါ့နော် . . . နော် . . . အဘဆရာကြီး"

"အိမ်း . . . လုံးဝ မသေနိုင်သေးဘူး။ အသက်လမ်းကြောင်းကလည်း ဖြောင့်တန်းနေတာပဲ။ ကံလမ်းကြောင်း ထီးရိုးကလည်း အစက်အပြောက် အဖြတ်အတောက် လုံးဝမရှိဘူး။ ငါ့သမီး ရှေ့လျှောက် ကံဇာတာ တက်တော့မယ်။ အခု သမီးလုပ်ရမှာက သီလရှင် တစ်လဝတ်ရမယ်။ ဘယ့်နှယ် . . ."

"ဝတ်ရင် . . ."

"သီလရှင် ဝတ်လိုက်ပြီးရင် စုတ်ရောလာဘ်ရော ဝင်ပြီး ရဟန်းဒကာမကြီးဘဝကို မကြာခင် ရောက်ကိုရောက်ရမယ်"

"ဟို . . . ဟို . . . သမီး သီလရှင် တစ်လဝတ်နေရင် အဘကို ဘယ်သူက . . ."

"သမီး . . ."

"ရှင် . . . အဘ"

"အဖေ့အတွက် ဘာမှမပူနဲ့။ တစ်ဝမ်းတစ်ခါး အဖေ ရပ်တည်နိုင်တယ်။ ငါ့သမီးသာ အဘဆရာကြီးမိန့်သလို သီလရှင်ဝတ်လိုက်။ သူသနာ့ဘောင်မှာ ဘုရားတရားအလုပ်ကို ဖွဲ့ရှိရှိနဲ့လုပ်။ ငါ့သမီး ကုသိုလ်လည်းရ



www.burmeseclassic.com

www.burmeseclassic.com



စိတ်လည်းချမ်းသာ၊ ဘုန်းကံလည်း ကြီးမှာပဲ။ လုပ် . . .''

နောက်ဆုံး အဖေလုပ်သူရဲ့ ခွင့်ပြုချက်ရလို့ အရပ်ကလည်း ဝိုင်းကူညီတာနဲ့ မွေးထုံ ရောဝဏ်သီလရှင်ကျောင်းမှာ သီလရှင် ဝတ်လိုက်သည်။

သီလရှင်ဘဝနှင့် ရပ်ထဲရွာထဲလှည့်၍ ဆွမ်းဆန်စိမ်း အလှူခံ၏။ ဆုတောင်းမေတ္တာပနာ လင်္ကာများ ရွတ်၏။ ညဘက်ရောက်လျှင် ဆရာကြီး သီလရှင်များ သွန်သင်သည့်အတိုင်း ဝိပဿနာ ပွားများ၏။

တစ်နေ့ . . .

မောင်ကံကြီးသည် အကြော်သည်မလေး မမွေးထုံကို သီလရှင် ဝတ်နှင့် တွေ့လိုက်ရသောအခါ လွန်စွာ အံ့သြသွားလေ၏။ သူမ ရှင်လျက် ရှိနေတုန်းပါလား။

မမွေးထုံကလည်း လမ်းခရီးမှာ သေနိမိတ်စီး မောင်ကံကြီးနှင့် မျက်နှာချင်းဆိုင် ကြုံတွေ့ကြသည့်ခါတိုင်း လူဝတ်နှင့်တုန်းကလို တုန်လှုပ်ချောက်ချားသွားခြင်းလည်း မဖြစ်၊

ဒေါသအမုန်းများလည်း မဖြစ်၊

မေတ္တာတရားကိုသာ ပွားများနေလိုက်တော့သည်။

သို့နှင့် . . . လူအတော်များများကို 'မင်းတော့ . . . နင်တော့ . . . သေတော့မှာပဲ' ဟု ပြောသည့် မောင်ကံကြီးရဲ့ ကြိုတင်နိမိတ်ဖတ် သေလူစာရင်းမှာ အကြော်သည်မလေး . . . မမွေးထုံတစ်ဖြစ်လည်း သီလရှင်လေး မပညာသီရိတစ်ယောက် လုံးဝမပါတော့။

ရတနာမြတ်သုံးပါး၏ ဂုဏ်ကျေးဇူး၊

အနန္တော အနန္တငါးပါး၏ ဂုဏ်ကျေးဇူးနှင့် . . .

လတ်တလော သေမင်း ချဉ်းကပ်၍မရအောင် စည်းတားလိုက်ပြီဖြစ်ရကား စောင့်ကြည့်သူတိုင်း အားရကျေနပ် ဝမ်းသာ၍ မဆုံးကြတော့။

✿ ✿ ✿

[ ၃၀ ]

တစ်နေ့သောအခါ ဆင်ကျောကုန်းသချိုင်း အရပ်ရှိရာသို့ အသက် (၅၀) ကျော်ခန့်ရှိသော လူမမာ သူတောင်းစားကြီးတစ်ဦးသည် လွယ်အိတ်အစုတ်ကြီးကို လွယ်၍ ဘလေဇာကုတ်အင်္ကျီ အပေါက်အပြဲကြီးဝတ်၊ ပုဆိုးအကွဲကြီးနှင့် တုတ်တစ်ချောင်းကို အားပြုပြီး ရောက်ရှိလာ၏။

သူသည် မောဟိုက်လွန်းအားကြီး၍ သချိုင်းဇရပ်တိုင်ကို မှီပြီး ခြေပစ်လက်ပစ်ထိုင်ကာ အသက်ကို မှုန်းမှုန်းရှူနေရရှာ၏။

သချိုင်းခွေးသုံးကောင်ကလည်း သူ့ကို ထိုးဟောင်နေ၏။ ခွေးဟောင်သံများကြောင့် မြေကြီးတူးနေသော သုဘရာဇာ ကိုကျောက်ကဲ့ ကျင်းတူးခြင်းကို ရပ်နားလိုက်ပြီး ကိုက်မလိုလုပ်နေသည့် ခွေးများကို မောင်းနှင်ချောက်လှန့်လွှတ်လိုက်လေ၏။

ဒါနှင့်အတူ လွန်စွာ အရပ်ဆိုး အကြည်းတန်လှသော သူတောင်းစားကြီးကို ကြည့်ပြီး တစ်စုံတစ်ခုကို စဉ်းစားသလို လုပ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးကျောက်ကွဲရဲ့ မျက်စိထဲမှာ ဤသူတောင်းစား လူမမာကြီးနှင့် ခပ်ဆင်ဆင်မျက်နှာကျ တူသူကို မြင်ဖူးသလို ရှိနေ၏။

အလွန် အရုပ်ဆိုးလှသည့် သူတောင်းစားကြီးသည် တိုင်ကိုမှီရင်း မောဟိုက်နေရာမှ သူ့ကိုမြင်သော် မျှော်လင့်အားကိုးခြင်း မျက်လုံးနှင့် မော့ကြည့်ပြီး ရင်ဘတ်ကို ဖိလို့နေ၏။

"အဘိုးကြီး ... ဘယ်ကိုလာတာတုံး"

"ဒီ ... ဒီ ... ကို ... ပါ ... ပါ ... ပဲဗျာ"

"အလို ... ဒီ ... သချိုင်းကို ဘာလာလုပ်တာတုံး။ ခင်ဗျား နာမည်ကရော ..."

"ကို ... ကို ... ကမ္မာ ... လုံးလို့ ... ခေါ် ... ခေါ်ပါတယ်။ ဟူး ... မောလိုက်တာဗျာ"

"ရေသောက်မလား"

"အင်း ... အင်း ... ဟူး ... ဟူး ... ဟော ... ဟော"

ကိုကျောက်ကွဲက ဇရပ်ထောင့် သောက်ရေအိုးကနေ သောက်ရေ တစ်ခွက် ခပ်ပေးလိုက်တော့ တုန်တုန်ရီရီ လက်အစုံနှင့် လှမ်းယူပြီး ရေကို အငမ်းမရ သောက်လိုက်သည်။

သောက်ရေစက်များက ပါးစပ်ထဲသို့လည်း အချို့ဝင်၏။

ရင်ဘတ်ကုတ်အင်္ကျီ အစုတ်အဖာပေါ်သို့လည်း ဖိတ်စင်ကျလေ၏။ ထူးဆန်းလိုက်သည့်နာမည် ကိုကမ္ဘာလုံးတဲ့။

"ပြောပါဦး ... ဦးကမ္ဘာလုံး ... ခင်ဗျား ဘယ်လိုအကြောင်း ကြောင့် ဒီသချိုင်းကို ရောက်လာတာတုံး။ နေစရာ မရှိလို့လား"

"ကျုပ် ... ကျုပ် ... အပြီး ... နေ ... နေ ... ချင်လို့"

"ဗျာ ... အပြီးနေချင်လို့ ... ဘယ်လို ... ဘယ်လိုဗျ"

"ကျုပ် ... ကျုပ် ... မောင် ... ကံ ... ကြီး ... နဲ့ ... တွေ့ ... ပါရစေဗျာ"

"မောင်ကံကြီးနဲ့တွေ့ရအောင် ကိစ္စရှိလို့လား"

"အင်း ... အင်း ... ရှိတယ် ... ရှိတယ်"



"ကျုပ်က မောင်ကံကြီးရဲ့ အဖေပဲ ဘာကိစ္စရှိလို့လဲ"

"အဟွတ် ... အဟွတ် ... ခင်ဗျားက ... မောင်ကံကြီးရဲ့ ... ရဲ့ ... မွေးစား ... အဟွတ် ... အဖေ ... သူ ... ဘ ... ရာ ... ဇာ ကိုကျောက် ... ကွဲလား"

"ဟုတ်ပါတယ် ... ဟော ... ဟော ... ဟိုမှာ ... မောင်ကံ ကြီး ပြန်လာပြီ။ ကံကြီးရေ ... ကံကြီး ..."

ပြောနေတုန်းမှာပဲ မောင်ကံကြီးသည် ဒယီးဒယိုင် ခြေလှမ်းနှင့် မူးပြီး သချိုင်းထဲသို့ ဝင်လာနေ၏။

"ဟော့ ... မောင်ကံကြီး ..."

"ဘာ ... ဘာတုံး ... မသာတွေ လာပြန်ပြီလား"

"မွ ... မွ ... မောင်ကံကြီးရာ ... မင်းကတော့ ပြောလိုက် ရင်ကွာ"

"မသာများများလာလေ ... အဖေရော ... ကျုပ်တို့ရော အလုပ် များများ လုပ် ... ပြီး ... အောက်ဆိုက် ... များများ ရလေပေါ့ဗျ ... အော့ ... ဝမ်းသာစမ်း ... ပါဗျာ ... အော့ ... ဂေ့ ..."

သူတို့ ဒီလိုစကားပြောနေတုန်းမှာပဲ သူတောင်းစားလို လူကြီး ဟာ မောင်ကံကြီးရဲ့မျက်နှာကို ငေးစိုက်ပြီး ကြည့်နေ၏။

"ကိုကမ္ဘာလုံး ... ဗျို့ ... ကိုကမ္ဘာလုံး"

"ဗျာ ... ဗျာ ... အာ ... အာ ..."

"ဒါ ... ခင်ဗျားတွေ့ချင်တဲ့ ... မောင်ကံကြီးပဲ။ ပြောလေ .."

"မောင် ... ကံ ... ကြီး ..."

သူတောင်းစား ကိုကမ္ဘာလုံးဆိုသူသည်သည် မောဟိုက်ပင်ပန်း နေသည့်ကြားမှ မောင်ကံကြီးရဲ့ မျက်နှာကိုကြည့်ပြီး တုန်ရီလှိုက်မောစွာ တစ်လုံးချင်း လှမ်းခေါ်လိုက်လေ၏။

"မောင် ... ကံ ... ကြီး ..."

"ဘာလဲ ... ခင်ဗျား ... ဘယ်သူလဲ ... ဘယ်ကလဲ"

ပြောရင်းက မောင်ကံကြီးက နှာခေါင်းကို ပွတ်သပ်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



ခံသလိုလုပ်တော လူကြီး ကိုကမ္ဘာလုံးကို စိုက်ကြည့်နေ၏။

"လူက ... လေး ... ကို ... တွေ့ချင်နေတာ ... ကြာ ... ကြာပြီ"

"ဘာ ... ဘာ ... ဘယ်လို ... ခေါ်လိုက်တယ်ဗျ"

"လူ ... က ... လေး ... သား ... သား ... သား ..."

"ဘာ ... သား ... ဟုတ်လား ... ကျုပ်က ခင်ဗျားသားလား။ ဟုတ်လား ..."

"ဟုတ် ... ဟုတ်တယ်"

"ဟေ ..."

"အို ... မဟုတ်တာဗျာ။ ကျုပ်မှာ အဖေမရှိဘူး အမေမရှိဘူး။ ဟောဒါ ... ကျုပ်ရဲ့ မွေးစားအဖေပဲ။ ခင်ဗျားက ဘာကိစ္စနဲ့ ကျုပ်အဖေ ဖြစ်ချင်ရတာတုံး။ ဟား ... ဟား ... ဟား ... ခုမှ ကံကြီးတို့ အဖေ တွေ ပေါ်များနေလိုက်ပါဘိဗျာ ... ဟား ... ဟား ... ဟား ... ဟား"

ကံကြီးက လူကြီး ကိုကမ္ဘာလုံးကို ကြည့်ပြီး သရော်လှောင်ပြောင် ရယ်မောပစ်လိုက်သည်။ ဒီမှာ ဦးကျောက်ခွဲက ...

"ကိုကမ္ဘာလုံး ..."

"ဗျာ ..."

"ခင်ဗျားက ... ဟောဒီ မောင်ကံကြီးရဲ့ အဖေအရင်း စစ်မှန် လို့လား။ ပြောပါဦး"

"ဟုတ် ... ဟုတ် ... ပါတယ်"

"တော်စမ်းပါဗျာ ... တော်ကြစ[illegible]ပါ။ ဘွို ..."

"မောင်ကံကြီး ... မင်း အသာနေစမ်း။ ငါ မင်းရဲ့ နောက် ကြော[illegible]းကို သိချင်နေတာ ကြာပြီ။ ကိုင်း ... ကိုကမ္ဘာလုံး ... ပြော။ ထင်တော့ ထင်သား။ ဒီလိုမျက်နှာမျိုး မြင်ဖူးသလို ရှိသားနဲ့။ ခင်ဗျားနဲ့ ကံကြီးရဲ့မျက်နှာ အတော်တူတာပဲ။ ပြောဗျာ ... ခင်ဗျားသားလို့ ဘာလို့ အခုမှ လာပြောရတာတုံးဗျ"

"ဒီလိုပါဗျာ ... အဟွတ် ... အဟွတ် ... ဟိုး လွန်ခဲ့သည့်





အနှစ် နှစ်ဆယ်လောက်တုန်းက ... အဟွတ် ... ကျုပ်က ရန်ကုန်မြို့ [illegible]သာလမ်းက လူမိုက်တစ်ဦးပါ"

"ဩော် ... ခင်ဗျားက လူမိုက်တဲ့လား"

"ဟုတ်ပါ့ ... ပြော ... ပါ ... ရစေဗျာ ... မော ... မော [illegible]နှုန်း ... လို့ ... ပါ။ ကျုပ်မိန်းမနာမည်က ... မခင်အုံးရွှေတဲ့။ လှတယ်။ [illegible]ပေမဲ့ လော်မာတယ်။ ဒီ ... က ... လေး ... ဘယ်သူ ... မောင်ကံ [illegible]ကြီးကို ... နာမည်မပေးရသေးခင် ရက်သားလေးမှာ ... ပစ်ထားခဲ့ပြီး ကျုပ် ... ကျုပ် ... ရှာဖွေ ... စုဆောင်းထားတဲ့ ရွှေငွေအားလုံးကို ... [illegible] ... ယူလို့ ကျုပ်တပည့် 'လုံးကြီးတင်'ဆိုတဲ့ လူမိုက်နဲ့ လိုက်ပြေးသွား တယ်။

ကျုပ် ဒေါသပေါက်ကွဲ ... ခံစားရလွန်းလို့ ... ဟောဒီသားကို နောက်ဆုံး ... ဒီ ... ဒီ ... ဆင်ကျောကုန်းသချိုင်းက အကြီးဆုံးအုတ်ဂူ [illegible]ဘေးမှာ ညဘက် လာစွန့်ပစ်သားခဲ့ပြီး သင်းတို့နောက်ကိုလိုက် ... သင်း တို့နှစ်ယောက်စလုံးကို ဓားနဲ့ အသေထိုးသတ်ပစ်ခဲ့မိတယ်။

အဲဒီအမှုနဲ့ ထောင်ဒဏ် အနှစ်နှစ်ဆယ်ကျပြီး ရဲဘက်အလုပ် [illegible]ခန်းမှာ အလုပ်ကြမ်းမျိုးစုံဒဏ်နဲ့ ရောဂါဖိစီးလို့ လွတ်လာခဲ့ရတာ ရက်ပိုင်း [illegible] ရှိပါသေးတယ်ဗျာ။ ကျုပ် ... အလွန်ကို မိုက်မဲ ရိုင်းစိုင်းခဲ့ ... ပါ တယ်။

သားအရင်းကိုလည်း စွန့်ပစ်၊ မယားကိုလည်း သတ် ... ပစ်ခဲ့မိ တယ်။ အခု သားကို တွေ့ချင်လွန်းလို့ စုံစမ်းရင်း ... ဒီ ... ဒီသချိုင်း မှာ မသေမပျောက် ... ရှိနေတယ် ... ကြား ... ကြားလို့ ... မသေခင် [illegible]တွေ့ ... တွေ့ချင်လို့ ... လာ ... လာ ... ရှာတာ ... ပါ"

"ဟား ... ဟား ... ဟား ... ဟား လက်စသပ်တော့ ကျုပ် [illegible] တကယ့်ကို မျိုးကောင်းရိုးကောင်းပဲကိုး။ ခင်ဗျားကြီး အလွမ်းသယ် [illegible]ပြောပြပုံကို ယုံလိုက်ရရင် ကျုပ်က တကယ့်ကို မဟာမျိုးရိုး၊ မဟာနွယ် [illegible]စစ်ကြီးကိုး။

ဟား ... ဟား ... ဟား ... ဟား ... နေပါဦး ... အခု



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က ... ခင်ဗျားကို အခုမှ သားမှန်း သမီးမှန်းသိတဲ့ မိုးကျရွှေကိုယ်ကို အဖေလို့ ခေါ်ရမှာလား။ ဟုတ်လား ...''

''သား ... သားရယ် ... အဖေ ... မှားပါတယ် ... အဖေ မှားပါတယ်။ အဖေ သားကို တောင်းပန်ပါတယ်''

ဦးကမ္ဘာလုံးက မျက်ရည်လုံးများ ပါးပေါ်စီးကျရင်းမှ မောင်ကံကြီးကို တောင်းပန်နေရှာ၏။

''တော် ... ဗျာ ... တော် ... ခင်ဗျားတို့လို ရက်စက်ကြမ်းကြုတ်။ အကြင်နာတရားမရှိတဲ့ လူစားမျိုးကြောင့် ကျုပ် ဒီနေ့ သုဘရာဇာသားဘဝ၊ အသိပညာမဲ့ဘဝနဲ့ သူများရဲ့ အကဲ့ရဲ့၊ အရှုံချခံ တံတွေးခွက်မှာ ပက်လက်မျောနေရတယ်။

ကျုပ် လူဖြစ်ခဲ့ရတာ ကိုယ့်ဘဝကိုယ် ရင်နာလို့ မဆုံးဘူး။ စားရတော့ အသုဘခေါင်းပေါ်က စားမြိန်စာထုပ်။ အိပ်ရတော့ ဂူပေါ်မှာ။ ဝတ်ရတော့ လက်နှီးစုတ်။ မိဘနှစ်ပါး နေရတာက တဲစုတ်။ ကျုပ် ... ကျုပ် ခင်ဗျားကို အဖေလို့ လုံးဝ အသိအမှတ်မပြုနိုင်ဘူးဗျာ။ သွား ... သွား သွား ...''

''သား ... သား ... လူလေး ... အဖေ ... မှား ... မှား .. အဟွတ် ... အဟွတ် ... အဟွတ် ...''

မောင်ကံကြီးက ဦးကမ္ဘာလုံးရဲ့ ဟိုက်မောနွမ်းလျသွင်ပြင်ကို ကြည့်ပြီး ...

''ခင်ဗျား ... သေ ... ရတော့မှာပါဗျ။ ကျုပ် ... ခင်ဗျား ပြောစကားတွေကို လုံးဝ မယုံဘူး။ ကျုပ်အဖေက ခင်ဗျားမဟုတ်ဘူး။ ကျုပ်အဖေက ဟောဒီလူ ... သုဘရာဇာ ကိုကျောက်ကွဲ။ ကျုပ်အမေက သုဘရာဇာ အမေဒေါ်အုန်းမှုတ် ... ဒေါ်အုန်းမှုတ်။ ကျုပ် ... ခင်ဗျားကို အဖေ ... မခေါ် ... နိုင်ဘူး။ သွား ... သွား ... သွား ...''

ကံကြီးဟာ နာကြည်းပေါက်ကွဲစွာ ပြောဆိုပြီး သင်္ချိုင်းကုန်းထဲက ပြေးထွက်သွားလေရဲ့။

ဒီအချိန်မှာ ထောင်ထွက်ကြီး ဦးကမ္ဘာလုံးဟာ ...





''သား ... သား ... လူ ... က ... လေး ...''

''သား ... သား ...''

''ဝုန်း ...''

''ဟာ ...''

သားလို့ ... ရင်ကွဲသံကြီးနှင့် အော်ဟစ်ရင်း ထရပ်ရာကနေ မြေပြင်ကိုလဲကျလို့ မလှုပ်နိုင်တော့။

''အုန်းမှုတ် ... အုန်းမှုတ် ...''

''ကိုကျောက် ... ဘာဖြစ်ကြတာတုံး''

''ကြည့်စမ်း ... ခေါ်စမ်း၊ လှုပ်ကြည့်စမ်း''

''ကိုကမ္ဘာလုံး ... ကိုကမ္ဘာလုံး ... ဟော့လူ ... ဟော့လူ ...''

''ကိုကျောက် ... သူ ... သူ ... အသက်မရှိတော့ဘူး''

''ဟူး ... ဖြစ်မှ ဖြစ်ရပလေ''

နောက်ဆုံးတော့လည်း သက်ဆိုင်ရာကို အကြောင်းကြား အသိပေးလိုက်ပြီး ကိုကျောက်ကွဲတို့ လင်မယားက ထောင်ထွက်ကြီး ကိုကမ္ဘာလုံးရဲ့ရုပ်အလောင်းကို ဆင်ကျောကုန်းသင်္ချိုင်းမှာပဲ မြေမြှုပ်သင်္ဂြိုဟ်ပေးလိုက်ရလေသည်။

ကိုကျောက်ကွဲ အလောင်းကို မြေဖို့ရင်းက စဉ်းစားကြည့်၏။

ဒါ ... မောင်ကံကြီးရဲ့ အဖေအရင်း အစစ်အမှန်ပဲလား။

ပုံပြင်လား ...

ပုံပြင်တော့လည်း မဖြစ်နိုင်။ ယှဉ်ကြည့်လျှင် ရုပ်ခြင်း အလွန်ဆင်သည်။ ကမ္ဘာလုံး၏ ပါးပြင်ပေါ်ကျလာသည့် မျက်ရည်စက်နှင့် 'သား' ဟု ရှိုက်ငင်ဆိုနင်ခေါ်သံက အဖေတစ်ယောက်ရဲ့ နှောင်တသံ။ မောင်ကံကြီးကတော့ အယုံအကြည်မရှိ။

အေးပေါ့လေ ... တွေးပွေ့ခြင်း၊ နမ်းရှုံ့ခြင်း၊ ယုယခြင်း နှီးချိတိုက်ကျွေးခြင်း မခံစားရသည့်ဘဝမှာ မိဘဆိုသည့် သံယောဇဉ်တွယ်တာမှု ခေါင်းပါးခဲ့ပြီပေါ့။

ဒီမှာ ကိုကမ္ဘာလုံးပြောသွားသည့် စကားကို ကြ[illegible]ယောင်နေမိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ နေစရာမရှိလို့လားလို့ မေးတော့ ...

'ကျုပ် ... ဒီမှာ ... အပြီးနေချင်လို့' တဲ့။

ပြောလိုက်သည့် နိမိတ်စကား။

မောင်ကံကြီးကလည်း ပြောလိုက်ရဲ့ ...

'ခင်ဗျား ... သေရတော့မှာပါ' တဲ့။ နိမိတ်စကား။

ပြောသည့်နေရာက လူသေကောင်မြှုပ်သည့် သချိုင်းကုန်းပေါ်မှာ။ ခုတော့ တစ်ယောက်သောသူက သူတို့စကား နိမိတ်နှင့်အတူ ဆင်ကျောကုန်းသချိုင်းရဲ့ ဆွေးပွပွ ပုပ်အဲ့အဲ့မြေကြီးအောက်မှာ ထာဝရ အိပ်မောကျသွားခဲ့လေပြီ။

တစ်ယောက်သောသူကတော့ ကြေကွဲခြင်းလား၊ နာကြည်းခြင်းလား၊ လွမ်းမောခြင်းလား ... ဘာမှ ခန့်မှန်းလို့မရ၊ 'သား' ခေါ်သံကို အလေးမမှုဘဲ သချိုင်းကုန်းထဲမှ ပြေးထွက်သွားခဲ့လေသည်။

✿ ✿ ✿

[ ၃၁ ]

❑

တစ်နေ့သောအခါ ( ........ ) ရပ်ကွက်ထဲသို့ မုတ်ဆိတ်ဖားလျား။ ဆံပင်ရှည် လိန်ကောက်ကွေး၊ ပါးမြိုင်းမွေးထူထူနှင့် အဝါရောင်သင်တိုင်းရှည်လို အင်္ကျီဖားဖားကြီး ဝတ်ထားသော ဆာဓုးလိုလို၊ ဖကီးလိုလို၊ ယောဂီလိုလို အဘိုးကြီးတစ်ဦး ရောက်လာ၏။

သူ့ပုံသဏ္ဍာန်က အိန္ဒိယအနွယ်ဖွား ဘာသာရေးသမားတစ်ဦးနှယ် ရှိ၏။ သူသည် ရှေးဟောင်းဘင်ဂျိုကြီးကို တီးခတ်၍ ဓမ္မတေးတစ်ပုဒ်ကို ကုလားလိုဆိုလာရကား ...

ဘင်ဂျိုလက်သံရော၊ ဆိုသံရော ကောင်းလှသဖြင့် ကလေးလူကြီး လမ်းသွားလမ်းလာများသည် ဆာဓုးအဘိုးကြီးရဲ့အနားမှာ ဝိုင်းနေ၏။

ဆာဓုးလိုလို ဘင်ဂျိုအဘိုးကြီးသည် ကုလားလို ဆိုပြီးသည်နှင့် မြန်မာလိုအသံနှင့် ဓမ္မသီချင်းကို တီးဆိုပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဗုတ်သံ ဆရဏံ ဂစ္ဆာမိ"

"ဓမ္မံ ဆရဏံ ဂစ္ဆာမိ"

"ဆန်ဂန် ဆရဏံ ဂစ္ဆာမိ"

လူအချို့က သူ့အား သစ်သီး တစ်လုံးစ နှစ်လုံးစပေးကြ၏။ အကြွေပိုက်ဆံများ ပေးသူကပေးကြ၏။ အဘိုးကြီးက သဒ္ဓါလို့ပေးသမျှကို ဘေးအိတ်ပါသည့် သူ့ အဝါရောင်အင်္ကျီအိတ်ထဲသို့ စုထည့်၏။

သည့်နောက် အလိမ်အလှည့်နှင့် အဟစ်အအော်ပါသည့် သာယာ နာပျော်ဖွယ် တေးတစ်ပုဒ်ကို သူ့ခြေဖနောင့်နှင့် စည်းလိုက်၍ သွားရင်းလာ ရင်း တီးခတ်သီဆိုနေပြန်၏။

ဒီမှာ သီချင်းကြိုက်သူ လူတစ်ဦးက ရိုရိုသေသေနှင့် မေး၏။

"ဘ ... ဆာဒူးခင်ဗျာ"

"ဘာတုံး ... လူကလေးကြီး"

"မြန်မာသီချင်းများရော မရဘူးလား ... ဘဆာဒူး"

"နှစ်ပုဒ် သုံးပုဒ်လောက်တော့ ရပါတယ် ... သားတို့"

"ဒါဆိုရင် ... ဆိုတီးလေးလုပ်ပါလား အဘဆာဒူး ခင်ဗျာ။ ကျွန်တော်တို့ ဘဆာဒူးရဲ့ အသံရော အတီးရောကို ကြိုက်နှစ်သက်လို့ပါ ခင်ဗျာ"

အံ့ဖွယ်ကောင်းလေစွ။ ဒီမှာ ဆာဒူးလို အဘိုးကြီးက 'နဂါးနီ' သီချင်းကို မြန်မာသံ မပီကလာ ပီကလာနှင့် ဆိုတီးလိုက်ရကား ...

လူအများရဲ့ သြဘာလက်ခုပ်သံများ စည်စည်လျှံသွားလေ၏။

"ဆင်းရဲခြင်း ××× လွတ်ကင်းအောင် ××× လမ်းပြဆောင်ပါမည်

ရတနာခုနစ်သွယ် ××× တကယ်ပင်စုံညီ ×××

တို့အမျိုးသားတိုင်းပြည် ×××

မွဲတဲ့လူ ××× လျှူဒါန်းနိုင်မည် ×××

ကျောင်းဆောက်ကာ ××× ဘုရားတည် ×××

ဘိုးဘိုးအောင်နဲ့ ××× ရှင်အဇ္ဇဂေါဏာတို့ ×××

မ,တဲ့ကိန်းဆိုက်မည် ×××"





"နို ... နို ..."

"ဖြောင်း ... ဖြောင်း ... ဖြောင်း ..."

"ကောင်းလိုက်ပါဘိ ... မာမူရာ"

"ကျက်သရေမင်္ဂလာ ရှိလိုက်ပါဘိဗျာ"

"[ကျွန်းကျွန်းမာမာ ××× ချမ်းချမ်းသာသာ ×××

ဘေးရန်ကာဆီးမည် ××× လူမွဲတွေက ×××

မနေးခေတ်မီ ××× သူဌေးဖြစ်တော့မည် ××× ]၂

တို့နဂါးနီ ××× သိဒ္ဓိတန်ခိုးနဲ့ ××× ဆင်းရဲသားတို့ မညှိုးပြီ ××

အကျိုးထူးပေးတော့မယ်တဲ့ ခင်ဗျ ×××

တို့နဂါးနီ ××× သိဒ္ဓိတန်ခိုးနဲ့ ××× ဆင်းရဲသားတို့ မညှိုးပြီ ××

အကျိုးထူးပေးတော့မည် ××× ခေတ်သစ်ထူထောင်မည် ×××

အေးချမ်းသာယာစည် ××× ဟေ့ ××× နဂါးနီတန်ခိုးနဲ့ ×××

အမျိုးဂုဏ်တက်စေမည် ×××"

နားထောင်သူများ ပိုများလာ၏။ ဆိုနေသူမှာ မြန်မာလူမျိုးတစ်ဦး မဟုတ်ဘဲ မုတ်ဆိတ်ဖားလျားနှင့် ဆာဒူးလို အဘိုးကြီးဖြစ်နေ၍ အံ့သြကြ ၏။ ဘင်ဂျိုလက်ကွက်ကလည်း မျက်စိမှိတ်တီးခတ်နေသည့်အတိုင်း တီးကွက်စိပ်ပြီး တီးလုံးပီသ၍ မြူးပြီး မြိုင်နေ၏။

[နေရေးနဲ့ စားသောက်ရေးပါ ×××

မနေးအောင်ပင် ချောင်လည်ရမည် ×××

လူမွဲများစိတ်ချမ်းသာအောင် ××× ကြံဆောင်မည် ×××

တို့ ××× နဂါးနီ ××× ]၂

"[ကျွန်းကျွန်းမာမာ ××× ချမ်းချမ်းသာသာ ×××

ဘေးရန်ကာဆီးမည် ××× လူမွဲတွေက ×××

မနေးခေတ်မီ ××× သူဌေးဖြစ်တော့မည် ××× ]၂

တို့နဂါးနီ ××× သိဒ္ဓိတန်ခိုးနဲ့ ××× ဆင်းရဲသားတို့ မညှိုးပြီ ××

အကျိုးထူးပေးတော့မယ်တဲ့ ခင်ဗျ ×××

တို့နဂါးနီ ××× သိဒ္ဓိတန်ခိုးနဲ့ ××× ဆင်းရဲသားတို့ မညှိုးပြီ ××



www.burmeseclassic.com

www.burmeseclassic.com



အကျိုးထူးပေးတော့မည် ××× ခေတ်သစ်ထူထောင်မည် ×××

အေးချမ်းသာယာစည် ××× ပော့ ××× နဂါးနီတန်ခိုးနဲ့ ×××

အမျိုးဂုဏ်တက်စေမည် ××× ''

သံပြိုင်အပိုဒ်သို့ ရောက်သောအခါ ဝါသနာရှင်အချို့က အဘိုးကြီးနှင့်အတူ ပြိုင်တူ လိုက်ဆို၍ ပိုပြီးမြိုင်ကာ ပျော်စရာလိုဖြစ်နေ၏။

''သိဒ္ဓိအဖုံဖုံ လုံခြုံစေမည် ××× နေ့စဉ်ညစဉ် ဖိမထိုးဘဲ ×××

အကျိုးပေးနိုင်မည် ×××

မြန်မာပြည်သည် ××× နဂါးနီတန်ခိုးနဲ့ ×××

မြေလျှိုးပါလို့ ××× မိုးပျံနိုင်မည် ××× မွဲတဲ့လူတွေ ×××

ငွေမရှားအောင် ××× ကြိုးစားလို့ ဆောင်ရွက်ကာမှန်း ×××

ထွက်ရပ်လမ်းပြမည် ×××

ဒီမှာပဲ ဒီသီချင်းကို ကြိုက်လည်းကြိုက်၊ နိမိတ်လည်းကောင်း၍ အလွတ်ရကြသူ လူငယ်လူရွယ်များက သံပြိုင်ကို ဝိုင်းဆိုကြလေ၏။

''[ကျန်းကျန်းမာမာ ××× ချမ်းချမ်းသာသာ ×××

ဘေးရန်ကာဆီးမည် ××× လူမွဲတွေက ×××

မနေ့းခေတ်မီ ××× သူဌေးဖြစ်တော့မည် ××× ]၂

တို့နဂါးနီ ××× သိဒ္ဓိတန်ခိုးနဲ့ ××× ဆင်းရဲသားတို့ မညိုးပြီ ××

အကျိုးထူးပေးတော့မယ်တဲ့ ခင်ဗျ ×××

တို့နဂါးနီ ××× သိဒ္ဓိတန်ခိုးနဲ့ ××× ဆင်းရဲသားတို့ မညိုးပြီ ××

အကျိုးထူးပေးတော့မည် ××× ခေတ်သစ်ထူထောင်မည် ×××

အေးချမ်းသာယာစည် ××× ပော့ ××× နဂါးနီတန်ခိုးနဲ့ ×××

အမျိုးဂုဏ်တက်စေမည် ××× ''

''ရှိ . . . ရှိ . . . ရှိ . . .''

''ဖြောင်း . . . ဖြောင်း . . . ဖြောင်း . . .''

''ဝေး . . . ဒါမှ ဆာဒူးကြီးကွ''

''တကယ့် မင်္ဂလာပါပဲဗျာ . . . ဘဲရိုးဝွတ်ပဲဗျို့''

နားဆင်သူများက ဝမ်းသာကျေနပ်ကြ၍ သစ်သီးများ၊ ငွေစက္ကူ





များ ဝိုင်းဝန်းချီးမြှင့် လှူဒါန်းပေးကမ်းကြ၏။

လူအချို့က သီချင်းများ ထပ်တောင်းကြ၏။

သို့နှင့် ဆာဒူးကြီးက . . .

'စကြာသိုက်' သီချင်းနှင့် 'ဘိုးဘိုးအောင်' သီချင်းနှစ်ပုဒ်ကို ဆိုတီးပြလိုက်သောအခါ လက်ခုပ်သံများ လျှံတက်သွားလေ၏။

''အာဂ အဘိုးကြီးဗျာ''

''လူမျိုးခြား ဆာဒူးကြီးပေမင့် . . . ကျုပ်တို့ မြန်မာသီချင်းထဲက သမိုင်းဝင် ဂန္ထဝင်သီချင်းသုံးပုဒ်ကို အသံလည်းဝါ၊ အမှန်အကန်နဲ့ ဆိုတီးပြသွားတာတော့ လေးစားဂုဏ်ယူဖို့ ကောင်းသဗျို့''

''ဒါကြောင့် . . . ကျုပ်တို့ မြန်မာလူမျိုးစစ်စစ်တွေ အမေကျော် ဒွေးတော်မလွမ်းကြဘဲ ကိုယ့်အမျိုးသားပိုင် သီချင်းကြီး သီချင်းခန့်တွေကို တန်ဖိုးထားဖို့ အရေးကြီးပြီ . . . ကိုစိန်လှိုင်ရေ''

''ဟုတ်ပ့ါ . . . ဦးခင်ဇော်ရာ''

နောက်ထပ် သီဆိုပြချင်ပါသော်လည်း မောပန်းလာသဖြင့် ရပ်နားခွင့်ပြုပါရန် ပြော၏။ သည့်နောက် ဝိုင်းဝန်းလှူဒါန်း ပေးကမ်းကြသူများကို . . .

''အခုလို ကျုပ်ကို ဝိုင်းဝန်းလှူဒါန်း ပေးကမ်းကြသည့်အတွက် (ဂ)နေ့သားသမီးများ အားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ၊ စီးပွားဥစ္စာ ဒီရေအလား တိုးပွားကြပါစေ။ မကောင်းသောဘေး၊ မကောင်းသောရန်အသွယ်သွယ်မှ ကင်းဝေးပြီး လှူနိုင်တန်းနိုင်သည့် ပုဂ္ဂိုလ်သူတော်ကောင်းများ ဖြစ်ကြပါစေ။

ရတနာမြတ်သုံးပါး၊ အနန္တောအနန္တငါးပါးကို ရိုသေလေးစား၊ မမေ့မလျော့ကြသည့် သူတော်ကောင်းများ ဖြစ်ကြပါစေသတည်း။ သာဓု သာဓု . . . သာဓု ပါ . . . ခင်ဗျာ''

သို့နှင့် လူအုပ်လည်း ကိုယ့်ခရီးကိုယ် ဆက်ကြလေ၏။

ဆာဒူးအဘိုးအိုကလည်း ရှေးဟောင်း ဘင်ဂျိုကြီးကို ပိုက်၍ ထိုခုံ သော အရိပ်ကောင်းသည့် ညောင်ပင်ကြီးအောက်မှာ ဝင်ရောက်နားခိုလေ



www.burmeseclassic.com

www.burmeseclassic.com



၏။

ဆာဒူးကြီးသည် ဦးစွာ ရေချမ်းစင်မှ ရေတစ်ခွက်ကို သောက်၏။ သောက်ပြီးနောက် ရေချမ်းစင်အလှူရှင်ကို မေတ္တာပို့၏။

ဝင်းနောက် အိတ်ထဲမှ သစ်သီးအချို့ကို ထုတ်လိုက်ပြီး ...

လိမ္မော်သီး၊ ငှက်ပျောသီး၊ ပန်းသီးအချို့ကို ရေစင်စင်ဆေး၍ ညောင်ပင်ကြီးမှာ ရှိနေသော ရုက္ခစိုးနတ်ကွန်းမှာ ကပ်လှူ၏။

"ရုက္ခစိုးကြီးခင်ဗျာ ... ကျွန်ုပ် ... အလှူခံ၍ ရသမျှမှ အချို့ကို ရုက္ခစိုးကြီးအား ရည်မှန်း၍ လှူဒါန်းဆက်ကပ်ပါသည်။ အားရပါးရ သုံးဆောင်ပါ။ လှိုက်လှိုက်လှဲလှဲ သုံးဆောင်ပါခင်ဗျာ။ ရုက္ခစိုးကြီးနှင့်တကွ ဘုမ္မစိုးတို့ပါမကျန် အားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ ခင်ဗျာ"

သို့ကလို ပြောဆို ဆက်ကပ်လှူဒါန်းပြီးနောက် ညောင်မြစ်ဆုံပေါ်မှာထိုင်၏။ သစ်သီးအချို့ကို စား၏။ စားပြီးသော် သူ့ဘင်ဂျိုကို အကျီစနှင့် သန့်ရှင်းအောင် သုတ်နေစဉ် ...

မောင်ကံကြီး ရောက်လာ၏။

မောင်ကံကြီးသည် သစ်မြစ်ဆုံပေါ်မှာ ထိုင်နေသည့် ဆာဒူးကြီးကို ခပ်လှမ်းလှမ်းမှ ရပ်ကြည့်ပြီး အကဲခတ်နေ၏။

သူ့အကြံအစည်က လူရှင်းတုန်း ဆာဒူးကြီးလက်ထဲက ဘင်ဂျိုကို လုယူအလစ်သုတ်ပြေးရန် ကြံစည်၍ အသာ ချဉ်းကပ်လာလိုက်၏။

ဆာဒူးကြီးသည် ဘင်ဂျိုကို သန့်ရှင်းအောင်သုတ်ပြီးနောက် သစ်မြစ်ဆုံပေါ်မှာ တင်ထားပြီး မျက်စိကိုမှိတ်၍ အာရုံပြုနေ၏။

မောင်ကံကြီးကလည်း ဆာဒူးအဘိုးကြီး အိပ်ငိုက်နေသည်ဟု ယူဆကာ အဘိုးကြီးနောက်ကျောဘက်မှ အသာ ခြေဖော့ဝင်ပြီး အလစ်သုတ်ရန် ချဉ်းကပ်လိုက်စဉ် ...

"လူကလေး ..."

"ဟင် ..."

အဘိုးကြီးက နောက်ပြန်လှည့်မကြည့်ဘဲ လှမ်းခေါ်လိုက်၏။ ကံကြီး ခြေရောလက်ရော တန်းပြီး အံ့အားသင့်သွား၏။





"လူကလေး ... ကျွန်ုပ်ရဲ့ဘင်ဂျိုကို လိုချင်လို့လား"

"အလိုလေး ... လေး ..."

ကြည့်စမ်း ...။ ဒီအဘိုးကြီးက သူ့ လှုပ်ရှားမှုနှင့် သူ့အကြံအစည်ကို အတပ်သိနေ၍ ပိုပြီးအံ့သြကာ အဘိုးကြီးရှေ့မှာ ကြောင်ရပ်နေလိုက်သည်။

"အဘိုးကြီး ..."

"ခင်ဗျာ ... လူကလေး"

"ခင်ဗျား ... ဘယ်ကတုံး ... ဘယ်သူတုံးဗျ"

"ကျွန်ုပ် ခရီးသွား ဘုရားဖူးတစ်ဦးပါ ... လူကလေး။ နာမည်က 'ဆာမိ' လို့ ခေါ်ပါတယ် ခင်ဗျာ"

"ဆာမိတဲ့လား"

"ဟုတ်ပါရဲ့ ... ခင် ... ဗျား"

"အခု ... ခင်ဗျား ... ဘယ်သွားမလို့တုံး"

"ကျွန်ုပ် ... လူတစ်ယောက်နဲ့ တွေ့ချင်လို့ပါ ... လူကလေး"

"ခင်ဗျား တွေ့ချင်တဲ့လူအမည်က ဘယ်လိုခေါ်တုံး"

"မောင်ကံကြီးတဲ့ ... လူကလေး"

"ဘာ ..."

"လူကလေး ... မောင်ကံကြီးကို သိသလား။ သူ သချိုင်းတစ်ခုမှာနေတယ်လို့ ကျွန်ုပ် သိရတယ်။ လူကလေး ... ကျုပ်ကို သူ့ထံ လိုက်ပို့ပေးပါ။ မောင်ကံကြီးနဲ့ တွေ့ခွင့်ရအောင်လုပ်ပေးရင် လူကလေးလိုချင်တဲ့ ဟောဒီ ဘင်ဂျိုကို ကျွန်ုပ် လူကလေးကို ပေးပို့မယ်"

မောင်ကံကြီးသည် ကြားရမြင်ရသည့် စကားများကြောင့် တတိယမို့ အံ့သြရပြန်၏။ သူ့ရှေ့မှာ မောင်ကံကြီးစစ်စစ် ရောက်နေသည်ကို အဘိုးကြီး မသိပါလား။

"အဘိုးကြီးဆာမိ ... ခင်ဗျား ဘာကြောင့် မောင်ကံကြီးနဲ့ တွေ့ချင်ရတာတုံး"

"သူနဲ့ အေးအေးဆေးဆေး စကားပြောချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ အဘိုးကြီးဆာမိ ... ခင်ဗျားသိပ်တွေ့ချင်နေတဲ့ မောင်ကံကြီးဆိုတာ ကျုပ်ပဲဗျ ... ကျုပ်ပဲ"

"အလို ... လူကလေးလား"

"ဟုတ်တယ်"

"သေချာ မှန်ကန်ရဲ့လား လူကလေး"

"ရေတစ်စက်မှ မရောပါဘူး။ ဆင်ကျောကုန်းသချိုင်းက သုဘရာဇာ ဦးကျောက်ကွဲ၊ ဒေါ်အုန်းမှုတ်တို့ရဲ့သား မောင်ကံကြီးဆိုတာ ကျုပ်ပါပဲ"

"အိုး ... အိုး ... ဝမ်းသာလိုက်တာ ... လူကလေး မောင်ကံကြီးရယ်။ ကျုပ် မပင်ပန်းတော့ဘူးပေါ့။ သာဓု ... သာဓု ... သာဓု"

"နေပါဦး ... ခင်ဗျားက ကျုပ်ကို ဘယ်လိုအကြောင်းကိစ္စကြောင့် တွေ့ချင် စကားပြောချင်နေရတာတုံးဗျ"

"ဒီလို ... လူကလေး ... လူကလေးရဲ့အကြောင်းကို ကျွန်ုပ်မြို့ထဲမှာ ကြားရလို့ပါ။ လူကလေး မောင်ကံကြီးရဲ့ပါးစပ်ကနေ 'သေမှာပဲ' လို့ 'မရတော့ပါဘူးလို့' ပြောလိုက်ရင် အပြောခံရသူ မကြာခင်မှာ ကွယ်လွန်အနိစ္စ ရောက်သွားတာပဲလို့ အံ့ခမန်းလိလိပြောသံကို ကြားနေရတယ်။ အဲဒါ ဟုတ်မှန်ပါသလား ... လူကလေး မောင်ကံကြီး"

"ဟုတ်တာ များတယ်"

"ဘာကြောင့် ... လူကလေး ... အဲဒီလို စိုးရိမ်ထိတ်လန့် တုန်လှုပ်စရာကောင်းသည့် အကြောင်းကို ပြောရတာပါလဲ ခင်ဗျာ"

"ကျုပ်နှာခေါင်းထဲမှာ လူသေနံ့ရပြီ၊ မျက်စိထဲမှာ အမင်္ဂလာပုံရိပ် တစ်ခုခု အလိုလို မြင်လိုက်ရလို့ ပြောလိုက်တာပါ"

"မပြောရင် မရဘူးလား ... လူကလေး"

"ကျုပ် မပြောရင် နေကို မနေနိုင်ဘူးဗျ"

"အိမ်း ... အိမ်း ... လူကလေးက သချိုင်းသုသာန်မှာ လူဖြစ်ကြီးပြင်းပြီး တစ္ဆေသရဲ အယုတ်အညံ့ နာနာဘာဝများနဲ့ အတူနေလာတာ ကြာတော့ ... နောက်ပြီး လူကလေးမှာ ဘုရား၊ တရား၊ သံဃာ၊ မိဘဆရာ





ကို ကိုးကွယ်ရမှန်း၊ ရိုသေလေးစားရမှန်း၊ ဆည်းကပ်ရမှန်းမသိ အမင်္ဂလာနိမိတ်ဆိုး အမြင်ပုံရိပ်များက လူကလေးရဲ့ ဦးနှောက်ကို ဖိစီးလွှမ်းမိုးပြီး မကောင်းသော အာရုံထူးများ အလိုလိုရနေသလို ဖြစ်နေပြီပေါ့။

လူဆိုတာ ရတနာမြတ်သုံးပါး၊ အနန္တောအနန္တ ငါးပါးကို ဆည်းကပ်ရိုသေပြီး မိုးလင်းလို့ မျက်နှာသစ်ပြီးတာနဲ့ အရုပ်လေးမျက်နှာ၊ အရုပ်ရုပ်မျက်နှာကို မျက်နှာမူပြီး မင်္ဂလာရှိသောစကား၊ သုတိချမ်းသာ၊ သာယာနာပျော်ဖွယ်ရှိသော စကားကို အတိတ်နိမိတ်ဆောင်ပြီး ပြောရတယ်။ မေတ္တာပို့ရတယ် ... လူကလေး။

ဒါမှသာလျှင် နံနက်ကာစ အိပ်ရာဝင်ချိန်အထိ လူဟာ ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံလန်းဆန်းပြီး သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များကအစ စောင်မကြည့်ရှုမယ် ...။ လူချစ်လူခင်များပြီး အများရဲ့ ရိုသေလေးစား အားကိုးအလေးထားမှုကို ခံရမယ်။

ဒီလိုမှမဟုတ်ဘဲ မိုးလင်း အိပ်ရာကထတာနဲ့ ဆဲရေးတိုင်းထွာပြီး အရက်သေစာ သောက်စား၊ မကောင်းမှု အကုသိုလ်ဒုစရိုက်အမှုများနဲ့ ပျော်ပါးမွေ့လျော်နေရင် အဲဒီလူဟာ အသက်လည်းမရှည်ဘူး၊ ဘုန်းကံလည်း မရှိဘူး၊ လူမုန်းလည်း များတယ်၊ အနာရောဂါ ထူမယ်၊ အမြဲ ဆင်းရဲဒုက္ခရောက်လို့ ဘေးဆိုး၊ အန္တရာယ်ဆိုးများနဲ့ ကြုံတွေ့ရတာတတယ်။

လူရာမဝင်၊ လူတောမတိုးဘဝကို ရောက်မယ်။ တစ်ခါ သေလွန်ပြီးရင်လည်း သူ့ရဲ့ ကံအကျိုးပေးကြောင့် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဘုံဘဝကို ရောက်ရှိခံစားရမယ်။ လူကလေးနှုတ်ကို စောင့်စည်းဆင်ခြင်ပါ။ ကောင်းသည့် အတိတ်နိမိတ်ကို ကောက်ပါ။ ဒါဆို လူကလေး အသက်ရှည်မယ်"

ဒီလို ရှည်လျားလှသည့် ဆုံးမဩဝါဒ စကားများကို ဆာဒူးအဘိုးကြီး ဦးဆာမိက ပြောဆိုဆုံးမရော မောင်ကံကြီးဟာ အဘိုးကြီးကို မကျေမနပ် မျက်လုံးအစုံနဲ့ စိုက်ကြည့်ပြီး ...

"ဘာလဲ ... ခင်ဗျားက ကျုပ်ကို သေတော့မယ်လို့ ပြောနေတာလား။ ဟုတ်လား ... အဘိုးကြီး"



www.burmeseclassic.com

www.burmeseclassic.com



"သေတာ ... လူကလေး မောင်ကံကြီးတင်မဟုတ်ဘူး ကျွန်ုပ်ရော သက်ရှိသတ္တဝါအားလုံး အနေးနဲ့အမြန် သေရမှာချည်းပဲ။ လူကလေး ကြားဖူးလားမသိဘူး။ ဒီဃာဝုသတို့သား အသက်ရှည်ရတာဟာ သေခြင်းက လွတ်မြောက်ခဲ့ရတာဟာ ရတနာမြတ်သုံးပါးရဲ့ အကျိုးကျေးဇူးနဲ့ အသိအလိမ္မာဉာဏ်ပညာကြောင့်ပဲ ... လူကလေး"

"ကျုပ်က သေရမှာကို လုံးလုံးမကြောက်ဘူး"

"ကောင်းပါတယ် ... လူကလေး။ သေရမှာ မကြောက်သူတိုင်း အကုသိုလ်အမှုဖြစ်တဲ့ ကာယကံအမှု၊ ဝစီကံအမှု၊ မနောကံအမှုများကို ရှောင်ကြဉ်ဆင်ခြင်နိုင်ရင် ဘဝကူးကောင်းကြမှာပါ။ လူကလေးကို ကျွန်ုပ်ဘဝကူး ကောင်းစေချင်တယ်"

"ဒီမှာ အဘိုးကြီး ..."

"ပြောပါ ... လူကလေး ... စိတ်ထဲရှိတာ ပြောပါ"

"ကျုပ် လူတစ်ယောက်ကို စူးစိုက်ကြည့်ပြီး သူ့ကိုယ်နဲ့ကို ရှုရင် သေမယ်ရှင်မယ် နိမိတ်စကား ပြောလို့ရတယ်"

"ဟုတ်ကဲ့ ... ဆက်ပြောပါ ခင်ဗျာ"

"အဘိုးကြီးရော ... ကျုပ်ကိုကြည့်ပြီး အဲဒီလို နိမိတ်ဖတ်စကား ပြောနိုင်မလား။ ပြော ..."

မောင်ကံကြီးဟာ ဆာဒူးအဘိုးကြီးရဲ့ မျက်နှာကို စိန်ခေါ်သလို စေ့စေ့ကြည့်ပြီး ခါးထောက်လို့ ပမာမခန့် မေးလိုက်သည်။

"ကျွန်ုပ် နည်းနည်းပါးပါး အာရုံလေးရပါတယ် လူကလေး"

"ဒါဆို ကျုပ်ရဲ့ လက္ခဏာရုပ်သွင်ကို ကြည့်ပြီး ကျုပ် အသက်ရှည်မှာလား၊ အသက်တိုမှာလား၊ ဘယ်နေ့ သေရမှာလည်း ... ပြော။ ပြီးရင် ခင်ဗျားရဲ့ကိုယ်နဲ့ကိုခံပြီး ပြောမယ်"

"ကောင်းပါပြီ။ လူကလေး လက်ဝါးဖြန့်လိုက်ပါ"

မောင်ကံကြီး အထင်မကြီးသည့်ဟန်ပန်နှင့် လက်ဝါးနှစ်ဖက်ကို ထိုးဖြန့်ပြလိုက်သည်။

ဆာဒူးအဘိုးကြီး ဦးဆာမိက မောင်ကံကြီးရဲ့ ကြမ်းတမ်းခက်ထ





ရော်ရှိနေသည့် လက်ဝါးနှစ်ဖက်ကို စေ့စေ့စပ်စပ် စိုက်ကြည့်လိုက်သည်။

လက်ဝါးပြင်က ဖြတ်ထစ် ကြမ်းနေ၏။

လက်ချောင်းများကလည်း ပုတိုပြီး ကောက်သလိုရှိ၏။

လက်သည်းများကြားမှ ချေးများက မည်းနက်နေ၏။

အထူးသဖြင့် လက်မနှစ်ဖက်သည် ပုပုဝိုင်းဝိုင်း လုံးလုံး။ လက်မတင်းဘုတ်ဖြစ်နေသည်ကို ထင်ရှားစွာ မြင်ရ၏။ လက်ဖျံလက်မောင်းပေါ်မှာလည်း မည်းနက်နီကြောင် အမွေးများက ဝက်မွေးကြမ်းကဲ့သို့ ရှိ၏။

"လူကလေး ... မောင်ကံကြီး"

"ပြော ... အဘိုးကြီး ... ဘာမြင်သလဲ"

"လူကလေးရဲ့ ... ယောဟာတီလေခ (ခေါ်) အသက်လမ်းကြောင်း အလွန်တိုနေတယ်။ ဉာဏလေခလို့ခေါ်တဲ့ ဦးနှောက်အသိ ဉာဏ်လမ်းကြောင်းပေါ်မှာ ဖြတ်မျဉ်းတွေ အများကြီးပဲ။ ဟာဒယလေခ (ခေါ်) နှလုံးလမ်းကြောင်းဟာ ကျွန်းလို့ခေါ်တဲ့ ပိတ်ဆို့ဟန့်တားမှုတွေရှိနေလို့ လူလေးမှာ ချစ်သူမရှိဘူး။ ယုတ်စွအဆုံး ပြောရရင် အဖေအရင်း၊ အမေအရင်း ခေါက်ခေါက်ကတောင် လူကလေးအပေါ် မေတ္တာမရှိဘူး"

မောင်ကံကြီး မျက်နှာ တစ်ချက်ပျက်သွား၏။

သူ့ဘဝက အဖေအရင်း အမေအရင်းကို မမြင်ဖူးခဲ့။ တစ်လောတုန်းက ဒုက္ခိတရောဂါသည် ထောင်ထွက်လူကြီးတစ်ယောက်က သူ့ကိုယ်သူ အဖေအရင်းပါဟု ဇာတ်ကြောင်းနောက်ကြောင်း ပြန်နှောပြီး ဒီသချိုင်းမှာ သေသွားဖူးသည်။

ယုံရကောင်းနိုး၊ မယုံရကောင်းနိုး။

သူ့ဘဝက သချိုင်းမှာ သေပေရောဆိုပြီး ရက်ရက်စက်စက် စွန့်ပစ်ခံရသည့်ဘဝ။ ကံကောင်းလို့ ... မွေးစား မိဘနှစ်ပါးရဲ့ စောင့်ရှောက်ကယ်တင်မှုနှင့် လူလားမြောက် ကြီးပြင်းခဲ့ရသည်။

လက်ရှိ မွေးစားအဖေနှင့် အမေကလည်း သူ့ကို ကြီးလေချဉ်လေ ပိုရွံတွန့်တွန့်ဖြစ်နေ၏။

တစ်ခါ ... လူတိုင်းလိုလိုက မိမိမျက်နှာကို မြင်ကြလျှင်၊ မိမိ



www.burmeseclassic.com

www.burmeseclassic.com



အသံကို ကြားကြလျှင် ရှုံ့ရှာစက်ဆုပ်ပြီး အော့နှလုံး နာကြသည်။ ကြောက်ရွံ့ကြသည်။ အရေးလုပ်၍ မည်သူကမျှ စကားမပြောကြ။

နာရေးကိစ္စရှိမှ မေးထူးခေါ်ပြော လုပ်ကြ၏။

ဒီမှာ အဘိုးကြီးဆာမိက ဆက်၍ ဟောပြောပြန်၏။

''တစ်ခါ 'ကူဒ္ဒိလေခ'လို့ခေါ်တဲ့ ကံကြမ္မာလမ်းကြောင်းခေါ် ထီးရိုးလမ်းကြောင်းကလည်း တိုတိုပဲရှိတယ်။ အဲဒီလို တိုနေသည့်သဘောက ဥစ္စာစီးပွား လုံးဝမဖြစ်ဘူး၊ မရှိဘူး။ လူမွဲလူတေဘဝကို ညွှန်ပြနေတယ်''

''အသက်တိုမယ်၊ ရှည်မယ် ... အဲဒါပဲ ပြောဗျာ။ ခင်ဗျားပြောတဲ့ 'တောင်လေခ' 'မြောက်လေခ' တွေ ကျုပ် နားမလည်ဘူး''

''ကျွန်ုပ် ... လူကလေးရဲ့ အသက်ရှည်မယ် တိုမယ်ကို မဟောမပြောလိုဘူး။ သို့သော် လူကလေး ရှေ့လျှောက် အနေအထားကောင်းမွန်ဖို့ ကျွန်ုပ် အကြံတစ်ခုပေးမယ်။ လူကလေး ... လိုက်နာဆောင်ရွက်ပါ''

''ကျုပ်က ဘာလုပ်ရမှာတုံး''

''ဒီကပြန်ရင် ညောင်ထောက်ပါ''

''ဘာလဲဗျ ... ညောင်ထောက်ပါဆိုတာ။ ရှင်းအောင်လုပ်စမ်းပါဗျ''

''ဒါ ... ယတြာတစ်မျိုးပါ ... လူကလေး။ မြေထိလုနီးပါး ကိုင်းနေသည့် ညောင်ကိုင်းကို လူကလေးအရပ်ထက် နည်းနည်းရှည်သည့် ဝါးတစ်လုံးနှင့် ညောင်ကိုင်းပြန်တည့်မတ်အောင် ထောင်သွားအောင် အောက်ကနေ ဝါးဒေါက်ထောက်ပေးရမယ်လို့ ပြောတာပါ''

''အဲဒီလိုလုပ်ရင် ဘာဖြစ်မှာလဲ''

''အသက်ရှည်မယ်၊ အနာကင်းမယ်''

''ဒါပဲလား ...''

''နောက်တစ်ခု တံတားခင်းပါ''

''တံတားခင်းဖို့ နေနေသာသာ ကျုပ်တောင် စားမြိန်စာစားနေရတာများ။ ကျုပ် မချမ်းသာဘူး''

''ချမ်းသာမှ တံတားခင်းရမှာ မဟုတ်ပါဘူး ... လူကလေး။ ဆင်





ရဲသားလည်း ဝါးတိုကလေး သုံးလုံးရှိရင်၊ ငါးလုံးရှိရင် လမ်းသွားလမ်းလာရေမြောင်းလေးမှာ ကုန်းချိုင့်လေးမှာ လူသွားလို့ အခက်အခဲမရှိအောင် ထိုးခင်းပေးလိုက်ရင်လည်း တံတားထိုးတာပါပဲ''

''အဲဒီလိုလုပ်ရင် ဘာဖြစ်မှာလဲ''

''အသက်ရှည်မယ်။ ပြီးရင် ဘုရားကျောင်းကန်ရဲ့ ပရဝုဏ်အတွင်း အပြင်မှာ ရင်ပြင်မှာ တံမြက်စည်းလှဲ၊ သန့်ရှင်းရေးလုပ်။ ဘုရားရှင်ကို ရေချမ်း သက်စေ့သောက်တော်ရေ ချိုးတော်ရေ လှူပေးရမယ် လူကလေး''

''အဲဒီလိုလုပ်ရင် ဘာဖြစ်မှာလဲ''

''အသက်ရှည်မယ်၊ ကျန်းမာမယ်။ ပြီးရင် ဘုရားရှင်ကို ရှိခိုးဦးချငါးပါးသီလကို ခံယူ။ ပြီးရင် ဘုရားရှေ့မှာပဲ အရဟံဂုဏ်တော်ကို ပုတီးလုံးရေ တစ်ထောင်စိပ်ပါ ... လူကလေး''

''အဲဒီလိုလုပ်ရင် ကျုပ် ဘာဖြစ်မှာလဲ''

''အသက်ရှည်မယ်၊ ကျန်းမာချမ်းသာမယ်။ အဲဒါတွေပြီးရင် ရဟန်းသံဃာကို ရှိခိုးဦးခိုက်။ အမေနဲ့အဖေကို ကန်တော့လိုက်ပါ။ တိရစ္ဆာန်များကို လူကလေးမွေးနေ့ရောက်တိုင်း စပါး၊ ဆန်၊ မုန့် စသည် ကျွေးမွေးဒါနပြုလိုက်ပါ ... လူကလေး''

''အဲဒီလိုလုပ်ရင် ကျုပ် ဘာဖြစ်မှာလဲ''

''အသက်ရှည်မယ်၊ ကျန်းမာချမ်းသာမယ်။ ပြီးရင် ပါးစပ်ကနေလူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတွေ ကျမ်းမာချမ်းသာကြပါစေ၊ အသက်ရှည်အနာကင်းကြပါစေ၊ (၃၁) ဘုံသားတွေ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေလို့ မေတ္တာပို့ပြီး ကိုယ်ပြုသမျှ ကုသိုလ်ကောင်းမှု အဖို့ဘာဂအားလုံးကို အမျှသုံးကြိမ်သုံးခါ ဝေလိုက်ပါ ... လူကလေး''

''အဲဒီလိုလုပ်ရင် ကျုပ် ဘာဖြစ်မှာတုံးဗျ''

''အသက်ရှည်မယ်၊ ကျန်းမာမယ်၊ လုပ်ငန်းကိုင်ငန်းများ တိုးတက်ကြီးပွားလာမယ်၊ လူချစ်လူခင်ပေါ်များမယ်။ မြင်ရမမြင်ရ ပုဂ္ဂိုလ်များရဲ့ စောင့်ရှောက်မှုကို ခံစားရရှိတယ်။ နောက်ပြီး လူရာဝင်တဲ့ လူကောင်းတစ်ယောက် ဖြစ်လာပါလိမ့်မယ် ... လူကလေး''



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဟား ... ဟား ... ဟား ... ဟား ... ဟား ... ဟား ..."

"ဟီးဟီးဟီးဟီး"

"အဟတ် ... အဟတ် ... အဟတ် ... ဟား ... ဟား ... ဟား ... ဟား ..."

မောင်ကံကြီးက ဆာဒူးအဘိုးကြီးရဲ့ ဩဝါဒစကားအဆုံးမှာ ဝါးလုံးကွဲ ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။ လက်ညှိုးထိုး၍ ခွက်ထိုးခွက်လန် ရယ်ပစ်သည်။

"လူကလေး ... သင် ဘာကြောင့် ခုလိုရယ်ရတာတုံး"

"ဟား ... ဟား ... ဟား ... ဟား ... အဘိုးကြီးရဲ့ ... ခင်ဗျားပြောသလိုလုပ်ရင် ကျုပ် အသက်ရှည်ပြီး ကြီးပွားချမ်းသာ လူချစ်လူခင်များမယ် မဟုတ်လား"

"အမှန်ပါ ... လူကလေး။ ဒါ ဘုရားစကားပါ"

"ဟား ... ဟား ... ဟား ... ဟား ... ဟား ... တော်စမ်းပါဗျာ။ ဖွီ ... ကျုပ် ... ဒါမျိုးတွေ လုံးဝ ဝါသနာမပါဘူး။ ယုံလည်း မယုံကြည်ဘူး။ နားလည်လား"

မောင်ကံကြီးက ဆာဒူးအဘိုးကြီးရဲ့ မျက်နှာကို လက်ညှိုးငေါက်ငေါက်ထိုးပြီး ဒေါကြီးမောကြီးနှင့် ပြောလိုက်ရကား ...

ဆာဒူးအဘိုးကြီးသည် သူ့ကိုကြည့်ပြီး တန်ဖိုးရှိသော တရားစမ္မများကို မပြောတော့။

"လူကလေး ခင်ဗျာ"

"ဘာတုံး ... ဘာတုံး ... ဘာခင်ဗျား ကြီးကြီးကျယ်ကျယ် ပြောချင်လို့တုံး"

"ကျွန်ုပ်ကို သင်လေ့လာပါ၊ ကြည့်ပါ။ ကျွန်ုပ် အသက်တိုကိန်းရှိပါသလား။ လူကလေးရဲ့ အနိဋ္ဌာအာရုံ၊ မရဏမျက်စိနဲ့ ကြည့်ပေးပါဦး ခင်ဗျာ"

ဒီလို အဘိုးကြီးဆာမိက မေးလိုက်ရော မောင်ကံကြီးက ဆာဒူး





အဘိုးကြီးရဲ့ အနီးကို တကာယ်ဆရာကြီး သမားကြီးဂိုက်နှင့် တိုးချဉ်းကပ်လိုက်ပြီး ကိုယ့်နံ့ကို ရှူနေလိုက်သည်။

တစ်မိနစ် ...

နှစ်မိနစ် ...

သုံးမိနစ် ...

လေး ... ငါး ... ခြောက် ... ခုနစ် ... ရှစ် ... ကိုး ... တစ်ဆယ်မိနစ်။ လူတစ်ယောက်မှာ သေနံ့ရှိသည်။ ၎င်းအနံ့မျိုးကို မောင်ကံကြီး သင်္ချိုင်းကုန်းမှာ အနေကြာသူအနေဖြင့် အာရုံထူးတစ်မျိုး ရနေ၏။

အဲဒီအနံ့က စိမ်းရွှေရွှေ၊ ပုပ်အဲ့အဲ့အနံ့မျိုး။

ညှီစို့စို့ ပျို့အန်ချင်စရာ အနံ့မျိုး။

အခု သူ့ရှေ့ရှိ အဝါရောင်သင်္ကန်းတိုင်း အကျီရှည်ကြီးနှင့် အဘိုးကြီးကိုယ်မှ အဲဒီလိုအနံ့မျိုး မရ။ လုံးဝကို မရ။

ရချင်တော့ သူ့နှာခေါင်းထဲသို့ နံ့သာဖြူ အမွှေးတိုင်လိုမျိုးရနံ့က မွှားမွှားရှရှ တိုးဝင်လာသည်ကို သူ ရှူရှိုက်ခံစားရသည်။

"ရလား ... လူကလေး"

မောင်ကံကြီးက ဘာမှမပြော။ ဆာဒူး အဘိုးကြီးလက်ထဲက ဘင်ဂျိုကို လှစ်ခနဲ လုယူလိုက်ပြီး နောက်ပြန်လှည့်မကြည့်။

ဆင်ကျောကုန်းသင်္ချိုင်းသို့ တစ်ချိုးတည်း ပြေးလာခဲ့လိုက်၏။

ဆာဒူး အဘိုးကြီးသည် မောင်ကံကြီးရဲ့ အပြုအမူကို ကြည့်ပြီး အံ့အားလည်း သင့်၏။ စိတ်မကောင်းဖြစ်၏။

သူ ဒီဘင်ဂျိုကို လိုချင်နေတာပါလား။

ကောင်းမွန်စွာတောင်းလျှင် သူပေးလိုက်မည်သာ ဖြစ်ပါသည်။ ဒီဘင်ဂျိုက သူ့ရဲ့ အသက်သွေးခဲလည်း ဖြစ်၏။

သူ ဒီရှေးဟောင်းဘင်ဂျိုကြီးနှင့် ဘဂဝါဂီတာ ဓမ္မတေးသီချင်းများကို ကြားရသူများ သာယာနာပျော်ဖွယ်ရှိအောင် ရွတ်ဆိုတီးခတ်၍ စိတ်ချမ်းသာမှုကို ရယူ၏။

အခု သူမြတ်နိုးသည့် အသက်သွေးခဲဘင်ဂျိုကြီး မရှိတော့။



www.burmeseclassic.com

www.burmeseclassic.com



ဆာဒူးကြီး မောင်ကံကြီးကို အပြစ်ဖို့စကားလည်း မပြော။

ကောင်းကင်ကို မော့ကြည့်ပြီး လက်အုပ်ချီ၍ နှုတ်မှ မေတ္တာများ ပို့သလိုက်သည်။

လူကလေး . . . မောင်ကံကြီး ကျမ်းမာချမ်းသာပါစေ။

လူကလေး . . . မောင်ကံကြီး အသက်ရှည်ပါစေ။

တစ်နေ့သောအခါမှာ ရတနာသုံးပါးကို ကြည်ညိုလေးစားသော၊ ကြီးသူကို ရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကို အလေးထားသည့် လူတော်လူကောင်းတစ်ယောက်ဖြစ်ပြီး နိဗ္ဗာန်မဂ်ဖိုလ်ကို မျက်မှောက်ပြုနိုင်သူတစ်ဦးဖြစ်ပါစေဟု ဆုတောင်းမေတ္တာများ ပို့သရင်း ထိုင်ရာမှ ထလိုက်လေသည်။

✿ ✿ ✿

| ၃၂ |

❑

မောင်ကံကြီးသည် ရှေးဟောင်းဘင်ဂျိုကြီးကို အပြန်အလှန်ကြည့်ပြီး လွန်စွာ သဘောကျနေ၏။

ဘင်ဂျိုပေါ်မှ ကြိုးများကို သူ့လက်ကြမ်းကြီးနှင့် တို့ဆတ်ကြည့်၏။ အသံ စိုးစိုးစိစိ ထွက်လာ၏။ သူ သဘောကျသွား၏။

သူသည် ၎င်းဘင်ဂျိုကြီးကို အောင်မောင်းတို့အရက်ဆိုင်မှာ တီးရင်း အရက်သောက်လေ၏။ သူ့လက်ထဲမှာ ဆာဒူးအဘိုးကြီးရဲ့ ဘင်ဂျိုကြီးမြင်ရ၍ ဝက်ကြီးတို့၊ ချွတ်ကရားတို့ အံ့သြကြ၏။

"ဟ . . . မောင်ကံကြီး ဘယ်က ဘင်ဂျိုကြီးတုံး"

"ဝယ်ထားတာကွ"

"ဘယ်က ဝယ်လာတာတုံးဟ . . . ကံကြီးရ"

"ကုလားအဘိုးကြီး တစ်ယောက်ဆီကကွ။ သူကလည်း စားဝတ်ထမင်းဖိုး ပိုက်ဆံမရှိလို့တဲ့လေ။ အဲဒါ ငါ့ကို ဝယ်ပါလို့ပြောတာနဲ့ ဝယ်လိုက်တာ"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အရက်ဆိုင်ရှင်အောင်မောင်းက ကြားရသည့်စကားကြောင့် ဝက်ကြီးတို့အုပ်စုကို နှုတ်ခမ်းရွဲ့ပြလိုက်၏။

"မောင်ကံကြီးရ ..."

"ဘာတုံးကွ ... အော့ ... ဂေ့ ..."

"မင်းက ဘင်ဂျိုရော တီးတတ်လို့လားဟ ... ကံကြီးရ"

"နည်းနည်းပါးပါး ရတယ်လေ"

"ရရင် လုပ်စမ်းပါဦး ... ငါ့ကောင်ရ။ ရွှေညာမောင် လက်သံမျိုး၊ ရုပ်ရှင်လူရွှင်တော် ဘင်ဂျိုဦးအေးကို လက်သံမျိုးလေး။

"မင်းတို့ ဘာသီချင်း နားထောင်ချင်လို့တုံး"

အံမာ ... ကြည့်စမ်း ... ခွေးတိရစ္ဆာန်ကောင်က ကြီးကျယ်လို့။ ဒီက ရွဲ့ပြောနေတာကို ရွဲ့ပြောမှန်းမသိ။ သင်းက အဟုတ်မှတ်နေ၏။

ပြောပုံက ကြည့်ဦး။

မင်းတို့ ဘာသီချင်း နားထောင်ချင်လို့တုံးတဲ့။

ချိုမိုင်မိုင်သီချင်းတောင် သူများလို အမေအရင်းပါးစပ်က မကြားဖူးတဲ့ကောင်ကများ။

ဒါနဲ့ ရွဲ့ပြီး ပြောလိုက်ကြရော ...

"ပြည်လှဖေရဲ့ နတ်သျှင်နောင်ရရင် လုပ်ကွာ"

"နတ်သျှင်နောင်သီချင်းက သိပ်မကောင်းဘူးကွ ... အော့ ..."

"ဘာဖြစ်လို့တုံး ... ကံကြီးရ"

"ခါးတယ်"

ဗွီ ... ကြားတောင် မကြားဖူးဘဲနဲ့များ နတ်သျှင်နောင်သီချင်း ခါးသတဲ့။ သီချင်းခါးတာများ ဒီခွေးသားလက် ဘင်ဂျိုရောက်မှ ကြားဖူးပါ့ ထွီ ...။

ဒါနှင့် ချွတ်ကရားက ရွဲ့ပြီး မေးပြန်သည်။

"စိန်ဝင်းထွန်းရဲ့ စိတ်ညစ်တဲ့ အရက်မူးသမား ဆိုတီးလုပ်ကွာ"

"အဲဒီသီချင်းက ခေတ်ပေါ်သီချင်းကွ။ မကောင်းဘူး"

"လုပ်ပါဦး ... မဟာဂီတ ဦးပြုံးချိုအိမ်နားက ဆရာကြီးရ ...





ဘယ်လို မကောင်းတာတုံး"

"ပေါ့တယ် ... အော့ ... ဂေ့ ..."

ဗွီ ... ခွေးသား။ တစ်လုံးမှ မရဘဲနဲ့ ပေါ့တယ်တဲ့။ စိန်ဝင်းထွန်းရဲ့ အရက်မူးသမားသီချင်းက Hip Hop သီချင်း။ မြန်မာပြည်တစ်ပြည်လုံး ခေရပန်းစားနေသည့် သီချင်းကိုမှ ပေါ့တယ်တဲ့။

ဘယ်တုန်းကများ စိန်ဝင်းထွန်းရဲ့သီချင်းကို အရက်နဲ့ မြည်းကြည့်သလဲမသိ။ လက်ဝါးထဲထည့် ဆ,ကြည့်တာလဲ မသိ။ ကြားရသူ အရက်သမားများ ကြိတ်၍ ရယ်ကြသည်။

"ဒါဆိုလည်း ကံကြီးရာ ... မင်းစိတ်ကြိုက်သီချင်းပဲ ဆိုတီးလေး လုပ်ပါကွာ။ ကောင်းရင်လည်း တီးဝိုင်းလေး ထောင်ကြရအောင်"

"ဘာတီးဝိုင်းတုံး ဘယ်နေရာမှာ တီးမှာတုံးဟ ... ဝက်ကြီးရ"

"တရုတ်မသာချရင် အသုံးဝင်တာပေါ့ကွ"

"ဟား ... ဟား ... ဟား ... ဟား ... ဟုတ်သဟေ့ ... အသုံးတည့်ပဲ့ကွာ ... အဟတ် ..."

"ကြေးလင်ဗန်းတစ်ချပ် ထပ်ရရင် တီးဝိုင်းထောင်လို့ ရပြီ"

"တီးဝိုင်းနာမည်ကရော ... ချွတ်ကရားရ"

"နွေသင့်နံ့သင့်ပေးမှ ကောင်းမှာပေါ့"

"ဒါပေါ့"

"အညွန့်အမြစ်လည်း ကိုက်မှ ကောင်းမှာ"

"ဒါပေါ့ ဆရာချွတ်ကရားရာ ... မင်းဟာ ကုလားကမွေးပေလို့ ချွတ်ကရား၊ မြန်မာကမွေးရင် မင်းလည်း နိုင်ငံကျော် ဗေဒင်ဆရာကြီးဖြစ်နေပြီ သိလား"

"အဟဲ ... ပညာခံလေးရှိလို့ပါ ... ဝက်ကြီးရ ... အဟတ်"

"လုပ်ပါဦး ... တီးဝိုင်းနာမည်လေး"

"တို့ မောင်ကံကြီးနဲ့လည်း လျှော်ကန်သင့်မြတ်အောင်၊ သေမင်း ခေါ်သံတီးဝိုင်းလို့ ပေးရင် မကောင်းဘူးလား"

"ဖဲရိုးဝွတ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ငန်းထီးပါ ဂွတ်တယ်ကွာ"

"ကိုင်း ... ကိုင်း ... သေမင်းခေါ်သံ တီးဝိုင်းအဖွဲ့ခေါင်းဆောင်ကြီး ဂီတစာဆို ကိုကံကြီးခင်ဗျား ... လူကြီးမင်း စိတ်ကြိုက်သီချင်းလေး လုပ်ပါခင်ဗျာ။ မင်္ဂလာအောင်မောင်းရဲ့ အရက်သမားပရိသတ်များ နားသောတ ဆင်ရအောင်လို့ပါ ခင်ဗျာ"

"နားထောင်ကွာ ... အခုဆိုမှာ အချစ်သီချင်းကွ"

"ဟုတ်ကဲ့ ခင်ဗျာ"

"ဆရာကံ ... ဘယ်နှစ်ပေါက်နဲ့ ဆိုမှာလဲ ခင်ဗျ"

"ဆယ့်ခြောက်ပေါက်ကွ"

ဒီမှာ ထောင့်တစ်ထောင့်မှ လူတစ်ယောက်က မကြားတကြား ဆဲလိုက်၏။ ဘင်ဂျိုမှာ ဆယ့်ခြောက်ပေါက်ရယ်လို့ မကြားဖူး။

ရှိစေတော့ ... ဒီအရှုးကို အောင်ရွှေတို့၊ အောင်ဖေတို့ လမ်းစဉ်ရောက်အောင် ပို့ပေးရန်မှာ မိမိတို့တာဝန်ရှိသည်ဟု ယူဆပြီး ဝိုင်းပင့်မြှောက်ကြ၏။

အရက်ဆိုင်ရှင် ကိုအောင်မောင်းကား ကံကြီးဘင်ဂျိုတီးပြီး သီချင်းဆိုမည်ဆို၍ နားနှစ်ဖက်ကို လက်ဝါးနှင့် ပိတ်ထားရှာ၏။

ဒီမှာ မောင်ကံကြီးက အသံနက် အသံပြဲကြီးနှင့် ဟစ်လေ၏။

"ဆွတ်ချျုရန် ..."

"အလို ... ဘာတဲ့တုံး ... ကံကြီးရဲ့"

"ပြည်လှဲဖေ အသံမျိုးခင်ဗျ"

"ဥညြဘသောင် အသံနဲ့လည်း ခပ်ဆင်ဆင်ကွ"

"ဆွတ် ... ချျု ... ရန် ... ခက် ... ပါဘိ ... မျက် ... ပါနဲ့ ..."

"ဘာတဲ့တုံး ... သားရေ ... သားရေ ..."

"မိုက်ရှေ့ကို တိုးဆိုပါဗျို့ ... အော ... ဂေ့ ..."

"ရှေ့က မတ်တပ်မရပ်ပါနဲ့ဗျို့။ ကွယ်ထားပေးပါ"

"ဟား ... ဟား ... ဟား ... ဟား ... ဟား ..."

စိတ်ကူးသစ်စာပေ



"ဆွတ်ချျုရန် ... ခက်ပါဘိ ... မမျက်ပါနဲ့ ... အဲ ... အဲ"

"ဆက်လေကွာ ... ကံကြီးရ ... လက်ကွက်ကလည်း ကောင်းပါ့ကွာ"

"ပန်းကန်စင်ပေါ်က ဒန်အိုးကျတဲ့အသံဟ"

"ဒါကြောင့် ဖီးကွက်စိဝ်တက်လို့ ပြောတာပေါ့"

အရက်သမားအုပ်စုက သုဘရာဇာသား မောင်ကံကြီးကို ဝိုင်းချွန်ကျူ ပင့်ကြ၏။ သို့သော် ဂီတစာဆို အရူလဒ္ဒ မောင်ကံကြီးကား 'မျက်ပါနှင့်' ကနေ ရှေ့ကို မတက်နိုင်။ ဘင်ဂျိုကိုသာ တဂန်ဂန် ခေါက်နေသည်။

"မမျက်ပါနဲ့"

"ရှေ့ဆက်ကွာ"

"အဲ ... အဲ ... မျက်ပါနဲ့ ... အရိုးရယ် ..."

မေတ္တာပို့သံနှင့် ဆဲရေးသံတို့က အရက်ဆိုင်ထဲမှာ ဆူညံသွားလေ၏။ ကြည့်လေ ... ဆွတ်ချျုရန် ခက်ပါဘိ၊ မျက်ပါနဲ့ သက်လှယ်ရယ်ကို 'သက်လှယ်ရယ်' မသိတော့ ... 'အရိုးရယ်' ဆိုပြီး လုပ်ချလိုက်သကိုး။

သို့နှင့် သင်းကို လုံးဝကြည့်မရသောကြောင့် အရက်ဖိုးရှင်းပြီး အသီးသီး ထပြန်ကြလေ၏။

"ဟ ... ဝက်ကြီးတို့၊ ချွတ်ကရားတို့"

"ဘာတုံး"

"ပြန်တော့မလို့လား။ နောက်တစ်ပုဒ် နားထောင်ပါဦးဟ"

"နောက်တစ်ပုဒ်က ဘာသီချင်းတုံး ... ကံကြီး"

"တေ ... တေ ... ဘုမ္မာ ..."

သေချင်းဆိုး ... ကာလနာ ... ကိုယ့်ဆွေကိုယ်မျိုးကများ ကြီးကျယ်လို့။ ဆရာကြီး ဦးပြုံးချို့ရဲ့ နာမည်ကျော် နိဗ္ဗိန္ဒသီချင်း တေးဘုမ္မာကို ဟစ်ဦးမလို့တဲ့။ မိုးကြိုးခေါင်းပေါ် ပစ်ချခံချင်လို့တူရဲ့။

"ကံကြီးရ ..."

"ဟေ ... အော ..."

"ဒီနေ့ နားမထောင်နိုင်ဘူး"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"နက်ဖြန်ရော"

"နားထဲကို ကွန်ကရစ် ဖျော်လောင်းထည့်ပြီးမှ လာနားထောင်တော့မယ်။ သွားပဟော့ . . ."

နောက်ဆုံး မည်သူမှ နားထောင်မည့်သူလည်း မရှိ၊ အရက်ဆိုင်ပိုင်ရှင် အောင်မောင်းလည်း ဆိုင်ပိတ်ချင်၍ ငိုက်နေပြီ။ သင်းကလည်း ဘင်ဂျိုကို မတီးတတ်ဘဲ တဂေါင်ဂေါင် တဂင်ဂင်လုပ်ပြီး နားညည်းအောင် လုပ်နေ၏။

သင်းကို ပြန်ပါတော့လို့လည်း မနှင်ရဲ။

မတော် စိတ်ဆိုးပြီး ပါးစပ်က နိမိတ်မရှိ နမာမရှိ ပြောလိုက်လျှင် နေ့ချင်းညချင်းသေပြီး အိမ်ကမယား နောက်လင်ယူမည့်ကိန်း ဆိုက်နိုင်သည်။

သို့နှင့် အရက်တစ်လုံးနှင့် အာပြခြောက်အမြည်းကို မသဒ္ဓါပဲ ပေးလိုက်ပြီး . . .

"ရော့ . . . ကိုကံကြီး . . . သချိုင်းမှာပဲ အေးအေးဆေးဆေး သောက်စားပြီး ဆိုတီးလေး စိတ်ကြိုက်လုပ်ပါကွ။ ငါတို့ ဆိုင်သိမ်း အိပ်ချင်လို့ပါ နော်"

"နက်ဖြန်ခါ လာဆိုမယ်နော်"

"အဲ . . . အဲ . . . မလာပါ . . . နဲ့"

"ဘာဗျ . . ."

"အဲ . . . အဲ . . . စောစောလေး လာခဲ့လို့ ပြောတာပါ . . . မောင်ကံ . . . ကံကြီးရာ . . . အဟဲ . . . ဟီး . . ."

ကံကြီးက အရက်ပုလင်းကို ခါးကြားထိုးလိုက်၏။ အမြည်းကို ဘယ်လက်ကကိုင်ပြီး ညာလက်က ဘင်ဂျိုကို ပခုံးပေါ်မှာ တင်ထမ်းပြီး ပါးစပ်မှ ပေါက်ကရစကားများ ရေရွတ်ကာ မူးယိုင်မူးယိုင်နှင့် ထွက်သွားလေသည်။

✿ ✿ ✿

| ၃၃ |

❑

လမင်းက ဆင်ကျောကုန်းသချိုင်းရဲ့ ကောင်းကင်ပေါ်မှာ ပက်လက်ကလေး။

အလင်းရောင် ဖျိုးဖျိုးဖျဖျက သချိုင်းဂူမြေပုံနှင့် ကုက္ကိုပင်ကြီးများ ပေါ်သို့ ယိုစီးကျနေ၏။

မောင်ကံကြီး အုတ်ဂူကြီးပေါ်မှာ ထိုင်ရင်း အရက်ပုလင်းကို မော့လိုက်။ အမြည်းကလေး စားလိုက်။

ဆားဒူးလို အဘိုးကြီးဆီမှ လုယူခဲ့သည့် ရှေးဟောင်းဘင်ဂျိုကြီးကို မတီးတတ်ဘဲနှင့် တီးခတ်နေ၏။

သချိုင်းခွေးတို့သည် ခါတိုင်းနှင့်မတူ။

ဆင်ကျောကုန်းသချိုင်း၏ အိမ်ရှေ့မင်းသားဖြစ်သော မောင်ကံကြီး၏ ထူးခြားလေးနက်သော ဘင်ဂျိုသံကို ကြားသည် မြင်သည်ရှိသော် . . .

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ခွေးမျက်လုံးများကို ပြူး၍ ထိုးဟောင်ကြလေ၏။

"ဘာလဲ ... အော့ ... ဂေ့ ... မင်းတို့က နားထောင်ချင်လို့ .. အော့ ... ဂေ့ ...

ကောင်းတယ် ... ကောင်းတယ် ... ငါ့ရဲ့ အဆိုနဲ့ ... အ ... တီး ... ကို ... လူ ... နား ... မထောင်ရင် ... ခွေးနဲ့ တစ္ဆေသရဲတွေ နား ... ထောင် ... ရပေ ... မပေါ့ ... အော့ ... ဂေ့ ...

ကိုင်း ... ကိုင်း ... ဆင်ကျောကုန်းသင်္ချိုင်းမှာ မှီတင်းနေထိုင်ကြကုန်သော မဖဲဝါအပါအဝင် တစ္ဆေသရဲ၊ ဖုတ်၊ ကျုတ်၊ မှင်စာ၊ ပြိတ္တာကြီး၊ ပြိတ္တာလေး၊ မြေဖုတ်ဘီလူးအပေါင်းတို့ ...

အခုအချိန်ကစပြီး ... လွတ်လပ်ရေးနေ့ ... ဂီတပြိုင်ပွဲမှာ ... ဘင်ဂျို ... စိန်တံဆိပ်ဆုရ ... ဆင်ကျောကုန်းသင်္ချိုင်း အိမ်ရှေ့မင်းသားကြီး ... ကျွန်ုပ် ... ကို ... ရွှေ ... မောင် ... ကံ ... ကြီး ... ဂီတလက်သံ အစွမ်းပြတော့မှာမို့ ... ကြွရောက်နားဆင် ... ဩဘာပေးကြပါခင်ဗျာ ..."

"အူ ... ဝူ ... ဝူ ... ဝူ ..."

"အူ ... ဝူ ... ဝူ ... ဝူ ... အိန် ... အိန် ... အိန် ..."

"ဂီး ... ဂီး ... ဂီး ..."

"ဂစ် ... ဂစ် ... ဂစ် ..."

သူ့စကားဆုံးသည်နှင့် သင်္ချိုင်းခွေးတို့သည် အူကြလေ၏။ အခု အူပုံကား ခါတိုင်းနေ့များနှင့် မတူ။

မောင်ကံကြီးကို ကြည့်၍ ဆွဲဆွဲငင်ငင် အူကြ၏။

လင်ကောင်ပိုးငှက်တို့ကလည်း ခါတိုင်းညများထက် ပို၍ အော်ဟစ်ကြ၏။ ထိုးကြ၏။

ကြက်သီးထခဲသော မောင်ကံကြီးပင် ခေါင်းနားပန်း ကြီးသွား၏။

မောင်ကံကြီးသည် ၎င်းအရာများကို ဂရုမစိုက်ဘဲ ဥပေက္ခာပြုလို့ အသံပြုကြီးနှင့် ပေါက်ကရသီချင်းများကို အော်ဆို၏။





ဘင်ဂျိုကြီးကို မတီးတတ်ဘဲ တီး၏။ မူးမူးနှင့် ကြိုးကို ခတ်၏။

ဘင်ဂျိုဆိုသောအရာသည် လက်ခတ်နှင့်တီးမှ အသံ စည်စည် သာသာယာမြည်၏။ အတီးကျွမ်းကျင်လျှင် နားထောင်၍ ကောင်း၏။

အထူးသဖြင့် ...

အိန္ဒိယလူမျိုး တေးဂီတပညာရှင်များသည် ဘင်ဂျိုတီးကျွမ်းကျင်၏။ မောင်ကံကြီးကား ဘင်ဂျိုကို မည်သို့တီးရမည်လည်း နားမလည်၊

သူများတီးလို့ အသံမြည်လျှင် ကိုယ်တီးပါကလည်း အသံမြည်ရထွက်ရမည်ဟု နားလည်ထားသူဖြစ်၏။

မူးမူးနှင့် အစွမ်းကုန် အသားကုန် တီး၏။ တီးရင်း ဘင်ဂျိုကြိုးများ ပြတ်လေ၏။ ကြိုးပြတ်တော့ အသံမမြည်။

အဲဒါ ... သူက ဆာဒူးအဘိုးကြီးကို ပြစ်တင်ဆဲရေးနေ၏။

သည့်နောက် ကြိုးပြတ်လို့ တီးမရ အသံမထွက်သည့် ဘင်ဂျိုကြီးကို ဂူပေါ်မှာတင်ပြီး ထ၍ ကနေ၏။

သို့ကလို မူးမူးနှင့် ကနေစဉ် ...

သူရှိရာသို့ လူသုံးယောက်လာနေသည်ကို သူ့မျက်လုံးထဲမှာ ဝိုးတိုးဝါးဝါး မြင်နေရ၏။ မူးပေမင့် သတိက မလစ်သေး။

ဘယ်သူတွေလဲ။

ဟိုတစ်ခါတုန်းကလို သူ့အသက်ကို လုပ်ကြဖို့ လာနေကြရော့သလား။

သူ စူးစိုက်၍ ကြည့်နေလိုက်သည်။ ဆိုကခြင်းကိုလည်း ရပ်၍ အသာကြည့်နေလိုက်သည်။

လူသုံးယောက်။

နည်းသည့်လူကြီးတွေ မဟုတ်ဘူး။ အလို ...

သူတို့ပခုံးပေါ်မှာ တင်းဘုတ်လို အရာကြီးတွေ ထမ်းလာလို့ပါလား။ လာနေကြတာ ... သူ့ဆီကို လာနေကြတာ"

"ဟေ့ ... ရှေ့က ဘယ်သူတုံးကွ"

မောင်ကံကြီးက မကြောက်မရွံ့ လှမ်းအော်မေးလိုက်သည်။ ဒီသင်္ချိုင်း



www.burmeseclassic.com

www.burmeseclassic.com



ထဲ ညအချိန်မတော် လာရဲသူများမှာ ပေါ့သေးသေးမဟုတ်။

"ဟေ့ ... မေးနေတယ်ကွ။ ရှေ့က ဘယ်သူတုံး"

ဒီလိုမေးလိုက်တော့ ခပ်လှမ်းလှမ်း လရောင်အောက်မှာ မြင်နေရသည့် လူသုံးယောက်သည် ရပ်သွား၏။

ရပ်သွားရာမှ ကြီးမားသော ပစ္စည်းကြီးများ ကိုယ်စီ (တင်းဘုတ်) ထမ်းပြီး မောင်ကံကြီးရှိရာသို့ ဦးတည်၍ လာနေကြ၏။

"ဟေ့ကောင်တွေ မင်းတို့ ဘယ်သူတုံး"

"မဖြေဘူးပေါ့"

"တွေ့ကြရောပေါ့ကွာ ... ကိုင်း ..."

မောင်ကံကြီးက အုတ်ဂူပေါ်မှ ခုန်ဆင်းလိုက်ပြီး မြေကြီးခဲကျောက်ခဲများကို ကောက်ယူ၍လည်းကောင်း၊

တွေ့ရာ လူရိုးဦးခေါင်းခွံများဖြင့်လည်းကောင်း၊ ၎င်း ခပ်မည်းမည်းကြီးသုံးယောက်ကို ကောက်ပစ်လိုက်တော့မှ လူမည်းမည်းကြီးသုံးယောက် ပျောက်သွားတော့၏။

"ဟင်း ... ငါ့ကို မင်းတို့ စမ်းလို့ရမလားကွ။ ဟား ... ဟား ဟား ... ဟား ..."

လူလား ... သရဲလား ... ဘာမှန်းတော့မသိ။

ပျောက်သွားကြပြီး။ ပုန်းနေတာလား၊ ပြေးတာလား။

ကံကြီးဘဝမှာ လူလည်း ကြောက်စရာမလိုတော့။ သရဲတစ္ဆေလည်း မကြောက်။

ထို့နောက် အုတ်ဂူပေါ်မှာ ပြန်ထိုင်ပြီး ဘင်ဂျိုကြိုးပြတ်များကို ပြန်ဆက်ရန် စဉ်းစားနေသည်။

"ဂစ် ... ဂစ် ..."

"ဟ ... ဟ ..."

"ဂီး ..."

ကြည့်စမ်း ... ခွေးမသား ငှက်ဆိုးငှက်။ အတင့်ရဲလိုက်တာရယ်။ ပထမ သူ့ဦးခေါင်းပေါ်ကနေ 'ဂစ်' ဟု ဖြတ်အော်သွားသည်။





သို့ကလိုအော်ရင်း ပြန်လှည့်လာပြီး သူ့ဦးခေါင်းကို ခြေနှင့်ကုတ်ကာ 'ဂစ် ... ဂစ် ...' ဟု ထိုးသွားရကား လျင်မြန်စွာ ညာလက်နှင့် လှမ်းဖမ်းလိုက်ရာ လင်ကောင်းပိုးငှက်ဆိုးရဲ့ ခြေအစုံကို ထိသွားခဲ့လေ၏။

ဒီသချိုင်းမှာ နေလာတာကြာပြီ။

ဒီလို သူ့ဦးခေါင်းကို ခြေနှင့်ကုပ်ပြီး ထိုးသည့်ငှက်ဆိုးကို ဒီတစ်ကြိမ်ပဲကြုံရဖူး၏။ ဦးခေါင်းကနေ စပ်ဖျင်းဖျင်းဖြစ်လာသည်။

ဟုတ်ပြီ။

ငှက်ဆိုးရဲ့ ဟစ်အော်ကုတ်ချက်က ဦးရေပြားကို ပြဲသွားပြီ။ စမ်းကြည့်တော့ သွေးစို့နေသည်ကို သိလိုက်ရသည်။

မိထားသည့် ငှက်ဆိုးက မျက်လုံးကိုပြူးပြီး 'ဂီး ... ဂစ်' နှင့် အော်နေ၏။ အော်ရင်းမှ နှုတ်သီးနှင့် သူ့လက်ကို ဆိတ်၏။

"ကိုင်းဟာ ... သေဟ"

မောင်ကံကြီး ဒေါသထွက်ထွက်နှင့် ငှက်ဆိုးရဲ့ ခြေနှစ်ချောင်းကို ကိုင်ပြီး ဂူနံရံနှင့် ရိုက်ပစ်လိုက်သည်။ ဘုန်းခနဲ ... ဘုန်းခနဲ အသံမြည်ပြီး ငှက်ဆိုး ငြိမ်ကျသွားသည်။

သေနေသည့်ငှက်ဆိုးကို အုတ်ဂူမှာပဲချထားပြီး ဘာကြောင့် ဒီငှက်ငါ့ဦးခေါင်းကို ကုပ်ရတာလဲဟု ကြည့်စဉ်းစားနေစဉ်မှာပဲ ...

"ဖလူး ... ဖလူး ..."

"ဟ ... ဟ ..."

"ဖရူး ..."

"ဖရမ်း ... ဖရမ်း ..."

"ဂီး ... ဂီး ... ဂီး ..."

"ဟင် ..."

"ဂစ် ... ဂစ် ... ဂစ် ... ဂစ် ..."

စောစောက ဂူနှင့်ရိုက်လို့ သေနေသည့်ငှက်ဆိုးသည် ရုတ်တရက် အသက်ဝင်လှုပ်ရှားပြီး ထပျံလေ၏။ ငှက်ဆိုးရဲ့ တောင်ပံခတ်သံ ပြင်းပြင်းကို ကြားရ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် ငှက်ဆိုးသည် ဂူရှေ့ကသစ်ကိုင်းမှာ ရပ်နားပြီး ပြူးကျယ်ပြီး အနားကွပ်ပါသည့် မျက်လုံးရဲရဲနှင့် မောင်ကံကြီးကို စိုက်ကြည့်နေရင်းမှ သုတ်ခနဲထပျံကာ ကံကြီးရဲ့ခေါင်းပေါ်ဝဲလို့ အော်လေ၏။ ထိုးလေ၏။ ဘယ်လိုမှ လှမ်းဆွဲ လှမ်းဖမ်းလို့မရ။

ဒါနှင့်အတူ ...

သချိုင်းထဲမှ လူမမာညည်းသံကြီးမျိုးကို ကြားရလေ၏။

"အညည်း ... အညည်း ..."

"အင်း ... ဟင်း ... ဟင်း ... အညည်း ... အီး ... အင်း ဟင်း ... ဟင်း ..."

"အား ... ဟား ... ဟား ... ဟား ... ဟား ... ဟား ..."

"ဟီး ... ဟား ... ဟား ... ဟား ... ဟား ... ဟား ..."

"ဟေ ... ဟေ ... ဟေ ... ဝါး ... ဟား ... ဟား ... ဟား ဟား ..."

"အလို ... ရယ်သံတွေ ..."

"ဘယ်က ရယ်သံတွေ ... ညည်းသံတွေလဲ"

ကံကြီး လက်ကျန်အရက်ကို အကုန်မော့ချလိုက်ပြီး ညည်းသံလာရာအရပ်နှင့် ရယ်သံလာရာအရပ်များကို ခေါင်းလှည့် ရှေ့လို့ ကြည့်လိုက်သည်။

လူရိပ်လူယောင် ဘာမှမမြင်ရ။

သူများ အရက်အရှိန်ကြောင့် အမြင်မှောက် အကြားမှားနေရော့လား။

"ဟေ့ ... ဘယ်သူလဲကွ"

"ဟေ့ ... မေးနေတယ် ... သတ္တိရှိရင် ထွက်လိုက်ဟေ့"

"ကံကြီးကွ ... ကံကြီး ..."

"အင်း ... ဟင်း ... ဟင်း ... ဟင်း ..."

"အူ ... ဝူ ... ဝူ ... ဝူ ..."

"ဟေ ... ဟေ ... ဟေ ... ဟေ ..."





"ဟား ... ဟား ... ဟား ... ဟား ... ဟား ..."

"ဂီး ... ဂီး ... ဂီး ..."

"ဂစ် ... ဂစ် ... ဂစ် ..."

လူညည်းသံ၊ ရယ်သံ၊ ခွေးအူသံ၊ ငှက်ဆိုးထိုးသံများက ချောက်ချားစရာ ကောင်းနေ၏။ အသံတွေက နီးကပ်လာလိုက်၊ ဝေးသွားလိုက်။

သချိုင်းခွေးများကလည်း ဒီညကျမှ ထူးထူးခြားခြား သူ့ကိုကြည့်ပြီး အူနေသည်။ ဘယ်လိုမောင်းမောင်း ဟန့်ဟန့် မပြေးကြ။

သူ အရက်ပုလင်းကို စိတ်တိုတိုနှင့် ကောက်မော့လိုက်သည်။

အရက်တစ်စက်မှ မရှိတော့ပါလား။

စိတ်တိုတိုနှင့် အသံများလာရာသို့ မှန်းပြီး အရက်ပုလင်းနှင့် ကောက်ပစ်လိုက်သည်။ အရက်ပုလင်း အုတ်ဂူတစ်လုံးနှင့် ထိခတ်၍ ကွဲကြေသံကို ကြားလိုက်ရသည်။

ချောက်ချားစရာကောင်းလှသည့် အသံပေါင်းစုံကြောင့် အိပ်လို့လည်းမရ၊ အိပ်ချင်စိတ်လည်း မရှိ။

အရက်သိပ်သောက်ချင်နေသေးသည်။

အရက် ဘယ်လိုရအောင် လုပ်ရမလဲ။

ဟုတ်ပြီ ...။ သူ အုတ်ဂူပေါ်မှ ဘင်ဂျိုကြီးကိုကြည့်ပြီး နှစ်ခြိုက်စွာ ပြုံးလိုက်သည်။ ဒီဘင်ဂျိုကြီးနှင့် မကုလားမတို့ အရက်ပုန်းဆိုင်မှာ လဲသောက်ရလျှင် အရက်နှစ်လုံးတော့ အိုကေမှာ စိုပြေနိုင်သည်။

သူ ရှေးဟောင်းဘင်ဂျိုကြီးကို ညာလက်နှင့်ဆုပ်ကိုင်ပြီး အုတ်ဂူပေါ်မှ အမြန်ခုန်ချလိုက်သည်။ အရက်ခံက ရှိနေသေး၍ လူက မူးယစ်ယစ်မိုက်တိ ဖြစ်နေသည်။

သူ ဘင်ဂျိုကြီးကို ဆုပ်ကိုင်ပြီး ဒယီးဒယိုင်နှင့် သချိုင်းဂူ မြေပုံများကို ကျော်နင်းကွေ့ကွင်း ရှောင်လာလိုက်သည်။

ဒီမှာ မြေပုံဟောင်းဖော်ရင်း တွေ့လို့ စုပုံထားသည့် လူ့အရိုးကို နင်းမိပြီး ချော်လဲသွားသည်။

ချော်လဲရာမှ ဘယ်လက်က ပျော့စိစိ လျှပ်လျှပ်အရာတစ်ခုကို ဆုပ်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်မိလိုက်သည်။

"ဖောက် ..."

"အား ..."

"ဖောက် ..."

"အမယ်လေးဗျာ ... အား ... အ ... အ ..."

လက်ခွကြားမှ မီးစနှင့်ထိုးလိုက်သလို ရှူးချွန်နှင့် စိုက်ချလိုက်သလို ခံစားရပြီးနောက် ဦးခေါင်းတစ်ခုလုံး မိုးကြိုးပစ်ချခံရသလို ခံစားရပြီး မျက်လုံးထဲမှာ လျှပ်စစ်မီးပန်းများ မြင်လိုက်ရသည်။

ကံကြီး သွေးရူးသွေးတန်းနှင့် ကုန်းထပြီး ကြည့်လိုက်တော့ မြွေဟောက်ကြီးတစ်ကောင်က သူ့ရှေ့မှာ ပါးပျဉ်းကြီးထောင်ပြီး ရှူးရှူးနှင့် ယိမ်းထိုးလှုပ်ရှားနေသည်ကို မြင်လိုက်ရသည်။

နားလည်လိုက်ပြီ။

သူ့ကို မြွေဆိုးမြွေဟောက် ကိုက်လိုက်ပေါက်လိုက်ပြီ။

မျက်လုံးများ ပြာလာသည်။ လည်ချောင်းတစ်လျှောက် အသက်ရှူကြပ်သလိုရှိပြီး ချာချာလည်ကာ ဘိုင်းခနဲ ပြန်လဲကျသွားခဲ့သည်။

အားယူ၍ မျက်လုံးကို ဖွင့်ကြည့်သည်။

ကြီးမားသော ပါးပျဉ်းကြီးနှင့် မြွေဟောက်ကြီးက ရှေ့တိုးလာနေသည်။ သူ အော်ဟစ်အကူအညီတောင်းရန် ပါးစပ်ကို ဟကြည့်သည်။ ပါးစပ်ဟ၍ လှုပ်ရှား၍ မရတော့။

အကြောများ လိမ်ကောက်ပြီး နှာခေါင်းနှင့် ပါးစပ်မှ သွေးများစီးကျလာကာ မျက်ဖြူလန်ပြီး တွန့်လိမ် ဖက်ကျိုးကျသွားခဲ့လေသည်။

ခွေးအူသံများ ပို၍ ဆူညံနေ၏။

ငှက်ဆိုးတစ်ကောင်ရဲ့ အားရပါးရအော်ဟစ်သံက သချိုင်းမြေပြင်မှာ ဆူညံနေသည်။ မောင်ကံကြီး ဒီအသံများကို မကြားနိုင်တော့။

သူ့အနီးမှာ ...

ရှေဟောင်းဘင်ကျိုကြီးသည် ကြိုးပြတ်၍ ပက်လက်။

✿ ✿ ✿

| ၃၄ |

❑

မိုးစင်စင်လင်းခဲ့ပြီ။

မိုးလင်းတော့ သုဘရာဇာကိုကျောက်ခဲ မအုန်းမှတ်တို့ရဲ့ မွေးစားသား စဏ္ဍာလမောင်ကံကြီး သချိုင်းကုန်းမှာ မြွေကိုက်ခံရလို့ သေပြီဆိုသည့်သတင်းသည် ရပ်ထဲရော၊ မြို့ထဲမှာ ပျံ့နှံ့သွားလေ၏။

"ကံကြီး သေပြီဆို"

"ပြောသံ ကြားတာပဲကွ"

"ဘယ်သူပြောတာတုံးဟ"

"သူ့မွေးစားအဖေ သုဘရာဇာကြီးကိုယ်တိုင် ပြောတာပဲဗျာ"

"ဒါဆို ဟုတ်လို့နေမှာပေါ့"

လူအတော်များများသည် တစ်ဆင့်စကား တစ်ဆင့်နားနှင့် မောင်ကံကြီးသေပြီဆိုသည့်သတင်းကို ကြားကုန်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ချုတ်ကရားတို့အုပ်စုက ပိုသေချာအောင်သွားကြည့်ကြ၏။

ဟုတ်၏။

မောင်ကံကြီး မြွေပောက်ကိုက်၍ သေသည်မှာ မှန်လေ၏။ ဘယ်ဘက်လက်ခုံမှာ အစွယ်ရာနှစ်ချက်တွေ့၏။ မည်းပြီး ယောင်ကိုင်းနေ၏။

မောင်ကံကြီး အမှန်အကန်သေသည့် သတင်းကြားကြသောအခါ မည်သူမျှ မျက်ရည်မကျကြ။ စုတ်မသတ်ကြ။

မောင်ကံကြီးရဲ့ မွေးစားအမေ မအုန်းမှုတ်ကပင် မျက်ရည်မစို။

"သေမင်းကို သေမင်းက ပြန်ခေါ်သွားပြီဟေ့"

"ငှက်ဆိုး ဖက်ကျိုးပဟာ"

"ဒီလို အကုသိုလ်ကောင် ...ပါးစပ်က သေနိမိတ်စီးနေတဲ့ ကောင်စားမျိုး သေသင့်တာ ကြာပြီဗျ"

"အဲဒီလိုလည်း မပြောကြပါနဲ့ ...မောင်ရင်တို့ရယ်"

"ပြောရမှာ ...ဘကြီးမိုးရ။ ဒီကောင့်ကြောင့် သေရသူ နည်းရော့လား"

"အေးပေါ့ကွယ် ...ဒါကလည်း အကြောင်းတိုက်ဆိုင်လို့ နေမှာပေါ့။ လူမှန်ရင် သေမှာချည်းပါပဲ။ သေချိန်တန် သေရတာ။ ဘယ်သူဘယ်ဝါ စီရင်လို့၊ ကျိန်ဆဲလို့ နိမိတ်ဖတ်လို့၊ ပြုစားလို့ စသည် တွေးရင်ပြောရင် သူ့အကုသိုလ်က ကိုယ့်အကုသိုလ် ဖြစ်ရောကွယ့်။

လူတစ်ယောက်သေတာကို ဝမ်းသာကြမည့်အစား ဒါ အနိစ္စ – အမြဲမရှိ၊ ဒုက္ခ–ဆင်းရဲ၏။ ဒါ အနတ္တ – ကိုယ့်ကိုယ်ကိုမပိုင်သည့်ဘဝ ပါလားလို့ တရားတွေ မြင်ကြရှုကြ။ ကုသိုလ်ဖြစ်ပါတယ် ...လူကလေးတို့ရယ်။ ဘာပဲဖြစ်ဖြစ် မောင်ကံကြီးလည်း ပျက်ချိန်တန်လို့ ပျက်ရတာ။ ဒါ အနိစ္စပဲလေ။ အင်း ...ဘုရား ...ဘုရား ...ဘုရား ..."

ဘကြီးမိုးက ဘုန်းကြီးလူထွက်ပီပီ တရားနှင့်ရှု၏။ လူအတော်များများကမူ ဝမ်းသာကြလေ၏။

မောင်ကံကြီးရဲ့ အသုဘသို့ သူနှင့် သောက်ဖော်သောက်ဖက်များပင် မလာကြ။





မောင်ကံကြီးရဲ့ မွေးစားအဖေနှင့် အမေက ကမ္ဘာထပြု၍ ဘုန်းကြီးတစ်ပါးနှင့် ရေစက်ချ၏။ ခေါင်းမပါဘဲ မြှုပ်ရန် ပြင်ဆင်၏။

ထိုသို့ ဆိုင်းမပါ၊ ဘုံမပါ၊ လူမလာ ရေစက်ချတရားနာနေစဉ် ဦးစွာ လူသုံးယောက်တို့ ဝင်လာလေ၏။

သုံးယောက်ကား ...

အောင်ရွှေ အောင်ဖေနှင့် သူဌေး ဦးရွှေပလတို့ ဖြစ်ပေ၏။ သူတို့သုံးဦးစလုံး ဦးနှောက်မှန်သူများ မဟုတ်ကြ။

မြို့က အရပ်က သူတို့သုံးဦးကို ရူးသွပ်သွားကြသူများဟု ခေါ်ကြ၏။ ကြည့်လေ ...သုံးယောက်စလုံး ကျောပေါ်မှာ အကျီမပါကြ။ နေလောင်အသားနှင့် ရဲပြီး ချေးတင်နေ၏။ နံစော်နေ၏။ ဆံပင်ရှည်များက ကျောပေါ်မှာ ဖားလျားကျနေ၏။

အရူး (စိတ်မနှံ့သူ) သုံးဦးသည် ကျောက်တလားခုံပေါ်မှာ တင်ထားသည့် ကံကြီးရဲ့ အလောင်းမျက်နှာကို မဝံ့မရဲနှင့် စိုက်ကြည့်ကြ၏။

ဦးကျောက်ကွဲက သူတို့ကိုသိသည်။

ကံကြီးရဲ့ သူငယ်ချင်းနှစ်ယောက်။ အောင်ရွှေနှင့် အောင်ဖေ။

"အောင်ရွှေ ...အောင်ဖေ ...ဒါ မင်းတို့သူငယ်ချင်း ကံကြီးပဲ"

"ကံ ...ကြီး ...ကံ ...ကြီး ..."

"ဟုတ်တယ် ...မင်းတို့သူငယ်ချင်း သေဆုံးသွားပြီ"

"သေပြီ"

"ဆုံး ...ပြီ ...ဟုတ် ...လား"

"အိမ်း ..."

ဒီနောက် သူတို့သုံးယောက်သည် ကံကြီးရဲ့မျက်နှာကို ရဲရဲဝံ့ဝံ့ အနီးကပ်ကြည့်လိုက်ပြီး အော်ဟစ်ကြတော့၏။

"ကံ ...ကြီး ...သေ ...ပြီ"

"မောင် ...ကံ ...ကြီး ...အမှန်တကယ် ...သေ ...ပြီ"

"ကံကြီး ...သေပြီဟေ့"



www.burmeseclassic.com

www.burmeseclassic.com



"ကံကြီး ... သေပြီကွ"

"ကံကြီး ... သေပြီဟေ့"

စိတ်မန္တသူ သုံးဦးသည် ပါးစပ်မှ ကံကြီးသေပြီဟေ့ကို အကြိမ်များစွာ အော်ဟစ်ရင်း မြေကြီးထဲရောက်သွားသည့် ကံကြီးရဲ့အလောင်းပေါ်သို့ မြေကြီးကျစ်တခဲများကို ပစ်ပစ်ချကြ၏။

ချရင်းကလည်း ကံကြီးသေပြီဟေ့ကို အဆက်မပြတ် အော်ဟစ်နေကြ၏။

ဒီမှာပဲ ...

ဆံပင် လိန်ကောက်ကောက်၊ ပါးမြိုင်းမွေးနှင့် အဝါရောင် အကျီရှည်ကြီးဝတ်ထားသော ဆာဒူးလိုအဘိုးကြီး ရောက်ချလာပြီး ဦးစွာ ... သံယာတော်ကို ရိုသေစွာ ဦးချ၏။

သည့်နောက် ...

မောင်ကံကြီး မြေမြှုပ်သင်္ဂြိုဟ်သည့်နေရာကို ရောက်ရှိလာပြီး မြေကြီး ခဲတစ်ခဲကို ကောက်ယူ၍ ကျင်းထဲသို့ ပစ်ချလိုက်၏။

ဆာဒူးကြီးသည် ...

'မောင်ကံကြီး သေပြီဟေ့' ကို ပါးစပ်က အဆက်မပြတ်အော်ရင်း မြေကြီးများ ဝိုင်းဖို့နေသည့် အရူးသုံးယောက်ကို ကြည့်ပြီး ခေါင်းတညိတ်ညိတ် လုပ်နေ၏။

မောင်ကံကြီးမြေပုံ ပုံပေါ်လာ၏။

သည့်တော့မှ အားလုံး မြေဖို့ခြင်းကို နားလိုက်ကြ၏။

"မောင်အောင်ရွှေနဲ့ မောင်အောင်ဖေ ..."

"ဗျာ ... ဗျာ ... ဗျာ ..."

"မင်းတို့ညီအစ်ကိုရော ဒီက ဆရာကြီးကိုရော ကျေးဇူးတင်ပါတယ်"

"ကံကြီး ... သေပြီဗျ"

"အေး ... ဟုတ်ပါတယ်"

"သူ တကယ်သေတာ သိလား"





"ဟုတ်ပါတယ်ကွာ"

"သူ သေတော့လည်း သေတာပဲဗျ နော"

"အေး ... ဟုတ်တယ် ... ဟုတ်တယ်"

အရူးသုံးယောက်ရဲ့ တစ်ယောက်တစ်ပေါက် စကားများကို နားထောင်ရင်း ကိုယ်ပါ ရူးချင်သလိုလို ဖြစ်လာ၍ ဦးကျောက်ကွဲက သချိုင်းဇရပ်ကို ပြန်လာနားလိုက်သည်။

ဒီမှာ ဆာဒူးအဘိုးကြီးက ဦးကျောက်ကွဲကို တားလေ၏။

"နောင်တော်ကြီး ခင်ဗျား"

"ဘာတုံး ... ဆာဒူးကြီး"

"နောင်တော်ကြီးက ကွယ်လွန်သူ မောင်ကံကြီးရဲ့ ဖခင်ပါလား ခင်ဗျာ"

"ဟုတ်ပါတယ် ...။ ကျုပ်က မောင်ကံကြီးရဲ့ မွေးစားဖခင်ပါ။ ဘာကိစ္စရှိသေးလို့ပါလဲ ဆာဒူးကြီး"

"မောင်ကံကြီးမှာ ဘင်ဂျိုတစ်လက် ရှိသေးရဲ့လား"

"ရှိပါတယ် ... ရှိပါတယ်"

"ကျွန်ုပ် အဲဒီဘင်ဂျိုကို ပြန်အလိုရှိပါတယ် နောင်တော်ကြီး"

"ခင်ဗျာ ... ဒီဘင်ဂျိုက ..."

ဒါနဲ့ ဆာဒူးကြီးဦးဆာမိက မောင်ကံကြီးနှင့် သူ တွေ့ဆုံပုံမှသည် မောင်ကံကြီးရဲ့ကံကြမ္မာကို ကြိုသိသလိုရှိနေ၍ ကောင်းမွန်စွာ နေထိုင်ရမည့် နည်းလမ်းများကို ပြောဆိုဆုံးမ လမ်းညွှန်ပြပါသော်လည်း ...

လုံးဝလက်မခံဘဲ ...

သူ့ရဲ့ဘင်ဂျိုကိုပါ မောင်ကံကြီး လုပြေးသွားသည့်အကြောင်း ပြောပြခဲ့လေ၏။

"သည့်တုန်းက မောင်ကံကြီး တီးချင်ဆိုချင်လို့ ယူသွားတာပဲလို့ သဘောထားပြီး ကျွန်ုပ် လိုက်မတောင်းခဲ့ပါဘူး။ အခု သူ ကွယ်လွန်အနိစ္စ ရောက်သွားပြီဆိုတော့ ဒီဘင်ဂျိုကြီးဟာ သူ့အတွက်လည်း အသုံးမဝင်တော့ပါဘူး။ ကျွန်ုပ်အတွက်ကတော့ ထာဝစဉ် အသုံးဝင်နေမှာမို့ ဖြစ်နိုင်ရင်



www.burmeseclassic.com

www.burmeseclassic.com



သုဘရာဇာ ဦးကျောက်ကွဲဟာ ဆာဒူးရဲ့နှုတ်က ရှင်းပြချက်များကို ကြားသိရတော့ ...

ဆာဒူးကြီးကို အားလည်း အားနာ၊

ကိုယ့်သားရဲ့ လုပ်ရပ်ကိုလည်း ရှက်လည်းရှက် ဖြစ်ခဲ့ရလေရဲ့။

သည့်နောက် ...

မောင်ကံကြီးကိုင်ခဲ့သည့် ကြိုးပြတ်နေသည့် ဘင်ဂျိုကြီးကို ယူပြီး အဝါရောင်အကျီကြီးနဲ့ ဆာဒူးသူတော်စင်ကြီးရဲ့ လက်ထဲကို ရိုရိုသေသေ ပြန်လည်ပေးအပ်ခဲ့လိုက်လေသည်။

"သာဓု ... သာဓု ... သာဓု ... နောင်တော်ကြီး ... သင်ကား ... ဆင်းရဲနိမ့်ကျလှသည့်ဘဝကို ရောက်နေသည့်တိုင် စိတ်ထားနှလုံးသား ပြည့်ဝသူ အစစ်အမှန်ဖြစ်လေ၏။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဤကောင်းမှု ကိုယ်စိတ် စေတနာကံများက သင်တို့ ဖနီးမောင်နှံအား ကေနမုချ ကောင်းကျိုးသုခကို ဖန်တီးပေးပါလိမ့်မည် သုဘရာဇာ နောင်တော်ကြီး။

ဆာဒူးကြီး ဦးဆာမိသည် သို့ကလိုပြောပြီးနောက် ဘင်ဂျိုကိုယူပြီး ပြန်လှည့်ရန် ပြင်လိုက်သောအခါ ...

သူ့အား လက်အုပ်ချီ၍ အရိုအသေပြုနေသော စိတ်မနှံ့သူ သူရူးလူရွယ်သုံးဦးကို မြင်ပြီး လွန်စွာ သနားကရုဏာ ဖြစ်သွားရလေ၏။

"ဆာ ... ဒူး"

"ဘာတုံး ... လူကလေးတို့"

"မောင်ကံကြီး ... သေပြီ"

"အိမ်း ... ဟုတ်တယ်"

"သူ ... သူ ... ကြောက်စရာ ကောင်းတယ်"

"အိမ်း ..."

"အခု ... သူ ... သူ ... မြေကြီးထဲ ရောက်သွားပြီ"

"အိမ်း ..."

"တကယ်သေပြီ ဆာဒူး"





"အိမ်း ..."

"ကျွန် ... တော် ... အလှည့် ဘယ်တော့လဲ ... ဟင် ... ဟင် ..."

သူတို့သုံးဦးသည် လက်အုပ်ချီ၍ စိုးရိမ်သောကများသည့် လက္ခဏာနှင့် ဆာဒူးကြီးကို အားကိုးသလို မေးနေ၏။

"လူလေးတို့ ..."

"ခင်ဗျာ ... ဆာဒူးကြီး"

"လူလေးတို့ ... အခု သေချင်ကြလား"

"ဟင့်အင်း ... မသေချင်ဘူး"

"မသေ ... ချင် ... ဘူး"

"နိုး ... နိုး ... I don't No."

"ဒါဖြင့် ဘယ်တော့ သေချင်ပါသလဲ၊ ပြောပါ ..."

"မသေချင်ဘူး ...။ အကြာကြီး ... နေ ... ချင် ... တယ် ဆာဒူး"

"မသေချင်ရင် ... မသေဆေးရှိတယ်"

"ဗျာ ... မသေဆေးရှိတယ်။ ဟုတ်လား ..."

"ကျွန်တော် ... စား ... ချင်လိုက်တာ ... အဘရာ"

"ဝယ် ... ဝယ်လို့ ... ရမှာလားဟင် ... အဘ ဆာဒူး"

"အိမ်း ... ဒီမသေဆေးက ဝယ်လို့မရဘူး။ တောင်းလို့မရဘူး။ တိုက်ယူလုယူလို့ မရဘူး။ ကိုယ်တိုင် ဖော်စားရမှာကွ"

"ကိုယ်တိုင် ..."

"အိမ်း ..."

"ဘယ်လို ... ဖော်ရမှာတုံး အဘရဲ့"

"လင်မီးတို့၊ ဘုမ္မရာဇာတို့၊ တောကြက်ဥတို့ ပါသေးလားဟင်"

"မပါဘူး။ မင်းတို့စားရမည့် ဆေးအမည်က ရတနာမြတ်သုံးပါး ဆေးတဲ့ကွ"

"ဗျာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို ယုံကြည်စွာ ဆည်းကပ်ကိုးကွယ်။ ပဉ္စသီလ ငါးပါးဖြစ်တဲ့ သူ့အသက် မသတ်ရ၊ သူ့ဥစ္စာ မခိုးရ၊ သူတစ်ပါးသားမယား ပြစ်မှားစော်ကားခြင်း မပြုရ၊ လိမ်လည်လှည့်ဖြားခြင်း၊ ကောက်ကျစ်စဉ်းလဲ မှသားစကား မပြောရ၊ သေရည်သေရက် သောက်စားမူးယစ် ရမ်းကားအမူ မပြုရ။ အဲဒီဆေးတွေကို နေ့စဉ် သောက်ရမယ်"

"သောက်ရင် ဘာဖြစ်မှာလဲဟင်"

"အသက်ရှည်မှာပေါ့။ နောက်ပြီး ဗြဟ္မာစိုရ်တရားလေးပါး လက်ကိုင်ထားရမယ်။ ဗြဟ္မစိုရ်တရား လေးပါးဆိုတာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတဲ့။ မေတ္တာ-ချစ်တတ်ရမယ်၊ ကရုဏာ-သနားကြင်နာတတ်ရမယ်၊ မုဒိတာ-ကိုယ်ချင်းစာနာတတ်ရမယ်၊ ဥပေက္ခာ-ဖြစ်တတ်သော သဘော ညည်းပါပဲလားလို့ နှလုံးသွင်းတတ်ရမယ်။ ဒီဆေးလေးလုံးကို နေ့ရောညရော သောက်ရမယ်"

"သောက်ရင် ဘာဖြစ်မှာလဲဟင်"

"အသက်ရှည်မယ်၊ အနာကင်းမယ်"

"မသေတော့ဘူးပေါ့နော် ... ဘဆာဒွေး"

"လုံးဝ မသေသည့် ဆေးရှိသေးတယ်"

"လုပ်ပါ ... ကျွန်ုပ်တို့ စားချင်လွန်းလို့ပါ အဘရာ"

"အဲဒီဆေးက ဒါန၊ သီလ၊ ဘာဝနာလို့ခေါ်သည့် ဆေးကို သမာဓိအားကောင်းကောင်းနဲ့ မျိုချပြီးရင် မင်းတို့ လုံးဝ မအိုမနာ မသေတော့ဘူး။ ကြားလား ..."

"ကြားတယ် ခင်ဗျ"

"သောက်မှာလား"

"သောက်မယ် ခင်ဗျ"

"စားမှာလားကွယ်"

"စားပါ့မယ် ... အဘဆာဒွေးခင်ဗျ"

"ကိုင်း ... လက်အုပ်ချီကြ။ ဘုရားအာရုံပြုကြ။ ကိုင်း ... ဒီနေ့





ကစ၍ ဤသားသမီးတို့သည် အမြင်မှန်များရကြ၍ ကောင်းသောစကား ကောင်းသောအမှုကို နေ့စဉ်ပြု၍ ရတနာမြတ်သုံးပါး ဘုရားဆေး၊ ဩသဓကို မှီဝဲပါမည် ဘုရား။

ဤသစ္စာစကားကြောင့် ဝဋ်နာရှိပါက ဝဋ်နာကို ပျောက်ကင်းပါစေ။ ကံအကြွေးအနာရှိပါက ကံကြွေးများ ကြေ၍ ရောဂါပျောက်ပြီးလျှင် ဘုရားသာသနာအဆက် သိကြားသာသနာမှာ လူတော်လူကောင်းများဖြစ်ပြီး ကောင်းသောအတိတ်၊ ကောင်းသောနိမိတ်နှင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပါစေဗျာ။ သာဓုခေါ်ကြ ... သားတို့"

"သာဓု ... သာဓု ... သာဓု ..."

အောင်ရွှေတို့ စိတ်မနှံ့သူသုံးဦးသည် သူတို့ကြောက်လန့်နေရသည့် မောင်ကံကြီးသေပြီဟု ကြားသိမြင်သည်နှင့် တုန်ခါနေသော ရင်နှလုံးတို့ ငြိမ်သက်စပြုလာ၏။

သည့်နောက် ဆာဒွေးသူတော်စင်ကြီး၏ မေတ္တာဆေးကို သောက်သုံးရသောအခါ နှလုံးစိတ်ဝမ်းတို့ အေးချမ်းပြီး အသိတရားတို့ ပြန်လည်သက်ဝင်စီးကူးကာ ...

ရှက်ခြင်းနှင့် ကြောက်ခြင်း၊

ဟိရိနှင့် ဩတ္တပ္ပတရားများက လူ့လောက ရပ်စခန်းရှိရာကို ပြန်လည်လမ်းညွှန် ခေါ်ယူခဲ့လိုက်လေပြီ။

✿ ✿ ✿

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# [ ၃၅ ]

❑

ဘင်ဂျိုသံ ကြားလိုက်ရသည်နှင့် ကလေးများ အရင်ပြေးထွက်ကြည့်ကြ၏။

"အမေရေ … အမေ …"

"ဟဲ့ … ဘာတုံး … ဘာတုံး …"

"ဟို အဆိုတော်ကြီး မယ်ဒလင်ပြန်တီးနေပြီဗျ"

"ဟဲ့ … ဘယ်သူတုံး … ကိုစိန်ဝင်းမော်လား၊ ကိုသောင်းဟန်လား"

"ဟာ … အမေကလည်း ဆံပင်လိမ်ကောက်ကောက်နဲ့ ကုလားအဘိုးကြီးကို ပြောနေတာ။ ဟော … ကြားလား … လာ … အမေ ထွက်ခဲ့စမ်းပါဗျ"

ကလေးငယ်က ဟင်းရွက်သင်နေသည့် မိခင်လုပ်သူကို အတင်းလက်ဆွဲ၍ ခေါ်၏။





ထွက်ကြည့်လိုက်တော့ ဟိုဆာဒူးအဘိုးအိုဘကြီး။

ဟုတ်ပတော်။

ကြည့်စမ်းပါ့ …။ လက်ထဲမှာ ဘင်ဂျိုကြီးနဲ့ တီးလို့ဆိုလို့။

ဟိုနေ့တွေတုန်းက သူ့လက်ထဲမှာ ဘင်ဂျို မမြင်ရဘူး။ ပါးစပ်နေပဲ ဓမ္မတေးသီချင်းများ သီဆိုပြီး အလှူခံနေတာ။

'အဘ … ဘင်ဂျိုကြီးရော' လို့ ဝိုင်းမေးတော့ …

'ကလေးတစ်ယောက် လိုချင်တယ်ဆိုလို့ ပေးလိုက်တယ်' ဟုသာ ပြော၏။ မည်သူ့ကိုပေးလိုက်မှန်း မသိ။

ဆာဒူးကြီးရဲ့ဘင်ဂျို သေနိုမိတ်စီး မောင်ကံကြီးလက်ထဲ ရောက်နေတာ မြင်ရတော့ အားလုံး အံ့သြ၏။ ဆာဒူကြီးကပဲ ပေးလိုက်တာလား၊ ဒါမှမဟုတ် ဆာဒူးကြီးလက်ထဲက လုယူသွားရော့သလား။ ကံကြီးကတော့ ဆာဒူးကြီးထံက ပိုက်ဆံနှင့် ပေးဝယ်လာတာဟု ပြောသည်တဲ့။

ဒါနှင့်အတူ ဟိုနေ့က ကံကြီးကိုမြွေကိုက်၍ သေသွားပြီဟု မြို့ထဲရပ်ထဲ ပြောသံကြားရ၏။ အချို့ကမယုံ။ တစ်ခါတုန်းကလည်း ကံကြီးသေပြီဟု သတင်းကြီးခဲ့ဖူး၏။

နောက်ပိုင်း ဘယ်မှာသေလို့လဲ။

အခု ဆာဒူးကြီး ဘင်ဂျိုကိုတီးပြီး မဂ်လာရှိသောသီချင်းများကို ဆို နေကြသည့်အတွက် တီးကွက်လက်သံနှင့် သီချင်းကြိုက်သူများက လိုလိုလားလား ပြေးထွက်ကြည့်ကြ၏။

ဆာဒူးအဘိုးကြီး ဆာမိကြီးသည် ညောင်ပင်အောက်က ခုံရှည်မှာ အဝါရောင် သင်တိုင်းရှည်ကြီးဝတ်၍ ထိုင်၏။ ထိုင်ရင်းက သီချင်းတစ်ပုဒ်ကို မပီဝဲဝဲနှင့် သီဆိုနေ၏။

သူ့ဝန်းကျင်မှ လူအများက ဝိုင်းဝန်းအားပေးကြည့်ရှုလို့။

ဆာဒူးအဘိုးကြီးဆိုသည့် သီချင်းကား နန်းတော်ရှေ့ဆရာတင် ရေး၍ ခေတ်ဟောင်းအဆိုတော်ကြီး ဒေါ်ကြည်အောင်သီဆိုသည့် အောင်နိမိတ်သီချင်း ဖြစ်လေသည်။

"ကျက်သရေ ××× မင်္ဂလာ ××× နေ့တိုင်းညတိုင်း ×××



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတဲ့ ××× ကောင်းတဲ့စကားကို ××× (ဖျိုကြည်အောင်)
ပြောကြားပါတော့ ××× သောတရှင် ×××
မဟာမိတ်အများ ××× ပျော် ×××''

မပိုကလာ ပီကလာနှင့် ဆိုနေသည့်အသံကိုက စိတ်ဝင်စားစရာ ကောင်းနေ၏။ သီချင်းစာသားများကလည်း အဓိပ္ပာယ် လေးနက်သည်မို့ လူရွယ်လူကြီးများက အထူးဂရုပြု၍ နားထောင်ကြလေ၏။

''ဩော် ××× မှန်းချိန်ဆလို့မျှော်ကာ ×××
ကပ္ပိလ္လာနဲ့အနော်ဇာ ××× ကျုန်းမာချမ်းသာ ×××
စန်းဇာတာတွေကောင်း ××× အကြောင်းကဲလွန်စွာ ×××
မရှိတဲ့စကားများကို ××× မကြားရတဲ့သူတွေပါ ×××
မကောင်းတဲ့စကားများကို ××× မကြားရတဲ့သူတွေပါ ×××
စိန်တွေပေါ ××× ရွှေတွေပေါ ××× ငွေတွေပေါ ×××
စေတနာဇော ××× လောကီ လောကုတ္တရာ ×××''

''ဟေး ... အေးကြည်''

''ဘာတုံး ... မရွှေ''

''ဒီတစ်ခါ ဘဆာဒူးဆိုတဲ့သီချင်းက ထူးသဟဲ့''

''ဟုတ်တယ် ... မကြည်ရဲ့။ နားထောင်ပါရစေဦးတော်''

'' ××× စေတနာ စာ ××× ခြွေရံကာ ဝေသန္တရာ ×××
အလောင်းတော်ကြီးလို ××× အပေတယံဂါထာကျူး ×××
အထူးထူးမကောင်းတဲ့ မိစ္ဆာတွေ ××× အမှန်ကင်းစင်လို့သာ×××
ကောင်းတဲ့နိမိတ်ကောက်လျှင် ××× အရိပ်နောက်ကို အရောင်လာ
ဖျိုကြည်အောင် (ကျွန်တော်ဆိုတဲ့စကား) ×××
ရွှေနားတော်ဆင်ကြပါ ×××''

အဲဒီအချိန်မှာ သန့်သန့်ပြန့်ပြန့်ဝတ်ထားသည့် လူရွယ်နှစ်ဦးရယ် ဦးမြည်းအသစ်စက်စက်နဲ့ ဦးဖင်းကြီးတစ်ပါးရယ် ...

နုရွယ်ပျိုမျစ်သည့် သီလရှင်ချောချောလေးတစ်ပါး ...

သူတို့အသီးသီးဟာ သီချင်းဆိုနေသည့် ဆာဒူးကြီးနှင့် မလှမ်း





မကာမ်းကို ရောက်လာကြသည်။

လူရွယ်နှစ်ဦးက လက်အုပ်ချီ၍ ငွေစက္ကူအချို့ကို သီချင်းဆိုနေသည့် ဆာဒူးရဲ့ ဘင်ဂျိုပေါ်ကို ရိုရိုသေသေ တင်လိုက်၏။

ဆာဒူးကြီးက မြန်မာသံ မပီတစ်ချက် ပီတစ်ချက်နှင့် ဘင်ဂျိုကို တီးပြီး ဆက်ဆိုနေ၏။

''အခါရွှေးလို့ ××× မရေသေးသော စည်းစိမ်ဥစ္စာတိုးပါလို့ ×××
တန်ခိုးတွေပေါ ××× အန္တိမဘဝကံ ××× အဘိဓမ္မဒေသနာတော်
ဖောင်ယဉ်ကျော်နဲ့သာ ×××
အမတခေမာ ××× ထူးထူးမြတ်မြတ် နိဗ္ဗူတာကို ရောက်ကြပါစေ
တောင်းဆုရွေခဲ့တာ ××× စာတန်းစာတန်းပေါ်ထွက်လာ ×××
ဆရာနန်းတော်ရှေ့ရေးပေရှာ ××× ဘုန်းတော်ခြောက်ဆူ ×××
ဂုဏ်တော်အနန္တ ××× ဘုရားမ,တာ ××× တရားမ,တာ ×××
သံဃာတော်မြတ်တို့ မ,တော်မူပါ ××× နေ့တိုင်း ဒါနသီလ ဘာဝနာ
အားပေးလက်ခံ ကုသိုလ်ရေးကြောင့် ××× ဝေဝေဆာဆာ ×××
စေတနာ အထူးထူးတွေနဲ့ ရှင်မြူးပါတဲ့ ပီတိဖရဏာရှိပြီးသော
ဥစ္စာတွေ ××× တာရှည်စွဲပြီး ××× ကြာလေမြဲလေ ×××
ကောင်းကျိုးပေးပါစေသား ×××''

''ကောင်းလိုက်တာဗျာ''

''ကောင်းတဲ့ နိမိတ်ကောက်လျှင် ×××
အရိပ်နောက်ကို အရောင်လာ ××× ကျွန်တော်ဆိုတဲ့စကား ×××
ရွှေနားတော်ဆင်ကြပါ ×××

ဆာဒူးအဘိုးကြီးသည် ၎င်းအပိုဒ်ကို ခုံရှည်ပေါ်မှာရပ်ပြီး အကြိမ်ကြိမ်အခါခါဆို၏။ ဝိုင်းကြည့်နားထောင်ကြသည့် အရပ်လေးမျက်နှာမှ လူများရဲ့မျက်နှာကို လှမ်းကြည့် စိုက်ကြည့်ပြီး ပြန်ကျော့ဆိုနေ၏။

အားလုံးက နားထောင်ရင်း တွေးကြ၏။

တွေးရင်း သဘောပေါက်သွားကြသည်။

ကောင်းသည့် နိမိတ်ကောက်လျှင် အရိပ်နောက်မှာ အရောင်ပါ



www.burmeseclassic.com

www.burmeseclassic.com



သတဲ့။

နန်းတော်ရှေ့ဆရာတင် ရေးခဲ့သည့်စာသား။

ဆာဒူးသူတော်စင် အဘိုးသီဆိုနေသည့်စာသား။

အားလုံး ရင်ထဲမှာ ဆုံးဖြတ်ချက်အသီးသီး ချကြစဉ် . . .

"အတိတ်ကောင်းနိမိတ်ကောင်း စကားကို ဒီနေ့ကစ ဆိုကြစို့ရဲ့။

ငါတို့ ကျန်းမာပြီ ×××

ငါတို့ ချမ်းသာပြီ ×××

ရွှေမိုးငွေမိုး ရွာတော့မည် ×××

တိုင်းပြည်မြို့ရွာ အေးချမ်းသာယာ ငြိမ်းချမ်းတော့မည် ×××

ထမင်းရေချောင်းစီး မောင်းတီးလှူရတော့မယ် ××× ဟေ့ ××"

သီချင်းဆုံးသွားပြီးသောအခါ နားထောင်သူအသီးသီးတို့က ငွေကြေးပိုက်ဆံများ လှူဒါန်းကြ၏။ စားစရာများ ပေးကမ်းကြ၏။

ဦးပြည်းအသစ်နှင့် ဦးပဥ္စင်းကြီးက ထန်းလျက်ခဲတစ်ထုပ်ကို ပေးလှူရင်း . . .

ဆာဒူးကြီးအား ကျန်းမာချမ်းသာပါစေဟု မေတ္တာပို့၏။

ချောမောလှပသော သီလရှင်ကလေးကလည်း ငွေစက္ကူတစ်ရွက်ကို ဆာဒူးသူတော်စင်ကြီးအား လှူဒါန်းပြန်သည်။

ထိုသူများကို စာဖတ်သူတို့ မှတ်မိချင်မှ မှတ်မိပေလိမ့်မည်။ ထိုသူများကား အခြားမဟုတ်။

သေနိမိတ်စီး မောင်ကံကြီး အမှန်တကယ် သေပြီကို မျက်မြင်ကိုယ်တွေ့ကြုံပြီး ကြောက်စိတ်များလွင့်ပြယ်၍ စိတ်နောက်ခြင်းမှ ပျောက်သွားသည့် . . .

အောင်ရွှေနှင့် အောင်ဖေတို့ညီအစ်ကို၊

ဦးပဥ္စင်းကြီးကတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို သဘောပေါက်ပြီးကိလေသာ အနှောင်အဖွဲ့မှ ရုန်းထွက်သွားနေသည့် သူဌေးကြီး ဦးရွှေဗလ။

ချောမောလှပသည့် သီလရှင်ကလေးက . . .

အကြော်သည်မလေး မမွှေးထုံခေါ် မပညာသီရိ။ သူတို့အားလုံး





ကို ကြည့်ပြီး ဆာဒူးသူတော်စင်ကြီးက ဘင်ဂျိုကြီးကို ရင်မှာ မြတ်နိုးစွာပိုက်လို့ လက်အုပ်ချီ၍ ပြန်လည် ဂါရဝပြုလိုက်လေ၏။

ရင်းနောက် ဆာဒူးသူတော်စင်ကြီးသည် စွန့်ကြဲပေးကမ်းကြလို့ရလာသည့် ငွေစက္ကူများကို ဆုပ်ကိုင်ပြီး ပဲ့ိုးရှေ့က ရွှေရောင်တဝင်းဝင်းနှင့် ဘုရားရှိ အလှူခံမဏ္ဍပ်သို့ သွားနေ၏။ ရောက်ရှိသွား၏။

"ကျွန်ုပ် ဝတ္ထုငွေ လှူဒါန်းချင်လို့ပါ"

အလှူခံမဏ္ဍပ်မှ ဂေါပကများက ဘင်ဂျိုကြီးပိုက်ထားသည့် ဆာဒူးကြီးကို ကြည့်နေကြ၏။

"ဟုတ်ကဲ့ . . . အမည်လေး တဆိတ်ပြောပါ ခင်ဗျာ"

"ဆာမိလို့ ခေါ်ပါတယ်"

"နေရပ်လိပ်စာကရော ဦးဆာမိခင်ဗျာ"

"အမှတ်မရှိ၊ လမ်းမရှိ၊ ကြုံရာကျဘန်းမြို့လို့ ရေးပါ"

"ဗျာ . . . ဟုတ် . . . ဟုတ်ကဲ့ပါ . . . ခင်ဗျာ . . . ဒါနဲ့ အလှူငွေဘယ်လောက်လို့ ရေးရပါ့မလဲ ဆာဒူး"

"ဆာဒူးကြီး ဦးဆာမိက သင်တိုင်းအဝါရောင် အကျီရှည်အိတ်နှင်ဖက်မှ ငွေစက္ကူအားလုံးကို နှိုက်၍ အလှူခံစားပွဲပေါ်မှာ စုပုံလိုက်ပြီးရေတွက်လိုက်၏။

"အားလုံး ၁၁ုံးထောင့်နှစ်ရာ ငါးဆယ်ကျပ်ပါ"

"တစ်ခုတော့ ရည်ညွှန်းချက်လေးရေးပါ လူကြီးမင်းတို့ ခင်ဗျာ"

"ပြောပါ ဆာဒူး။ ဘယ်သူ့ကို ရည်စူးပြီး လှူဒါန်းတယ်လို့ ရေးရမှာပါလဲ ခင်ဗျာ"

"ကွယ်လွန်သူ မောင်ကံကြီးကို ရည်စူး၍လို့ ရေးပါ"

"ဗျာ . . ."

"ဘယ်လို . . ."

"ဆာဒူး . . ."

"ခင်ဗျာ . . . ဆရာတို့ ဘာပြောတာပါလဲ"

"ဟို . . . ကွယ်လွန်သူ မောင်ကံကြီးဆိုတာ ဟို ဆင်ကျကျန်း



www.burmeseclassic.com

www.burmeseclassic.com



သချိုင်းက သုဘရာဇာ ကြီးသား သေနိမိတ်စီး မောင်ကံကြီးဆိုသူကို ရည်ညွှန်းတာပါလား ခင်ဗျာ''

''ဟုတ်ပါတယ် . . . ခံ . . . ဗျာ''

''ဆာဒူးကြီး ခင်ဗျာ''

''ဟုတ်ကဲ့ . . . ပြောပါ''

''မောင်ကံကြီးနဲ့ ဆာဒူးကြီးနဲ့ ဘယ်လိုများ ဆွေမျိုးတော်စပ်ကြပါသလဲ ခင်ဗျာ''

ဆာဒူးသူတော်စင်ကြီးသည် ဝိုင်းကြည့်မေးမြန်း စူးစမ်းသူများရဲ့ မေးချက်ကို ပြန်မဖြေတော့ဘဲ အလှူခံဖြတ်ပိုင်း စာရွက်လေးကို လှမ်းယူလိုက်ပြီး အလှူခံမဏ္ဍပ်မှ လှည့်ထွက်ခဲ့လိုက်၏။

ဂေါပကလူကြီးများက ဆာဒူးကြီးရဲ့ နောက်ကျောကိုကြည့်ပြီး အံ့သြစကားများ တွတ်ထိုးကြ၏။

ဆာဒူးကြီးက ဘုရားရှပ်ပွားတော်များကို ရှိခိုး၏။

၎င်းနောက် အလှူခံဖြတ်ပိုင်းကို လက်ဝါးမှာညှပ်ကိုင်ပြီး မောင်ကံကြီးကို ရည်စူး၍ အမျှပေးဝေ၏။

ဘဝကံ နုံနည်းလှသော မောင်ကံကြီးတစ်ယောက် ဤသူတော်စင်အဘိုးအိုကြီး၏ ကုသိုလ်အဖို့ဘာဂ အမျှဝေသံကို ရောက်ရာဘုံဘဝမှ ကြားရပြီး သာဓုခေါ်နိုင်ပါစေ . . . သတည်း။

မောင်ညိုမှိုင်း(သန်လျင်)

www.burmeseclassic.com